


ရဲတော်ဖေသန်း

# ဒုတိယကမ္ဘာစစ်အတွင်းက
# သမိုင်းဝင်စွန့်စားမှုကြီးများ

ဒုတိယအကြိမ်

စစ်မှုပညာရပ်ဆိုင်ရာစာအုပ်

# ဒုတိယ ကမ္ဘာစစ်အတွင်းက သမိုင်းဝင် စွန့်စားမှုကြီးများ

## ရဲဘော်ဖေသန်း

ဒုတိယအကြိမ်

ပြည့်စုံစာအုပ်တိုက်
အမှတ် (၇၈)၊ မြေညီထပ်
လှည်းတန်းလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း − ၇၀၆၀၈၂၊ ၂၂၄၃၇၉
email : myoaunginnwa@mptmail.net.mm

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊
၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊
**အုပ်ရေ** (၁၀၀၀)
**စာမူခွင့်ပြုချက်အမှတ်**
[၂၂ / ၂၀၀၃ (၃)]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
[၄၂ / ၂၀၀၃ (၆)]

❑

**မျက်နှာဖုံးဒီဇိုင်း**
ဆုပြည့်
**မျက်နှာဖုံးကာလာခွဲ**
Alpha

❑

**ပုံနှိပ်သူ**
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)
၁၉၄၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက် (ယာယီ-၇၁၃)
၇၈၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

❑

**စာစီ** - ကိုသောင်းကြူ
**အတွင်းဖလင်** - ကိုစင်ဦးနှင့် ညီများ
**စာအုပ်ချုပ်** - ကိုမြင့်၊ ညီဝင်းမြင့်

❑

**စာမူ မူပိုင်** © - **ရဲဘော်ဖေသန်း**

**မျိုးအောင် (ရက္ခဓာ) ၏ စီစဉ်ထုတ်လုပ်မှု**

[ တန်ဖိုး - 2400

# မာတိကာ


၁။ ဂျာမန်စစ်သူကြီး ရွမ်းမဲလ်၏ စစ်ဌာနချုပ်အတွင်းသို့ ၁

၂။ ဂျာမန်လေကြောင်းချီတပ်များ၏ သေနာပတိ ဗိုလ်ချုပ်ကြီးစတူးဒင့်ကို သေနတ်ဖြင့် ပစ်ခဲ့သူ ၂၃

၃။ ဂျာမန်ဗိုလ်မှူးကြီး စကောဇင်နီ ၄၉

၄။ တာပစ်(၆) ၈၇

၅။ ဂျပန်ရေတပ်ဗိုလ်ချုပ်ကြီး ယာမာမိုတို ၁၃၇

ဤစာအုပ်ကို အောက်ပါ စာအုပ်များမှာ ပြန်ဆိုပါသည်။

1. **The Raid of Rommel**
   by *James Dean Sanderson*

2. **The Man Who Shot General Student**
   by *James Dean Sanderson*

3. **Fighting Generals**
   by *Theodre Irwin*

4. **I Shot Down Yamamoto**
   by *Thomas G. Lanphier, Jr.*
   Col., U.S.A.F, Ret.

# ဂျာမန်စစ်သူကြီး ရွှမ်းမဲလ်၏ စစ်ဌာနချုပ်အတွင်းသို့

ဂျော့ဖရီကီးသည် သူ ထမ်းဆောင်ရမည့် တာဝန်မှာ ခွန့်ခွန့်စားစား ထမ်းဆောင်ရမည့် တာဝန်ဖြစ်ကြောင်း သိထားပြီးဖြစ်သည်။

ကွန်မန်ဒိုတပ်မှ ဒု–ဗိုလ်ကြီးတစ်ဦးဖြစ်၍လည်း ကီးသည် ရန်သူအစောင့်စစ်သား၏ ဝမ်းဗိုက်ကို သေနတ်ဖြင့် ထောက်၍ အငိုက်ဖမ်းရမည့်အလုပ်မှာ မည်မျှ အန္တရာယ်ကြီးသည်ကို နားလည်ထားပြီးဖြစ်သည်။

ပထမ ရန်သူ့စခန်းကို အသံမကြားအောင် ဖျက်ဆီးပြီးဖွင့်ရမည်။ ပြီးနောက်. . .စခန်းတွင်း၌ ရန်သူ(၁၀)ယောက်ရှိလျှင် အနည်းဆုံး (၉)ယောက်ကို အငိုက်ဖမ်းနိုင်ရမည်။

ဤသည်တို့မှာ ကီး ထမ်းဆောင်ရမည့်တာဝန်၏ ပဏာမအပိုင်းဖြစ်သည်။

ထိုညက ကီး ကံမကောင်းခဲ့ချေ။

ကီးသည် ဂျာမန် အစောင့်စစ်သား၏ ဝမ်းဗိုက်ကို သေနတ်ဖြင့် ထောက်လိုက်သည်။ ဂျာမန်စစ်သားမှာ ကီး၏ သေနတ်ပြောင်းကို လှန့်ပြီး ဆုပ်ကိုင်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဂျာမန်အစောင့်စစ်သားသည် သူ ဆုပ်ကိုင်လိုက်သော သေနတ်ပြောင်းကို သူ့ခေါင်းမှကျော်ကာ နောက်ကျောဘက်သို့ ဆောင့်ဆွဲလိုက်သည်။ ဤတွင် ကီးနှင့် ဂျာမန်အစောင့်စစ်သားမှာ ရင်ချင်းအပ်မိသွားကြကာ သေနတ်ကို သူရ ကိုယ်ရ လုနေကြတော့သည်။

သို့ဖြင့် သူတို့နှစ်ယောက်၏ ကိုယ်လုံးများက တံခါးပေါက်ကို ပိတ်မိလျက်သား ဖြစ်သွားသည်။

ထိုအခိုက်မှာပင် ရှာလျှင် ချောင်း၊ မြောင်းပေါက်အောင် ရှာတတ်သော မြောက်အာဖရိကမိုးကလည်း ဝေါခနဲ ရွာချလိုက်တော့သည်။

ဂျာမန်စစ်သားကလည်း သူ့အသက်ရှင်ရေးအတွက် သေနတ်ကို မရအရ လုသည်။ ကီးကလည်း ဂျာမန်ဌာနချုပ်တစ်ခုလုံး မနိုးမီ ဂျာမန်အစောင့်စစ်သားကို ရှင်းနိုင်အောင် ကြိုးစားသည်။

ထိုအခါ ကီး၏နောက်မှ ကပ်ပါလာသော ဗိုလ်ကြီးကင်းဘဲလ်သည် ကီးကို မည်သို့ ဝင်ရောက် အကူအညီပေးရမည်မှန်း မသိ၍ စက္ကန့်အနည်းငယ်မျှ စောင့်ကြည့်နေလိုက်မိသည်။ အထဲသို့ ဝင်လိုက်ရန်မှာလည်း ကီး၏ကိုယ်လုံးနှင့် ဂျာမန်အစောင့်စစ်သား၏ ကိုယ်လုံးတို့က အပေါက်တွင် ပိတ်ဆို့ထားသဖြင့် အဝင်ရခက်နေသည်။ ဂျာမန်စစ်သားကို သေနတ်ဖြင့် ပစ်သတ်လိုက်လျှင်လည်း ဂျာမန်ဌာနချုပ်တစ်ခုလုံး နိုးသွားမည်ကို စိုးရိမ်ရပြန်သေးသည်။

ဂျာမန်စစ်သားနှင့် ကီးတို့ကလည်း ဘက်ညီသော နပန်းသမားများနှယ် တစ်ယောက်နှင့်တစ်ယောက် တောင့်ခံနေကြသည်။

ထိုသို့စောင့်ကြည့်နေခြင်းဖြင့် တစ်စုံတစ်ရာ ထူးခြားတော့မည် မဟုတ်ကြောင်း တွေးမိလာသောအခါ ဗိုလ်ကြီးကင်းဘဲလ်သည် သူ့လက်ထဲမှ ပစ္စတို(၄၅)ဘို့ ပစ္စတိုဖြင့် ဂျာမန်အစောင့်စစ်သား၏ ဝဲဘက်မျက်လုံးထဲသို့ တစ်ချက်ပစ်ထည့်လိုက်တော့သည်။

ဗိုလ်ကြီးကင်းဘဲလ် ပစ်လိုက်သော သေနတ်သံသည် အမြောက်သံအလား ဂျာမန်ဌာနချုပ်အတွင်းဝယ် မြည်ဟိန်းသွားလေသည်။

သေနတ်သံနှင့် မရှေးမနှောင်းမှာပင် ဂျာမန်အစောင့်စစ်သား ပျော့ခွေကျသွားသည်နှင့် ဂျာမန်စစ်ဌာနချုပ်၏ ခန်းမဆောင်ကြီးထဲသို့ ပြေးဝင်လိုက်သည်။ သူ့နောက်တွင် ဗိုလ်ကြီးကင်းဘဲလ်သည် ကပ်ပါလာသည်။ သေနတ်တစ်ချက် ပစ်ဖောက်ပြီးပြီဖြစ်၍ ယခုအချိန်တွင် လျှို့ဝှက်မှုကို စောင့်စည်းရန်လည်း မလိုတော့။

ဂျာမန်စစ်သူကြီးရွမ်းမဲလ်ကို လုပ်ကြံရမည့် အချိန်ကား ကျရောက်ခဲ့လေပြီ။

ယခုအချိန်သည် ကိုယ့်ဘက်က လက်ဦးမှု ရယူရမည့်အချိန် ဖြစ်သည်။ ကိုယ်က လက်ဦး၍ သတ်နိုင်လျှင်သတ်၊ မသတ်နိုင်လျှင် သူက ကိုယ့်ကို သတ်ပေမည်။

အစောင့်စစ်သားကို ရှင်းရာတွင် အချိန် အတော် ကုန်ခဲ့ရသဖြင့် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကို ရှာ၍မှ တွေ့ပါတော့မည်လားဟုလည်း ကီးက ပြေးရင်းလွှားရင်း တွေးလိုက်မိပြန်သည်။

သို့သော်...ထိုအချိန်သည် တွေးနေရမည့် အချိန်မဟုတ်တော့။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ဌာနချုပ်ကို ဝင်ရောက် စီးနင်းခဲ့ကြသော ကီးခေါင်းဆောင်သည့် ကွန်မန်ဒိုအဖွဲ့သည် ဌာနချုပ်အတွင်းရှိ တံခါးများကို တစ်ခုပြီးတစ်ခု ကန်ဖွင့် ဖွင့်သည်။ တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် အခန်းတွင်းသို့ မောင်းပြန်သေနတ်များဖြင့် တဝေါဝေါပစ်ခတ်သည်။ လက်ပစ်ဗုံးများကိုလည်း ပစ်သွင်းသည်။

ထိုကွန်မန်ဒိုတပ်ဖွဲ့သည် ဂျာမန်ဌာနချုပ်အတွင်း၌ အာဖရိကကိုး၏ တပ်သား၊ အကြပ်၊ အရာရှိ စုစုပေါင်း သုံးဆယ်ခန့်ကို သတ်ဖြတ်ခဲ့သည်။ အသတ်ခံရသည့် ဂျာမန်များထဲမှ အရာရှိ အတော်များများသည် အာဖရိကစစ်မျက်နှာတွင် အရေးပါ အရာရောက်လှသည့် ဦးစီးအဖွဲ့ဝင်များဖြစ်သည်။

သို့ရာတွင် ဗြိတိသျှ ကွန်မန်ဒိုတပ်ဖွဲ့သည် သူတို့၏ အဓိကပစ်မှတ်အဖြစ် သတ်မှတ်ခဲ့သော ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကိုကား တွေ့မသွားခဲ့ချေ။

ထို့မျှမက ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကို လုပ်ကြံရန် ဂျာမန်ဌာနချုပ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြသည့် ကွန်မန်ဒိုတပ်ဖွဲ့ဝင်အားလုံးလိုလိုမှာလည်း ဂျာမန်တို့၏ ပြန်လည်ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရလေသည်။

ထိုစစ်ဆင်ရေးအား ကိုယ်တိုင်ရေးဆွဲ စီစဉ်ပြီး ကိုယ်တိုင်ခေါင်းဆောင်ခဲ့သည့် ကီးသည် အခန်းများထဲသို့ လက်ပစ်ဗုံး ပစ်သွင်းနေသော ဗိုလ်ကြီးကင်းဘဲလ်အတွက် နောက်ဆုံးတံခါးတစ်ခုကို ပခုံးဖြင့် ဆောင့်တွန်း၍ ဖွင့်လိုက်သည်။ ထိုခဏမှာပင် အခန်းထဲမှ ပစ်လိုက်သော ကျည်တစ်စုက ကီး၏ ခန္ဓာကိုယ်ကို ချာလပတ်လည်ကာ ပုံလျက်သား လဲကျသွားစေခဲ့သည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ကြီးကင်းဘဲလ် ပစ်သွင်းလိုက်သော လက်ပစ်ဗုံးသည် အခန်းတွင်းရှိ ဂျာမန်စစ်သားတို့အား အတုံးအရုံး ဖြစ်သွားစေခဲ့ပြန်သည်။

ထို့နောက်တွင် ပတ်ဝန်းကျင် တစ်ခုလုံးသည် တစပြင်နှယ် တိတ်ဆိတ်သွားတော့သည်။

ဗိုလ်ကြီးကင်းဘဲလ်က ကွန်မန်ဒိုအဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီးကို တစ်ချက် ငုံ့ကြည့်လိုက်သည်။ ဒုဗိုလ်မှူးကြီးကီး၏ မျက်နှာတစ်ပြင်လုံး သွေးချင်းချင်း ရဲနေသည်ကို တွေ့လိုက်ရသည်။

"ရွှမ်းမဲလ်ကို မလွှတ်စေနဲ့"

■

ဒုဗိုလ်မှူးကြီးကီးသည် နောက်ဆုံးအမိန့်ကို ပေးပြီးနောက် မျက်စိစုံမှိတ်သွားတော့သည်။

ထိုအခါ ဗိုလ်ကြီးကင်းဘဲလ်သည် မိမိခေါင်းဆောင်၏ အမိန့်ကို လိုက်နာဆောင်ရွက်ရန် လေ့ကားဆီသို့ တစ်ရှိန်ထိုးပြေးသွားလေတော့သည်။

စစ်အတွင်း၌ လူသားတို့၏ စွမ်းရည်သတ္တိနှင့် သွေး၊ ချွေးတို့ကို အချည်းနှီးဖြုန်းတီးခဲ့ရသည့် အချိန်များရှိခဲ့ပေသည်။

ရွှမ်းမဲလ်သည် ထိုအချိန်က ရောမမြို့တွင် သူတို့ ဂုဏ်ပြုညှော်ခံသည့် ပါတီပွဲတစ်ခုသို့ တက်ရောက်နေခဲ့သည်။ သူ၏ဇနီးနှင့်အတူ ထိုင်ကာ ရှန်ပိန်အရက်ကို စည်းစိမ်ခံပြီး သောက်နေခဲ့သည်။

ဤသို့ ရွှမ်းမဲလ်မှာ ပါတီပွဲသို့ တက်ရောက်နေစဉ်အတွင်း လူတစ်စုသည် သူနှင့် မိုင်ပေါင်းထောင်ကျော်ဝေးကွာသော သဲကန္တာရထဲတွင် သူ့ကိုလုပ်ကြံရန် ရှာဖွေကြရင်း အသတ်ခံခဲ့ရသည်။

ထိုကွန်မန်ဒိုတို့၏ စွန့်စားမှုသည် ဒုတိယကမ္ဘာစစ်အတွင်းက အရဲဝံ့ဆုံး စွန့်စားခဲ့သည်။ စွန့်စားမှုတစ်ရပ်အဖြစ် သမိုင်းတွင်ရစ်ခဲ့လေသည်။

သည့်နှယ် ရန်သူ၏စစ်ကြောင်းနောက် မိုင် (၅၀၀)ခန့်သို့ ဝင်ရောက်ကာ ရန်သူဗိုလ်ချုပ်တစ်ဦးကို လုပ်ကြံသတ်ဖြတ်ရမည့် စစ်ရေးကို ရေးဆွဲစီစဉ်ခေါင်းဆောင်ခဲ့သူ၊ ဂျော့ဘုရင်မင်းမြတ် ကိုယ်တိုင်ကပင် သတ္တိရှင်အဖြစ် ဂုဏ်တင်ချီးကျူးရသူ ဂျော့ဖရီချားစ်တက်စကားကီးသည် အသက် (၂၂)နှစ်အရွယ်၌ ဗိုလ်မှူးရာထူးကို ရရှိပြီးနောက် (၄)အကြာတွင် ဒုဗိုလ်မှူးကြီးအဆင့်သို့ တိုးတက်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ထိုသို့ စစ်က သူ့ကို ချိုးမြှင့်ခဲ့သော်လည်း သူကမူ စစ်ကို ခါးသီးစွာပင် မုန်းတီးခဲ့လေသည်။

သူငယ်စဉ်က ကျောင်းနေဘက်များနှင့် ဆက်ဆံရာတွင် ရှက်သလို၊ ရွံ့သလို၊ သူနှင့်ပင် မတူမတန်သလို၊ ကြေးရတတ် သားသမီးဉာဉ်မျိုးဖြင့် ဆက်ဆံပေါင်းသင်းတတ်ပြီး အခြားတစ်ဘက်တွင်မူ သူသည် လက်ဝှေ့နှင့် ဂျူဂျစ်စုသင်တန်းများကို တက်ရောက်ခဲ့ပြန်သည်။

ထို့အပြင် စစ်ထဲသို့ မဝင်ဟု သန္နိဋ္ဌာန် ချမှတ်ပြီးမှ ဆင်းဒတ်စ် စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ တစ်ဘက်တွင် စစ်ထဲသို့မဝင်တော့ဟု အခိုင်အမာ ဆုံးဖြတ်ထားထားပါလျက် စစ်ထဲသို့ ဝင်ခဲ့ရခြင်းမှာလည်း ကီးတွင် သူ့ဘိုးဘေးများ၏ သွေးပါခဲ့ခြင်းကြောင့်လည်း ဖြစ်တန်ရာသည်။

၁၅၈၈-ခုနှစ်တွင် စပိန်ရေတပ်များသည် အင်္ဂလန်ကျွန်းကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်းပြုသည့်အချိန်မှ စတင်ကာ ကီး၏ အမျိုးအနွယ်တစ်ဦးမဟုတ် တစ်ဦးက မျိုးဆက်အဆင့်ဆင့်တိုင် အင်္ဂလန်နှင့် အင်္ဂလန်အင်ပါယာ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခဲ့သည်ချည်း ဖြစ်လေသည်။

ကီးသည် သွေးအရပင် သူ့မျိုးနွယ်၏ အစဉ်အလာကို မဖျောက်နိုင်သကဲ့သို့ စစ်ဘက်ကလည်း အစဉ်အလာအရ ကီးတစ်ယောက်ယောက်စကို့စ်တပ်ထဲတွင် ရှိနေစေချင်သည်။

ထိုအကြောင်းများကြောင့်ပင် ကီးသည် စစ်တပ်ထဲသို့ ဝင်ရောက်ခဲ့ရခြင်းဖြစ်သည်။

## ထိုက်တန်သော ဆုနှင့် လေးစားမှု

စစ်ထဲဝင်ခဲ့သော်လည်း သူသည် စစ်စိတ်စစ်ဟန် မရှိသကဲ့သို့ စစ်သားရုပ် ပေါက်သူသည်း မဟုတ်ချေ။ (မျက်ဝန်းကျဉ်းသည်၊ မျက်စိမှုန်သည်၊ အိဖိုင်းသော ကိုယ်ထည်ရှိသည်။ မျက်နှာမှာ လပြည့်ဝန်းကဲ့သို့ ဝိုင်းစက်သည်။)

တစ်ဖန် ကီးသည် ကွန်မန်ဒိုတပ်သို့ ဝင်ခွင့်ရခဲ့ခြင်းမှာလည်း ကီး၏ဖခင်သည် ဝန်ကြီးချုပ်ချာချီနှင့် ရင်းနှီးခြင်းကြောင့်တစ်ကြောင်း၊ ကီး၏ဖခင်က ကွန်မန်ဒိုတပ် တည်ထောင်ဖွဲ့စည်းနိုင်ရန် အကူအညီပေးခဲ့ခြင်းကြောင့်တစ်ကြောင်းတို့ကြောင့်ဖြစ်သည်။

ကီးမှာ ကွန်မန်ဒိုတပ်ထဲရောက်စက "ဒီကောင် အကပ်ရှိလို့ ဒီရောက်လာတာပါကွာ" ဟူ၍ပင် အမှတ် (၁၁) စကော့(ချ်) ကွန်မန်ဒိုတပ်ရင်း၏ အရာရှိရိပ်သာတွင် အတင်းပြောဆိုခြင်း ခံခဲ့ရလေသည်။

အခြားအရာရှိများက စကားအတင်း ဆိုမည်ဆိုက ဆိုစရာပင်။ ဂျော့ဖရီကီးဆိုသော နာမည်ကပင်လျှင် ကွန်မန်ဒိုအရာရှိတစ်ဦးအတွက် နုလွန်း နွဲ့လွန်းနေသည် မဟုတ်ပါလား။

သို့ရာတွင် ၁၉၄၂–ခုနှစ်၊ ဇွန်လ (၈) ရက်နေ့သို့ ရောက်သောအခါ ကီးကို အထင်သေးခဲ့သော ကွန်မန်ဒို အရာရှိများသည် ကီးကို အထင်မသေးဝံ့ပါတော့ချေ။

ထိုနေ့တွင် ဂျာမန်လေကြောင်းချီတပ်များက ဗစ်ရှီပြင်သစ်နှင့် ပူးပေါင်းကာ ဆီးရီးယားမြေပေါ်သို့ ဝင်ရောက်ကျူးကျော်ခဲ့သည်။ ထိုသတင်းကို ကြားရသောအခါ မဟာမိတ်တပ်များက ဆီးရီးယားကို အချိန်မီ ရန်သူ့လက်မှ ကယ်တင်ရန် ကြိုးပမ်းခဲ့ကြသည်။

ဩစတေးရီးယားတပ်များက ပြင်သစ်တပ်များကို လီတာနီမြစ်အနီးတွင် ထိုးစစ်ဆင်၍ တိုက်ခိုက်ကြသည်။ ပြင်သစ်တပ်များက ကြံ့ကြံ့ခံခုခံသဖြင့် ဩစတေးရီးယား တပ်များဘက်မှ (၂၅) ရာခိုင်နှုန်းခန့် ကျဆုံးခဲ့သည်။

နောက်နေ့နံနက် (၄) နာရီတွင် ဘုရင့်ရေတပ်မတော်သည် ကွန်မန်ဒို့တပ်ရင်း (၁၁) ကို တင်ဆောင်ကာ လီတာနီမြစ်၏ မြောက်ဘက်ကမ်းခြေသို့ ချဉ်းကပ်ခဲ့သည်။

ကွန်မန်ဒိုတပ်ရင်း (၁၁) ၏ တာဝန်မှာ မြောက်ဘက်ကမ်းခြေရှိ တံတားဦးကို သိမ်းပိုက်ထားရန် ဖြစ်သည်။

သို့ရာတွင် တစ်ဘက်ရန်သူများက ပြင်းပြင်းထန်ထန် ခုခံပစ်ခတ်နေသဖြင့် ဘုရင့် ရေတပ်မတော်သည် မြောက်ဘက်ကမ်းခြေသို့ မကပ်နိုင်တော့ဘဲ ကွန်မန်ဒိုတပ်ရင်း (၁၁) ကို တောင်ဘက်ကမ်းခြေပေါ်၌သာ တင်ပေးနိုင်ခဲ့သည်။

သို့ဖြင့် ကွန်မန်ဒိုတပ်ရင်း(၁၁)သည် ဩစတေးရီးယားတပ်မှ နစ်ယောက်စီး ရာဘာဒင်ဂီလှေနှစ်စင်းကို ငှားရမ်းကာ မြောက်ဘက်ကမ်းခြေသို့ စတင်ဖြတ်ကူးခဲ့သည်။

ထိုဒင်ဂီနှစ်စင်းအနက် ရှေ့လှေတွင် ကီးနှင့် ကွန်မန်ဒိုတပ်မှူး ပါဝင်သည်။

ယင်းသို့ လှော်ခတ်လာခိုက် ပြင်သစ်တို့၏ (၇၅–မမ) အမြောက်ဆန်တို့က ရှေ့ဆုံးလှေကို တိုက်ရိုက် ထိမှန်လိုက်သဖြင့် လှေပေါ်တွင် ပါလာသည့် ကွန်မန်ဒိုတပ်မှူး ကျဆုံးသွားတော့သည်။

ဤသို့ တပ်မှူးကျသွားသောအခါ ကီးသည် တပ်မှူးတာဝန်ကို ဆက်လက်တာဝန်ယူကာ ရည်မှန်းချက်ရှိရာသို့ ဆက်တက်ခဲ့ပြန်သည်။

သို့ဖြင့် ကီးသည် စက်သေနတ်နှင့် စိန်ပြောင်းကျည်များ တရစပ်ကျရောက်နေသည့်ကြားမှပင် သူ၏ဒင်ဂီပေါ်တွင် ကွန်မန်ဒိုတပ်သားများကို

တင်ဆောင်ကာ တောင်ဘက်ကမ်းမှ မြောက်ဘက်ကမ်းသို့ လေးကြိမ်တိတိ ဖြတ်ကူးပြီး သူ့ကွန်မန်ဒိုတပ်သား (၁၈) ယောက်နှင့် အရာရှိနှစ်ယောက်ကို ရန်သူ သိမ်းပိုက်ထားသည့် ကမ်းခြေပေါ်သို့ တင်ပေးခဲ့သည်။

ထို့နောက် သူ ကမ်းပေါ်တင်ပေးခဲ့သော ကွန်မန်ဒိုတပ်သားများကို သူ ကိုယ်တိုင်ဦးဆောင်ကာ ကမ်းခြေပေါ်ရှိ ရန်သူ့ စက်သေနတ်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ယင်းမှတစ်ဆင့် ဖမ်းဆီးရမိထားသည့် စက်သေနတ်များဖြင့် ရန်သူ၏ ဒုတိယခံစစ်ကြောင်းကို ဆက်လက် တိုက်နေပြန်သည်။

ဤနည်းဖြင့် ကီးနှင့် ကွန်မန်ဒိုတပ်ဖွဲ့သည် မြောက်ဘက်ကမ်းခြေကို နောက်တစ်နေ့ နံနက်အထိ သိမ်းပိုက်ထားနိုင်ခဲ့ပြီး ဆက်တက်လာသည့် ဩစတေးရီးယား တပ်များအတွက် လမ်းဖွင့်ပေးနိုင်ခဲ့သည်။

ထိုတိုက်ပွဲတွင် ကီးသည် သူ့ရဲကောင်းဘွဲ့တံဆိပ်နှင့် သူ့ရဲဘော်များ၏ လေးစားမှုကို ထိုက်တန်စွာပင် ရရှိခဲ့လေသည်။

ကီးနှင့်အတူ ထိုတိုက်ပွဲတွင် ပါဝင်ခဲ့သည့် ကွန်မန်ဒိုတစ်ဦးက ကီးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

> "စစ်ရေးပြတဲ့အခါမှာ စည်းကမ်းကို အတိအကျ လိုက်နာတယ်၊ စစ်ဝတ်စစ်စား ဝတ်တဲ့နေရာမှာလဲ စစ်ပုံစံကျအောင် ဝတ်တယ်၊ ပထမပိုင်းမှာ ကျွန်တော်တို့က သူ့ကို ကိုယ်ပိုင်အရည်အချင်းမရှိဘဲ သူ့အဖေအရှိန်အဝါနဲ့ တက်လမ်းရှာနေတဲ့လူလို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့် လီတာနီကမ်းခြေ တိုက်ပွဲရဲ့ နောက်ပိုင်းမှာတော့ ကျွန်တော်အပါအဝင် သူ့တပ်က ရဲဘော်တွေဟာ သူသာ ခေါင်းဆောင်မယ်ဆိုရင် ငရဲပြည်အထိ လိုက်ကြမယ်ဆိုတဲ့အထိ သူ့အရည်အချင်းနဲ့ သူ့ခေါင်းဆောင်မှုကို ယုံကြည်လေးစားလာခဲ့ကြတယ်၊ အဲဒီတိုက်ပွဲမှာ ကျွန်တော်ဟာ သူ့ဘေးမှာ ရှိနေခဲ့ပါတယ်၊ ဒီတုန်းက ကျွန်တော်ဟာ သူ့လှုပ်ရှားမှုတွေကို ကြည့်ပြီး ဒီလူဟာ ကြောက်တယ်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို နားမလည်ရဲ့လားလို့တောင် အောက်မေ့လိုက်မိပါတယ်"

မှန်သည်။ သာမန်လူတစ်ယောက်အဖို့ လီတာနီတိုက်ပွဲလို ကြက်သီးဖြန်းဖွယ်၊ ကျော့ချမ်းဖွယ် တိုက်ပွဲတစ်ပွဲတိုက်ပြီးလျှင် တစ်သက်တာအတွက် ဖူလုံကောင်း ဖူလုံသွားမည် ဖြစ်သော်လည်း ကီးအဖို့မူ ဤသို့မဟုတ်၊ စစ်တစ်ပွဲ တိုက်ပြီးလျှင် နောက်တစ်ပွဲ ထပ်တိုက်ချင်သည်။ တစ်ကြိမ်စွန့်ပြီးလျှင် နောက်တစ်ကြိမ် ထပ်စွန့်ချင်သည်။

ထိုအချိန်က မြောက်အာဖရိက စစ်မျက်နှာတွင် ဂျာမန်စစ်သူကြီး ရွမ်းမဲလ်သည် အောင်ပွဲအထပ်ထပ် ခံယူနေသည်။ ထို့ကြောင့် ဂျာမန်စစ်သူကြီး၏ ဂုဏ်သတင်းသည် မဟာမိတ်တပ်များ ကျော့ချမ်းလောက်အောင်ပင် ထင်ရှားကျော်ကြားနေသည်။

ပထမပိုင်းတွင် ဗြိတိန်၏ နိုင်းလ်တပ်မတော်သည် အီတာလျံတပ်များကို တိုက်ခိုက်အနိုင်ယူကာ အီတာလျံပိုင်နက်မြေအတွင်းသို့ မိုင် (၅၀၀) ကျော်မျှပင် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

ထို့နောက် ထရစ်ပိုလီကို ဆက်လက်ချီတက် တိုက်ခိုက်ရန် တပ်နှင့်ရိက္ခာများကို စုဆောင်းနေခိုက် ထရစ်ပိုလီပင်လယ်ကွေ့သို့ ဂျာမန်တပ်အနည်းငယ် တက်ရောက်လာသည်ဆိုသော သတင်းတစ်ရပ်ကို ကြားလိုက်ရသည်။

ထိုသတင်းမှာ ဗြိတိသျှတပ်များအဖို့ သာမန်စစ်သတင်းတစ်ရပ်သာဖြစ်သကဲ့သို့ ဝန်ရိုးတန်းတပ်များကို အုပ်ချုပ်ရန် အာဝင်ရွမ်းမဲလ်ဆိုသော ဂျာမန်ဗိုလ်ချုပ်တစ်ဦး ဆိုက်ရောက်လာသည်ဆိုသည့် သတင်းမှာလည်း မထူးဆန်းသော သတင်းတစ်ရပ်သာဖြစ်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် တက်ရောက်လာသည်ဆိုသော ဂျာမန်တပ်၏ အင်အားမှာ မများလှသည့်နည်းတူ၊ ဆိုက်ရောက်လာသည့် ဗိုလ်ချုပ်ဆိုသူမှာလည်း မထင်မရှားသော ဗိုလ်ချုပ်တစ်ဦးဖြစ်ခြင်းကြောင့်ပါပေ။

ဆက်လက်ကြားသိရသော သတင်းများတွင် ယင်းဂျာမန်ဗိုလ်ချုပ်သည် ပြင်သစ်တွင် တိုက်ခဲ့ဖူးသော အတွေ့အကြုံသာ ရှိသည်ဟု ဆိုသည်။

ထို့ကြောင့်ပင် ဗြိတိသျှတို့က မြောက်အာဖရိကစစ်မျက်နှာသို့ ဆိုက်ရောက်လာသော ရွမ်းမဲလ်ကို အလေးမမူ၊ ဂရုမပြုဘဲနေခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုသို့ ရွမ်းမဲလ်ကို အထင်သေးခဲ့ခြင်းသည် ဗြိတိသျှတို့၏ မဟာအမှားတစ်ရပ်ပင်ဖြစ်သည်။

ရွှမ်းမဲလ်သည် အာဖရိကစစ်မျက်နှာသို့ ဖေဖော်ဝါရီလကုန်ပိုင်းမှ ရောက်လာခဲ့သော်လည်း မတ်လကုန်သည်နှင့် အီဂျစ်နယ်စပ်အနီးသို့ ရောက်အောင်ပင် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

ထိုအတောအတွင်း ဗြိတိသျှဗိုလ်ချုပ်ကြီး 'ဝေဗဲလ်'၏ တန်ပြန်ထိုးစစ်ကိုလည်း အလွယ်တကူပင် တုံ့ပြန်ဖယ်ရှားနိုင်ခဲ့သည်။

ထိုအောင်ပွဲများကိုလည်း ဂျာမန် မော်တော်ယာဉ်တပ်မ တစ်တပ်၊ ဂျာမန်ပန်ဇာသံချပ်ကာတပ်ရင်းတစ်ရင်းနှင့် စောစောပိုင်းက ဗြိတိသျှတို့ကို အလွယ်တကူ အရှုံးပေးခဲ့သော အီတာလျံတပ်များနှင့်သာ တိုက်ခိုက်အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျာမန်ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ ဂုဏ်သတင်းသည် ဗြိတိသျှတို့ ချောက်ချားစေလောက်အောင်ပင် ထင်ပေါ်ကျော်ကြားခဲ့လေသည်။

ထိုကျော်ဇောမှုကြောင့်ပင် ကီးက ဂျာမန်ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်ကို စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ဂျာမန်ဗိုလ်ချုပ်ကြီးတစ်ဦးကြောင့် ဝင်ရိုးတန်းတပ်များ သည်မျှအထိ အောင်ပွဲရနေလျှင် ထိုဗိုလ်ချုပ်ကို ရှင်းမပစ်သင့်ပါပြီလော. . . ဟု ကီးက တွေးသည်။

သူ့အတွေးကို ကီးက နိုင်းလ်တပ်မတော်၏ အထွေထွေဌာနချုပ်သို့ တင်ပြသည်။ သူတင်ပြခဲ့သော အရာရှိများက ကီး၏အကြံပေးချက်ကို ခေါင်းတခါခါဖြင့် ငြင်းဆန်သည်။ ဤသို့ငြင်းဆန်ကြသည်မှာလည်း အကြောင်းရှိပေသည်။ ကီး၏ အကြံအစည်မှာ ဗြိတိသျှတပ်မတော်အတွက် ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အကြံအစည်ဖြစ်ခြင်းကြောင့် ဖြစ်ပေသည်။

ရန်သူစစ်ကြောင်းနောက်သို့ ပင်၍ ရန်သူဗိုလ်ချုပ်တစ်ဦးကို ၎င်း၏ ဌာနချုပ်အတွင်း၌ လုပ်ကြံသတ်ဖြတ်ပစ်ရမည် ဆိုသည်မှာ နိုင်ငံတကာစစ်ဥပဒေနှင့် မညီသည့်ပြင် လူကြီးလူကောင်း အလုပ်လည်း မဟုတ်၊ ကြမ်းပိုးသူခိုးတို့၏အလုပ်သာဖြစ်သည်ဟု ဗြိသိသျှထိပ်တန်းအရာရှိကြီးများက ယူဆခဲ့ကြသည်။

ထိုအခါ ကီးက ခေတ်သစ်စစ်ပွဲများတွင် နိုင်ငံတကာစစ်ဥပဒေကို မည်သူမျှ တင်းကျပ်စွာ မလိုက်နာတော့ကြောင်း၊ ယခုအချိန်မှာပင် ဂျာမန်များက ဗြိတိသျှဗိုလ်ချုပ်တစ်ဦးဦးကို လုပ်ကြံရန် ကြံစည်ကောင်းကြံစည်နေမည်

ဖြစ်ကြောင်း၊ ထို့ကြောင့် အာဖရိကစစ်မျက်နှာတွင် အရေးပါအရာရောက်သည့် ရန်သူ့ဗိုလ်ချုပ်ကို လုပ်ကြံရန်ဆိုသည့် မိမိ၏ အကြံအစည်ကို အထက်အရာရှိကြီးများအနေဖြင့် ထပ်မံစဉ်းစားသင့်ကြောင်းဖြင့် အထက်သို့ အကြိမ်ကြိမ် အလီလီ တင်ပြခဲ့သည်။

ထိုသို့ရှိရာမှ လ,အတော်ကြာသောအခါမှပင် ကီး၏ လိုအင်ဆန္ဒပြည့်ဝခဲ့တော့သည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်အား လုပ်ကြံရမည့် စစ်ဆင်ရေးကို ၁၉၄၁-ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့ ညသန်းခေါင်ယံတွင် စတင်ရန်နှင့် ထိုနေ့ ခံနက် (၆) နာရီတွင် ရွမ်းမဲလ်၏ဌာနချုပ်ကို စီးနင်းတိုက်ခိုက်ရန် သတ်မှတ်လေတော့သည်။

ကီးသည် သူ့အကြံပေးချက်ကို အထက်အရာရှိကြီးများက လက်ခံပြီး ယင်းစစ်ဆင်ရေးအတွက် သူ့ကိုပင် ခေါင်းဆောင်ခွင့်ပြုမည်ဟု သိရသောအခါ အောင်ပွဲရသူတို့၏ အပြုံးဖြင့် ပြုံးနေသည်ကို မြင်ယောင်မိကြောင်းဖြင့် ထိုအချိန်က မြေထဲပင်လယ်တွင် စစ်ဆင်နေကြသည့် ကွန်မန်ဒိုတပ်များ၏ တပ်မှူး (ယခု ဗိုလ်ချုပ်) လေးကွတ်က အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့လေသည်။

"ဒီတုန်းက ကျွန်တော်ဟာ 'ခင်ဗျားပျော်မနေနဲ့၊ ခင်ဗျားရဲ့ လွတ်မြောက်ရေးကို ကျွန်တော် အာမ,မခံနိုင်ဘူး၊ ရန်သူ့စစ်ကြောင်းရဲ့နောက်ပိုင်း မိုင် (၅၀၀) အထိဝင်ပြီး ကယ်တင်ရမယ့်အလုပ်ဆိုတာက လွယ်တာမဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျား... ရွမ်းမဲလ်ကို လုပ်ကြံနိုင်ပြီပဲ ထားတော့... ခင်ဗျား ပြန်လွတ်လာဖို့ မလွယ်ဘူး၊ အဲဒါကို ခင်ဗျားစဉ်းစားပါ' လို့ ကျွန်တော်က ကျွန်တော့်ရဲ့အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်"

"ကျွန်တော် ဒီလိုပြောပြလိုက်တော့ သူက 'တပ်မှူး မြင်တာတွေ့တာတွေဟာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီအကြောင်းကိုတော့ တခြား ဘယ်သူ့မှ သွားမပြောလိုက်ပါနဲ့ဗျာ' လို့ ကျွန်တော့်ကို တောင်းပန်ရှာတယ်၊ ကျွန်တော်လဲ သူ့အလိုလိုက်ပြီး သူ့ဆန္ဒအတိုင်း ဘယ်သူ့မှမပြောဘဲ နှုတ်ပိတ်နေခဲ့တယ်"

ထို့နောက် တပ်မှူးလေးကွတ်နှင့် ကီးတို့သည် စစ်ဆင်ရေး၏ အသေးစိတ် အစီအစဉ်များကို စတင်ရေးဆွဲခဲ့ကြသည်။ ထိုအတွင်း ဗြိတိသျှတပ်မတော်၏ ထောက်လှမ်းရေးမှ သတင်းများကို စုဆောင်းနေခဲ့ကြသည်။

တပ်မတော်ထောက်လှမ်းရေးမှ ပေးပို့သော သတင်းများအရဆိုမူ . . .

'ရှမ်းမဲလ်၏ စစ်ဦးစီးဌာနချုပ်သည် ဘီဒါလစ်တိုးရီးယားရွာတွင် တည်ရှိသည်။ ထိုရွာ၏အဝင် လက်ယာဘက်တွင် ဗိုလ်တဲတန်းတစ်တန်းကို တွေ့ရမည်။ ထိုဗိုလ်တဲတန်းကြီး၏နောက်၊ အတော်လှမ်းလှမ်း သစ်ရိပ်ဆိုင်းဆိုင်း အောက်တွင် (၂)ထပ်တိုက် အဆောက်အဦတစ်ခုကို တွေ့ရမည်။ ထိုအဆောက် အဦသည်ပင် ရှမ်းမဲလ်၏ သဲကန္တာရဌာနချုပ်ဖြစ်သည်' ဟု ဆိုလေသည်။

ထိုနေ့၌ပင် ကီးနှင့် ကွန်မန်ဒို ရဲဘော်များသည် 'သဲကန္တာရမြေခွေး'ဟု နာမည်ကျော်ကြားနေသည့် ရန်သူစစ်ပညာရှင်အား လုပ်ကြံရမည်ဖြစ်သည်။

သို့ရာတွင် တပ်မတော်ထောက်လှမ်းရေးမှ ပေးပို့ခဲ့သော သတင်းမှာ သတင်းမှားတစ်ခုသာ ဖြစ်ခဲ့လေသည်။

အဘယ့်ကြောင့်ဆိုသော် တပ်မတော် ထောက်လှမ်းရေးက ပေးပို့သော မြေပုံညွှန်းမှာ ရှမ်းမဲလ်၏ ဌာနချုပ်မဟုတ်ဘဲ ရှမ်းမဲလ်၏ တပ်ထောက် ဌာနချုပ်တစ်ခုသာ ဖြစ်သောကြောင့်ပေတည်း။

# ကွန်မန်ဒို အစီအစဉ်သစ်

ရွှမ်းမဲလ်၏ ဌာနချုပ်မှာမူ မူလ အတန်ကြာကပင် သဲကန္တာရအတွင်းရှိ တစ်နေရာသို့ ပြောင်းရွှေ့သွားခဲ့ပြီးဖြစ်သည်။ ထိုဌာနချုပ်ကိုလည်း တပ်မတော် ထောက်လှမ်းရေးက စစ်အတွင်းက ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါချေ။

ထိုနေရာတွင် ဂျာမန်စစ်ထောက်လှမ်းရေးကမူ ဗြိတိသျှစစ်ထောက်လှမ်းရေးထက် လျင်ပေသည်။ ဗြိတိသျှတပ်များက ဂျာမန်တပ်များကို နိုဝင်ဘာလ (၁၅) ရက်နှင့် (၁၆) ရက်နေ့အတွင်း ထိုးစစ်ဆင်တော့မည်ကို ရွှမ်းမဲလ်က ကြိုတင်သိနေခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ရွှမ်းမဲလ်သည် အထက်အရာရှိများနှင့် ကွန်ဖရင့်ထိုင်ရန် ရောမမြို့သို့ ရောက်ရှိနေခဲ့ခြင်းလည်း ဖြစ်ပေသည်။

သို့ဖြင့် ၁၉၄၁–ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကီး ခေါင်းဆောင်သည့် ကွန်မန်ဒိုတပ်ဖွဲ့သည် အလက်ဇန်းဒရီးယားဆိပ်ကမ်းအနီးရှိ ရေငုပ်သင်္ဘောနှစ်စင်းပေါ်သို့ တက်ခဲ့ကြသည်။

ပထမရေငုပ်သင်္ဘောဖြစ်သည့် 'ထရော်ဘီ'ပေါ်တွင် ဒု–ဗိုလ်မှူးကြီးကီး၊ ဒိုလ်မှူးလေးကွတ်နှင့် ဗိုလ်ကြီးကင်းဘဲလ်တို့အပြင် ကွန်မန်ဒိုတပ်သား (၂၅) ယောက် လိုက်ပါလာကြပြီး ဒုတိယရေငုပ်သင်္ဘောဖြစ်သည့် 'တောလ်လစ်မန်း' ပေါ်တွင် ဗိုလ်ရိုင်းကော ဦးဆောင်သည့် ကွန်မန်ဒိုတပ်သား (၂၇) ယောက် လိုက်ပါလာကြသည်။ ကွန်မန်ဒို အကြပ်၊ တပ်သားများမှာမူ လိုက်သာ လာရသည်။ သူတို့၏ ရေငုပ်သင်္ဘောမှာ မည်သည့်နေရာသို့ ဦးတည်ခုတ်မောင်းနေ

သည်ကိုလည်းကောင်း၊ ရည်မှန်းရာရောက်လျှင် မည်သည့်တာဝန်ကို ထမ်းဆောင်ရမည်ကိုလည်းကောင်း သိခဲ့ကြသည် မဟုတ်ပေ။

ပင်လယ်သို့ ထွက်မိပြီး (၂) ရက်ကြာမှပင် ကီးသည် ငယ်သားများကို ရွှမ်းမဲလ်အား လုပ်ကြံရမည့်အကြောင်း ဖွင့်ပြောခဲ့လေသည်။

နိုဝင်ဘာလ (၁၃) ရက်နေ့ နံနက်တွင် ရေငုပ်သင်္ဘော ထရော့ဘီသည် ဆိုင်ယင်နီးယားကမ်းခြေအနီးရှိ ရေလက်ကြားထဲသို့ သတိကြီးစွာနှင့် ကပ်ခဲ့သည်။

သို့ရာတွင် ဗိုလ်မှူးလေးကွတ်က အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများပေါ်မှ အာရပ်များကို မသင်္ကာဟုဆိုကာ ရေငုပ်သင်္ဘောများကို ပင်လယ်ပြင်သို့ ပြန်ထွက်စေပြီး အခြေအနေကို အကဲခတ်စောင့်ကြည့်နေစေခဲ့သည်။

နောက်တစ်နေ့ နံနက်တွင် ကွန်မန်ဒိုများ ကမ်းတက်ရန် ကြိုးစားခဲ့ပြန်သော်လည်း ပတ်ဝန်းကျင်၏အခြေအနေကို စိတ်မချပြန်သေးသဖြင့် လက်လျှော့လိုက်ရပြန်သည်။

သို့ဖြင့် ညဘက်တွင် ကမ်းပေါ်သို့တက်ရန် ဆုံးဖြတ်လိုက်ပြီး မှောင်ရီသန်းချိန်ကို စောင့်ဆိုင်းနေခဲ့ကြသည်။

မှောင်ပျိုးပြန်တော့လည်း ရေငုပ်သင်္ဘော မာလိန်မှူးက ရာသီဥတု၏ အခြေအနေကြောင့် ၎င်းညတွင် ကမ်းမတက်သင့်ကြောင်း ကန့်ကွက်ခဲ့ပြန်သည်။

သို့သော် ကွန်မန်ဒိုများသည် အချိန်ဆက်ဆွဲနေလျှင် စစ်ဆင်ရေး အစီအစဉ်တစ်ခုလုံး ပျက်သွားမည်စိုးသဖြင့် ထိုညတွင်ပင် ကမ်းပေါ်သို့တက်ရန် ပြန်ဆင်ကြတော့သည်။

ကမ်းတက်တော့မည်ဟု ပြင်ဆင်တော့မှပင် မိုးလေဝသ တိုင်းထွာချက်များ၏ ဟောကိန်းအတိုင်း လေပြင်းမုန်တိုင်း ကျရောက်လာပြန်သည်။

ရေလက်ကြားထဲ ဝင်ရောက်ပေးခဲ့သည့် ရေငုပ်သင်္ဘော ထရော့ဘီပေါ်မှ ကွန်မန်ဒိုတပ်သားများသည် မုန်တိုင်းကြားမှ ရာဘာအင်ဂျင်လှေများဖြင့် ကမ်းဆီသို့ကူးရန် ကြိုးစားခဲ့ကြသည်။ နှစ်ယောက်စီး ရာဘာလှေငယ်များကို လေမှုတ်ပြီး ကုန်းပတ်ပေါ်သို့ တင်နေခိုက် လေပြင်းတစ်ချက် တိုက်လိုက်သဖြင့် လှုတက်ပြီး ရာဘာလှေနှစ်စီးမှာ ရေထဲသို့ မျောပါသွားပြန်သည်။

ထိုသို့ ရေထဲသို့ မျောပါသွားသော ရဲဘော်များကို ပြန်တွေ့ရတော့မည် မဟုတ်ဟု ရဲဘော်များက ထင်ခဲ့ကြသည်။

သို့သော် ကံအားလျော်စွာ ထိုရဲဘော်များကို ညသန်းခေါင်ယံလောက်တွင် ဘေးမသီ ရန်မခအဲ ၎င်းတို့၏ ရာဘာဒင်ဂီလှေများကို ပြန်လှော်လာခဲ့သည်ကို တွေ့လိုက်ရသည်။

သို့ဖြင့် အရဏ်တက်မှပင် ထရော့ဘီပေါ်တွင် လိုက်ပါလာသည့် ကွန်မန်ဒို (၂၈) ယောက်အနက် (၂၆) ယောက်မှာ ကမ်းပေါ်သို့ တက်နိုင်ခဲ့ကြသည်။ ကျန်နှစ်ယောက်အနက် တစ်ယောက်မှာ သင်္ဘောပေါ်မှ အဆင်းတွင် ခြေကျိုးသွားပြီး ကျန်တစ်ယောက်မှာ အကြောက်လွန်ကာ သင်္ဘောပေါ်မှ ဆင်းသက်ရန် ငြင်းဆန်ခဲ့ခြင်းကြောင့် ကျန်ရစ်ခဲ့ခြင်း ဖြစ်ပေသည်။

ထရော့ဘီ ရေငုပ်သင်္ဘောပေါ်မှ ကွန်မန်ဒိုများ ဆင်းသက်နိုင်ခဲ့ပြီးနောက် ပင်လယ်ပြင်မှ တောလ်လစ်မန်း ရေငုပ်သင်္ဘောကို ရေလက်ကြားထဲသို့ ဝင်လာရန် အချက်ပြလိုက်ကြသည်။

တောလ်လစ်မန်း ရေငုပ်သင်္ဘောပေါ်မှလည်း ဗိုလ်မှူးလေးကွတ်နှင့် ကွန်မန်ဒို (၅) ယောက်သာ ဆင်းသက်နိုင်ခဲ့သည်။

ထို့နောက် အစီအစဉ်ပြောင်းကာ တောလ်လစ်စမန်းကို နောက်တစ်နေ့ညမှ ဆက်လက်ပြီး လူချရန် ဆုံးဖြတ်လိုက်ကြရတော့သည်။

ကမ်းပေါ်သို့ ရောက်နေသည့် ကွန်မန်ဒိုများသည် မူလ စီမံချက်ထက် လူနည်းနေသဖြင့် စစ်ဆင်ရေးအစီအစဉ်များကို ပြုပြင်ရေးဆွဲနေကြရပြန်သည်။

ယင်းအစီအစဉ်မှာ . . .

(၁) ဗိုလ်လေးလေးကွတ်နှင့် ကွန်မန်ဒိုငါးဦးက ကမ်းခြေတွင် ချန်ရစ်မည့် အပို ခဲယမ်းမီးကျောက်များနှင့် ရိက္ခာပစ္စည်းများကို စောင့်ကြပ်နေရစ်ရင်း တောလ်လစ်မန်း ရေငုပ်သင်္ဘောပေါ်တွင် ကျန်ရစ်ခဲ့သည့် ရဲဘော်များကို ကမ်းတင်ပေးရန်။

(၂) ကွတ်နှင့် ရဲဘော်ခြောက်ယောက်သည် ဆရင်းရွာ၏ တောင်ဘက်ရှိ လမ်းဆုံမှ တယ်လီဖုံးကြိုးကို ဖြတ်တောက်ကာ ရွာအစွန်ရှိ ဆက်သွယ်ရေးစခန်းကို ဖောက်ခွဲဖျက်ဆီးရန်။

(၃) ကီး၊ ကင်းဘဲလ်နှင့် ရဲဘော် (၁၇) ယောက်တို့က ရန်သူ့စစ်ဌာနချုပ်ကို ဝင်ရောက်စီးနင်းကာ ဂျာမန်ဗိုလ်ချုပ်ရွမ်းမဲလ်ကို လုပ်ကြံသတ်ဖြတ်ရန်တို့ပင် ဖြစ်ပေသည်။

ကီး၊ ကင်းဘဲလ်နှင့် ရဲဘော် (၁၇) ယောက်တို့မှာ ရန်သူ့ဌာနချုပ် အရှေ့ (၂၃) မိုင်ခန့် ညအချိန် ချိတက်မှ ပြုလုပ်ရမည်ဖြစ်ပြီး ဌာနချုပ် ထဲသို့ ဝင်ရောက်သောအခါ အချင်းချင်း မရှုပ်ထွေးမိစေရန် လူလေးယောက် ဝင်ရောက်တိုက်ခိုက်ရမည် ဖြစ်ပေသည်။

ထိုလေးယောက်မှာ ကီး၊ ကင်းဘဲလ်၊ ဘရိုဒီနှင့် ဂျွန်တာယ်ရီတို့ပင် ဖြစ်လေသည်။

သို့ဖြင့် ကြိုတင်ငှားရမ်းထားသည့် အာရပ်လမ်းပြသည် ချိန်းထားသည့် အတိုင်း ည (၈) နာရီခန့်တွင် ရောက်လာသည်။

လမ်းပြရောက်သည်နှင့်ပင် ကီး ဦးဆောင်သည့် အဖွဲ့နှင့် ရန်သူ့ ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်ရမည့် အဖွဲ့နှစ်ဖွဲ့တို့သည် မိုးရွာ ထဲ၌ပင် ခရီးစထွက်ခဲ့ကြသည်။

မိုးတိတ်သွားပြီဖြစ်သော်လည်း ကောင်းကင်တစ်ပြင်လုံး မိုးတိမ်များဖြင့် အုံ့ဆိုင်းညိုမှိုင်းနေသည်။

ည (၁၀) နာရီခန့်တွင် ရှေ့သို့လှမ်းကြည့်ရန် ထွက်သွားသော အာရပ် လမ်းပြမှာ ပျောက်ချင်းမလှ ပျောက်သွားတော့သည်။

ဤတွင် ကွန်မန်ဒိုများမှာ အိမ်မြှောင်နှင့် မြေပုံအားကိုးဖြင့် ချုံနွယ် ပိတ်ပေါင်းများကို ခဲရာခဲဆစ် တိုးဝင်နေကြရတော့သည်။

လမ်းတစ်နေအရောက်တွင် အာရပ်လူဆိုးများက ကွန်မန်ဒိုများကို သေနတ်များဖြင့် ချိန်လျက် ဝိုင်းထားလိုက်ကြသည်။

ဤတွင် ကီးက မိမိတို့သည် ဗြိတိသျှတပ်သားများ ဖြစ်ကြကြောင်း၊ မိမိတို့ကို အကူအညီပေးရန် အာရပ်အမျိုးသားများကို နှိုးဆော်ထားသည့် အာရပ်အကြီးအကဲများ၏ စာများလည်း မိမိတို့တွင် ပါကြောင်း ပြောကာ စာရွက်စာတမ်းများကို ထုတ်ပြသည်။

သို့သော် အာရပ်လူဆိုးဗိုလ်မှာ စာမတတ်သူဖြစ်၍ အခက်အခဲ တွေ့နေရပြန်သည်။

နောက်ဆုံးတွင် မတတ်သာတော့သဖြင့် ကီးက အာရပ်လူဆိုးဗိုလ်ကို လာဘ်ထိုးပြီး အကူအညီတောင်းရတော့သည်။

သည်အခါမှ အာရပ်ဗိုလ်က သဘောတူသွားပြီး ကွန်မန်ဒိုအဖွဲ့ကို အနီးဝန်းကျင်ရှိ ဂူတစ်ခုထဲသို့ ခေါ်သွားကာ ဆိတ်ကောင်လှီးကာ ညစာ ကျွေးခဲ့သည်။

သို့တိုင် ကီးမှာ အာရပ်ကို စိတ်မချသဖြင့် နောက်တစ်နေ့နံနက် အရုဏ်တက်တွင် ရဲဘော်တစ်ဦးနှင့် အပိုပစ္စည်းများကို ချန်ထားခဲ့ပြီး ကျန် ရဲဘော်များကို ခေါ်ကာ ခရီးဆက်ခဲ့ပြန်သည်။

ထိုနေ့ကား နိုဝင်ဘာလ (၁၇) ရက်နေ့ပင်ဖြစ်လေသည်။

ထိုည (၆) နာရီ (၁၅) မိနစ်ခန့်တွင် ကွန်မန်ဒိုများသည် ရွမ်းမဲလ်၏ ဌာနချုပ်ရှိရာသို့ ရှေ့ရှုချီတက်ခဲ့ကြသည်။

ထိုအချိန်က မိုးမှောင်ကြီးကျနေသဖြင့် ကွန်မန်ဒိုများမှာ တစ်ယောက်၏ သေနတ်ပြောင်းကို တစ်ယောက်ကိုင်လျက် လှမ်းချင်းမကွဲရန် ကြိုးစားပမ်းစား လျှောက်ခဲ့ကြရသည်။

ည (၁၁) နာရီ (၃၀) မိနစ်တွင် ကုန်းမြင့်တစ်ခု၏ ခြေရင်းသို့ ရောက် ခဲ့ကြတော့မှပင် ရွှံ့ထဲ၌ တအောင့်တာနား ရပ်နားခွင့်ရခဲ့ကြသည်။

ထိုမှ ခရီးဆက်ခဲ့ပြန်ရာ (၁၁) နာရီခန့်တွင် အာရပ်လမ်းပြများသည် ရွမ်းမဲလ်၏ ဌာနချုပ်သို့သွားရာ နောက်ဖေးလမ်းကို ကွန်မန်ဒိုများအား ညွှန်ပြ ခဲ့ပြီး အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ထိုနေရာသို့ ရောက်သည်နှင့် ဗိုလ်မှူးလေးကွတ် ခေါင်းဆောင်သော အဖွဲ့ကလည်း ဆိုရင်းလမ်းဆုံရှိ ရန်သူ့ဆက်သွယ်ရေး လမ်းကြောင်းကို ဖြတ်တောက်ရန်အတွက် ခွဲထွက်သွားပြန်လေသည်။

ထိုနေရာ၌ပင် ကီးသည် သူ့ရဲဘော်များကို ထားခဲ့ပြီး တစ်ယောက်တည်း ကင်းထောက်ထွက်ခဲ့သည်။ သူပြန်ရောက်လာသောအခါတွင် တပ်ကြပ်ကြီး [illegible]နှင့် ရဲဘော်သုံးယောက်အား ရန်သူ့ဌာနချုပ်အနီးရှိ ကားများထဲသို့ အချိန်ကိုက် ဗုံးများ ထည့်ထားရန် တာဝန်ပေးလိုက်လေသည်။

ည (၁၀) နာရီထိုးသည်တွင် ကီးခေါင်းဆောင်သော ကွန်မန်ဒိုများ သည် ရန်သူ့ဌာနချုပ်အပြင်ရှိ အဆောက်အဦများ၏ အနီးသို့ သတိကြီးစွာ ထားလျက် ချဉ်းကပ်လာခဲ့ကြသည်။

ထိုနေရာသို့အရောက်တွင် ကီးနှင့် တယ်ရီက ကျန်ရဲဘော်များကို မှောင်ရိပ်ခိုနေစေပြီး ကင်းထောက်ရန် ရှေ့သို့ ဆက်ထွက်ခဲ့ကြပြန်သည်။

ခြေလှမ်း ဆယ့်လေးလှမ်းမျှ မပြည့်မီ ခွေးဟောင်သံတစ်ချက်ကို စူးစူးဝါးဝါး ကြားလိုက်ရသဖြင့် ကီးနှင့် တယ်ရီတို့က လှမ်းဆဲ ခြေလှမ်းများကို အသာ ရပ်လိုက်ကြသည်။ ခွေးဟောင်သံနှင့် မရှေးမနှောင်းမှာပင် အစောင့်ရှက်ဖျင်တဲ တစ်ခုအတွင်းမှ အီတာလျံစစ်သားတစ်ယောက်နှင့် အာရပ်တစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။ ထိုနှစ်ယောက်သည် လက်နှိပ်ဓာတ်မီး များဖြင့် ပတ်ဝန်းကျင်ကို ထိုးကြည့်နေသည်။

ဤတွင် ကီးက ချုံပုတ်၏နောက်ကွယ်မှ ဂျာမန်ဘာသာတစ်ဝက်၊ အီတာလျံဘာသာတစ်ဝက်ဖြင့် ခတ်ဆတ်ဆတ် ဟောက်လိုက်သည်။

"ဟေ့...တို့ ဂျာမန်ကင်းကွ...ဘာဖြစ်လို့ လက်နှိပ်ဓာတ်မီးနဲ့ လျှောက် ထိုးနေတာလဲ၊ သေသွားချင်သလား...ခွေးမသားတွေ"

သည်အခါ အီတာလျံစစ်သားနှင့် အာရပ်အမျိုးသားမှာ ဂျာမန် အက်(စ်)အက်(စ်) ကင်းမှတ်၍ တဲတွင်းသို့ ပြန်လျှိုဝင်သွားကြတော့သည်။

ကီးနှင့် တယ်ရီတို့ ကင်းထောက်ရာမှ ပြန်ရောက်လာသောအခါ သူတို့အတွ သတင်းဆိုးများ ပါလာသည်။

ထိုသတင်းဆိုးများမှာ အခြားမဟုတ်။ ရွှမ်းမဲလ်၏ ဌာနချုပ်ကို နောက် ပေါက်မှ မဝင်နိုင်ရန် အခိုင်အမာ ပိတ်ဆို့ထားသည်ဆိုသည့် သတင်းပင် ဖြစ်သည်။

သို့ရာတွင် ကီးက အပြုံးမပျက်။ သူ့ရဲဘော်များကို ပြောသည်။

"တိတ်တိတ်ဝင်လို့ မရရင် ဖြောင်ဝင်ကြတာပေါ့"

သို့ဖြင့်ည (၁၁) နာရီ (၄၅) မိနစ်တွင် ကွန်မန်ဒိုများသည် မိမိတို့ တာဝန်ကျရာ နေရာများတွင် အသီးသီးနေရာယူလိုက်ကြသည်။

ယင်းတို့မှာ...

(၁) လျှပ်စစ်ဓာတ်အားပေးစက် ဖျက်ဆီးရန် ရဲဘော် (၂) ယောက်။

(၂) တိုက်ပွဲစလျှင် ရန်သူဘက်သို့ တပ်ကူများဝင်ရောက်မလာစေရန် အတွက် ကားရုံနှင့် ပန်းခြံကို စောင့်ကြပ်ရန် ရဲဘော် (၄) ဦး။

(၃) အစောင့်တဲနှစ်တဲကို စောင့်ကြပ်ရန် ရဲဘော် (၂)ယောက်။

(၄) မလှမ်းမကမ်းရှိ ဟိုတယ်အတွင်းမှ လူများပြင်ပသို့ မထွက်လာ ရေးအတွက် စောင့်ကြပ်ရန် ရဲဘော် (၂) ယောက်။

(၅) ဌာနချုပ် အဝင်ဂိတ်နှင့် လမ်းကို စောင့်ကြပ်ရန် ရဲဘော် (၂) ယောက်။

(၆) အိမ်နောက်ဘက်ကို စောင့်ကြပ်ရန် ရဲဘော် (၂) ယောက်၊ စသည့် တာဝန်နှင့် တည်နေရာ အသီးသီးတို့ပင် ဖြစ်ပေသည်။

အိမ်နောက်ဘက်ကို စောင့်ကြပ်ရမည့် ရဲဘော်များကို ကီးက စကားဝှက် မပြောနိုင်ဘဲ နောက်ဖေးသို့ ပြေးလာသူ မှန်သမျှကို ပစ်သတ်ရန် အမိန့်ပေးထားခဲ့လေသည်။

ည (၁၁) နာရီ (၅၉) မိနစ်တွင် ကီး၊ ကင်းဘဲလ်နှင့် တယ်ရီတို့သည် အစဉ်လိုက် ဌာနချုပ်ဝင်းအနီးသို့ ချဉ်းကပ်ခဲ့ကြသည်။

ထို့နောက် ကီးက တံခါးလက်ကိုင်ကို ဆွဲဖွင့်၍ ကြည့်လိုက်သည်။ တံခါးကပွင့်မလာ။

ကီးက နောက်ရှိ ရဲဘော်များဘက်သို့လှည့်၍ ပခုံးတစ်ချက်တွန့်ပြလိုက်သည်။

ပြီး…တံခါးကို ခတ်ဆတ်ဆတ် သုံးလေးချက်ဆင့်ခေါက်လိုက်ပြီး ဂျာမန်ဘာသာဖြင့် တံခါးဖွင့်ခိုင်းလိုက်သည်။

ထိုအချိန်တွင် မိုးက သည်းသည်းမဲမဲ ရွာချနေသဖြင့် ကီး၏တံခါးခေါက်သံကို အိမ်တွင်းမှ ဂျာမန်များ ကြား မကြားဆိုသည်မှာ မသေချာချေ။

ကီးက အသံမြှင့်၍ ဆက်ခေါ်သည်။ အတွင်းမှ ထူးသံမကြားရသောအခါ ကီးက တံခါးကို ခြေဖြင့် ဆောင့်ကန်လိုက်ပြန်သည်။

ဤသို့ တံခါးကို အကြိမ်ကြိမ် ကန်ကျောက်နေသည့်တိုင် အထဲမှ တစ်စုံတစ်ရာ တုံ့ပြန်လှုပ်ရှားသံကိုမျှပင် မကြားရသောအခါ ကီးက ဟက်ဟက်ပက်ပက် တစ်ချက်ရယ်မောလိုက်သည်။

သူ့ရယ်သံသည် မိုးပေါက်ကျသံကိုပင် လွှမ်းသွားလေသည်။

ကီး၏ရယ်သံထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် တံခါးအတွင်းမှ မင်းတုပ်ဖြုတ်သံကို ကြားလိုက်ရသည်။

ထိုတိုက်ပွဲအကြောင်းကို ဗိုလ်ကြီးကင်းဘဲလ်က အောက်ပါအတိုင်း ပြောပြခဲ့သည်။

"ဂိတ်တံခါးပွင့်လာသံ ကြားတာနဲ့ ကီးက အစောင့်စစ်သားကို ဂျာမန်လို လှမ်းဟောက်လိုက်တယ်၊ ဂျာမန်အစောင့်စစ်သားက တံခါးဆွဲအဖွင့်လိုက်မှာ ကီးက သေနတ်နဲ့ လှမ်းထောက်လိုက်တယ်၊ ဂျာမန်အစောင့်စစ်သားကလဲ သိပ်လျင်တယ်၊ ကီးထောက်လိုက်တဲ့ သေနတ်ကို ပြောင်းက ဆုပ်ကိုင်ပြီး သူနဲ့လွတ်ရာ ဘေးဘက်ကို ဆွဲထောင်လိုက်တယ်၊ ကျွန်တော်အနေနဲ့တော့ ကီးဟာ ဘယ်နည်းနဲ့မဆို အစောင့်စစ်သားကို လည်ပင်းညှစ်သတ်နိုင်တယ်လို့ ထင်ခဲ့တယ်၊ ဒါကြောင့် စက္ကန့်အတော်ကြာအထိ စောင့်ကြည့်နေမိတယ်၊ အဲဒီလို စောင့်ကြည့်နေရင်းက ကီးနဲ့ ဂျာမန်စစ်သားရဲ့နောက်မှာ စကြံတစ်ခုကို မြင်လိုက်မိတယ်၊ အဲဒီစကြံထဲက တစ်ယောက်ယောက်များ ထွက်လာရင် ခက်ရချည့်လို့ တွေးပူမိပြီး မြန်မြန်ကိစ္စပြတ်အောင် ဂျာမန်စစ်သားရဲ့ မျက်နှာကို ပစ်ထည့်လိုက်ရတယ်။

"ဂျာမန်အစောင့်လဲကျသွားတာနဲ့ တစ်ပြိုင်နက် ကီးက ကျွန်တော့်ကို လိုက်ခဲ့ဖို့ လက်ရိပ်ပြပြီး စကြံထဲပြေးဝင်တော့တာပဲ၊ စကြံအဝင်ဝမှာ အခန်းတစ်ခန်းကို တွေ့ရတယ်၊ ကီးက ဖြုန်းခနဲ တံခါးကို ဆွဲဖွင့်တယ်၊ ကျွန်တော်က သေနတ်ကို အသင့်ကိုင်ပြီး အခန်းထဲကို ချိန်ထားလိုက်တယ်၊ အခန်းထဲမှ ဘယ်သူမှမရှိဘူး။

"ဒါနဲ့ . . .နောက်တစ်ခန်းကို ကူးခဲ့တယ်၊ အဲဒီအခန်းထဲက မီးရောင်ဟာ တံခါးကြားမှတစ်ဆင့် အပြင်ထိုးထွက်နေတယ်၊ ကီးရဲ့လက်တစ်ဘက်က တံခါးကို ဆွဲဖွင့်ပြီး တစ်ပြိုင်တည်းမှာ ကျန်လက်တစ်ဘက်နဲ့ သေနတ်မောင်းကို ညှစ်လိုက်တယ်၊ အခန်းထဲမှာ စားပွဲတစ်လုံးနဲ့ ထိုင်နေကြတဲ့ ဂျာမန်သုံးယောက်ဟာ နေရာမှာတင် အရုပ်ကြိုးပြတ်ပုံကျသွားတယ်။

"အဲဒီအခါမှာဘဲ ကျွန်တော့်နောက်က သေနတ်သံတွေ ထွက်ပေါ်လာတယ်၊ လှည့်ကြည့်လိုက်တော့ တယ်ရီက လှေကားပေါ်ကို လှမ်းပစ်နေတာ တွေ့ရတယ်၊ ဂျာမန်နှစ်ယောက်ဟာ လှေကားထိပ်ကနေ တလိမ့်ခေါက်ကွေး ထိုးကျလာတယ်၊ တစ်ခါထပ်ပြီး တယ်ရီဟာ လှေကားထိပ်တစ်နေရာကို ချိန်ပြီးပစ်လိုက်ပြန်တယ်၊ ဂျာမန်တစ်ယောက်ဟာ လှေကားထိပ်မှာ ဒယီးဒယိုင်ဖြစ်သွားပြီး နောက်တော့ အောက်ကိုပြုတ်ကျလာတယ်။

"ကီးဟာ နောက်တစ်ခန်းဆီကို ဒုန်းချပြေးတယ်၊ ပြီးတော့ တံခါးကို ဆောင့်ဖွင့်လိုက်တယ်၊ တံခါးက မပွင့်ဘူး၊ ကီးဟာ အချိန်ဆိုင်းမနေဘဲ

တံခါးကို သေနတ်နဲ့ ပစ်ဖွင့်လိုက်တယ်၊ တစ်ဆက်တည်းမှာပဲ အခန်းထဲကို လက်ပစ်ဗုံးနဲ့ ပစ်သွင်းဖို့ ကျွန်တော့်ကို လက်ပြလိုက်တယ်၊ ကျွန်တော်က ပစ်သွင်းလိုက်တယ်။

"အဲဒီတစ်ခန်းကို ရှင်းပြီးတော့ ကျွန်တော်တို့ နောက်တစ်ခန်းကို ကူးခဲ့ပြန်တယ်၊ ခုချိန်အထိ ကျွန်တော်တို့ဟာ ရွမ်းမဲလ်ရဲ့ရုံးခန်းနဲ့ တူတာလဲ မတွေ့ရသေးဘူး၊ အိပ်ခန်းနဲ့ တူတာကိုလဲ မတွေ့ရသေးဘူး၊ ကျွန်တော်တို့ ခုရောက်နေတဲ့ အခန်းက မြေပုံခန်း၊ အဲဒီအခန်းက တံခါးဖွင့်ရက်သား၊ ကီးက အခန်းထဲကို သေနတ်နဲ့ မွှေ့ပစ်လိုက်တယ်၊ ပြီးတော့ တံခါးကို ဒိုင်းခနဲ ဆောင့်ကန်ပြီး ပိတ်လိုက်တယ်၊ ကျွန်တော့်ကိုလဲ လက်ပစ်ဗုံးတစ်လုံးကို အသင့်ပြင်ဖို့ အချက်ပြလိုက်တယ်၊ ကျွန်တော်က လက်ပစ်ဗုံးတစ်လုံးကို အသင့် ပင်ဖြုတ်ထားလိုက်တယ်၊ ကီးဟာ တံခါးဘေးကို ပြေးကပ်ပြီး လက်တစ်ဘက်နဲ့ တံခါးကိုဆွဲဖွင့်လိုက်တယ်၊ တံခါးဟ,သွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော်က အခန်းထဲကို လက်ပစ်ဗုံး လိမ့်သွင်းလိုက်တယ်၊ တစ်ချိန်တည်းမှာပဲ ကီးဟာ တံခါးကို ပြန်ပိတ်လိုက်ဖို့ ဟန်ပြင်လိုက်တယ်၊ ဒါပေမယ့် ကီးက တံခါးကို မပိတ်လိုက်နိုင်မီမှာ အခန်းထဲက ဂျာမန်က မောင်းပြန်သေနတ်နဲ့ လှမ်းဆွဲလိုက်တယ်၊ ကီးဟာ နေရာတွင် ပုံကျသွားတော့တာပဲ၊ ကျွန်တော် ပစ်လိုက်တဲ့ လက်ပစ်ဗုံးပေါက်ကွဲသံဟာ အခန်းထဲက ဝုန်းခနဲ ထွက်ပေါ်လာတယ်၊ သည့်နောက်တော့ အခန်းထဲက ဘာသံမှ မကြားရတော့ဘူး။

"ကျွန်တော်လဲ ကီးရဲ့ဘေးနားမှာ ဒူးထောက်ထိုင်ချလိုက်ပြီး သူ့ကို ထူဖို့ ဟန်ပြင်လိုက်တယ်၊ ကီးမျက်နှာတစ်ပြင်လုံးမှာ သွေးတွေနဲ့ ချင်းချင်းနီလို့ပဲ၊ ကီးဟာ ကျွန်တော့်ကို မျက်စိတစ်ချက် လှန်ကြည့်ပြီး 'ရွမ်းမဲလ်ကို မလွတ်စေနဲ့' လို့ အသံပြတ်နဲ့ ပြောလိုက်တယ်၊ ပြီးတော့ သူ့မျက်စိဟာလဲ နှံမှိတ်သွားတော့တာပဲ၊ သူ့စကားကို အမိန့်တစ်ခုအဖြစ် ကျွန်တော်နားလည်လိုက်တာပါပဲတယ်၊ ဒါနဲ့ ကျွန်တော်လဲ တယ်ရီရှိရာကို ပြေးသွားခဲ့တယ်"

ဂျာမန်မှတ်တမ်းများတွင် ဤအရေးအခင်း၏ မြင်ကွင်းတစ်ကွက်ကို ဤသို့မှတ်တမ်းတင်ထားသည်။

ဒဏ်ရာအပြင်းအထန်ရနေသော လူတစ်ယောက်သည် သွေးစက်တွေကို စွပ်ကြောင်းပေးပြီး အောက်ထပ်မှ ဒုတိယထပ်အထိ မရောက်ရောက်အောင် တက်နိုင်ခဲ့သေးသည်။ ထိုလူသည် ဒုတိယထပ်ရှိ အခန်းတစ်ခန်း၏ အပေါက်ဝ

အရှောက်တွင် လဲကျသေဆုံးနေသည်ကို တွေ့ရသည်။ သူ့အလောင်းနှင့် မလှမ်းမကမ်းတွင်မူ ဂျာမန်စစ်သားနှစ်ယောက်လည်း သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရပြန်သည်။

ဂျာမန်များအတွေ့ လဲကျသေဆုံးနေသူမှာ ဗြိတိသျှဘုရင့်တပ်မတော်၏ ဒုဗိုလ်မှူးကြီးအဆင့် ယူနီဖောင်းကို ဝတ်ဆင်ထားသူဖြစ်လေသည်။

ယင်းဂျော့ဖရီချားစ်တက်စကားကီးအား ဗြိတိန်ဘုရင့်တပ်မတော်၏ အမြင့်ဆုံးဘွဲ့ဖြစ်သော 'ဗီတိုးရီးယား ခရော့စ်' ဖြင့် ချီးမြှင့်အပ်နှင်းခဲ့လေသည်။

✧

## ဂျာမန်လေကြောင်းချီ တပ်များ၏ သေနာပတိ ဗိုလ်ချုပ်ကြီးစရူးဒင့်ကို သေနတ်ဖြင့် ပစ်ခဲ့သူ

(၁၉၄၀-ပြည့်နှစ်၊ မေလဆန်းက ဖြစ်သည်)

'ခဲတံပုံ'ဟု အမည်တွင်သည့် ရာပေါင်းများစွာသော ဂျာမန် 'ဒေါ်နီယာ' ဗုံးကြဲလေယာဉ်များသည် ဟော်လန်ပြည်၏နေပြည်တော်ဖြစ်သော 'ရော့တာဒမ်မြို့' ပေါ်သို့ ဗုံးမိုးရွာချခဲ့လေသည်။

ယင်းနောက် စတူးကာလေယာဉ်များသည် ခဲတံပုံများ၏ ဗုံးဒဏ်မှ ကံအားလျော်စွာ လွတ်မြောက်ကျန်ရစ်ခဲ့သည့် အဆောက်အဦများကို လိုက်လံရှာဖွေကာ ဖျက်ဆီးကြပြန်သည်။

ထိုလေကြောင်းစီးနင်းမှုသည် (၄) နာရီမျှပင် ကြာရှည်ခဲ့လေသည်။ ဂျာမန်လု(ဖ်)ဝု(ဖ်) လေတပ်သည်လည်း ဌာနသို့ ပြန်သွားခဲ့ကြပြီဖြစ်သည်။

ဤတွင် ဂျာမန်တို့၏ လက်စားချေခြင်းမှာလည်း အောင်မြင်စွာပင် ပြီးဆုံးခြင်းသို့တိုင်ခဲ့လေသည်။

ရော့တာဒမ်မြို့လယ် တစ်မိုင်ခွဲပတ်လည်အတွင်းရှိ ကုန်ပဒေသာဆိုင်ကြီးများ၊ ဟိုတယ်ကြီးများ၊ ဘဏ်တိုက်ကြီးများ၊ ရေကြောင်းကုန်သွယ်ရေးကုမ္ပဏီများစသည့် အဆောက်အဦကြီးများနှင့် တိုက်တာအဆောက်အဦ အိုးအိမ်ပေါင်း (၂၅၀၀၀) ကျော်တို့သည် ဂျာမန်တို့၏ ဗုံးဒဏ်ကြောင့် မြေပြင်တွင် ပြားပြားဝပ်သွားခဲ့ရလေသည်။

ယင်းစစ်ဆင်ရေးနှင့် ပတ်သက်ပြီး ဝေဖန်သူများက စစ်ရေးရှုထောင့်အရ လေကြောင်းအင်အားကို လိုအပ်သည်ထက် ပို၍ အသုံးပြုခဲ့သော စစ်ဆင်ရေးအဖြစ် ဝေဖန်သုံးသပ်ခဲ့ကြပြီး ဗြိတိသျှဘုရင့်လေတပ်မတော်ကမူ ဂျာမန်တို့သည် ယင်းတို့ အသုံးပြုခဲ့သည့် လေယာဉ်စင်းရေ၏ သုံးပုံတစ်ပုံဖြင့်ပင် ရော့တာဒမ်တစ်မြို့လုံး ပြားပြားဝပ်သွားစေနိုင်ပါလျက် လေယာဉ်အင်အား အများအပြားကို အချည်းနှီးဖြုန်းခဲ့သည်ဟု ဝေဖန်ပြောကြားခြင်း ပြုခဲ့လေသည်။

ဤသို့ ဂျာမန်တို့က လိုအပ်သည်ထက်ပို၍ လေကြောင်းအင်အား အသုံးပြုခဲ့သည်မှာလည်း ခေါင်းဆောင်ကြီး 'ဟစ်တလာ' က "ရော့တာဒမ်မြို့ကို သဲကန္တာ ဖြစ်သွားစေ" ဟု တစ်ချက်လွှတ် အမိန့်ပေးခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

ယင်းသို့ ဂျာမန်များ၏ ဖျက်ဆီးခြင်းကို ခံရပြီးနောက် အနှစ်နှစ်ဆယ်ကျော်ခဲ့သည့် ယနေ့တွင် ပြိုလေသော တိုက်အိုတို့နေရာတွင် ခေတ်မီတိုက်သစ်ကြီးများဖြင့် အစားထိုး ထူထောင်နိုင်ခဲ့ပြီဖြစ်သော်လည်း မြို့လယ်ရှိ အချို့နေရာတွင်ကား ကွက်လပ်ကြီးများ ကျန်ရှိနေပေသေးသည်။

ရော့တာဒမ် မြို့သူမြို့သားတို့ကလည်း သူတို့၏ မြို့ဟောင်းကြီးကို ဟစ်တလာက အဘယ်ကြောင့် သည်မျှအထိ ဖျက်ဆီးခဲ့ရပါလိမ့်ဟု ယနေ့တိုင် တွေးတောနေကြဆဲပင် ဖြစ်သည်။

ဤသို့ ဟစ်တလာက ရော့တာဒမ်မြို့အပေါ် မျက်မာန်တော်ရကာ ပြင်းပြင်းထန်ထန် အရေးယူခဲ့သည်မှာ စစ်ရေး ရည်ရွယ်ချက်များရှိခဲ့၍လားဟူ၍လည်း ရော့တာဒမ်မြို့သူမြို့သားတို့က သံသယဖြစ်နေကြဆဲဖြစ်သည်။

အချို့ကမူ ဤသို့ ရော့တာဒမ် ပြာပုံဘဝသို့ ကျရောက်ခဲ့ရခြင်းမှာ ဒတ်(ချ်)အမျိုးသားတစ်ဦးကြောင့် ဖြစ်သည်။ ထိုဒတ်(ချ်)အမျိုးသားသည် ဂျာမန်လေကြောင်းချီတပ်များ၏ သေနာပတိ ဗိုလ်ချုပ်ကြီး စတူးဒင့်ကို သေနတ်ဖြင့် ပစ်ခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ ဂျာမန်တို့က လက်စားချေခဲ့ခြင်း ဖြစ်သည်ဟုလည်း ဆိုကြလေသည်။

သို့ရာတွင် ဂျာမန်ဗိုလ်ချုပ်တစ်ဦးကို ပစ်ခတ်ခဲ့သည့် ဒတ်(ချ်)မျိုးချစ်တပ်သားမှာ မည်သူမည်ဝါ ဖြစ်သည်ကိုကား လူသိနည်းခဲ့လေသည်။ ထိုမျိုးချစ်တပ်သားကိုယ်တိုင်ကလည်း ဂျာမန်ဗိုလ်ချုပ်ကို ပစ်ခဲ့သူမှာ သူပါဟု လူသိရှင်ကြား မကြေညာခဲ့ပါချေ။

ထိုသူ၏ အမည်မှာ 'အဂျာရစ်အန်း(စ်) ဂျိုဟန်ဗင်ဒါဗင်' ဖြစ်သည်။ သူသည် ဟာ့စ်တလာ၏အချစ်တော် ဗိုလ်ချုပ်တစ်ဦးကို သေနတ်ဖြင့် ပစ်ကာ ဒဏ်ရာရစေခဲ့သည်။ ထိုသည်ကို အကြောင်းပြုပြီး ဟတ်တလာက သူ၏ ဗိုလ်ချုပ်တစ်ဦးအား ထိုလျှင် မည်သို့ အရေးယူတတ်သည်ကို ကမ္ဘာကို သတိပေးသည့်အနေဖြင့် ရော့တာဒမ်မြို့ကို ပြာပုံဘဝသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်လေသည်။

၁၉၄၀–ပြည့်နှစ်၊ မေလ (၁၄)ရက်နေ့ နံနက် (၃) နာရီတွင် ဒတ်(ချ်) တပ်မတော်မှ ဒု တပ်ကြပ်အန်းသည် သူ တာဝန်ကျရာ တံတားထိပ်ရှိ ကင်းတဲထဲမှ လှမ်းထွက်လိုက်ပြီး ကိုယ်လက်ဆန့်လိုက်သည်။ ထို့နောက် ရော့တာဒမ်မြို့သို့သွားရာ တံတားဦးပေါ်သို့ လှမ်းတက်ကာ အရပ်လေးမျက်နှာကို မျှော်၍ကြည့်လိုက်သည်။

တံတား၏ မြောက်ဘက် တစ်မိုင်ခန့်တွင် ရော့တာဒမ်မြို့သည် အိပ်မောကျနေဆဲပင် ရှိနေပေသေးသည်။ အရှေ့ဘက်ရှိ မိုင် (၁၀၀) မျှသာ ဝေးကွာသည့် ဂျာမနီပြည်ဆီ၌မူ ရောင်နီပင် ပျို့စပြုနေပြီဖြစ်သည်။

တံတားပေါင်များနှင့် တံတားကို ဆိုင်းထားသည့် သံမဏိကြိုးကြီးများသည် နှင်းမှုန်များ စိုရွှဲနေသဖြင့် အရုဏ်ဦး၏ရောင်နီအောက်ဝယ် အရောင်ဖိတ်ဖိတ်တောက်နေလေသည်။

အန်းသည် တံတား၏စကြီလက်တန်းကို ဆုပ်ကိုင်ထားသည့် သူ၏ လက်တစ်ဖက်ကို ပြန်ရုပ်လိုက်ပြီး လက်ဖဝါးကို ငုံ့ကြည့်လိုက်သည်။ သူ့လက်ဖဝါးသည် စကြီလက်တန်းပေါ်တွင် တင်နေသည့် နှင်းပွင့်များကြောင့် စိုနေလေသည်။

သည့်နှယ် နှင်းကျနေခြင်းသည် နေ့အချိန်တွင် ရာသီဥတု သာယာမည်ဆိုသော လက္ခဏာပင်ဖြစ်သည်။

သို့ရာတွင် တံတားပေါ်၌ ယခုအချိန်အထိ ကျောစိမ့်အောင် အေးမြနေဆဲပင်ဖြစ်သည်။ ထို့ကြောင့် အန်းသည် တံတားအလယ်တွင် သူ တာဝန်ချထားသည့် ကင်းရဲဘော်များကို သွားရောက်စစ်ဆေးရန် ဝန်လေးနေမိလေသည်။

အန်းနှင့် သူ့ရဲဘော်များသည် သည်တံတားကြီးကို စောင့်ကြပ်နေကြရသော်လည်း အဘယ်အကြောင်းကြောင့် စောင့်ကြပ်နေရသည်ကိုကား သူတို့သိရှိကြသည်မဟုတ်။ သူတို့၏ အမြင်တွင် ဤတံတားကြီးသည် ဂျာမန်နယ်စပ်

နှင့် အလွန်အလှမ်းဝေးသည်။ ဂျာမန်နယ်စပ်အနီးတွင် စစ်ရေးအရအရေးပါ အရာရောက်သော တံတားများရှိနေသည်။ စစ်ဖြစ်လာလျှင် ထိုတံတားများကိုသာ ရန်သူက ဖျက်ဆီးကြပေလိမ့်မည်။ ဤရော့တာဒမ်တံတားကြီးမှာမူ ရော့တာဒမ်မြို့နှင့် တစ်မိုင်မျှသာဝေး၍ ရန်သူက အကောင်းပကတိအတိုင်း သိမ်းပိုက်ချင်မည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ပြင် နယ်သာလင်နိုင်ငံသည် ယခုအချိန်အထိ ဂျာမနီနှင့် စစ်မဖြစ်သေး။ ငြိမ်းချမ်းဆဲပင် ရှိနေပေသေးသည်။ ဤသို့ ငြိမ်းချမ်းခဲ့သည်မှာလည်း မျိုးဆက်ငါးဆက်တိုင် ရှည်ကြာခဲ့ပြီ ဖြစ်သည်။ အင်္ဂလန်၊ ပြင်သစ်နှင့် ပိုလန်တို့သာ ဂျာမနီနှင့် စစ်ဖြစ်နေကြသည်။ တစ်ဖန် ထိုနိုင်ငံများသည် စစ်ဖြစ်နေကြသည်ဟု ဆိုရငြားလည်း ပိုလန်နိုင်ငံတွင်သာ ပြောစမှတ်ပြုလောက်အောင် တိုက်ခိုက်နေကြသည်ကို တွေ့နေရသည်။

သို့ရာတွင် ဂျာမနီသည် နွေဦးပေါက်တွင် ဥရောပမြောက်ပိုင်းကို ထိုးစစ်ဆင်မည်ဆိုသော သတင်းကိုကား မကြာခဏ ကြားနေရသည်။ ထိုသတင်းကြောင့်ပင် လွန်ခဲ့သည့် လေးရက်မှ စပြီး ဒတ်(ချ်)တပ်မတော်သည် ယင်း၏ တပ်သားများကို ခွင့်ပေးခြင်းမှ ရပ်ဆိုင်းခဲ့ခြင်းလည်း ဖြစ်ပေသည်။

အန်းသည် အနွေးထည်အင်္ကျီရှည်ယူရန်အတွက် တံတားဦးမှ ဆင်းခဲ့ပြီး ကင်းတဲထဲသို့ ဝင်ခဲ့ပြန်သည်။ အနွေးထည်အင်္ကျီဝတ်ပြီး ပြန်အထွက်တွင် ကောင်းကင်ဆီမှ လေယာဉ်သံများကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ ကောင်းကင်ပြင်တွင် မှောင်နေဆဲဖြစ်သော်လည်း သူ့ခေါင်းပေါ်တွင် လေယာဉ်များ ရောက်နေပြီဆိုသည်ကိုမူကား အန်းက သိလိုက်သည်။

သူ တံတားပေါ်သို့ပြန်အတက်တွင် လေယာဉ်သံများက ပို၍ ကျယ်လာသည်။ မိနစ်ပိုင်းအတွင်းမှာပင် ကောင်းကင်တစ်ပြင်လုံး လေယာဉ်ပျံများနှင့် ပြည့်နှက်နေတော့သည်။ အန်းက မင်သက်မိသွားသည်။ ထိုလေယာဉ်များကို ရန်သူ မိတ်ဆွေ မခွဲနိုင်အောင် ရှိနေသည်။ ထိုလေယာဉ်များမှာ အကြီးစားလေယာဉ်များဖြစ်သည်။ ထို့ကြောင့် နယ်သာလင် ဘုရင့်လေတပ်မတော်မှ တိုက်လေယာဉ်များ မဖြစ်နိုင်။ သို့ဆိုလျှင် ထိုလေယာဉ်များသည် ဒတ်(ချ်) လေတပ်မတော်နှင့် ဗြိတိသျှ လေတပ်မတော်တို့ ပူးပေါင်း၍ လေကြောင်းတိုက်ပွဲလေ့ကျင့်နေကြသည့် လေယာဉ်များ ဖြစ်လေမလားဟု အန်းက တွေး

မိလိုက်မိပြန်သည်။ သို့မဟုတ်လျှင် ဂျာမန်လေယာဉ်များပေပဲလား၊ စစ်ကြီးတောင်ပြီလား။

ထိုဒွိဟ သံသယများနှင့် အတူ အန်းသည် တံတားပေါ်မှ ပြန်ခုန်ဆင်းခဲ့ပြီး ကင်းတဲထဲသို့ ပြန်ဝင်ခဲ့ပြန်သည်။ ကင်းတဲထဲရောက်လျှင် တယ်လီဖုန်းကို ကပျာကသီ ကောက်၍ဆက်လိုက်သည်၊ တစ်ဘက်မှ ထူးသံမကြားရ။ တယ်လီဖုန်းလိုင်း ပြတ်တောက်သွားပုံရသည်။ ထိုအချိန်တွင် ခပ်လှမ်းလှမ်းတစ်နေရာဆီမှ ဗုံးပေါက်ကွဲသံတစ်သံကို ကြောက်ဖွယ်လိလိ ကြားလိုက်ရသည်။

အန်းသည် တံတားပေါ်သို့ ပြန်တက်ခဲ့ပြန်သည်။ တံတားပေါ်သို့ ပြန်သာ တက်လာရသည်။ မည်သည့်ဆုံးဖြတ်ချက်ကို ချ၍ မည်သို့ဆက်လက်လှုပ်ရှားရမည်ကိုမူ သူ သိသည်မဟုတ်။ စစ်ကြီး သည်မျှ မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်မိ၍လည်း သည်မျှ အံ့အားသင့်နေရခြင်းဖြစ်သည်။

ထိုအခိုက် ခပ်လှမ်းလှမ်း တစ်နေရာတွင် ရုတ်တရက် ပေါက်ကွဲတောက်လောင်လိုက်သည့် မီးတောက်မီးလျှံကြီးတစ်ခုကို မြင်လိုက်ရပြန်သည်။ အန်းက မီးလောင်နေသောနေရာကို လှမ်းကြည့်ပြီး ရှောတာဒမ်လေယာဉ်ကွင်းကို ရန်သူလေယာဉ်များက ဗုံးကြဲတိုက်ခိုက်နေပြီဟု ခန့်မှန်းလိုက်သည်။

ကောင်းကင်ပြင်သို့ မော့ကြည့်လိုက်ရာတွင်လည်း ရန်သူ့လေယာဉ်များ တစ်အုပ်စုပြီးတစ်အုပ်စု ဝင်ရောက်လာနေကြသည်ကို မြင်လိုက်ရပြန်သည်။ အန်းက လေယာဉ်အုပ်စုနှင့် လေယာဉ်စင်းရေကို မျက်စိဖြင့် လိုက်၍ ရေတွက်ကြည့်နေမိသည်။ လေယာဉ်အုပ်စု (၉) စု၊ တစ်အုပ်စုလျှင် လေယာဉ် (၉) စင်းကျ ပါဝင်သည်ကို တွေ့ရသည်။ အချို့လေယာဉ်များမှာ စက် (၃)လုံးတပ် ဂျန့်ကာဗုံးကြဲလေယာဉ်များဖြစ်သည်။

ထိုလေယာဉ်များသည် တစ်ပတ်မျှ ဝဲပျံပြီးနောက် လေထီးများကြဲချလိုက်ပြန်ရာ ကောင်းကင်တစ်ပြင်လုံး လေထီးများဖြင့် ဖွေးဖွေးလှုပ်သွားတော့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ရာပေါင်းများစွာသော လေထီးများသည် လေဟုန်စီးလျက် မြေပြင်ဆီသို့ တဖြေးဖြေးချင်း ကျဆင်းလာတော့သည်။ ထိုလေထီးစစ်သားများသည် ဂျာမန်လေကြောင်းချီ တပ်သားများပင် ဖြစ်ရမည်။

စစ်ကြောင်း၏ နောက်ပိုင်းသို့ သည်မျှ နက်ရှိုင်းသည်အထိ ဂျာမန် လေကြောင်းချီတပ်များ ဝင်ရောက်လာသည့် အဓိပ္ပာယ်ကို အန်းက နားမလည် နိုင်အောင် ရှိနေသည်။

သို့ရာတွင် သူ့စိတ်ထဲ၌ သည်မျှအထိ ကျူးကျော်လာသော ရန်သူကို ဒတ်(ချ်)တပ်မတော် မကြာမီအတွင်း ချေမှုန်းနိုင်လိမ့်မည်ဟု ယုံကြည်နေမိ လေသည်။ ထိုစဉ် တံတားအလယ်ဆီမှ အသံဗလံများကို ကြားလိုက်ရသဖြင့် အန်းသည် တံတားအလယ် ကိုက် (၃၀၀) ခန့်တွင် ရှိသော အမှတ် (၁) ကင်းဆီသို့ တစ်ရှိန်ထိုး ပြေးသွားကာ "ဘီယားမင်း...ဘီယားမင်း" ဟု ကင်းတာဝန်မှူး၏ အမည်ကို လှမ်းခေါ်လိုက်သည်။ ကင်းတာဝန်မှူး၏ တုံ့ပြန် ထူးသံကို ကြားရသဖြင့် အန်းက "ဘာဖြစ်တာလဲ" ဟု မေးသည်။

"လေထီးစစ်သားတွေဗျ"

"ဒါတော့ မင်းပြောမှလား...ငါလဲ မြင်တာပေါ့" ဟု ပြောပြောဆိုဆို သူ လာခဲ့ရာ တံတားထိပ်ဆီသို့ ပြန်ပြေးခဲ့ပြန်သည်။ တံတားထိပ်ရောက်၍ ကမ်းစပ်ဆီသို့ ဆင်းခဲ့ပြန်သည်။ ကင်းတဲတံခါးကို ဆွဲဖွင့်ခိုက်တွင် ကောင်းကင် ပြင်၌ လေထီးတစ်အုပ် ဖဲဆင်းလာပြန်သည်ကို တွေ့ရပြန်သည်။ ဤတွင် အန်းသည် တဲအတွင်းသို့ ဝင်ခဲ့ပြီး တယ်လီဖုန်းဆက်ကြည့်ပြန်သည်။ မရ၊ ထပ်ဆက်ပြန်သည်။ မရ၊ နောက်ဆုံး တံတားတစ်ဘက်ထိပ်ရှိ အမှတ် (၂) ကင်းသို့ ဆက်ကြည့်ပြန်သော်လည်း မရချေ။

ထိုအချိန်၌ ပြင်ပတွင်လည်း နှင်းကွဲစပြုပြီဖြစ်၍ အတန်ငယ်လင်းလာ သည်။ လေထီးတပ်သားများမှာလည်း မြစ်၏တစ်ဘက်ကမ်းသို့ တစ်သုတ် ပြီး တစ်သုတ် ဆင်းနေကြပြီဖြစ်သည်။ ထိုမြင်ကွင်းကို ကြည့်ပြီး အန်းက သူ့ရဲဘော်များကို ပစ်ခွင့်ပေးသင့် မပေးသင့် မဆုံးဖြတ်နိုင်အောင် ရှိနေသည်။ အကယ်၍ ဆင်းလာသော လေထီးသမားများမှာ ဂျာမန်များမဖြစ်ဘဲ မဟာမိတ် များဖြစ်နေလျှင်...။

သို့ဆိုလျှင်လည်း အဘယ်ကြောင့် တယ်လီဖုန်းဆက်၍ မရပါသနည်း။

သူ၏ တွေဝေမှုကို မြစ်တစ်ဘက်မှ လေထီးသမားများ ပစ်လိုက်သော မောင်းပြန်သေနတ်သံတစ်တွဲက တပ်လှန့်နှိုးလိုက်သဖြင့် အန်းသည် တပ်မှူး ထံ တယ်လီဖုန်းဆက်ရန် တဲအတွင်းသို့ လှစ်ခနဲ ဝင်လိုက်ပြန်သည်။

ယခုအချိန်တွင် တံတားကို ရန်သူများ တိုက်နေသည်ကို မည်သူမျှ သိဦးမည်မဟုတ်။ ထိုသတင်းကို တပ်မှူးထံသို့ အမြန်ပို့ပေးမှဖြစ်မည်။ တပ်မှူးအမိန့်ရမှလည်း ရှေ့ဆက် ဘာလုပ်ရမည်ကို သိနိုင်မည်။

သို့ရာတွင် သူ ဆက်သွယ်နေသော သူ့အသံကိုသာ သူပြန်ကြားရပြီး တစ်ဘက်မှ ဘာသံမျှမကြားရ။ တယ်လီဖုန်းကြိုးများကို ရန်သူက ဖြတ်ပစ်လိုက်ပြီဟု သူ ထင်သည်။

ထိုစဉ် သေနတ်သံများ ထပ်ကြားရပြန်သည်။ မောင်းပြန်သေနတ်များဖြင့် အဆက်မပြတ် ပစ်နေသော သေနတ်သံများသည် တစ်စတစ်စ ပို၍ နီးလာသည်။ အန်းသည် ကင်းတဲတွင်းရှိ သေနတ်စင်မှ ရိုင်ဖယ်တစ်လက်ကို ဆွဲယူလိုက်ပြီး ခါးကို အနည်းငယ်ကိုင်းလျက် တံတားထိပ်ဆီသို့ ပြန်တက်ခဲ့ပြန်သည်။ တံတားအလယ်ဆီလောက်တွင် ဒတ်(ချ်)တပ်မတော် ဝတ်စုံဝတ်ထားသည့် လူ (၆) ယောက်ခန့်သည် တံတားပေါင်များကို အကာအကွယ်ယူလျက် တဖြည်းဖြည်း နောက်ဆုတ်လာသည်ကို မြင်လိုက်ရသည်။

ထိုသူများသည် သူ၏ကင်းအဖွဲ့ဝင် ရဲဘော်များဖြစ်ပြီး ပစ်ဆုတ်ဆုတ်နေကြခြင်းဖြစ်သည်။ ထိုရဲဘော်များထံမှ ရိုင်ဖယ်သေနတ်သံတစ်ချက် ထွက်ပေါ်လာတိုင်း အချက်တစ်ရာမျှမကသော ရန်သူ၏ စက်သေနတ်သံများက ဖုံးလွှမ်းသွားတတ်သည်။

အန်းသည် ကြည့်နေရင်းဖြင့်ပင် သူ့မျက်စိအောက်တွင် သူ့ရဲဘော်များ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေကြသည်ကို တွေ့နေရသည်။ ထိုအခိုက်မှာပင် ဘီယာမင်းသည် သူ့အနီးသို့ ရောက်လာသည်။

"ဆရာအန်း... ကျွန်တော်တို့ ဒီဘက်ထိပ်က ခံတိုက်မလား"

ဘီယာမင်းက မောကြီးပန်းကြီး မေးသည်။

"ကင်းတဲထဲ သွားပြီး တယ်လီဖုန်းသာ ထပ်ဆက်၊ အဆက်အသွယ်မရရင် နှင်းပန်းခင်းထဲ ဝင်နေ၊ တို့...အဲဒီက ပြန်ချမယ်"

ဘီယာမင်းက တံတားပေါ်မှ ခပ်သုတ်သုတ် ပြန်ဆင်းသွားသည်။ ဘီယာမင်း ဆင်းပြီးနောက် တံတားအလယ်မှ သေနတ်သံများ ထပ်ကြားရပြန်ပြီး ခဏအကြာတွင် တိတ်ဆိတ်သွားတော့သည်။ အန်းက တံတားအလယ်သို့ မျက်မှောင်ကြုတ်၍ စိုက်ကြည့်လိုက်သည်။ ဒတ်(ချ်)တပ်မတော် စစ်ဝတ်စုံဝတ်

များကို တစ်ယောက်မျှ မတွေ့ရတော့ချေ။ ထိုရဲဘော်များ၏ နေရာတွင် ဂျာမန်လေကြောင်းချီတပ်သားများ၏ ဝတ်စုံကို ဝတ်ဆင်ထားသည့် သဏ္ဍာန်များ သူ့ဆီသို့ တရွေ့ရွေ့နှင့် ချီတက်လာသည်ကို တွေ့လိုက်ရသည်။

ဤတွင် အန်းသည် တံတားထိပ်မှ လိမ့်ဆင်းလိုက်ပြီး ဘီယာမင်းရှိမည်ထင်ရာ ကင်းတဲဆီသို့ လှမ်း၍ အသံပြုလိုက်သည်။ သို့သော် ဘီယာမင်းက ကင်းတဲတွင် မရှိတော့ချေ။ သို့ဖြင့် အန်းသည် နှင်းပန်းခင်းထဲသို့ ပြေးဆင်းခဲ့သည်။ နှင်းပန်းပင်တို့သည် စနစ်တကျ အတန်းလိုက် အစီအရီပေါက်နေကြသည်မှာ အလျားအားဖြင့် တစ်မိုင်ခန့်မျှရှိမည်ဟု ခန့်မှန်းရသည်။ ၎င်းနှင်းပန်းတစ်ပင်တစ်ပင်၏ အမြင့်မှာလည်း (၁၅) လက်မခန့် ရှိသဖြင့် သူ့ကို ကောင်းစွာ အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ထိုနှင်းပန်းခင်းသည် လမ်းနှင့်မျဉ်းပြိုင်ပြေးကာ မြစ်ကမ်းခြေတွင် အဆုံးသတ်သွားသည်။

"ဘီယာမင်း. . .ဘီယာမင်း. . ."

သူသည် ဘီယာမင်းကို ခေါ်ရင်း နှင်းပန်းခင်းထဲသို့ ဆင်းပြေးသည်။ တစ်နေရာအရောက်တွင် ခလုတ်တိုက်မိ၍ အားလျားမှောက်လဲသွားသည်။ လဲကျသည့်နေရာ၌ပင် ခဏအမောဖြေရင်း တွေးလိုက်မိပြန်သည်။

ယခု တံတားပေါ်သို့ ရောက်နေသူများမှာ ဂျာမန်များသာဖြစ်ရမည်။ မကြာမီ တံတား၏ သည်ဘက်စွန်းသို့ ရောက်လာပေရော့မည်။ တံတားအဆုံးသို့ရောက်လျှင် သည်ပန်းခင်းအတွင်းသို့ ဆက်ရှာပေရော့မည်။

ထိုအတွေးနှင့်အတူ အန်းသည် တံတားထိပ်နှင့် သူရောက်နေသည့်နေရာ မည်မျှကွာဝေးခဲ့ပြီကို လှမ်းကြည့်လိုက်သည်။ သူ မျှော်လင့်ထားသလောက် မကွာသေးသည်ကို ဝမ်းနည်းဖွယ်တွေ့လိုက်ရသည်။ သည်အတိုင်း ဆက်နေလျှင် မကြာမီ ရန်သူများ ရောက်လာပြီး သူ့ကို ပစ်သတ်ကြပေရော့မည်။

သူသည် လဲကျနေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ထို့နောက် တစ်ခါပြေးလျှင် ပန်းပင်နှစ်တန်းကျော်အောင် ဆက်ပြေးနေပြန်လေသည်။ ပြေးဖန်များလာသောအခါ သူ့နှလုံးခုန်လာသည်။ အမောဒဏ်ကို မခံနိုင်သဖြင့် ခြေလှမ်းများ တုံ့ဆိုင်းလာသည်။ ပြေးနေရသည့် နေရာမှာလည်း ခြေခင်းလက်ခင်း မရှင်းသဖြင့် ခြေတစ်ချက်အတုံ့တွင် ခလုတ်တိုက်မိ၍ လဲကျသွားပြန်သည်။ သည်တစ်ကြိမ်အလဲတွင်မူ လဲရာမှမထတော့။ သူ့ကိုယ်သူ လုံခြုံပြီဟု ထင်သည်။ တံတားနှင့်လည်း ကိုက် (၄၀၀) ခန့် လှမ်းခဲ့ပြီဖြစ်သည်။

သူ့ရှေ့မလှမ်းမကမ်းတွင်လည်း သူ ခိုလှုံနိုင်ရန် ချိုင့်ဝှမ်းကြီးတစ်ခု အသင့်ရှိနေလေသည်။

ထိုချိုင့်ဝှမ်းကြီးကို မြင်လိုက်ရသောအခါ သူ၏ စိုးရိမ်မှုသည် အနည်းငယ် ပြေပျောက်သွားသည်။ ထိုချိုင့်ဝှမ်းထဲရောက်လျှင် ခါးဆန့်၍ ပြေးသည့်တိုင် ရန်သူမြင်နိုင်မည်မဟုတ်။ ထိုချိုင့်ဝှမ်းသို့ မရောက်မီလည်း နှင်းပန်းပင်များက သူ့ကို အကာအကွယ်ပေးလျက် ရှိနေဦးမည်ဖြစ်သည်။

သူသည် လဲလျောင်းနေရင်း အနည်းငယ် အသက်ဝအောင် ရှူပြီးသောအခါ လက်ထဲမှ ရိုင်ဖယ်သေနတ်ပြောင်းဖြင့် သူ၏ရှေ့ရှိ နှင်းပန်းပင်အုပ်ကို ဖြဲ၍ တံတားဆီသို့ လှမ်းကြည့်လိုက်သည်။

တံတားထိပ်တွင် ဂျာမန်တစ်အုပ် လှုပ်လှုပ်ရှားရှား ရှိနေသည်ကို တွေ့လိုက်ရသည်။ ခဏမျှအကြာတွင် လူ (၁၄–၁၅) ယောက်ခန့် တံတားထိပ်မှ ပန်းခင်းဆီသို့ ဆင်းလာသည်ကို တွေ့လိုက်ရသည်။ ထိုလူစုသည် ရှော့တာဒမ်မြို့ဘက်သို့ စက်ဘီးများစီးလျက် သွားနေကြသည်။ သူတို့သည် ရှော့တာဒမ်မြို့ကို စက်ဘီးဖြင့် သိမ်းပိုက်နိုင်မည်ဟု ထင်နေသည်လား မပြောတတ်ပါချေ။

သူတို့သည် ဂျာမန်တပ်၏ ရှေ့ပြေး ကင်းထောက်များပင် ဖြစ်မည်။ တံတားထိပ်ရှိ ရန်သူ၏ ခံစစ် ကတုတ်ကျင်းများကို လေ့လာရန် ကင်းထောက်နေကြခြင်းပင်ဖြစ်မည်။ ကောင်းသည်။ မကြာမီ သူတို့သည် ဒတ်(ချ်) တပ်မတော်၏ အံ့မခန်းသော စွမ်းရည်ကို တွေ့ကြရပေရှော့မည်။ တံတားတစ်ခုကို လျှို့ဝှက်စွာ သိမ်းပိုက်ထား၍မရ။ သည်အချိန်လောက်ဆိုလျှင် ဂျာမန်များ ဝင်ရောက်လာခြင်းကို ဒတ်(ချ်)တပ်မတော်သားတစ်ဦးဦးက ဒတ်(ချ်) တပ်မတော်ကို တပ်လှန့်ထားပြီးဖြစ်မည်မှာ သေချာသည်။ မကြာမီမှာပင် ဒတ်(ချ်)တပ်မတော်သည် မိမိနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ရန်သူကို မှုန့်မှုန့်ညက်ညက်ကျေအောင် ချေမှုန်းပစ်ပေရှော့မည်။

ရှော့တာဒမ်မြို့တွင် ဒတ်(ချ်)အမျိုးသားတပ် အနည်းငယ်သာရှိတော့သည်မှာမှန်သည်။ သို့ရာတွင် ဒေါ်ဒရက်(ချ်)မြို့တွင် အိမ်စောင့်တပ် အတော်များများ ကျန်ခဲ့ပြီး၊ ဒိုင်ဟက်မြို့တွင်လည်း သံချပ်ကာတပ်ရင်း အတော်များများ ကျန်နေပေသေးသည်။ ထိုတပ်များက ညှပ်ပိတ်တိုက်လိုက်လျှင် လိမ္မော်သီးတစ်လုံးကို နင်းချေလိုက်သကဲ့သို့ ဂျာမန်တပ်များ အရည်ပျော်သွားမည်မှာ သေချာသည်။

ထိုအကြောင်းနှင့်ပတ်သက်ပြီး အန်းက အောက်ပါအတိုင်း ပြန်ပြော ပြလေသည်။

"ကျွန်တော်က တံတားပေါ်မှာ ဒတ်(ချ်)ရဲဘော်တွေ ကျန်သေးသလား လို့ လိုက်ကြည့်နေမိတယ်၊ ဒါပေမယ့် တစ်ယောက်မှမတွေ့ရဘူး၊ (ကင်းရဲဘော် ၁၂–ယောက်ရှိသည့်အနက် ၅–ယောက်က ဖမ်းခံရသည်။ အန်းနှင့် ဘီယာမင်း သာ လွတ်မြောက်နေဆဲဖြစ်သည်။) ဒါနဲ့ ကျွန်တော်က တံတားပေါ်မှာ ရန်သူ့ အင်အား ဘယ်လောက်ရှိမလဲလို့ လှမ်းပြီးခန့်မှန်း ကြည့်တယ်၊ ရန်သူ့အင်အား (၁၀၀) ကျော်လောက်ရှိတာကို တွေ့ရတယ်၊ ဒါပေမယ့် ကောင်းကင်မှာတော့ ဂျာမန်လေယာဉ်တွေ ပျံဝဲနေတုန်းပဲ၊ လေထီးတွေလဲ ချနေဆဲပဲ ခင်ဗျ၊ ကျွန်တော့်အမြင်အရတော့ သူတို့ဟာ ရောတာဒမ်လေဆိပ်ကို သိမ်းပြီး သူတို့လေယာဉ်တွေ ထိုးဆင်းနေတဲ့ပုံပဲဗျ"

သို့ဖြင့် မိုးစင်စင်လင်းခဲ့သည်။

အန်းသည် လဲကျနေသည့် နေရာ၌ပင် လှဲရင်း ရန်သူ့လှုပ်ရှားမှု အခြေ အနေကို အကဲခတ်ကြည့်ရှုနေမိသည်။ သူသည် ပန်းခင်းထဲတွင် ဤသို့ ငြိမ်သက်နေသမျှ လုံခြုံမှုရနေဦးမည်ဟု ယုံကြည်နေသည်။

နံနက် (၇) နာရီခန့်တွင် စစ်သားတင် ဂျာမန်စက်မဲ့ လေယာဉ်များသည် ရောတာဒမ်မြို့ပေါ်တွင် ပျံဝဲနေကြသည်။ ထိုအခိုက် ဒတ်(ချ်) တိုက်လေယာဉ် တစ်စင်းသည် မည်သည့်နေရာမှ တက်လာသည် မသိ။ ဝေဟင်ထက်သို့ ရုတ်တရက် တက်လာပြီး ရန်သူစက်မဲ့ လေယာဉ်တစ်စင်းကို စတင်တိုက်ခိုက် သည်။ စက်မဲ့လေယာဉ်သည် အထိန်းအကွပ်မဲ့ မြေပြင်သို့ ထိုးကျသွားလေ သည်။ ထိုအခါ ဂျာမန်တိုက်လေယာဉ်များက ဒတ်(ချ်) တိုက်လေယာဉ်ကို ဝိုင်းဝန်း တိုက်ခိုက်ကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် တစ်စင်းတည်းသော ဒတ်(ချ်) တိုက်လေယာဉ်မှာ မီးလောင်၍ ပျက်ကျသွားလေတော့သည်။

အန်းသည် သူ့နားမှာ မြေပြင်နှင့် ထိကပ်နေသဖြင့် မီးလောင်ပျက် ကျသွားသော ဒတ်(ချ်)တိုက်လေယာဉ်နှင့် မြေပြင် ထိတွေ့သံကို ကြားလိုက် ရသည်။

သို့ဖြင့် (၈) နာရီထိုးခဲ့ပြန်သည်။ ထို့နောက် ကျော်လွန်ခဲ့ပြန်သည်။ အန်း သည် မှောက်မြဲမှောက်လျက် တံတားကို စောင့်ကြည့်မြဲ ကြည့်လျက် ရှိသေး သည်။ သူ့ခေါင်းသည်လည်း အတွေးတို့ဖြင့် ချာချာလည်နေသည်။ ယခု

ဆက်တိုင် ဒတ်(ချ်)တပ်မတော်က မလှုပ်ရှားသေးသည်ကို အံ့အားသင့်နေမိသည်။

သို့ရာတွင် ဒတ်(ချ်)တပ်မတော်အများစုမှာ ဂျာမန်တို့၏ လက်တွင်းသို့ ကျရောက်ပြီး ဒတ်(ချ်)လေတပ်မှ လေယာဉ်များမှာလည်း ဂျာမန်မဋ္ဌမ်တပ်သားများ၏ ကြိုတင်ဖျက်ဆီးထားမှုကြောင့် လေယာဉ်ကွင်းမှ အချိန်မီပျံမတက်နိုင်ဘဲ ရှိနေသည်ကိုမူ အန်းက မသိခဲ့ပါချေ။

နံနက် (၉) နာရီခန့်တွင် ရော့တာဒမ်မြို့ဘက်မှ သေနတ်သံများကို စတင်ပြီး ကြားရသည်။ ထိုသေနတ်သံများကို ကြားလိုက်ရသောအခါ ဒတ်(ချ်)တပ်မတော်က ထွက်တိုက်ပြီဟူသော အထင်ဖြင့် အန်းက ဝမ်းသာသွားသည်။ သေနတ်သံများ ထွက်ပေါ်လာသောနေရာမှာ တံတားနှင့် မိုင်ဝက်ခန့်ဝေးမည်ဟု ခန့်မှန်းရသည်။ ထို့ကြောင့် အန်းက ထိုတိုက်ပွဲမှာ ဂျာမန်စက်ဘီးသမားများနှင့် ရော့တာဒမ်မြို့မှ ထွက်လာသော ဒတ်(ချ်)တပ်မတော်တို့ ပထမဦးဆုံး ဆုံတွေ့ကြသည့် ပဏာမတိုက်ပွဲပင်ဖြစ်မည်ဟု အန်းက ထင်လိုက်သည်။ သို့ဆိုလျှင် မကြာမီ တကယ့်တိုက်ပွဲကြီး စတင်ပေရော့မည်။ ထိုတိုက်ပွဲကြီးအတွက် သူ့အနေဖြင့် အသင့်ပြင်ထားမှုဖြစ်မည်။

အန်းသည် သူ့ရိုင်ဖယ်ကို ကောက်ကိုင်ပြီး တံတားဘက်သို့ ချိန်လိုက်သည်။ ထို့နောက် ရိုင်ဖယ်ကို ပြန်ချကာ သူ့အနီးမှ သစ်ရွက်ခြောက်ကလေးတစ်ရွက်ကိုကောက်၍ ခေါင်းထက်သို့ မြှောက်တင်လိုက်ပြီး လေတိုက်နှုန်းနှင့် လေတိုက်ရာအရပ်ကို စစ်ဆေးကြည့်ရှုလိုက်သည်။

ကောင်းလှသည်။ လေသည် လုံးဝငြိမ်သက်နေသည်။ အန်းသည် ရိုင်ဖယ်ကို ကောက်ကိုင်လိုက်ပြန်ပြီး တံတားဆီသို့ လှမ်းချိန်လိုက်ပြန်သည်။ တံတား၏အကွာအဝေးကို ခန့်မှန်းကာ ရိုင်ဖယ်ချိန်သီး ကိုက် (၄၀၀) သို့ ရွှေ့လိုက်သည်။ သူပစ်ရမည့် ပစ်မှတ်မှာ အဝေးမှ လှမ်းပစ်ရမည် မှန်သော်လည်း သူ့လက်ကိုသူ ယုံကြည်ပြီးဖြစ်သည်။

ဤသို့ အကွာအဝေး ချိန်ပြီးနောက် အန်းသည် ပစ်မှတ်ကို ရွေးချယ်ရပြန်သည်။ သာမန် ရန်သူစစ်သားတစ်ယောက်ကို ပစ်လျှင်မူ သူတို့ ရင်ဆိုင်နေရသော တိုက်ပွဲအတွက် တစ်စုံတစ်ရာအကြောင်းထူးမည်မဟုတ်။ ကျည်ပိုဟူ၍ သူ့ခါးတွင် ဆယ့်နှစ်တောင့်သာရှိသည်။ ယခု သူ့ပြောင်းဝရှေ့မှ ပစ်မှတ်များမှာ သာမန် ဂျာမန်စစ်သားများသာဖြစ်သည်။ သူတို့သည် သူကဲ့သို့ပင်

စစ်၏လက်ခြေများသာဖြစ်သည်။ စင်စစ် လက်ခြေတို့သည် ဦးနှောက်၏ အစေအပါးများသာဖြစ်သည် မဟုတ်ပါလား...။

နောက်ဆုံးတွင် အနီးသည် သူ ရှာနေသော ပစ်မှတ်ကို မှောင်ရိပ်ကျနေသော တံတားအောက်တစ်နေရာတွင် သွားတွေ့သည်။ ဤသည်မှာ ရန်သူများ၏ ယာယီကြီးကြပ်ကွပ်ကဲရေးစခန်းဖြစ်သည်။ ဂျာမန်များသည် အနီး၏ ကင်းတဲမှ စားပွဲနှင့် ကုလားထိုင်များကိုယူကာ တံတားအောက်ဘက် လမ်းအနီးရှိ မှောင်ရိပ်ကျသောနေရာတွင် ကြီးကြပ်ကွပ်ကဲရေးစခန်း ဖွင့်လှစ်ထားကြခြင်းဖြစ်သည်။ ထိုစားပွဲပေါ်တွင် မြေပုံဟု ထင်ရသော စာရွက်ကြီးတစ်ခုကို ဖြန့်ခင်းထားပြီး စားပွဲပတ်လည်တွင်လည်း လူ (၃) ယောက် ထိုင်နေကြသည်။ ထိုသူတို့သည် မြေပုံကိုကြည့်နေဟန်တူသည်။ ဤအခြင်းအရာကို ကြည့်ခြင်းဖြင့်ပင် စားပွဲပတ်လည်တွင် ဝိုင်းထိုင်နေကြသော ဂျာမန် (၃) ယောက်မှာ ဂျာမန်တပ်မှူးများ ဖြစ်မည်ဟု ခန့်မှန်းရသည်။ သည်တပ်မှူး (၃) ယောက်သည်ပင် အနီး၏ ပစ်မှတ်များဖြစ်ကြသည်။

အနီးသည် သူ ရည်ရွယ်ရာ ပစ်မှတ်များကို မျက်ခြေမပြတ်စိုက်ကြည့်ရင်း ဒတ်(ချ်)တပ်မတော်၏ တန်ပြန်ထိုးစစ်အရှိန် မြင့်လာမည့်အချိန်ကို စောင့်ဆိုင်းနေလိုက်သည်။ သို့ရာတွင် သူ ကြားနေရသော သေနတ်သံများမှာ ပြတ်တောင်းပြတ်တောင်းနှင့် တစ်စတစ်စ ဝေးသွားသည်။ အခြားတစ်ဘက်တွင်မူ ဂျာမန်ဗုံးကြဲလေယာဉ်များ ကြဲချနေသော ဗုံးသံများမှာကား တစ်စတစ်စ ပို၍ ပို၍ ကျယ်လောင်လာသည်။ တစ်ချိန်တည်းမှာပင် စစ်ခရာသံတစ်ခုကို ကြားလိုက်ရသည်နှင့်အတူ ဂျာမန်လေကြောင်းချီတပ်သားများ တံတားကြီးပေါ်မှ ဖြတ်လျက် ရော့တာဒမ်ဘက်သို့ ဦးတည်ချီတက်လာနေသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်က သူ့ခံစားချက်နှင့် ပတ်သက်၍ အနီးက အောက်ပါအတိုင်း ပြောပြလေသည်။

"အဲဒီလိုမြင်ရတော့ ကျွန်တော်တို့ ဒတ်(ချ်)တပ်မတော်ရဲ့ အခြေအနေဟာ ဘယ်လိုများ ဖြစ်သွားပါလိမ့်လို့ ကျွန်တော့်စိတ်ထဲမှာ ပူလာတယ်၊ ကျွန်တော်တို့ဘက်က တစ်စုံတစ်ရာ ပြန်မတိုက်ဘဲ ဒီတံတားကြီးကို လက်လွှတ်ရမယ်ဆိုတာကို ကျွန်တော့်စိတ်က မယုံနိုင်အောင်ဖြစ်နေတယ်၊ ဒီလိုတွေးနေတုန်းမှာဘဲ တံတားရဲ့ ဟိုဘက်ထိပ်မှာ ကျွန်တော်တို့ ဒတ်(ချ်)တပ်မတော်က စစ်ကားနှစ်စီး ထိုးဆိုက်လိုက်တာကို တွေ့ရတယ်၊ ကျွန်တော်တို့ ကားကို

မြင်လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ ဝမ်းသာသွားမိတယ်၊ ဒါပေမယ့် ကျွန်တော် မျှော်လင့်သလိုမဟုတ်ဘူး၊ ဂျာမန်တွေက ဒတ်(ချ်)မော်တော်ကားတွေပေါ်က တင့်ကားဖျက် အမြောက်အသေးစားတွေ သယ်ချနေတာ တွေ့ရတယ်"

မှန်သည်။ ဒတ်(ချ်) တပ်မတော်၏ တန်ပြန်ထိုးစစ်မှာ အရေးနိမ့်သွားပြီဖြစ်သည်။ ထိုမျှမက လေဆိပ်ကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည့် လေထီးသမားများ လက်ချင်းဆက်မိကာ တံတားရှိ တပ်များသို့ တပ်ကူများပင် ပေးပို့နိုင်ကြပြီဖြစ်သည်။

သို့သော်...အန်းမှာမူ မျှော်လင့်ချက်မကုန်သေး။ သူ၏ တပ်မတော်က သူ့ထံသို့ တစ်ချိန်ချိန်တွင် တပ်ကူများပေးပို့လိမ့်မည်ဟု သူယုံကြည်နေဆဲပင်ဖြစ်သည်။

ထိုတပ်ကူများ ရောက်လာသည့် အရိပ်အယောင် မြင်ရသည်နှင့်ပင် ဂျာမန်ကွပ်ကဲရေးစခန်းမှာ တပ်မှူးများကို တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်မည်ဟု သူက စိတ်ကူးထားသည်။ ထိုအချိန်မရောက်မီလည်း နှင်းပန်းပင်များက သူ့ကို အကာအကွယ်ပေးထားနိုင်ကြသည် မဟုတ်ပါလား။

နေသည် တစ်စတစ်စ ပူပြင်းလာသည်။ မနက်က ကင်းတဲသို့ ဘကူးဘကန့်ပြန်ပြီး အနွေးထည်ဝတ်ခဲ့မိသည်ကိုပင် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

နံနက် (၁၀) နာရီထိုးသောအခါ သူ့မျက်နှာနှင့် ကိုယ်မှ ချွေးသီးချွေးပေါက်တို့မှာ ချောင်းမြောင်းနှယ် တတောက်တောက် စီးဆင်းနေကြသည်။ သို့ဖြင့် သူသည် သူ့ရင်ဘတ်မှ အင်္ကျီကြယ်သီးရင်ဖုံးကို ဘေးတစ်ဘက်တစ်ချက်သို့ ဆွဲဖြန့်လိုက်သည်။ ထို့နောက် လက်တစ်ဘက်တစ်ချက်သို့ ဆွဲဖြန့်လိုက်သည်။ ထို့နောက် လက်တစ်ဘက်ဖြင့် ထောက်၍ ပခုံးတစ်ဘက်ကို ထောင်လိုက်သည်။ နှင်းပန်းပင်ထိပ်နှင့် သူ့ပခုံးသည် တစ်တန်းတည်း ဖြစ်သွားကာ နှင်းပန်းပင်ထက်သို့ ကျော်သွားသည်။ ထို့ကြောင့် သူသည် အင်္ကျီချွတ်ပစ်မည်ဟူသော စိတ်ကူးကို မေ့ပစ်လိုက်ပြီး နေရာတွင်ပင် ပြန်ဝပ်နေလိုက်ရသည်။ ဤသို့ဖြင့် သူသည် ထူထဲသောအပေါ်အင်္ကျီဝတ်လျက် တစ်နေ့လုံး ဒုက္ခခံနေရတော့သည်။

နောက်တစ်နာရီခန့်ကုန်ဆုံးသွားပြန်သည်။ သူသည် အပူဒဏ်ကို ခံနိုင်ရန် နည်းမျိုးစုံ ကြံဆမိသည်။ နောက်ဆုံးတွင် အကြံတစ်ခုရလာသဖြင့်

သူ့ဗိုက်အောက်ရှိ မြေပွကို လက်နှစ်ဘက်ဖြင့် စတင်ယက်ထုတ်သည်။ အနည်းငယ် ယက်မိသောအခါ ရစ်လက်မခန့်နက်သော သူ့တစ်ကိုယ်စာ တွင်းတစ်တွင်း ရရှိလာသည်။ သူသည် တွင်းထဲ၌ပင် ပက်လက်လှန်လိုက်ပြီး အပေါ်ဝတ် အနွေးထည်အကျီရှည်ကြီးကို ချွတ်လိုက်သည်။ ပက်လက်လှန်လျက် အနေအထားဖြင့်ပင် ကောင်းကင်တွင် ပျံခဲနေသည့် ရန်သူ့ လေယာဉ်ပျံများ လိုက်လံရေတွက်ကြည့်နေမိသည်။ ထိုလေယာဉ်ပျံများကို မတွေ့လျှင်မှ သူတို့၏ အမိနိုင်ငံ ရန်သူလက်တွင်းသို့ ကျရောက်နေပြီဆိုသည်ကို သူ မည်သည့်နည်းနှင့်မျှ ယုံကြည်နိုင်မည် မဟုတ်ပေ။

"အဲဒီလို ဂျာမန်လေယာဉ်တွေကို ကြည့်နေရင်း ကျွန်တော်က တခြား တံတားတွေအတွက်ပါ စိုးရိမ်လာမိတယ်၊ အဲဒီ တံတားတွေကိုသာ ရန်သူက သိမ်းမိလိုက်ရင် ကျွန်တော်တို့ ခံစစ်ကြောင်းတွေအားလုံး တိုးလျှိုပေါက် သွားမှာပဲလို့ တွေးမိလိုက်တယ်၊ ကျွန်တော် နောက်ပိုင်းသိလိုက်ရတာကတော့ ဒေါ့ဒရက်(ချ်)နဲ့ မိုးဝါးဒိုက်တံတားနှစ်ခုစလုံးဟာ ကျွန်တော်တို့ တံတားလောက် တောင် အခုအခံမရှိဘဲနဲ့ ရန်သူ့လက်ထဲကျသွားတယ်ဆိုတဲ့ သတင်းပါပဲ၊ မိုးဝါးဒိုက်မှာဆိုရင် တံတားစောင့် ရဲဘော်တွေဟာ လေထီးနဲ့ ဂျာမန်စစ်ဝတ်စုံ တွေကိုတောင် မတွေ့လိုက်ရဘူးဆိုပဲ၊ ဂျာမန်တွေဟာ ဒတ်(ချ်)စစ်ဝတ်စုံတွေ ဝတ်လာပြီး တံတားစောင့်တပ်ကို အကုန်ပစ်သတ်လိုက်ကြတယ်၊ အဲဒီတံတားမှာ ကျွန်တော်တို့ဘက်က မိုင်းဗုံးတွေ အသင့်ဆင်ထားတယ်၊ ရန်သူဝင်လာတာ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ခလုတ်နှိပ်လိုက်ပြီး တံတားဖျက်လိုက်ရုံပါပဲ၊ ဒါပေမယ့် တံတားစောင့် ဒတ်(ချ်)ရဲဘော်တွေဟာ ခလုတ်နှိပ်ဖို့၊ လက်မြှောက်ဖို့ အချိန်တောင် မရလိုက်ကြဘူး" ဟု အန်းက ပြောပြသည်။

ဂျာမန်လေကြောင်းချီတပ်များ၏ စစ်သေနာပတိဖြစ်သော ဗိုလ်ချုပ် စတူးဒင့်သည် ရော့တာဒမ်မြို့နှင့် ၎င်းအနီးဝန်းကျင်ရှိ စစ်ရေးအရ အရေးပါ အရာရောက်သောဒေသကို သိမ်းပိုက်ရာတွင် လေထီးစစ်သား (၄၀၀၀)အား စက်မဲ့လေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ဆင်းသက်စေသည်။ လေကြောင်းချီတပ်သား (၁၂၀၀၀) ကိုသာ အသုံးပြုခဲ့သည်။ ယင်းသို့ တိုက်ခိုက် သိမ်းပိုက်ခဲ့ရာတွင်လည်း ရန်သူကို အငိုက်ဖမ်းနိုင်ရန်အတွက် စစ်ဥပဒေပြင်ပမှ နည်းပရိယာယ်ပေါင်း များစွာကို အသုံးပြုခဲ့သည်။ ထိုညစ်ညမ်းသည့် နည်း ပရိယာယ်တို့ကို အသုံးပြုခဲ့သဖြင့်လည်း ဂျာမန်ဘက်မှ အကျအဆုံး (၁၈၀)

ခန့်မှုဖြင့်ပင် ရော့တာဒမ်နှင့် အနီးပတ်ဝန်းကျင်ရှိ နယ်မြေတို့ကို သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အန်းသည် အချိန်ကြာသည်နှင့်အမျှ ဒတ်(ချ်)တပ်မတော်၏ အခြေအနေ ဆိုးလာသည်ကို တဖြည်းဖြည်း သဘောပေါက်စပြုလာသည်။ ယခုအခြေအနေအရဆိုလျှင် ဂျာမန်တပ်ကြီးတစ်တပ်လုံးနှင့် သူတစ်ယောက်တည်း တိုက်ရမည့်ကဲ့သို့ ရှိနေသည်။ သို့မဟုတ် နှင်းပန်းပင်များကြားမှ သွားပြီး သူ့ရှေ့ရှိ ချိုင့်ဝှမ်းထဲမှ တစ်ဆင့် တောင်ဘက်သို့ပြေး၍ ဒတ်(ချ်)တပ်မတော်၏ ခံစစ်ကြောင်းတစ်ခုခုနှင့် သွားပေါင်းရမည်လားဆိုသည်ကို ဝေခွဲမရဖြစ်နေသည်။

တစ်ဖန် ယခုအချိန်ထိ ဒတ်(ချ်)တပ်မတော်ဘက်မှ မည်သည့်အသံမျှ မကြားရလျှင် နောင်လည်း ကြားရလိမ့်မည် မဟုတ်။ သို့ဆိုလျှင် ရှုံးနိမ့်ပြီးသား စစ်ပွဲကို သူတစ်ယောက်တည်း ဆင်နွှဲနေသလို ဖြစ်နေမည်။ တစ်မျိုးသားလုံး အညံ့ခံပြီးပါလျက် သူတစ်ယောက်တည်းက အလံမလဲဘဲ တိုက်ခိုက်နေလျှင်လည်း မှန်ကန်ပါမည်လော...စသည်ဖြင့် အန်းက အဘက်ဘက်မှ လှည့်တွေးနေမိသည်။

သူသည် နှင်းပန်းပင်နှစ်တန်းကြားမှ မိချောင်းတွားသွား၍ တက်ရာမှ နှင်းပန်းပင် သုံးတန်းကျော်ခန့်အရောက်တွင် တုံ့ခနဲရပ်လိုက်သည်။ ရန်သူ၏ အာရုံကို ဆွဲဆောင်နိုင်ရန်အတွက် တစ်ဘက်မှ တိုက်ခိုက်ပေးမည့်သူ မရှိရုံဖြင့် သူ့အကြံအစည်ကို လက်လျှော့လိုက်ရမည်ကို အန်းက ဝန်လေးနေပြန်သည်။ သူသည် ကိုက် (၄၀၀) အတွင်းမှ ပစ်မှတ်ကို အချိန်မရွေးမှန်အောင် ပစ်နိုင်သည်။ သူ ပစ်ရန် ကြံရွယ်ထားသည့် ပစ်မှတ်မှာလည်း နှယ်နှယ်ရရ ပစ်မှတ်မဟုတ်။ ထိုအခွင့်အရေးကို လက်လွှတ်ရန် လှုံ့ဆော်နေသော စိတ်ကို သူပြန်၍ အပြစ်တင်နေမိပြန်သည်။ တွေးရင်လည်း သူ့ကိုယ်သူ ပို၍ ဒေါသဖြစ်လာသည်။ "ငါ...ဒီလောက်တောင် သူရဲဘောကြောင်နေပြီလား" ဟူ၍လည်း သူ့ကိုယ်သူ ဝေဖန်နေမိသည်။

ဤသို့ သူ့စိတ်ကို သူ ဆွရင်း ဂျာမန်များအပေါ် ပို၍ နာကျည်းသည်ထက် နာကျည်းလာအောင် ဂျာမန်တို့၏ ယုတ်မာရိုင်းစိုင်းမှု မှန်သမျှကိုလည်း တွေးနေပြန်သည်။

ဂျာမန်တို့သည် သူတို့နိုင်ငံကို စစ်မကြေညာဘဲ တိုက်ခိုက်ခဲ့သည်။ ယခုအချိန်ဆိုလျှင် ထောင်ပေါင်းများစွာသော ဒတ်(ချ်)ပြည်သူတို့သည် ဂျာမန်တို့၏ လက်ချက်ကြောင့် မရှုမလှ သေကြေပျက်စီးနေပေရော့မည်။ ထို့ပြင်မကသူ၏ လက်ရှိဘဝနှင့် သူ၏ အနာဂတ် ရည်ရွယ်ချက်မှန်သမျှကိုလည်း တံတားထိပ်မှ ဂျာမန်များက မကြာမီအတွင်း ဖျက်ဆီးပစ်ကြပေလိမ့်မည်။

သို့စဉ်လျက် သူသည် ရန်သူဂျာမန်တို့ကို ယခုအချိန်အထိ တစ်ချက်တလေမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခြင်း မပြုရသေး။ တစ်ချက်ဆိုတစ်ချက်မှ မပစ်ရသေး။

သူ တစ်ချက်ပစ်လိုက်သျှင်လည်း ပျားအုံကို တုတ်နှင့်ထိုးသလို ဂျာမန်တစ်ပြုံကြီးက ပန်းခင်းထဲသို့ ပြေးဆင်းလာကာ သူ့ကို ရှာဖွေသတ်ဖြတ်ပစ်မည်မှာလည်း သေချာလှသည်။

သူ ချရမည့်ဆုံးဖြတ်ချက်မှာ သူ့အသက်ဖြင့် ရင်း၍ ချရမည့် ဆုံးဖြတ်ချက် ဖြစ်သဖြင့် သူသည် သူရောက်နေသည့် နေရာ၌ပင် နာရီဝက်ခန့်ဆက်မှောက်နေလိုက်ပြန်သည်။ ယင်းသို့ မှောက်နေရင်းလည်း သူ့မျက်နှာရှေ့ရှိမြေစိုင်ခဲကလေးများကို တစ်ခုချင်း လိုက်ရေတွက်နေမိပြန်သည်။ ဤသို့သူ့မျက်စိက အလုပ်လုပ်နေခိုက် သူ့အတွေးတို့က သူ၏ငယ်စဉ်ဘဝသို့ပြန်၍ရောက်သွားပြန်သည်။ သူ ငယ်စဉ်က သူ့အစ်ကိုများနှင့် ကစားခဲ့ရသောအချိန်များသည် သူ့ဘဝတွင် အပျော်ရွှင်ဆုံးသော အချိန်များ ဖြစ်ခဲ့ရသည်။ သူနှင့် သူ၏ အစ်ကိုများသည် မြောက်ပင်လယ် ကမ်းခြေဆီသို့ သူ့ထက်ငါဦးအောင် ပြေးဆင်းခဲ့ကြသည်။ သူတို့၏ ဖခင်ကြီးက နောက်မှလိုက်ခေါ်သည်။ သို့ဖြင့် သူ့ဖခင်ကြီး၏ အသံသည် သူတို့ကို ဖြတ်ကျော်ကာ ကမ်းခြေဆီသို့အရင်ရောက်နေနှင့်တော့သည်။

အန်း၏ရှေ့တွင် သူ့အစ်ကိုများက ငေးနေနှင့်ကြသည်။ သူ့နောက်တွင် မိန်းကလေးတစ်ယောက်လည်း လိုက်ပါလာသည်။ ထိုမိန်းကလေးသည် အန်း၏ချစ်သူဖြစ်သည်။ အန်းသည် သူ့ချစ်သူကို ဤကမ်းခြေသို့ မကြာခဏပင်ခေါ်ဆောင်လာတတ်သည်။ သူတို့လာလျှင် သူတို့နှင့်အတူ စားစရာထည့်သည့်ခြင်းကလေးလည်း ပါလာမြဲဖြစ်သည်။ ထို့နောက် သူတို့နှစ်ယောက်မှာ တစ်ယောက်လက်ကို တစ်ယောက်တွဲကာ လှိုင်းစီးကြမြဲ၊ လှိုင်းစီးပြီးလျှင် မျက်ကွယ် လေကွယ်ရာ ချောင်တစ်ခုခုတွင် သွားလှဲကြကာ ကောင်းကင်ပြာကြီးမှ

မိုးတိမ်အရုပ်အမျိုးမျိုးကို ကြည့်ကြမြဲ။ ညဘက်ရောက်လျှင် သူနှင့် သူ့ချစ်သူသည် မီးပုံကလေးတစ်ပုံဖို၍ တစ်ညလုံး ချစ်တင်းနှောကြမြဲ။

သို့ဖြင့် တစ်ညတွင် အန်းက သူ့ချစ်သူကို လက်ထပ်ခွင့်တောင်းခဲ့သည်။ သူ့ချစ်သူက ခေါင်းညိတ်သည်။ ဤနည်းဖြင့် သူတို့နှစ်ဦး အကြင်လင်မယားဘဝသို့ ရောက်ခဲ့ကြသည်။

ထို့နောက် အန်း၏အတွေးတို့သည် သူတို့မင်္ဂလာအခမ်းအနားဆီသို့ ရောက်သွားပြန်သည်။ သည့်နောက် ပျားရည်ဆမ်းခရီး၊ သည့်နောက် သူတို့ချစ်သူနှစ်ဦးပျော်ပါးခဲ့ရာ မြောက်ဘက်ပင်လယ်ကမ်းခြေ။

လူ့ပြည်သို့ ရောက်လာအံ့သော သူ၏ ဒုတိယမြောက် သားရတနာလေးကိုလည်း စိတ်မျက်စိဖြင့် ပုံဖော်ကြည့်နေပြန်သည်။ သည့်နောက် သူတို့ဖွင့်လှစ်ရန် ရည်ရွယ်ထားသည့် ရေ့တာဒမ်သဘော်ဆိပ်မှ ထမင်းဆိုင်ကလေး . . .။

ယခုသော် သူ့မိသားစု၏ အနာဂတ် ရည်ရွယ်ချက်တို့သည် ဂျာမန်များ၏ လက်အောက်တွင် လေပွေဝှေ့ခြင်းခံရသည့် မိုးတိမ်တို့နှယ် ပျောက်ကွယ်လွင့်စင်သွားရပေတော့မည်။ စစ်ကြီးမှာ တစ်နေ့တွင် ပြီးဆုံးမည်ဆိုသည်ကား မှန်သည်။ စစ်ကြီးပြီးလျှင် သူတို့မိသားစုကလေး၏ ရည်ရွယ်ချက်ကို ပြန်လည်အကောင်အထည်ဖော်နိုင်မည်ဆိုသည်မှာလည်း မှန်သည်။ သို့သော် စစ်ကြီးပြီးသည်အထိ သူ သက်ရှင်ရန်လိုသည် မဟုတ်ပါလော . . .။ စစ်ကြီးပြီးဆုံးသည့်တိုင် အသက်ရှင်ရန် မဆိုထားဘိ။ ယခု တဒင်္ဂ၏ လက်ဖျစ်တတီး၊ မျက်တောင်တစ်ခတ် အချိန်ကလေးအတွင်းမှာပင် ရန်သူ၏ သေမင်းတမန်ကျည်ဆန်များက သူ၏အသက်ဇီဝိန်ကို မနှုတ်ချွေဟု မည်သူသည် အတတ်ပြောနိုင်ပါအံ့နည်း။

ထိုအခိုက် ကားသံကြားလိုက်ရသဖြင့် အန်းက မော့ကြည့်လိုက်ရာ ရေ့တာဒမ်မြို့ဘက်မှ မောင်းဝင်လာသည့် ဒတ်(ချ်)အရပ်ကားတစ်စီး တံတားထိပ်တွင် ထိုးရပ်လိုက်သည်ကို တွေ့လိုက်ရသည်။ ထိုကားပေါ်မှ ဂျာမန်အရာရှိ (၃) ယောက် ဆင်းလာပြီး ကွပ်ကဲရေးစခန်းဆီသို့ ဦးတည်လျှောက်သွားကြသည်။

"ကျွန်တော်က ဒီဂျာမန်အရာရှိ သုံးယောက်ကို မြင်လိုက်ရပေမယ့် ဘယ်သူဘယ်ဝါတွေဖြစ်တယ်၊ ရာထူးအဆင့် ဘယ်လောက် မြင့်တယ်ဆိုတာ

မသိဘူးခင်ဗျ၊ ဒါပေမယ့် သူတို့စီးလာတဲ့ကားရဲ့ အဆင့်အတန်းရယ်၊ သူတို့ သုံးယောက်ရဲ့ အမူအရာရယ်၊ တံတားပေါ်မှာရှိတဲ့ ဂျာမန်တပ်သားတွေက ပျာပျာသလဲ အလေးပြုလိုက်ကြပုံတွေရယ် ပေါင်းစပ်ပြီး ဒီငတိသုံးယောက် ကတော့ ရောမ သုံးကောင် ဖြစ်မှာပဲလို့ တွက်လိုက်တယ်"

အန်းက အတိတ်မှ ဖြစ်ရပ်များကို ပြန်တွေးရင်း ဖြေးလေးစွာ ပြောပြသည်။

အန်းသည် ထိုအရာရှိသုံးယောက်၏ ရာထူးအဆင့်ကို အကဲခတ်လိုက်မိသည်နှင့် တစ်ပြိုင်နက် သေနတ်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး ချိန်သီးကို ပြင်ရွှေ့လိုက်ပြန်သည်။ အန်း၏ လှုပ်ရှားမှုများမှာ မသိစိတ်ဖြင့် လှုပ်ရှားနေခြင်း ဖြစ်သည်။ ထိုမသိစိတ်ကပင် သူ စောစောက မဆုံးဖြတ်နိုင်ခဲ့သော ဆုံးဖြတ်ချက်ကို ယတိပြတ် ဆုံးဖြတ်နိုင်တော့သည်။

သူ ပစ်ခတ်တိုက်ခိုက်ရမည့် ရန်သူမှာ ဂျာမန်အရာရှိကြီးများဖြစ်၍ အန်းစိတ်သည် ပျော်သလိုဖြစ်လာလေသည်။

ဤသို့ ဆုံးဖြတ်ချက်ချလိုက်သည်နှင့် တစ်ပြိုင်နက် သေနင်္ဂဗျူဟာ ပိုင်းကို ထိပ်တန်းတင်၍ စဉ်းစားရပြန်တော့သည်။ သူ့အနေဖြင့် ဘယ်နှစ်ချက်ထိ ပစ်ခွင့်ရှိမည်နည်း။ ဘယ်နှစ်ချက်အထိ ပစ်ပြေးလျှင် လွတ်မည်နည်း။ လေးငါးခြောက်ချက်အထိ ပစ်ခွင့်ရနိုင်မည်မဟုတ်။ သည်မျှအထိ ကြာရှည်ကြာမျော ပစ်နေလျှင် ဂျာမန်တို့က သူ့ကျည်လမ်းကြောင်းကို သိရှိပြီး သူ၏တည်နေရာကို တွေ့ရှိသွားပေမည်။

သူသည် အသက်ကို စွန့်ရဲသာ စွန့်လိုသည်။ စတေးလိုသူ မဟုတ်။ တစ်ခုတော့ ရှိသည်၊ ဂျာမန်များက သူ့တည်နေရာကို သိရှိသွားသည့်တိုင် ရုတ်ရုတ်သဲသဲထဲတွင် ကွေ့ကောက်လှည့်ပတ်ပြေးနေသည့် ပစ်မှတ်ကို စနစ်တကျ ချိန်ရွယ်၍ ထိမှန်အောင် ပစ်နိုင်မည်မဟုတ်။ ထိုအခွင့်အရေးမျိုးကို ရအောင် သူက ဖန်တီးယူရမည် ဖြစ်သည်။

သို့သော် ရန်သူတွင် စက်သေနတ်များ ရှိသည်ကိုမူ သတိပြုရပေမည်။ ဤအချက်သည် သူ့လွတ်မြောက်ရေးကို အဟန့်အတားပြုနိုင်သည့် အကြီးမားဆုံးသော အန္တရာယ်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် အန်းက (၃) ချက်တည်း ပစ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုသုံးချက်သည် မြန်လည်း မြန်၊ မှန်လည်း မှန်အောင် ပစ်ရမည့် သုံးချက်

ဖြစ်သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ အန်းသည် သေနတ်ကို ပခုံးထက်တွင် [illegible]လိုက်ပြီး ပစ်မှတ်ရှိရာသို့ ချိန်လိုက်သည်။ ရန်သူ၏ ကွပ်ကဲရေးစခန်းရှိ [illegible]လည်တွင် လူ (၆) ယောက်ခန့်ရှိပြီး အန်းက ထို (၆) ယောက်ကို တစ်ယောက်ချင်း တစ်လှည့်စီ လိုက်ချိန်လိုက်သည်။ တစ်ယောက်ချင်း၏ လှုပ်ရှားဟန်များကို အကဲခတ်ကြည့်ရှုသည်။ ရာထူးအကြီးဆုံးဖြစ်မည့်သူကို ရှာသည်။ နောက်ဆုံးတွင် အန်းသည် စားပွဲဘေးတွင် ရပ်လျက် မြေပုံကို ကြည့်နေကြသော လူ (၃) ယောက်ကို ရာထူးအကြီးဆုံး အရာရှိများအဖြစ် ခန့်မှန်းလိုက်ပြီး ထို (၃) ယောက်ကိုပင် အဓိကပစ်မှတ်များအဖြစ် သတ်မှတ်လိုက်တော့သည်။

သို့ရာတွင် (၃) ယောက်အနက် နှစ်ယောက်မှာ သူ၏ပစ်ကွင်းအတွင်း၌ ထင်းခနဲမြင်နေရသော်လည်း ပို၍ ရာထူးကြီးဟန်ရှိသောသူတစ်ယောက်မှာမူ ထိုနှစ်ယောက်နှင့် အနည်းငယ် ကွယ်နေသည်။

မည်သို့ရှိစေ၊ ထိုသူမှာ ရာထူးအကြီးဆုံး ဖြစ်ဟန်ရှိ၍ ထိုသူကိုပင် အရင်ဆုံး ပစ်ရပေတော့မည်။ အန်းသည် သူ၏ ပထမပစ်မှတ်ကို ပို၍ ရှင်းရှင်းလင်းလင်း မြင်နိုင်ရန်အတွက် ရိုင်ဖယ်ကို လက်နှစ်ဖက်ဖြင့်ပိုက်ကာ မိကျောင်းတွားဖြင့် ရှေ့သို့ တစ်လက်မပြီး တစ်လက်မ တွားတက်ခဲ့သည်။

မြစ်ဘက်ဆီသို့ ကိုက် (၅၀) ခန့် ခရီးပေါက်ခဲ့သည်။ ယခုနေရာ အရောက်တွင် သူ၏ ပထမပစ်မှတ်ကို ကောင်းစွာ သိမြင်နေရပြီဖြစ်သည်။ ထိုသူသည် စားပွဲဘေးရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်သည်။ သူ၏ ဒုတိယ ပစ်မှတ်နှင့် တတိယပစ်မှတ်တို့မှာလည်း ပို၍ သဲကွဲလာသည်။ ယခုအချိန်တွင် အန်း၏စိတ်ထဲတွင် ဝမ်းသာ၍ စိတ်ဓာတ်တတ်ကြွနေသည်မှလွဲ၍ စိတ်လှုပ်ရှားခြင်း သံသယဖြစ်ခြင်းတို့မှ ကင်းရှင်းနေပြီဖြစ်သည်။

သို့ဖြင့် အန်းသည် သူ တွားတက်လာစဉ် သူ့ရိုင်ဖယ်ပြောင်းထဲသို့ ဖုံသဲများဝင်မဝင် နောက်ဆုံး စစ်ဆေးခြင်းအဖြစ် စစ်ဆေးလိုက်သည်။ ထို့နောက် သေနတ်ဒင်ကို ပခုံးပါးတို့ဖြင့် ပြန်မှေးပြီး သေနတ်၏ လုံခြုံမှု ခလုတ်ကို ဖွင့်လိုက်သည်။ တစ်ဆက်တည်းမှာပင် အန်းသည် သူ၏လက်ညှိုးကို သေနတ် မောင်းပေါ်သို့ ခပ်ဖွဖွတင်လိုက်ပြီး သူ ပထမဦးဆုံးပစ်ရမည့်သူမှာ ထိုင်နေသူ ဖြစ်၍ ပစ်မှတ်အဝန်းအားဖြင့် သေးကွေးကျဉ်းမြောင်းနေသည်။ အန်းက ထိုပစ်မှတ်၏ မည်သည့်နေရာကို ပစ်ရမည်နည်းဟု စဉ်းစားလိုက်သည်။

ခေါင်းလော၊ ရင်လော။ ခေါင်းထက် ရင်က ပိုသေချာသည်။ ခေါင်းက ကိုက် (၄၀၀) မှ လှမ်းပစ်ရသော ပစ်မှတ်တစ်ခုအနေဖြင့် ပစ်မှတ်ဝန်းကျဉ်းလှသည်။

ထိုသို့ တွေးရင်း အန်းသည် သေနတ်လုံခြုံမှုခလုတ်ကို ပြန်ပိတ်လိုက်ပြီး ရှေ့သို့ တွားတက်ခဲ့ပြန်သည်။ ဤသို့ ရှေ့သို့ တွားတက်ခဲ့ခြင်းဖြင့် သူ နောက်သို့ပြန်ပြေးလျှင် တွားတက်ခဲ့သည်နှင့်အမျှ ခရီးအကွာအဝေး ပိုပြေးရမည်ဖြစ်သည်။ ဤသည်မှာ ရှေ့တက်ခဲ့ခြင်း၏ ဆိုးကျိုးပင်ဖြစ်သည်။

ကောင်းကျိုးမှာမူ ပစ်မှတ်နှင့် သေနတ်ပြောင်း၏ အကွာအဝေးမှာ စောစောပိုင်းက ကိုက် (၄၀၀) ခန့်ဝေးကွာခဲ့ရာမှ ယခု ကိုက် (၃၀၀) ခန့် အထိ နီးလာခြင်းပင်ဖြစ်သည်။

ဤသို့ ဆိုးကျိုးနှင့် ကောင်းကျိုးကို ချိန်ထိုးကြည့်လိုက်သောအခါ ပစ်မှတ်နှင့် နီးသည့်ဘက်သို့ အလေးသာလာသဖြင့် အန်းက ဆိုးကျိုးကို အလွယ်တကူပင် လျစ်လျူရှုလိုက်သည်။

ကိုက် (၁၀၀) ခန့် ရှေ့သို့ရောက်လာရန် အန်းအနေဖြင့် ခဲရာခဲဆစ် တက်ခဲ့ရသည်။ နှင်းပန်းခင်းမလှုပ်အောင် အတော်ပင် သတိကြီးစွာထား၍ တက်ခဲ့ရသည်။ သူ၏ရှေ့မှ နှင်းပန်းပင်များကို တစ်ပင်ပြီးတစ်ပင် ဆွဲနှိမ်ချိုးဖဲ့ပြီး လမ်းရှင်း၍ တက်ခဲ့ရသည်။ ဤသို့ သစ်ပင်များကို ဆွဲနှိမ်မချိုးဘဲ ပန်းခင်းထဲ တိုးဝင်ခဲ့လျှင် မျက်စိလျင်သော အစောင့်နှင့်တွေ့ပြီး ဒုက္ခလှလှကြီး ရောက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဤမျှသော ခရီးကိုပင် ပင်ပန်းကြီးစွာ တစ်နာရီခန့် တက်ခဲ့ရခြင်းဖြစ်သည်။

ယခုဆိုလျှင် ညနေ (၃) နာရီပင် ခွဲခဲ့ပြီဖြစ်ရာ အန်းသည် ပန်းခင်းထဲတွင် ပုန်းအောင်းခဲ့သည့် အချိန်မှာလည်း (၁၁) နာရီမျှပင် ကြာညောင်းခဲ့ရလေသည်။

သူ ရည်မှန်းရာအရပ်သို့ ရောက်သောအခါ အန်းသည် သူ၏မျက်စိနှင့် ကိုယ်ကို ငါးမိနစ်ခန့်မျှ အနားပေးလိုက်လေသည်။ တစ်နာရီကျော်ကျော်မျှ တွားတက်ခဲ့ရသဖြင့် သူ့ခြေထောက်များနှင့် ဗိုက်တို့မှာ နာကျင်ကိုက်ခဲနေပြီး လက်နှစ်ဘက်မှလည်း တုန်ယင်နေသည်။ တစ်နေကုန်တစ်နေခန်း နေလှမ်းခံခဲ့ရသည့်အထဲ အစာရေစာလည်း မစားမသောက်ခဲ့ရသဖြင့် သူ၏ကိုယ်ခန္ဓာမှာ နွမ်းနယ်နေသည်။

ယခုအချိန်တွင် ဖြစ်နိုင်လျှင် ပက်လက်လှန်၍ ခါးဆန့်လိုက်ချင်သည်။ သို့သော် ရန်သူနှင့် နီးကပ်နေပြီဖြစ်၍ သူ့တွင် ပက်လက်လှန် နားခွင့်မရှိ။ မြေကျဉ်းတူးပြီး ပက်လက်လှန်နားဖို့ရန်လည်း အချိန်မရတော့ပြီ။

သူ၏ပစ်မှတ် မရွေ့လျားမီ ထိုပစ်မှတ်ကို သူက ဦးအောင်ပစ်နိုင်မှဖြစ်သည်။ သို့မဟုတ်လျှင် သူ စွန့်စားခဲ့သမျှမှာ အချည်းအနှီးဖြစ်သည်။ သို့ဖြင့် သူသည် ပြင်ဆင်မှုများကို ကြိုတင်ပြုလုပ်လိုက်သည်။ သေနတ်မှ မောင်းတံကို ဖြုတ်ပြီး ဖုန်များကို မှုတ်လိုက်သည်။ ထို့နောက် သေနတ်မောင်းကို ပြန်တပ်ကာ သေနတ်မှ ကျည်ကပ်ကို ဖြုတ်ပြီး အပေါ်ဆုံးမှ ယမ်းတောင့် သုံးတောင့်ကို စစ်ဆေးလိုက်သည်။ သူ ထုတ်ယူစစ်ဆေးလိုက်သော ယမ်းတောင့် သုံးတောင့်သည် ရွှေရည်စိမ်ထားသည့်နှယ် ဝင်းလက်နေသည်။ ပြီးနောက် သူသည် သေနတ်ပြောင်း၏နောက်မှ ချိန်သီးကို ကိုက်(၃၀၀)အမှတ်သို့ ရွှေ့လိုက်သည်။ လေအနေအထားကို သစ်ရွက်တစ်ခုဖြင့် စမ်းကြည့်လိုက်ပြန်သည်။ လေပြေ အနည်းငယ် တိုက်နေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် လေတိုက်နှုန်းနှင့် ကိုက်ညီစေရန် သေနတ်ပြောင်းကို အနည်းငယ် ရွှေ့ချိန်လိုက်သည်။

အားလုံး အသင့်ဖြစ်နေလေပြီ။

ဘီယာမင်း . . .

"အဲဒီအချိန်ကျမှပဲ ကျွန်တော်က ဘီယာမင်းကို သွားသတိရတော့တယ်"

အန်းက ဆိုသည်။

"ကျွန်တော် ပထမထင်နေတာက သူ ပန်းခင်းထဲကတစ်ဆင့် ချိုင့်ထဲ ဆင်းပြေးပြီး ခုလောက်ဆို တောင်ဘက်ကို ရောက်နေပြီပေါ့၊ အဲဒီလို စောစောက တွေးမိလို့လဲ ကျွန်တော် သူ့ကိုမေ့နေတာဘဲ၊ ဒါပေမယ့် ပစ်ခါနီးကျတော့ ဘာသွားစဉ်းစားလိုက်မိသလဲဆိုတော့ တကယ်လို့များ ဘီယာမင်းဟာ ဘုံဘားပတ်ဝန်းကျင် တစ်နေရာမှာ ပုန်းအောင်းနေခဲ့ရင်၊ ကျွန်တော့်ကြောင့် သူ ဒုက္ခရောက်တော့မယ်ဆိုတဲ့ အတွေးပါပဲ၊ စောစောပိုင်းကလဲ သူက ဒီဘက်ဘုံဘားက ခံပစ်မယ်လို့ ကျွန်တော့်တို့ ပြောထားဖူးတယ် မဟုတ်လား၊ ဒါကြောင့် သူလဲ ကျွန်တော့်လိုပဲ ရန်သူကို ပစ်ဖို့ ချောင်းရင်လဲ ချောင်းနေမယ်၊ ဒါမှမဟုတ် ထွက်ပြေးဖို့ မှောင်တဲ့အထိ စောင့်ရင်လဲ စောင့်နေမယ်၊ အဲဒီ ကျွန်တော့်ရဲ့ အတွေးနှစ်ခုစလုံးက ဘီယာမင်းဟာ ဒီပတ်ဝန်းကျင်မှာပဲ ရှိနေ

မယ်လို့ ညွှန်ပြနေတယ်၊ ဒါနဲ့ ကျွန်တော်က တစ်ဆက်တည်း တွေးလိုက်မိပြန်တယ်၊ ကျွန်တော် သေနတ်သုံးချက် ပစ်ပြီးတာနဲ့ ဂျာမန်တပ်သားတွေဟာ ပန်းခင်းကို ဘက်စုံက ဝိုင်းပိတ်ကြမယ်၊ အဲဒီလိုဝိုင်းပြီး ပိတ်ဆို့ကြရင် ကျွန်တော် လွတ်သည့်တိုင် ဘီယာမင်းကိုတော့ မိမယ်ပေါ့ဗျာ"

အန်းသည် ဘီယာမင်း၏ အသက်အန္တရာယ်အတွက် အချိန်အတန်ကြာအောင်ပင် ချင့်ချိန်နေမိပေသည်။ ဖြစ်နိုင်ဖွယ်ရာရှိသည့်ဘက် အမျိုးမျိုးမှ တွေး၍ အဖြေရှာ ကြည့်သည်။ နောက်ဆုံးတွင် ဘီယာမင်းမှာ အသက်ငယ်သည်နှင့်အမျှ စိတ်မရှည်ပုံကို သတိရမိလိုက်ပြီး ယခုအချိန်ဆိုလျှင် ထိုစိတ်မရှည်မှုကြောင့်ပင် ဘီယာမင်းသည် တစ်နေရာသို့ ထွက်ပြေးလွတ်မြောက်သွားပြီဟု သတ်မှတ်ဆုံးဖြတ်လိုက်ရတော့သည်။

ထို့ကြောင့် ဒတ်(ချ်)တပ်မတော်၏ ဒုတပ်ကြပ်အန်းဗင်ဒါဗင်သည် သူ၏အလုပ်ကို သူ ဆက်လုပ်ရန် အသင့်ပြင်လိုက်ရပြန်သည်။ ပထမ သူသည် ရိုင်ဖယ်ကို ဆွဲ၍မ,လိုက်ပြီး ပခုံးနှင့် တစ်တန်းတည်းဖြစ်နေအောင် ဖြောင့်တန်းစွာ ဆွဲကပ်လိုက်သည်။ သူ့ညာဘက်လက်ဖဝါးအတွင်းမှ သေနတ်ဒင်သည်ပင် ယနေ့မှ ထူးထူးခြားခြား ကိုင်၍ ကောင်းနေသည်ဟု ထင်လိုက်မိသည်။ ထို့နောက် သူသည် ရှေ့ချိန်သီးနှင့် နောက်ချိန်သီးကို တစ်တန်းတည်းကျအောင် မျက်စိတစ်ဘက်မှိတ်၍ ချိန်လိုက်သည်။ ဤနည်းဖြင့် သူ၏ သေနတ်ပြောင်းသည် စားပွဲဘေးရှိ ကုလားထိုင်တွင် ထိုင်နေသည့် အရာရှိ၏ ဦးခေါင်းနှင့်တန်းမတ်သွားတော့သည်။ သူသည် ကြာကြာမချိန်လိုက်ရ။ ပထမဦးဆုံးအကြိမ်ချိန်ထားလိုက်သည့် ခဏ၌ပင် အသက်အောင့်၍ သေနတ်မောင်းကို ဖြေးညင်းစွာဆွဲလိုက်သည်။

သူ့သေနတ်ပြောင်းဝမှ ထွက်သွားသော သေနတ်သံသည် သူ့နားထဲတွင် အမြောက်သံအလား မြည်ဟိန်းသွားလေသည်။ သူ ပစ်လိုက်သော ဂျာမန်အရာရှိမှာလည်း သူ သေနတ်မောင်းဆွဲလိုက်သည့် တဒင်္ဂမှာပင် ရှေ့စားပွဲပေါ်သို့ မျက်နှာအပ်လျက် ကျသွားတော့သည်။

ဒုတိယအချက်မှာ ပထမအချက်ထက်ပင် ပို၍ ခက်ပေသေးသည်။

သူ၏ ပစ်မှတ်စာရင်းတွင် ပါဝင်သည့် ဒုတိယနှင့် တတိယ ဂျာမန်အရာရှိတို့သည် သူ ပစ်လိုက်သည့် သေနတ်သံကို မကြားလိုက်ကြသဖြင့် မူလ အနေအထားအတိုင်း ရပ်မြဲရပ်နေကြသည်။

"ကျွန်တော်တော့ ဒီလိုဖြစ်လိမ့်မယ်လို့ ယုံတောင်မယုံနိုင်ဘူးဗျာ..." ဟု အန်းက ဆိုလေသည်။

"ကျွန်တော့်သေနတ်သံကြားတာနဲ့ တစ်ပြိုင်နက်ထဲ တံတားပေါ်က ဂျာမန်စစ်သားတွေက ကျွန်တော်ရှိရာ ပန်းခင်းထဲကို ပြေးဆင်းလာကြမယ်လို့ ကျွန်တော်ထင်ထားပေမယ့် ကံကောင်းထောက်မချင်တော့ တံတားပေါ်က ဂျာမန်စစ်သားတွေ မပြောနဲ့ ကျွန်တော်ပစ်လိုက်တဲ့ အရာရှိရဲ့ ဘေးမှာရပ်နေတဲ့ တခြားအရာရှိတွေတောင် သေနတ်သံမကြားလိုက်ကြဘူး၊ ဒါပေမယ့် ကျွန်တော် ပစ်လိုက်တဲ့ ဂျာမန်အရာရှိ နှစ်ယောက်က မှောက်ကျသွားတဲ့ အရာရှိကို ခေါင်းငုံ့ပြီး ထူဖို့ ကြိုးစားလိုက်ကြတယ်၊ ဒီတော့ ကျွန်တော်ပစ်ရမယ့် ဒုတိယ အချက်က ပိုပြီး အခက်အခဲတွေ့သွားတာပေါ့၊ ဒီနေရာမှာလဲ ကျွန်တော် ကံကောင်းတာ တစ်ခုရှိတယ်၊ ကျွန်တော်ပစ်မယ့် အရာရှိနှစ်ယောက်ရဲ့ ခေါင်းပေါ်မှာ သံခမောက် ဆောင်းမထားဘူးဗျ၊ သူတို့ အဲဒီအချိန်ကသာ သံခမောက်ဆောင်းထားရင် ခေါင်းကို မပစ်ဘဲ ကိုယ်ကိုပဲ ပစ်မှာပဲ"

သို့ဖြင့် အန်းသည် ဒုတိယအရာရှိ၏ ဦးခေါင်းကို ချိန်လိုက်ပြီး အသက်တစ်ချက်အောင့်ကာ သေနတ်မောင်းကို ဆွဲလိုက်ပြန်သည်။ ထိုအရာရှိသည် ချာလပတ်လည်ပြီး မြေပေါ်သို့ ပုံကျသွားတော့သည်။

ထိုအချိန်တွင် ဂျာမန်တို့သည် ရန်သူလက်ဖြောင့်တပ်သားတစ်ဦးက သူတို့ခေါင်းပေါ်သို့ ကျည်မိုးရွာနေသည်ကို ရိပ်မိသွားကြပြီဖြစ်ရာ တတိယ အရာရှိမှာ အန်း၏ပစ်ကွင်းမှ ငုံ့လျှိုး၍ပျောက်ကွယ်သွားသည့်နည်းတူ တံတား ပေါ်မှ ဂျာမန်စစ်သားများကလည်း သူတို့ကိုယ်သူတို့ မြေပြင်တွင် ပြားပြား ဝပ်မှောက်ချလိုက်တော့သည်။ ထိုအခြင်းအရာကို ကြည့်ပြီး အန်းက စိတ်ဓာတ် ကျသွားသည်။ သူသည် ယခုမှ သေနတ်နှစ်ချက်မျှသာ ပစ်ရသေးသည်။

အန်းသည် မှောက်လျက် အနေအထားမှ ဒူးထောက်လိုက်သည်။ ယခုအချိန်အထိ သူ့အား ရန်သူက တုံ့ပြန်မပစ်ခတ်သေးသည်ကို အံ့အားသင့် မိသည်။ ယခုအချိန်အထိ မည်သည့် ဂျာမန်စစ်သားမျှလည်း ခေါင်းထောင် မကြည့်ဝံ့သေး။ အန်းက ရှက်ဖွယ်ကောင်းသော ရန်သူ၏အပြုအမူကို ကြည့်ပြီး ရယ်လိုက်မိသည်။

အန်းသည် နောက်လှည့်ပြေးမည်ပြုစဉ် ဦးဆုံး ခေါင်းထောင်လိုက်သော ဂျာမန်တစ်ယောက်က ဂျာမန်ဘာသာဖြင့် အသံကုန်ဟစ်ပြီး ပန်းခင်းဘက်သို့

လက်ညှိုးထိုးပြနေသည်ကို ကြားလိုက်မြင်လိုက်ရသည်။ ထိုဂျာမန်၏အသံမှာ တစ်ခဏအတွင်းမှာပင် တိမ်မြုပ်ပျောက်ကွယ်သွားသည်။

ဤတွင် အန်းသည် လက်ထဲမှရိုင်ဖယ်ကို ပခုံးတွင်ကပ်လိုက်ပြီး တံတားသံတန်းတစ်ခုပေါ်တွင် မတ်တတ်ရပ်၍ ပန်းခင်းဘက်သို့ လက်ညှိုးညွှန်ပြနေသော ဂျာမန်စစ်သားကို ချိန်၍ ပစ်လိုက်သည်။ ထိုအခါ သူပစ်လိုက်သော ဂျာမန်စစ်သားသည် သံတန်းပေါ်မှတစ်ဆင့် မြစ်ထဲသို့ ထိုးကျသွားတော့သည်။

"ဘီယာမင်း...ဘီယာမင်း..."

အန်းသည် အနောက်သို့ ပြန်ပြေးရင်း အော်ခေါ်သည်။ အော်ခေါ်ရင်း ပြေးသည်။ သို့သော် မည်သူတစ်စုံတစ်ယောက်မျှ ပန်းခင်းထဲမှ ထွက်မလာ။ ပထမပိုင်းတွင် အန်းသည် သူ့နောက်မှ ရန်သူ၏ လိုက်လံပစ်ခတ်သံကို မကြားရသဖြင့် တည်းတည့်ပင် ပြေးသည်။ နောက် သေနတ်သံကြားရသဖြင့် ကွေ့ကောက်၍ ပြေးသည်။

ဤသို့ပြေးရင်း နောက်ကျောဘက်သို့ လှည့်မကြည့်မိသော်လည်း သူသည် ရန်သူ့ပစ်ကွင်းမှ တဖြေးဖြေးလွတ်မြောက်လာပြီကို အလိုလိုနေရင်း သိလာသည်။

ဤနည်းဖြင့် ကိုက် (၁၀၀) ခန့် ပြေးမိသောအခါ ချိုင့်ဝှမ်းနဖူးသို့ ရောက်လာသည်။ ထို့နောက် ချိုင့်ဝှမ်းအတွင်းသို့ ခုန်ဆင်းလိုက်ပြီး သေနတ်ကို လက်နှစ်ဘက်ဖြင့် ဦးခေါင်းအထက်သို့ မြှောက်ကာ ချိုင့်ထဲရှိ ရင်ခေါင်းခန့်ရှိ ရေထဲမှ ဖြတ်လျှောက်ခဲ့သည်။ ချိုင့်ကွေ့တစ်နေရာသို့မရောက်မီ မြောက်ဘက်သို့ တစ်ချက်ထိုးပစ်လိုက်သည်။ ထို့နောက် ထောင့်ချိုးတစ်ဘက်သို့ ကွေ့ခဲ့ပြီး ဆက်လျှောက်ခဲ့ရာ မြစ်ကမ်းနဖူးသို့ အရောက်တွင် မြစ်ထဲသို့ ခုန်ဆင်းလိုက်သည်။ သည့်နောက်တွင်ကား အန်းသည် မြစ်ကမ်းနဖူးကို အကာအကွယ်ယူ၍ ချောင်ကျသောတစ်နေရာတွင် မှောင်ရိပ်သန်းလာသည်အထိ နှာခေါင်းပေါ်ရုံမျှ ရေထဲတွင် ငုပ်နေလေတော့သည်။

သို့လျှင် ဒတ်(ချ်)တပ်မတော်မှ ဒု တပ်ကြပ်အန်းဗင်ဒါဗင်သည် ဂျာမနီ လေကြောင်းချီတပ်များ၏ သေနာပတိဖြစ်သော ဗိုလ်ချုပ်ကြီးစတူးဒင့်ကို သေနတ်ဖြင့် ပစ်ခဲ့ပြီး ဘေးမသီ ရန်မခ လွတ်မြောက်လာခဲ့လေသည်။

ဒု တပ်ကြပ်အန်းဗင်ဒါဗင်က ဂျာမန်ဗိုလ်ချုပ်တစ်ဦးကို ပစ်ခတ်ခဲ့သည့် အကြောင်းအား ဤကဲ့သို့ ကျွန်တော့်ကို အပိုအလိုမရှိ အရင်းအတိုင်း

ဖောက်သည်ချသည်။ ထိုစဉ်က သူ မှားခဲ့သော အမှားကိုလည်း ရိုးသားစွာပင် ဝန်ခံပြောဆိုသည်။

"ကျွန်တော် မှားတာက တခြားမဟုတ်ဘူးဗျ၊ ပထမဦးဆုံး ကျွန်တော် ပစ်ခဲ့တဲ့လူဟာ ကျွန်တော်ထင်သလို သိပ်ကြီးကျယ်တဲ့လူမဟုတ်ဘူး၊ တပ်ရင်းမှူး အဆင့်ရှိတဲ့ အရာရှိတစ်ဦးပဲ ဖြစ်တယ်၊ အမှန်မှာ သူက လေထီးခုန်ချရင်းနဲ့ ခြေမျက်သွားလို့ ကုလားထိုင်မှာ ထိုင်နေတာ၊ ဒီနေရာမှာ ကျွန်တော် ပထမဦးဆုံး ပစ်တဲ့အချက်ဟာ လူရွေးမှားသွားတယ်၊ အဲ...ဒုတိယ ကျွန်တော် ပစ်လိုက်တဲ့ လူကတော့ ဗိုလ်ချုပ်ကြီး စတူးဒင့်ကိုယ်တိုင်ပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် သူ ခေါင်းငုံ့နေတုန်း ပစ်ရတော့ သူ့ခေါင်းကို ဒဏ်ရာရရုံလောက်ပဲ ပစ်နိုင်ခဲ့ပါတယ်၊ အဲဒီအကြောင်း ကျွန်တော် သိရတာကတော့ အဲဒီအချိန်က တံတားပေါ်မှာ အစောင့်ကျခဲ့လို့ အဖမ်းခံခဲ့ရတဲ့ ရဲဘော်တွေ ပြန်ပြောပြလို့ သိရတာပါပဲ"

အန်း၏ သေနတ်ကျည်ဆန်က ဂျာမန်ဗိုလ်ချုပ်ကြီးစတူးဒင့်၏ခေါင်းကို ဒဏ်ရာရစေရုံသာ ရစေခဲ့သည် ဆိုသော်လည်း ထိုဒဏ်ရာကြောင့်ပင်လျှင် ဗိုလ်ချုပ်ကြီးစတူးဒင့်သည် ဆေးရုံတွင် ရှစ်လမျှ တက်ရောက်ကုသနေခဲ့ရသည်။ စင်စစ် ထိုလများသည် ဂျာမန်တို့အဖို့ အရေးအကြီးဆုံးသော လများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျာမန်တို့က ထိုလများအတွင်း၌ပင် အင်္ဂလန်သို့ တက်ရောက် သိမ်းပိုက်ရန် အစီအစဉ်ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဤသို့ အစီအစဉ် ပျက်ခဲ့ရသည်မှာလည်း အင်္ဂလန်သိမ်းပိုက်ရေးတွင် အဓိကအခန်းမှ ပါဝင်ရမည့် ဂျာမန်လေကြောင်းချီတပ်များ၏ သေနာပတိဗိုလ်ချုပ်ကြီးစတူးဒင့် ဆေးရုံတက်နေရသည့်အကြောင်းလည်း တစ်ကြောင်းအဖြစ် ပါဝင်နိုင်လေသည်။

ဗိုလ်ချုပ်ကြီးစတူးဒင့်သည် ထိုလများအတွင်းက သာသာ ဆေးရုံမတက်ခဲ့ရလျှင် ဂျာမန်တို့သည် အင်္ဂလန်ကို သိမ်းပိုက်ပြီးသားဖြစ်မည်ဟု ယခုတိုင် ပြောစမတ်ပြုနေဆဲပင်ဖြစ်သည်။

ထို့ပြင် စစ်သမိုင်းပညာရှင် လစ်ဒဲလ်ဟတ်ကလည်း "ဂျာမန်ဗိုလ်ချုပ်များ၏ ပြောပြချက်" ဆိုသည့် သူ၏ စာအုပ်ထဲတွင်... "ဗိုလ်ချုပ်ကြီးစတူးဒင့်သည် အင်္ဂလန်ထက်သိမ်းပိုက်ရန် ခက်ခဲသော ကရိကျွန်းကို လေကြောင်းချီတပ်များ၏ စွမ်းရည်တစ်ခုတည်းဖြင့်ပင် လွယ်ကူစွာ သိမ်းပိုက်နိုင်ခဲ့သည်" ဟု ရေးသားဖော်ပြထားလေသည်။

ကျွန်တော်က ထိုအချက်အလက်များကို ထောက်ပြပြီး အန်းအား…
“ခင်ဗျားကြောင့် ကျွန်တော်တို့ ချမ်းသာရာရသွားတာပေါ့ ခင်ဗျာ” ဟု ပြောလိုက်ရာ အန်းက ပြုံးလျက် ပြန်ပြောသည်။

“ခင်ဗျားတို့အကျိုးဘက်က ကြည့်ပြီး ခင်ဗျားတို့အမြင်နဲ့ ပြောရင်တော့ မှန်မှာပေါ့ဗျာ…၊ ဒါပေမယ့် ရှောတာဒမ်မြို့သူမြို့သားတွေကတော့ ခင်ဗျားတို့နဲ့ ဆန့်ကျင်ဘက် မြင်ကောင်းမြင်မှာပဲဗျ၊ ဘာ့ကြောင့်လဲဆိုတော့ ဒီလိုလေဗျာ… ကျွန်တော်က ဗိုလ်ချုပ်ကြီးစတူးဒင့်ခေါင်းကို ဒဏ်ရာလောက်သာ ပေးနိုင်ခဲ့လေတော့ ဂျာမန်တွေက ဗိုလ်ချုပ်စတူးဒင့်ကို ဂျာမနီကို လေယာဉ်ပျံနဲ့ ခေါ်သွားကြတယ်၊ ဟိုရောက်တော့ ဆေးရုံတင်ပေါ့ဗျာ…၊ ဆေးရုံတင်ရက် အတော်ကလေး ရလာတော့ ဟစ်တလာက လာကြည့်တယ်ဆိုပဲ၊ ဟစ်တလာ လာကြည့်တဲ့အချိန်အထိလဲ စတူးဒင့်က သတိမရလာသေးဘူးဗျ၊ ဟစ်တလာက လူနာကို ခဏကြည့်ပြီး ဆေးရုံထဲက ပြန်ထွက်လာတယ်၊ သူ ပြန်ထွက်လာတော့ သူ့မျက်နှာတစ်ခုလုံး ရဲပြီး အတော်ဒေါသထွက်နေတယ်ဆိုပဲဗျာ…၊ ဒါနဲ့ ဟစ်တလာက သူ့အချစ်တော် ဗိုလ်ချုပ်ကြီးစတူးဒင့် ဘယ်နေရာမှာ အပစ်ခံရသလဲလို့ မေးတယ်၊ အဲ…ပြန်ဖြေတဲ့လူကလဲ ရှောတာဒမ်အနီးက တံတားမှာ အပစ်ခံရတယ်ပေါ့ဗျာ၊ ဒါနဲ့ ဟစ်တလာက ‘ရှောတာဒမ်ကို ဗုံးကြဲပစ်လိုက်ပေါ့ကွ’လို့ အမိန့်ပေးလိုက်တယ်၊ ဟစ်တလာ့တပည့်တွေက ဟစ်တလာရဲ့ အမိန့်ကို ဘယ်လောက်လိုက်နာတယ်၊ မလိုက်နာတယ်တော့ မသိဘူး၊ အဲဒီအချိန်က ဂျာမန်ဗုံးဒဏ်ကြောင့် မြေပြင်မှာ ပြားပြားဝပ်ခဲ့ရတဲ့ ရှောတာဒမ်မြို့ဟာ ခုချိန်ထိ ပြန်လည်ထူထောင်လို့ မဆုံးနိုင်သေးတာ ခင်ဗျားအမြင်ပါပဲဗျာ”

သည့်နယ် ဒတ်(ချ်)အမျိုးသားကြီး အန်းဗင်ဒါဗင်က သူ့ဆိုင်အတွင်းမှ လှမ်း၍ မြို့လယ်တွင်းရှိ ကွက်လပ်ကို လက်ညှိုးညွှန်ပြလိုက်ပါလေတော့သတည်း။

✧

# ဂျာမန်ပိုလ်မှူးကြီး စကောဇင်နီ

စစ်ဘက် ထိပ်တန်းအရာရှိကြီးတစ်ဦးကို တင်ဆောင်လာသည့် သံလွင်ရှက် အစိမ်းရင့်ရောင် စစ်ဘက် အရာရှိသုံး ကားတစ်စီးသည် ဗာဆေးမြို့ပြင်သို့ ခွဲထွက်သွားသောလမ်းခွဲနှင့် မလှမ်းမကမ်းတစ်နေရာ ပဲရစ်မြို့သွား ကားလမ်းမကြီးပေါ်တွင် တစ်နာရီ (၄၀) နှုန်းဖြင့် မနှေးမမြန် မှန်မှန်ပြေးလွှားလျက်ရှိသည်။

ကားနောက်ပိုင်းတွင် ထိုင်နေသော စစ်ဘက်ထိပ်တန်းအရာရှိကြီးသည် ၎င်း၏ပေါင်ပေါ်မှ ဖိုင်တွဲများနှင့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုရင်း လက်မှတ်ရေးထိုးသင့်သည့် စာရွက်စာတမ်းများကို လက်မှတ်ရေးထိုး၍လည်းကောင်း၊ မှတ်ချက်ရေးရန် လိုအပ်သည့် စာရွက်စာတမ်းများကို ဇက္ကူထိပ် လက်ယာထောင့်စွန်းတွင် မှတ်ချက်ရေး၍လည်းကောင်း အလုပ်များလျက် ရှိနေသည်။

မကြာမီ ၎င်းအရာရှိကြီးကို တင်ဆောင်လာသည့် ကားစိမ်းကြီးသည် လမ်းခွဲသို့ ရောက်လာသဖြင့် မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်ရုံးစိုက်ရာ ဗာဆေးမြို့သို့ ခွဲထွက်သွားသော လက်ဝဲလမ်းဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုစဉ် လမ်းဘေးတစ်နေရာ သစ်ပင်အကွယ်တွင် ကားစိမ်းကြီးအလာကို စောင့်ဆိုင်းနေဟန်တူသော စစ်သားများအပြည့်တင်ထားသည့် စစ်သုံးဂျစ်ကားတစ်စီးသည် ဗာဆေးမြို့သို့သွားသည့် လမ်းမကြီးပေါ်သို့ တစ်ရှိန်ထိုးမောင်းနှင်

တက်လာကာ ၎င်းရှေ့မှ ဖြတ်ကျော်သွားသော ကားစိမ်းကြီး၏ နောက်သို့ စက်ကုန်ဖွင့်၍ လိုက်လေတော့သည်။

မကြာမီ ဂျစ်ကားသည် ကားစိမ်းကြီးကို မှီလာကာ ကျော်မတက်ဘဲ ဘေးချင်းယှဉ်၍ နေရာယူလိုက်သည်။

ထိုအခိုက် ဂျစ်ကားပေါ်တွင် စီးနင်းလိုက်ပါလာသည့် စစ်သားများ၏ လက်များသည် ရုတ်တရက် ဦးခေါင်းထက်သို့ မြှောက်တက်သွားကြကာ လေထဲတွင် ဝှေ့ရမ်းလှုပ်ရှားလိုက်ကြသည်။ သူတို့၏အပြုအမူမှာ ဆောင်းရာသီ တစ်ခုသော နံနက်ခင်းတွင် သွေးပူစေရန် ပဏာမ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို ပြုလုပ်နေကြသော ဘော့(စ်)ဘော ကစားသမားများနှင့် တူနေသည်။

သို့သော် သူတို့သည် သွေးပူလေ့ကျင့်ခန်းဆင်းနေသော ဘော့(စ်)ဘော ကစားသမားများ မဟုတ်ကြသကဲ့သို့ သူတို့၏ဦးခေါင်းထက်သို့ လက်များ မြှောက်၍ ပစ်နေကြသည်မှာလည်း ဘောလုံးများ မဟုတ်ပါချေ။

စင်စစ် သူတို့လက်လွှဲ၍ အားကုန်ပစ်နေကြသည်မှာ လူသတ်လက်နက် ဖြစ်သည့် လက်ပစ်ဗုံးများသာလျှင်ဖြစ်သည်။ သူတို့လက်တည့်စမ်းနေသော ပစ်မှတ်မှာလည်း ကားစိမ်းကြီးထဲတွင် ထိုင်ကာ စာရွက်စာတမ်းများနှင့် အလုပ်များနေသည့် အရာရှိကြီး၏ ထိုင်ခုံဘက်မှ ပွင့်နေသော ကားမှန်ပြတင်း ပေါက်သာ ဖြစ်သည်။ မြေတုန်အောင် မြည်းဟည်းပေါက်ကွဲလိုက်သော အဆင့်ဆင့် ပေါက်ကွဲသံကြီးများ ပေါ်ထွက်လာပြီးနောက် အရာရှိကြီး၏ ကားစိမ်းကြီးသည် သေရည်ကြူးသည့် ယစ်ထုပ်ကြီးပမာ ဒယီးဒယိုင် ယိမ်းထိုး လာကာ တစ်ဘက်သို့ တိမ်းမှောက်သွားလေတော့သည်။

ထို့နောက် တစ်ဘက်စောင်း၍ တိမ်းမှောက်နေသော ကားစိမ်းကြီးအား မည်းမည်းလှုပ်နေသော မီးခိုးလုံးကြီးများနှင့် မီးတောက်မီးလျှံကြီးများက ဝါးမျိုလိုက်ပြန်သဖြင့် ကားလုံးကွဲအောင်ပင် မမြင်ရတော့ချေ။

စောစောက ကားစိမ်းကြီး၏ မီးလောင်ကျွမ်းနေရာ ဝန်းကျင်တွင် လူသူ လေးပါး ကင်းရှင်းနေခဲ့သော်လည်း (၂) မိနစ်အတွင်း အချင်းဖြစ်ပွားရာနေရာသို့ အလျှိုအလျှိုရောက်ရှိလာကြသည့် တပ်ထိန်းများနှင့် ကြက်ပျံမကျ စည်ကား လျက် ရှိနေတော့သည်။

တပ်ထိန်းများသည် မီးကာဝတ်စုံများကို ဝတ်သူက ဝတ်၊ ကွတ်အင်္ကျီဖြုတ်သူက ဖြုတ်ကာ မီးလောင်နေသော ကားကြီးအနီးသို့ ကပ်နိုင်ရန် ကြိုးစားနေကြသည်။

ကားကြီးနှင့် အနီးဆုံးနေရာသို့ ကပ်နိုင်ခဲ့ကြသူများကလည်း ကားထဲမှ လှုပ်ရှားမှုအရိပ်အယောင်ကို မြင်ရလိုမြင်ရငြား အကဲခတ်ကြသည်။

သို့သော် သက်ရှိသတ္တဝါ တစ်ဦးတစ်ယောက်၏ လှုပ်ရှားမှု အရိပ်အယောင်ကို မတွေ့ကြရ။ သူတို့မြင်နေရသည်မှာ မီးလောင်သဖြင့် မည်းနေသော သံပြားများ၊ မီးရှိန်ရလာသည်နှင့်အမျှ မည်းရာမှ အနီရောင်သန်းလာသည်ကို သည်းကောင်း၊ နီရာမှ အဖြူရောင် ကူးပြောင်းသွားသည်ကိုလည်းကောင်း၊ အဆင့်ဆင့်ပြောင်းနေသော သံပြားအရောင်များသာလျှင် ဖြစ်သည်။

မီးလောင်နေသော ကားစိမ်းကြီးမှ အငွေ့တထောင်းထောင်းထွက်နေသည့် အဆီးအတားများကို မီးလောင်နေသည့် အနံ့အသက်များနှင့် ရာဘာညှော်နံ့များကြောင့် တပ်ထိန်းများသည် ခေါင်းတခါခါ နှာတရှုံ့ရှုံ့ဖြစ်နေကြရသည်။

ယင်းသို့ရှိခိုက် စက်ကုန်ဖွင့်၍ မောင်းနှင်လာသော ကားတစ်စီးသည် တပ်ထိန်းများ ရုတ်ရုတ်သဲသဲဖြစ်နေရာ ကားစိမ်းကြီးအနီးတွင် တုံ့ခနဲ ထိုးရပ်လိုက်သည်။ ထို့နောက် 'သတင်းထောက်များ'ဟူသော စာတန်းငယ်ကို ကားရှေ့မှန်ပေါ်တွင် ကပ်ထားသည့် ၎င်းကားထဲမှ လူတစ်ယောက် ကမူးရှူးထိုးခုန်ဆင်းလာပြန်သည်။ ထိုလူသည် မီးလောင်နေသော ကားစိမ်းကြီးကို မျက်လုံးပြူးမျက်ဆံပြူးဖြင့် တစ်ချက်ကြည့်လိုက်ပြီး အလန့်တကြား အော်ဟစ်လိုက်လေတော့သည်။

"ဘုရားရေ. . .'အိုက်' ရဲ့ကားပါလားဗျို့၊ သူတို့ 'အိုက်' ကို သတ်လိုက်ကြပြီ. . ."

အချင်းဖြစ်ပွားသည့် မိနစ်ပိုင်းအတွင်းမှာပင် တပ်ထိန်းနှင့် ရဲအဖွဲ့ဝင်များက လမ်းဆုံလမ်းခွများကို စတင်ပိတ်ဆို့ကြသည်။

သို့သော် ယင်းသို့ တပ်ထိန်းများ မပိတ်ဆို့နိုင်မီ လက်မတင်လေး ရှန်းထွက်လာခဲ့သော လူသတ်သမား၏ဂျစ်ကားသည် အချင်းဖြစ်ပွားရာနေရာနှင့် မိုင်အတန်ငယ်လှမ်းသော နေရာသို့ပင် ရောက်ရှိနေခဲ့ပေပြီ။

တပ်ထိန်းများ ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရသည့် ထိုနေ့နံနက် ၁၉၄၃–ခု
ဒီဇင်ဘာ (၁၃) ရက်နေ့ နေမမြင့်မီပင် အဆိုပါ ဂျစ်ကားသည် စစ်ဘက်ဌာနမှ
ဖွင့်လှစ်ထားသည့် အာဒင်နက်(စ်)သစ်တောစပ်ရှိ ခေါက်ဆွဲဆိုင်တစ်ဆိုင်ရှေ့
တွင် ထိုးရပ်လိုက်သည်။

ကားဝင်လာသည်ကို မြင်သဖြင့် ခေါက်ဆွဲထည့်ပေးရန် ဆိုင်ပန့်အနီးသို့
လျှောက်လာသော အစောင့်အား ဂျစ်ကားဒရိုင်ဘာက စကားစလိုက်သည်။

"ခေါက်ဆွဲလေး တဆိတ်လောက် ကျေးဇူးပြုပါ ဆရာ"

ခေါက်ဆွဲဆိုင် အစောင့်ရဲဘော်သည် ပြုမူနေကြအတိုင်း အမှတ်မထင်
ခေါက်ဆွဲပိုက်ခေါင်းကို လှမ်းကိုင်လိုက်သည်။ သို့သော် အစောင့်၏ ဆန့်တန်း
နေသော လက်သည် ခေါက်ဆွဲပိုက်ခေါင်းပေါ်သို့ မရောက်မီ ဂျစ်ကားပေါ်
တွင် ပြွတ်သိပ်ထိုင်နေကြသည့် စစ်သားများကို တွေ့လိုက်သဖြင့် စိတ်ထဲတွင်
စနိုးစနောင့်ဖြစ်သွားကာ ဆီပိုက်ခေါင်းကို မဖြည့်တော့ဘဲ ဂျစ်ကားဒရိုင်ဘာကို
မေးခွန်းထုတ်လိုက်သည်။

"ရဲဘော်တို့ ဘယ်တပ်ကလဲ၊ ဘယ်သွားကြမလို့လဲ"

အစောင့်သည် မေးလည်း မေး၊ ခေါက်ဆွဲဆိုင်နှင့် မလှမ်းမကမ်းတွင်
ရပ်နေသော တပ်ထိန်းနှစ်ယောက်ကိုလည်း လက်ရပ်ခေါ်လိုက်သည်။

ဂျစ်ကားဒရိုင်ဘာသည် အစောင့်၏ မေးခွန်းကိုလည်း မဖြေ၊ ခြေလှမ်း
ပြုနေပြီဖြစ်သော တပ်ထိန်းနှစ်ယောက်အလာကိုလည်း မစောင့်တော့ဘဲ ကားကို
ဂီယာထိုးကာ ဆီးနှင်းများဖြင့် ဖွေးဖွေးဖြူနေသော လမ်းမကြီးပေါ်သို့ စက်ကုန်
ဖွင့်၍ နှင်လေတော့သည်။

သို့သော် မကြာပါချေ။ ဂျစ်ကားထွက်သွား၍ စက္ကန့်ပိုင်းအတွင်းမှာပင်
ကားဘရိတ်သံများ၊ သံကိုသံချင်း အရှိန်ပြင်းစွာ ထိတွေ့လိုက်သည့် အသံများကို
ကြားလိုက်ရပြီး စစ်ပစ္စည်းတင်ဆောင်လာသော စစ်ကားတန်းကြီးနှင့် ဝင်တိုက်
လိုက်သော ဂျစ်ကားလေးသည် သုံးပတ်မျှ လိမ့်သွားကာ ကားကားချင်း
ဝင်ဆောင့်သည့်နေရာနှင့် ပေ (၂၀) ခန့်အကွာတွင် မီးခိုးတလူလူဖြင့် ပက်လက်
လန်နေတော့သည်။

အနီးအနားမှ လူမှုဝန်ထမ်းစိတ်ရှိသော ခရီးသွားများက မီးလော
နေသော ကားထဲမှ လူနာများကို ဆွဲထုတ်ကြပြီး ဆီးနှင်းလွှမ်းနေသော
လမ်းမကြီးပေါ်သို့ သယ်ချကြသည်။

ဂျစ်ကားမှောက်ရာတွင် ပါသွားသူများအနက် ဒရိုင်ဘာတစ်ယောက်သာ လျှင် အသက်ချမ်းသာရာ ရသည်။ နဖူးမှ တတောက်တောက်ကျနေသော သွေးများကို သပ်ချရင်း တုန်တုန်ယင်ယင် ကုန်းထနေသော ဒရိုင်ဘာကို အနီးအနားမှ လူများက ဆေးကုစ္ဆ စစ်ကားတန်းကြီးနှင့်အတူ ပါလာသော လူနာတင် ကားဆီသို့ ခေါ်သွားကြစဉ် နောက်မှပြေးလိုက်လာသော ဓာတ်ဆီ ဆိုင် အစောင့်ရဲဘော်နှင့် တပ်ထိန်းနှစ်ယောက် ရောက်ရှိလာသည်။

ထို့နောက် ဓာတ်ဆီဆိုင်အစောင့်ရဲဘော်သည် ကားအုပ်စုခေါင်းဆောင် ဗိုလ်ကလေးထံ သတင်းပို့လိုက်သည်။

"ဒီကောင်တွေဟာ ဂျာမန်တွေဗျ"

"မင်း...ဘယ်လိုလုပ်ပြီး သိသလဲ"

ဘုမသိ ဘမသိ ဖြစ်နေသော ဗိုလ်ကလေးက ပြန်မေးလိုက်သည်။

"သူတို့...ကျွန်တော့်ကို ဓာတ်ဆီထည့်ပေးဖို့ စကားပြောလိုက်ကတည်း က ကျွန်တော်သိတယ်၊ ကျွန်တော်တို့ ရဲဘော်တွေက 'ဆီ'လို့ ပြောတဲ့နေရာမှာ သူတို့က "ဓာတ်ဆီ" လို့ အပြည့်အစုံပြောတယ်၊ ကျွန်တော်တို့ရဲဘော်တွေ ဘယ်တော့မှ မပြောတဲ့ 'ကျေးဇူးပြုပါ' ဆိုတဲ့ စကားကို သူတို့က သုံးတော့ ကြားနေမကျတဲ့ ကျွန်တော့် နားက ချက်ချင်းသတိပြုလိုက်တာပေါ့၊ ဗိုလ်လေး သိတဲ့အတိုင်းပဲ ကျွန်တော်တို့အသုံးအနှုန်းနဲ့ သူတို့ရဲ့အသုံးအနှုန်းက တူကြ တာမှ မဟုတ်ဘဲ"

ထိုသို့ ကားအုပ်စုခေါင်းဆောင် ဗိုလ်ကလေးသည် မေးခွန်းပေါင်းများစွာ နှင့် အချိန်ဖြုန်းနေစဉ် အစောင့်ရဲဘော်နှင့် လိုက်လာသော တပ်ထိန်းနှစ်ယောက် အနက်မှ တစ်ယောက်သော တပ်ထိန်းက ခါးတွင် ချိတ်ထားသော မှိုင့် (၄၅) ဘို့ ပစ္စတိုကို ဆွဲထုတ်ကာ ဒရိုင်ဘာ၏ ဗိုက်ကို ထိုးချိန်လိုက်ပြီး ကြိမ်းမောင်းလိုက်သည်။

"ဟေ့ကောင်...မင်းမှန်မှန်ပြောရင်ပြော၊ မပြောရင် မင်းရဲ့ဗိုက်ထဲက အူတွေ အထွေးလိုက် ဆီးနင်းလှလှလေးပေါ်မှာ ပြန့်ကြဲသွားမယ်၊ နားလည် လား"

အကျဉ်းသား၏အပြုအမူမှာ အံ့သြဖွယ်ပင်ဖြစ်သည်။ နဖူးမှ ဒလဟော စီးဆင်းနေသော သွေးစီးကြောင်းများ မျက်လုံးထဲသို့ စီးဝင်နေသည်ကိုပင်

သိမ်းဖယ်ခြင်းမပြုဘဲ ဝတ်ထားသော ဂျာကင်အင်္ကျီ ရင်ဘတ်ကိုသာလျှင် လက်နှစ်ဘက်ဖြင့် တင်းတင်းဆုပ်၍ ဆွဲစေ့နေလေသည်။

တပ်ထိန်းတစ်ယောက်သည် အကျဉ်းသား၏ အပြုအမူကို တအံ့တသြ ကြည့်နေရာမှ အင်္ကျီစကို စိုးရိမ်တကြီး ဆွဲစေ့နေသော အကျဉ်းသား၏ လက်နှစ်ဘက်ကို ရုတ်တရက်ဆွဲလိုက်သဖြင့် အင်္ကျီရင်ဖုံးတစ်ဘက်ပွင့်သွားကာ မြင်နေကြ အစိမ်းရင့်ရောင် စစ်ဝတ်စုံအောက်မှ ဂျာမန် ဝါးမတ်(ချ်)တပ်မတော် ၏ သံမဏိရောင် စစ်ဝတ်စုံကို တွေ့လိုက်ကြရသည်။

ယင်းအခြင်းအရာများ ဖြစ်ပွားပြီးနောက် တစ်နာရီခန့်ကြသောအခါ တွင်မူ ထိုအကျဉ်းသားသည် အမှတ် (၁)တပ်မတော် ဗိုလ်ချုပ်ကြီး ဟောဂျက်(စ်) ၏ မှခင်းများ စစ်ဆေးလေ့ရှိရာ အခန်းရှိ အားကောင်းသည့် မီးလုံးကြီးများ အောက်တွင် ရောက်ရှိနေပြီဖြစ်သည်။

၎င်းအကျဉ်းသားအနီးတွင် အတွေ့အကြုံရင့်ကျက်ပြီး မှုခင်းရေးရာတွင် ကျွမ်းကျင်သည့် စစ်ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမက်(စ်)ဝါလ်ဖရီး ကလည်း တရားခံကို စစ်ဆေးရန် အသင့်ရောက်ရှိနေခဲ့ပြီး ဖြစ်သည်။

"စီးကရက်သောက်လေ . . ."

ဗိုလ်ကြီးဖရီးက အကျဉ်းသားကို စီးကရက် လှမ်းပေးရင်းတည်ငြိမ်သော အသံဖြင့် စကားစ,လိုက်သည်။

တရားခံသည် တုန်ယင်သောလက်ဖြင့် ကမ်းပေးလာသော စီးကရက် ဘူးကို ရုတ်တရက် မျက်နှာအနီးတွင် ကပ်၍ ပေါက်ကွဲတော့မည့်ဗုံးပမာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကိုင်ရင်း စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။

ပြီးနောက် အသင့်ခြစ်ပေးထားသော မီးခြစ်တွင် မီးညှိလိုက်ပြန်ကာ ဆေးလိပ်မီးခိုးများကို အငမ်းမရ ရှိုက်သွင်းလိုက်ပြန်သည်။

တရားခံ၏ နဖူးဒဏ်ရာကို ပတ်တီးတစ်စဖြင့် အရေးပေါ် စည်းနှောင် ပေးထားပြီး ဖြစ်သော်လည်း ဒဏ်ရာမှ သွေးစများကမူ တတောက်တောက် ကျနေဆဲပင်ဖြစ်သည်။

"ကိုင်း . . .ရဲဘော် မင်းနာမည် ဘယ်သူလဲဟေ့ . . ."

ဗိုလ်ကြီးဖရီးက တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်။

တရားခံသည် အောက်နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်လျက် တစ်စုံ တစ်ခုကို ဆုံးဖြတ်မရသည့် အမူအရာဖြင့် ခြေတစ်ဘက်ပေါ်တွင် အားပြု

ရပ်နေရာမှ ကျန်တစ်ဘက်ပေါ်သို့ ကိုယ်အလေးချိန် ပြောင်းရွှေ့ရပ်လိုက်ပြန်သည်။

တရားခံသည် ယင်း၏ကိုယ်နေဟန် အနည်းငယ်ပြင်လိုက်သော်လည်း ဗိုလ်ကြီးဖရီး၏ မေးခွန်းကိုမူ ပြန်လည်ဖြေကြားခြင်း မပြု။ နှုတ်ဆိတ်မြဲဆိတ်လျက် ရှိနေသည်။

အခန်းထဲတွင် စက္ကန့် အနည်းငယ်ခန့် တိတ်ဆိတ်သွားပြန်သည်။

ထို့နောက် တရားခံကို လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲလိုက်သည့် ဗိုလ်ကြီးဖရီး၏အသံ ထွက်ပေါ်လာပြန်သည်။

"မင်း အင်္ဂလိပ်စကားကောင်းကောင်းပြောတတ်မှန်း ငါသိတယ်ကွ... ခုမှ အ,ယောင်ဆောင်မနေနဲ့ မင်းနာမည် ဘယ်သူလဲ"

ဟိန်းထွက်လာသော ဗိုလ်ကြီးဖရီး၏ စွပ်စွဲချက်အဆုံးတွင် ခေတ္တမျှ တိတ်ဆိတ်သွားပြန်ပြီး တရားခံ၏ တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းအစုံမှ တစ်လုံးချင်း ထစ်ထစ်ငေါ့ငေါ့ အဖြေထွက်လာသည်။

"ဖရင့်(စ်)ခက်စလာ"

ဗိုလ်ကြီးဖရီးသည် တေမိမင်းသားနှင့် စကားစစ်ထိုးနေရာမှ ပဏာမ အောင်ပွဲရလိုက်သဖြင့် အားတက်သွားကာ နောက်ဆက်တွဲ မေးခွန်းများကို ဆက်တိုက်မေးချလိုက်သည်။

"ဘယ်တပ်ကလဲ"

တရားခံ၏ အမူအရာမှာ အပြောင်းအလွဲ မြန်ဆန်လွန်း၍လည်း ဗိုလ်ကြီးဖရီးပင်လျှင် မအံ့သြဘဲမနေနိုင်အောင်ဖြစ်ရသည်။

'ဘယ်တပ်ကလဲ' ဟူသော ဗိုလ်ကြီးဖရီး၏ မေးခွန်းက တရားခံကို မည်သို့သော် စွမ်းအင်များ ပေးလိုက်နိုင်သည် မသိ။ ဘယ်တပ်ကလဲဟူ၍ မေးလိုက်ရုံဖြင့် တရားခံ၏ ဖြူရော်ရော်မျက်နှာသည် သွေးသစ်များလျှမ်းလာကာ တုန်ယင်နေသော လက်များသည်လည်း ရုတ်ချည်း အတုန်ရပ်သွားသည်ကို တွေ့လိုက်ရသည်။ ထိုမှ တစ်ဖန် မတ်တတ်မှ ဘုန်းဘုန်းလဲတော့မည့်နှယ် ယော့ခွေနေသော ကိုယ်ဟန်သည်လည်း တစ်မဟုတ်ချင်းပင် မာကြောတောင့်တင်းလာသည်။

ထိုတွင်မက မြန်ဆန်လွန်းသည့် ပြောင်းလဲမှုကို မယုံကြည်နိုင်သော အကြည့်ဖြင့် ကြည့်နေသည်။ မေးခွန်းရှင် ဗိုလ်ကြီးဖရီး၏ မျက်နှာကို စိမ်းစိမ်းကြည့်ကာ မောက်မာခက်ထန်သော လေသံဖြင့် အဖြေပေးပြန်သေးသည်။

"ဗိုလ်မှူးကြီးစကောဇင်နီရဲ့ ကွန်မန်ဒိုတပ် ပထမတပ်စိပ်"

ယင်းသို့ ဗိုလ်ကြီးဖရီ၏ မေးခွန်းက တရားခံ၏အမူအရာကို ပြောင်းလဲစေခဲ့သလောက် တရားခံ၏ အဖြေကလည်း ဗိုလ်ကြီးဖရီး၏ အမူအရာကို တစ်မဟုတ်ချင်း ပြောင်းလဲစေခဲ့သည်။ ကြည်ကြည်လင်လင် ရှိနေသော ဗိုလ်ကြီးဖရီး၏ မျက်နှာသည် ရုတ်ချည်း သွေးဆုတ်သွားကာ ပေုတ်ဖမ်းသည့် လနှယ် မည်းမှောင်သွားရပါလေသည်။

ဗိုလ်ကြီးဖရီးသည် ချက်ချင်းပင် အနီးရှိတယ်လီဖုန်းကို ကောက်ကိုင်ကာ စကားပြောခွက်ထဲမှ တယ်လီဖုန်းအော်ပရေတာကို အော်ငေါက်လိုက်သည်။

"ဗိုလ်ကြီးဝိတ်ကို ပေးပါ၊ အရေးပေါ်ကိစ္စ၊ အရေးပေါ်ကိစ္စ"

စက္ကန့်အတွင်းမှာပင် တစ်ဘက်နှင့် အဆက်အသွယ်ရသည်။

"စကောဇင်နီရဲ့ ကွန်မန်ဒိုအချို့ ပထမတန်း စစ်နယ်မြေထဲကို ဝင်လာကြတယ်၊ သူတို့ရဲ့ကားမှောက်လို့ အားလုံးသေကုန်ပြီ၊ တစ်ယောက်ပဲ ကျန်တယ်၊ အဲဒီတစ်ယောက်ကို ကျွန်တော် စစ်ဆေးနေပါတယ် ဗိုလ်မှူး"

ဗိုလ်ကြီးဖရီးက အထက်အရာရှိထံ သတင်းပို့လိုက်သည်။

တရားခံသည် တစ်ဘက်မှ ဗိုလ်မှူး၏ ဆက်တိုက် ထုတ်ဆင့်နေသော အမိန့်များကို နားမလွှဲစေရန် မှတ်သားနေရသည့် ဗိုလ်ကြီးဖရီးတို့ တစ်ချက်ကြည့်၍ အံကိုက်ပြီး လှောင်ပြုံးပြုံးလိုက်သည်။

ဗိုလ်ကြီးဖရီးကို အမိန့်ပေးနေသော တစ်ဘက်မှ ဗိုလ်မှူး၏အမိန့်များကို အတိုချုံးလိုက်သော်...

"စကောဇင်နီကို တွေ့အောင်ရှာရမည်" ဟူသော တစ်ချက်လွှတ် စစ်အမိန့်ပင်ဖြစ်သည်။

ဗိုလ်ကြီးဖရီးသည် လက်ထဲမှ စကားပြောခွက်ကို ဆောင့်ချလိုက်ပြီး အကျဉ်းသားဘက်သို့ ချာခနဲလှည့်လိုက်သည်။

"ဟေ့ကောင်...မင်းတို့ဆရာ စကောဇင်နီ ဘယ်မှာလဲကွ"

"မသိဘူး"

ဗိုလ်ကြီးဖရီး၏ မေးခွန်းအဆုံး၌ အကျဉ်းသားက ရဲရဲတောက် ပြန်ဖြေလိုက်သည်။

"မင်းတို့ ဒီနယ်မြေထဲကို ဘာလာလုပ်ကြတာလဲ၊ ဘာတာဝန်နဲ့လာသလဲ၊ မင်း အဖြေမပေးခင် ငါ တစ်ခုတော့ သတိပေးချင်တယ်၊ မင်းကို ငါတို့ဖမ်းမိတုန်းက မင်းဝတ်ထားတဲ့ ဝတ်စုံဟာ အမေရိကန်စစ်ဝတ်စုံဖြစ်နေတယ်၊ စစ်သားတစ်ယောက်ဟာ ရန်သူ့နယ်မြေထဲမှာ မိမိနိုင်ငံ၊ မိမိတပ်မတော်ရဲ့ စစ်ဝတ်စုံကို ဝတ်ဆင်မထားဘဲ တစ်ဘက်ရန်သူရဲ့စစ်ဝတ်စုံကို ဝတ်ဆင်ပြီး ရုပ်ဖျက်ထားရင် နိုင်ငံတကာစစ်ဥပဒေက သူလျှိုလို့ သတ်မှတ်တယ်၊ အဲဒီတော့ မင်းဟာ သူလျှိုပဲကွ၊ မင်းကို တို့အချိန်မရွေး ပစ်သတ်နိုင်တယ်ဆိုတာ မင်းနားလည်ထားပါ၊ အဲ ...တစ်ခုတော့ ရှိတယ်၊ မင်းကို တို့သိချင်တာကလေးတွေကို လိုလိုချင်ချင် ပြန်ဖြေရင်တော့ မင်းကို သက်သက်ညှာညှာ စဉ်းစားမှာပေါ့ကွာ..."

ဗိုလ်ကြီးဖရီးသည် အရည်အချင်းပြည့် ထောက်လှမ်းရေးအရာရှိကောင်းပီပီ သူ လိုချင်သောအဖြေကို သွယ်ဝိုက်၍ မေးလိုက်ပြန်သည်။

အကျဉ်းသားသည် တိုင်းပြည်အတွက် အသက်စွန့်အံ့ဆဲဆဲ မျိုးချစ်သူရဲကောင်းတစ်ယောက်၏ အမူအရာဖြင့် ရင်ကော့၍ မဆိုင်းမတွပင် အဖြေပေးလိုက်သည်။

"တို့ ...ဒီကိုရောက်နေတာ မင်းတို့ရဲ့ ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးကို သတ်ဖို့ပဲကွ"

ဤသို့ မမျှော်လင့်ဘဲ အကျဉ်းသားထံမှ တုံးတိတိကြားလိုက်ရသော အဖြေသည် အမှုမဲ့အမှတ်မဲ့ နားထောင်လျှင် အံ့အားသင့်ဖွယ်ဖြစ်သော်လည်း ဗိုလ်ကြီးဖရီးအဖို့မူ အဆန်းတကြယ်သတင်းကား မဟုတ်ပါချေ။ ကြားပြီးဖြစ်သော သတင်းဟောင်းတစ်ပုဒ်မျှသာ ဖြစ်သည်။

နာဇီတို့သည် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးကို လုပ်ကြံလိမ့်မည်ဟူသော သတင်းအစအနများသည် မဟာမိတ်စစ်ဌာနချုပ်သို့ ရောက်ရှိနေသည်မှာ ရက်အတန်ပင် ညောင်းခဲ့ပြီဖြစ်သည်။

မဟာမိတ်ထောက်လှမ်းရေးဌာနချုပ်သည် နာဇီတို့၏ အကြံအစည်ကို ယင်းသို့ အစအနကြားသိထားရုံမျှမက ၎င်းလုပ်ကြံရေးအစီအစဉ်ကို 'ဂရိ(ဖ်)စစ်ဆင်ရေး'ဟု နာဇီများက နာမည်ပေးထားကြသည်ကိုလည်းကောင်း၊

တစ်ဖန်လုပ်ကြံရေး အစီအစဉ်၏ဦးတည်ချက်သည် မဟာမိတ်များ စိတ်ဓာတ်ကျဆင်း၍ ဖရိုဖရဲဖြစ်စေရန် ရည်ရွယ်သည်ကိုလည်းကောင်း၊ အစီအစဉ်ရေးဆွဲသူမှာ အခြားသူမဟုတ်ဘဲ ဟစ်တလာကိုယ်တိုင်ပင် ဖြစ်သည်ကိုလည်းကောင်း၊ လူသတ်အစီအစဉ်ကို ခေါင်းဆောင်ရန်အတွက် အာဏာရှင်ကြီးဟစ်တလာ၏ လက်ရုံးတစ်ဆူဖြစ်သည့် အက်(စ်)အက်(စ်)တပ်မှ ဗိုလ်မှူးကြီးအိုတိုစကောဇင်နီကို တာဝန်ပေးအပ်ထားပြီးဖြစ်သည်ကိုလည်းကောင်း သတင်းရထားပြီးဖြစ်သည်။

ဗိုလ်ကြီးဖရီးသည် (၆) နာရီတိုင်တိုင် ချွေးတလုံးလုံးဖြင့် ခေါင်းမာလှသော တရားခံကို တွေ့ဖူးကြုံဖူးသမျှ သူလျှိုစစ်ဆေးနည်း နည်းလမ်းပေါင်းစုံကို အသုံးပြု၍ စစ်ဆေးကာ စကောဇင်နီ မည်သည့်နေရာတွင် ရောက်ရှိနေကြောင်းကို ညှစ်ထုတ်နေသည်။

သို့ရာတွင် အကျဉ်းသားသည် မသိကြောင်း ခေါင်းခါ၍ တွင်တွင်ငြင်းဆိုနေရုံမျှမက နောက်တစ်နေ့နံက် အရုဏ်တက်တွင် တန်းစီ၍ ချိန်ရွယ်ထားသော သေနတ်ပြောင်းဝများ ရှေ့တွင် ရပ်လျက် သေအံ့ဆဲဆဲအချိန်အထိ ခေါင်းတခါခါဖြင့် ငြင်းဆိုရင်း ခန္ဓာမှ ဝိညာဉ်ခွာခဲ့ရလေသည်။

ဤသို့ တစ်ဘက်မှ အမေရိကန်များက ခက်စလာ၏ ခန္ဓာကိုယ်ထဲသို့ သေနတ်ကျည်ဆန်များ အစုလိုက်အပြုံလိုက်ပစ်သွင်းနေကြစဉ်မှာပင် မဟာမိတ်တပ်ပေါင်းစု စစ်ဝတ်စုံများကို ဝတ်ဆင်ရပ်ဖျက်ထားကြသည့် ခက်စလာ၏ ရာပေါင်းများစွာသော ရဲဘော်ရဲဘက်များကလည်း တစ်ဘက်မှ မဟာမိတ်စစ်ကြောင်းများနှင့် ရောနှောနိုင်ရန် ကြိုးစားနေကြသည်။

နာဇီများဘက်မှ လျှို့ဝှက်အသေးစားစစ်ဆင်ရေးတစ်ရပ်အား ဤမျှအထိ ခမ်းခမ်းနားနား အကြီးစားထိုးစစ်အသွင်ဖြင့် အမေရိကန်တပ်များကို ဦးတည်တိုက်ခိုက်နေသည်မှာလည်း ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။

နာဇီများသည် တိုက်ပွဲများတွင် ဖမ်းဆီးရမိသော မဟာမိတ်မော်တော်ယာဉ်များကို အသုံးပြုကာ အဘက်ဘက်မှ ၎င်းတို့ ဦးတည်ရာအမှတ်ဖြစ်သော မဟာမိတ်စစ်ဌာနချုပ်တည်ရှိရာ ဗားဆေးမြို့ဘက်သို့ အပြင်းချီတက်လျက်ရှိသည်။

၎င်းတို့ ဦးထိပ်ရွက်လာသော တာဝန်မှာမူ မဟာမိတ်စစ်ဌာနချုပ်တွင် အမြဲတစေ ရုံးထိုင်လျက်ရှိတတ်သော အမေရိကန်တပ်မတော်ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးကို သတ်ဖြတ်ရန်ပင်ဖြစ်သည်။

တကယ်ဆိုပါမူ မဖြစ်နိုင်သည့်အရာကို ကြံစည်သော နာဇီတို့၏ စကောလောက်မှ ဖောက်မနက်သည့် အကြံအစည်သည် ရယ်စရာကောင်းနေသော်လည်း အမေရိကန်များ မရယ်နိုင်မပြုံးနိုင် ဖြစ်နေကြရသည်မှာ ယင်းဂရိ(ဖ်)စစ်ဆင်ရေးကို ဦးဆောင်နေသော ဗိုလ်မှူးကြီး အိုတိုစကောဇင်နီ၏ မင်္ဂလာမရှိသော နာမည်ကြီးကြောင့်သာလျှင် ဖြစ်လေသည်။

ထိုနာမည်ကြောင့်ပင် ဂျာမန်တို့၏ ရယ်ဖွယ်ရာအစီအစဉ်ကို အမေရိကန်များက အထိတ်တလန့် ရင်တမမနှင့် စောင့်ကြည့်နေကြရသည်။

မှန်သည်။

စကောဇင်နီ၏ နာမည်သည် လုံးဝ ရယ်ရန် မသင့်သော နာမည်ဖြစ်သည်။

ဗိုလ်မှူးကြီးစကောဇင်နီသည် တစ်ချိန်ကလည်း မဖြစ်နိုင်သည့်အရာကို ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတကာက ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်ခဲ့ရပြီ မဟုတ်ပါလော။

ထို့ကြောင့်လည်း စကောဇင်နီအကြောင်းကို အစင်းသိပြီး ဖြစ်သော အီတလီပြည်မှ စစ်သူကြီး ပိထရီဘာဒိုဂလီယိုက ဤသို့ နိမိတ်ဖတ်ဖူးသည်။

"စကောဇင်နီကို တပ်မကြီးတစ်တပ်ပေးပြီး လေ့ကျင့်ဖို့အချိန် ခြောက်လနဲ့ အစီအစဉ်ရေးဆွဲဖို့ အချိန်သုံးလသာ ပေးလိုက်စမ်းပါ၊ စကောဇင်နီက ဘယ်သူ့အကူအညီကိုမှ မယူဘဲ ဗြိတိန်ကို သိမ်းပြလိမ့်မယ်" ဟူသတည်း။

ဂရိ(ဖ်)စစ်ဆင်ရေးဟု အမည်တွင်သော ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးကို လုပ်ကြံသတ်ဖြတ်ရန် နာဇီတို့၏ အစီအစဉ်သည် နာဇီများ၏ အခြားအစီအစဉ်များနည်းတူ အရှေ့ပရပ်ရှားတွင် ရှိသော 'ဝံပုလွေလိုက်ဂူ'ဟု ဟိုးလေးကျော်ခဲ့သည့် ဟစ်တလာ၏ဌာနချုပ်တွင် သန္ဓေတည်ခဲ့ရလေသည်။

၁၉၄၄–ခု၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် ဖြစ်သည်။

ထိုနေ့တွင် စကောဇင်နီသည် အနားယူရန် ခွင့်သုံးရက် ရသဖြင့် ဘာလင်မြို့တော်ပေါ်ရှိ ဟိုတယ်ကြီးတစ်ခုတွင် ပြီးဆုံးခဲ့သော ညများက ညှဉ်နက်အောင် အပျော်ကြူးမိခဲ့ခြင်းကြောင့် အတိုးချ၍ အိပ်နေလေသည်။

ယင်းသို့ ဗိုလ်မှူးကြီးစကောဇင်နီ ငြိမ်းချမ်းစွာ အနားယူနေသော နံနက်ခင်း (၁၀) နာရီခန့်တွင် ၎င်းအိပ်မောကျနေရာ အိပ်ခန်းတွင်းမှ တယ်လီဖုန်းသံမြည်လာလေသည်။

မမျှော်လင့်ဘဲ ခေါ်လာသော တယ်လီဖုန်းမှာ ဟစ်တလာ၏ စံအိမ်တော်မှ ဆက်သွယ်လိုက်သော အိမ်တော်ဝန်၏ တယ်လီဖုန်းသံပင်ဖြစ်သည်။

စကောဇင်နီသည် အိပ်မောကျနေရာမှ ကမူးရှူးထိုး လူးလဲထကာ အနီးရှိ အလိုက်မသိ အော်မြည်နေသော တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

ထို့နောက် ခက်ထန်သောအသံဖြင့် "စကောဇင်နီ စကားပြောနေတယ်" ဟူ၍ တယ်လီဖုန်း စကားပြောခွက်ထဲသို့ အော်လိုက်သည်။

စကောဇင်နီ အော်ဝေါက်ခွင့်ရလိုက်သည်မှာ ဤမျှသာ ဖြစ်သည်။ တစ်ဘက်မှ ထုတ်ပြန်လိုက်သော အိမ်တော်ဝန်၏ အမိန့်ကြောင့် နှုတ်ပိတ်၍ အမိန့်နာခံလိုက်ရသည်။

"ဗိုလ်မှူးစကောဇင်နီ . . .ဌာနချုပ်ကို သတင်းပို့ဖို့ ခေါင်းဆောင်ကြီး အမိန့်ပေးနေတယ်၊ တင်ပဲလ်ဟော့(ဖ်) လေယာဉ်ကွင်းမှာ သင့်ကို လေယာဉ် တစ်စင်း အသင့်စောင့်နေလိမ့်မယ်၊ အခုချက်ချင်း သတင်းပို့ပါ ဗိုလ်မှူး စကောဇင်နီ"

နိုင်ငံကျော် ကွန်မန်ဒိုကြီးစကောဇင်နီသည် ရင်ဘတ်တွင် နေရာမလပ် ဆုတံဆိပ်များဖြင့် ပြည့်ကြပ်လျှံ၍ မြင်မကောင်းအောင်ဖြစ်နေသည့် ကျူးနစ် အင်္ကျီကို ကောက်စွပ်လိုက်ပြီး ဟိုတယ်ပေါ်မှ ပြေးဆင်းကာ အောက်တွင် အသင့်စောင့်နေသော မာစီဒီးကားကြီးပေါ်သို့ ခုန်တက်လိုက်သည်။

(၈) မိနစ်အကြာတွင် ရှေ့တွင် မော်တော်ဆိုင်ကယ်နှစ်စီးနှင့် လမ်းရှင်း ပေးနေသော မုန်တိုင်းတပ်သားနှစ်ယောက်၏ အကူအညီဖြင့် စက်ကုန်ဖွင့်၍ မောင်းနှင်လာနိုင်ခဲ့သော စကောဇင်နီ၏ ကားကြီးသည် တင်ပဲလ်ဟော့(ဖ်) လေယာဉ်ကွင်းထဲသို့ ထိုးဆိုက်လာသည်။

စကောဇင်နီသည် ကားရပ်လျှင် ရပ်ချင်း သေပြေးရှင်ပြေး မောင်းနှင် လာရသော ကားကြီးပေါ်မှ ခုန်ဆင်းကာ ပျံသန်းရန် အသင့်စက်နှိုးထားပြီး လေယာဉ်ကြီးပေါ်သို့ ပြေးတက်ရပြန်သည်။

လေယာဉ်ဝင်းထဲ ဝင်မိသည်နှင့် နောက်ကျောမှ တံခါးပိတ်သံကို ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် အရှိန်ယူစပြုနေလေသည်။

ထိုနောက် စက္ကန့်ပိုင်းမှ မိနစ်ပိုင်းသို့ မကူးပြောင်းမီ လေယာဉ်ကြီးသည် သေဟင်ကြောတစ်လျှောက် အနှောင်အဖွဲ့ ကင်းမဲ့စွာဖြင့် လွတ်လွတ်လပ်လပ် ပျံသန်းလျက် ရှိနေလေသည်။

ထိုလေယာဉ်သည် နှယ်နှယ်ရရ လေယာဉ်ကြီးမဟုတ်။ နိုင်ငံတော်အထွတ်အထိတ် အမိကရပုဂ္ဂိုလ်ကြီးများကိုသာလျှင် တင်ဆောင်ပျံသန်းရသော လေယာဉ်ကြီးဖြစ်သည်။

စစ်သူကြီးရွှမ်းမဲလ်၊ ဂျိဒဲလ် အစရှိသော အမိကရ ပုဂ္ဂိုလ်ကြီးများသည် တင်ပဲလ်ဟော့(ဖ်)လေယာဉ်ကွင်းမှ ယခုလေယာဉ်ကြီးပျံသန်းနေသည့် အရှေ့ပရပ်ရှားအထိ ထိုလေယာဉ်ကြီးဖြင့်ပင် အဖန်ဖန် ခရီးနှင်ခဲ့ကြဘူးလေပြီ။

အဟုန်ပြင်းစွာ ပျံသန်းနေသော လေယာဉ်ကြီးထဲတွင်မူ စကောဇင်နီသည် ၎င်း၏ (၆)ပေ၊ (၄) လက်မရှိသော အရပ်အမောင်းနှင့် ပေါင် (၂၀၀) စီးသည့် ကိုယ်ခန္ဓာကြီးကို အိစက်နေသော လေယာဉ်ထိုင်ခုံပေါ်တွင် အငြိမ့်သားထိုင်နေကာ အဖိုးတန်လှသော နပိုလီယံဘရန်ဒီကို တစိမ့်စိမ့်မြို့၍ အရသာခံနေလေသည်။

ထို့နောက် လေယာဉ်၏ နံရံတွင် ကပ်ထားသော အံဇုက်အတွင်းမှ မြေပုံတစ်ချပ်ကို ဆွဲထုတ်ယူပြန်ကာ တိမ်တိုက်များအကြားမှ မြင်နေရသော မြေပြင်အမှတ်သားများကို ကြည့်လိုက် လုပ်နေပြန်သည်။

စကောဇင်နီသည် အဖနိုင်ငံတော်၏ ညို့ညို့မှိုင်းမှိုင်းတောင်တန်းကြီးများ၊ ရွှေဝါရောင်သန်းနေသည့် လွင်ပြင်ကြီးများနှင့် စိမ်းစိမ်းညို့ညို့ သစ်တောကြီးများတို့ ကြည့်ရင်း အဖနိုင်ငံသားတစ်ယောက်အဖြစ် ပေါက်ဖွားလာရသည့်အတွက် ဂုဏ်ယူမဆုံးဖြစ်နေပြန်လေသည်။

နောက်ဆုံးတွင်မူ တောအထပ်ထပ်၊ တောင်အဆင့်ဆင့်၊ မြစ်အသွယ်သွယ်ကို ဖြတ်ကျော်လာခဲ့သော လေယာဉ်သည် အရှေ့ပရပ်ရှား ရက်(စ်)တန်ဘတ်(ခ်)မြို့ကလေးပေါ်သို့ ရောက်ရှိလာခဲ့ပြီး လေယာဉ်ကွင်းထဲသို့ ဆင်းရန် ပျံဝဲလျက် ရှိလေသည်။

အနောက်ဂေါ်ရာကျွန်းသို့ ယွန်းလုလုနေမင်းသည် ရက်(စ်)တန်ဘတ်(ခ်)မြို့ကလေးအား ရွှေဝါရောင်နေချည်မျှင်ကလေးများဖြင့် အစွမ်းကုန် နှုတ်ခွန်းဆက်သနေသည်။

စကောဇင်နီ စီးနင်းလိုက်ပါလာသော သီးသန့်လေယာဉ်ကြီးသည် လေယာဉ်ကွင်းထဲသို့ဆင်းရန် ပျံဝဲနေရာမှ ကမ္ဘာပေါ်တွင် အစောင့်အကြပ် အထူထဲဆုံးဟု နာမည်ကြီးနေသော ရက်(စ်)တန်ဘတ်(ခ်) မြို့ကလေး၏ လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ညင်သာစွာ ဆင်းသက်လိုက်လေသည်။

စကောဇင်နီသည် လေယာဉ်ဘီးများ ရပ်သွားသည်နှင့် တစ်ပြိုင်နက် လေယာဉ်ပေါ်မှ ဆင်းခဲ့ပြီး အသင့်စောင့်လျက်ရှိသော မာစီဒီးကားကြီး တစ်စီးပေါ်သို့ တက်ခဲ့သည်။

စကောဇင်နီ နောက်ဆုံးတက်ခဲ့သော ကားကြီးသည် နိုင်ငံတော် ခေါင်းဆောင်များအတွက် သီးသန့်ထားသော ကားကြီးဖြစ်သည်။ ယင်းကားကြီး ၏ မှန်များသည်လည်းကောင်း၊ ကားဘီးများသည်လည်းကောင်း 'ကျည်ပ သည်'ဟု အာမခံပေးထားသော ပစ္စည်းများဖြစ်သည်။ ကားထဲတွင်လည် လှိုင်းတိုကြိုးမဲ့ကြေးနန်းစက် တပ်ဆင်ထားသည်။ ကားတံခါး၏တစ်ဘက် တစ်ချက်တွင်မူ နိုင်ငံဦးသျှောင် ဟစ်တလာ၏ တံဆိပ်တော် ခတ်နှိပ်ထားသည်

ကားကြီးသည် လေယာဉ်ကွင်းထဲမှ စတင်ထွက်ခွာခဲ့သည်နှင့် အန ရောင်နှင့် အနီရောင်တွင် ရွှေဝါရောင် ကဲထားသော ကားနံဘေးတစ်ဘ တစ်ချက်မှ ခေါင်းဆောင်ကြီးဟစ်တလာ၏ တံဆိပ်တော်သည် လမ်းမီးတိုင် မီးရောင်များကြောင့် ကြောင်မျက်လုံးကဲ့သို့ တဖျပ်ဖျပ်တောက်နေသည်။

မကြာမီပင် ကားကြီးသည် သစ်တောကို ဖြတ်ဖောက်ထားသေ ဖြူလွလွလမ်းကလေးပေါ်တွင် စက်ကုန်ဖွင့်၍ အပြင်းနှင်လျက် ရှိနေလေပြ

စကောဇင်နီသည် လမ်းတစ်လျှောက် ကိုက် (၅၀၀) ခန့်တိုင်းတွ တွေ့နေရသော လေယာဉ်ပစ်အမြောက်ကြီးများကိုလည်းကောင်း၊ လက်န အပြည့်အစုံတပ်ဆင်ထားသည့် မှန်တိုင်းတပ်သားများကိုလည်းကော ကားထဲမှ တစေ့တစောင်းကြည့်ရှုရင်း လိုက်ပါလာသည်။ သီးသန့်ကားကြီးထဲ လူထွားကြီး စကောဇင်နီကို မှန်တိုင်းတပ်အရာရှိများကလည်း စူးစမ်းသေ အကြည့်နှင့် တအံ့တသြ ငေးမောကြည့်နေကြသည်။ အချို့ကလည်း နိုင် တော် ကွန်မန်ဒိုကြီးစကောဇင်နီကို မှတ်မိကြသဖြင့် လေးလေးစားစား အလေ ပြုရင်း ကျန်ရစ်ခဲ့ကြသည်။

မကြာမီ စက်ကုန်ဖွင့်၍ အပြင်းမောင်းနှင်လာသော စကောဇင်နီ ကားကြီးသည် ဟစ်တလာ၏ ဌာနချုပ်အရှေ့သို့ ရောက်ရှိလာသည်။

ဟစ်တလာ၏ ဌာနချုပ်သည် လျှပ်စစ်ခြံစည်းရိုးဖြင့် ကာရံထားသည့် သံဆူးကြိုးအထပ်ထပ် ဝိုင်းရံထားသော တိုက်ပုကလေးများ၊ မြေတိုက်ခန်းများနှင့် ကတုတ်ကျင်းများသာလျှင်ဖြစ်သည်။ ဌာနချုပ်ဝင်းတစ်ခုလုံးနှင့် အဆောက်အဦများအား ရန်သူ့လေကြောင်းရန်မှ ကာကွယ်ရန်အတွက် ရုပ်ဖျက်ထားသည်။ ဌာနချုပ်ဝင်းသို့ ဝင်ရန်မှာမူ ဌာနချုပ် လုံခြုံရေးတာဝန်ခံများက လူပုဂ္ဂိုလ်အရ မှတ်မိသူ မျက်နှာကျက်မိသူကိုသာလျှင် ဝင်ခွင့်ပြုသည်။ ယင်းသို့ လုံခြုံရေးတာဝန်ခံများက မျက်နှာကျက်မိ၍ ဝင်ခွင့်ပြုလိုက်သော ဧည့်သည်ကိုလည်း အစောင့်အရှောက် အခြံအရံဖြင့်သာ ဌာနချုပ်အတွင်း သွားလာခွင့်ပြုသည်။

ဌာနချုပ်အပေါက်ဝမှ စကောဇင်နီအား ကြိုဆိုနေသူမှာ ရှုသိုးသိုးနှင့် စိတ်ခတ်ခက်ထန်ပုံရသော အနက်ရောင် ဂက်စတာပို ဝတ်စုံဝတ် ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်သည်။ ဗိုလ်မှူးကြီးကပင် စကောဇင်နီအား ခပ်သုတ်သုတ်လျှောက်ခဲ့ရန် မျက်ရိပ်ပြ၍ ခမ်းနားလှသည့် ဧည့်ခံခန်းမဆောင်ထဲသို့ ခေါ်ဆောင်သွားသည်။

စကောဇင်နီသည် ခေါင်းဆောင်ကြီး ဟစ်တလာ၏ ဌာနချုပ်အတွင်းသို့ ဝင်ခဲ့စဉ်က သူ့စိတ်ထဲတွင် မည်သို့ခံစားရပုံကို နောင်လေးငါးနှစ်အကြာတွင် ဤသို့ အမှတ်တရ ပြန်လည်ပြောပြခဲ့ဖူးသည်။

"ဌာနချုပ်အဆောက်အဦကြီးကို ကြည့်ရတာကိုက ကျုပ်စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်၊ လုံခြုံရေးအရာရှိတွေကလဲ ပျာယီးပျာယာနဲ့ သေရေးရှင်းရေးလောက် အရေးကြီးတဲ့ ကိစ္စတွေရှိနေသလိုပဲ၊ ကျုပ်လဲ ရပ်စောင့်နေရင်း ဆောင်တွေး မြောက်တွေး မတွေးမိအောင် စိတ်ကို ထိန်းချုပ်ထားတာပါပဲ၊ ဒါပေမယ့် မရဘူး၊ ဒီလိုနေရာမျိုးမှာ တော်တော်တန်တန် စိတ်ခတ်ခိုင်မာတဲ့ လူတောင် အတွေးခေါင်ပြီး မဟုတ်မဟတ်တာတွေ၊ အတွေးပေါက်လာတတ်တာမျိုးတွေဖြစ်တတ်တယ်ဗျ၊ ခေါင်းဆောင်ကြီးမှာ ကျုပ်နဲ့ ခေါင်းဆောင်ကြီးသာ နှစ်ယောက်ထဲ သိသင့်တဲ့ ထိပ်တန်းလျှို့ဝှက်တာဝန်တစ်ရပ် ရှိနေလို့ ကျုပ်ကို ခေါ်လိုက်တာလား၊ ဒါမှမဟုတ် စစ်ဦးစီးအဖွဲ့ဝင်တွေ ရေးဆွဲတဲ့ စစ်ရေးအစီအစဉ်တစ်ရပ်အတွက် ခေါင်းဆောင်ကြီးက ကျုပ်ကို တာဝန်ပေးချင်တဲ့အတွက် တမင်ရွေးချယ်ခေါ် ယူလိုက်တာလား၊ ကျုပ်လဲ စိတ်ထိန်းထားတဲ့ကြားထဲက အမျိုးမျိုး တွေးနေမိတယ်"

စကောဇင်နီသည် ခေါင်းဆောင်ကြီးထံ သတင်းပို့ရန် ထွက်ခွာသွားသော ရုပ်နက်ဝတ် ဗိုလ်မှူးကြီးအလာကို ရပ်စောင့်ရင်း လက်ကောက်ဝတ်မှ နာရီကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ သူ၏ လက်ကောက်ဝတ်တွင် တာဝန်သိသိ အချိန်ပြနေသော နာရီကလေးသည် တစ်ခါက မူဆိုလီနီ ကိုယ်တိုင် ပတ်ပေးခဲ့သော နာရီကလေးဖြစ်သည်။

၁၉၄၃–ခုနှစ်တွင် အီတလီ ပြည်သူပြည်သားများက မူဆိုလီနီအား ပုန်ကန်ကြစဉ် စကောဇင်နီသည် မူဆိုလီနီ၏ အသက်ကို စွန့်စွန့်စားစား ကယ်တင်ခဲ့သဖြင့် မူဆိုလီနီက လက်မှ နာရီကို ချွတ်၍ ဆုတော်လာဘ်တော် အဖြစ် ချီးမြှင့်ခဲ့သည်။

ထိုစဉ်က စကောဇင်နီသည် သူကိုယ်တိုင် လေ့ကျင့်ပေးထားသော ကွန်မန်ဒို (၅၀) တည်းဖြင့် ပင်ဂရင်းစက်တောင်ထိပ်ပေါ်ရှိ ခံတပ်အတွင်းသို့ စက်မဲ့လေယာဉ်များကို အသုံးပြု၍ ထိုးဆင်းခဲ့ပြီး အမှတ် (၂) ခေါင်းဆောင်ကြီး မူဆိုလီနီကို အီတလီ အထူးတပ်သား (၅၀၀) ခန့် ဝိုင်းထားသည့်ကြားမှ ခဲရာခဲဆစ် ခိုးထုတ်ခဲ့လေသည်။

ယင်းသို့ မူဆိုလီနီကို စွန့်စွန့်စားစား ကယ်တင်ခဲ့သောလုပ်ရပ်ကြောင့်ပင် စကောဇင်နီအား နိုင်ငံတကာက မျက်ပြူးဆန်ပျာ အံ့ဩ၍မဆုံး ဖြစ်ခဲ့ကြရသည်။

ယင်းလုပ်ရပ်ကြောင့်ပင်လျှင် စကောဇင်နီသည် ဟစ်တလာ၏ အချစ်တော် ဗိုလ်မှူးတစ်ယောက် ဖြစ်လာခဲ့ပြန်သည်။

စကောဇင်နီသည် ခေါင်းဆောင်ကြီးနှင့် တွေ့ခွင့်ရရန် စောင့်ဆိုင်းနေရခိုက် သူ ထမ်းဆောင်ရမည့် တာဝန်သစ်ကို သိလိုလှသဖြင့် ဂဏှာမငြိမ်ဖြစ်နေမိသည်။ သူ၏ ရင်ထဲမှ တဒုန်းဒုန်း ခုန်နေသော ရင်ခုန်သံများကိုပင် နားငြီးလာသဖြင့် စိတ်များပင် တိုနေချေပြီ။

ထိုစဉ် သူ့ရှေ့တွင် ဆီးကာနေသော တံခါးရွက်ကြီးနှစ်ခု ရုတ်တရက် ပွင့်လာပြီး မရှေးမနှောင်းမှာပင် ဟစ်တလာ၏ ကိုယ်ရံတော် အထူးတပ်မှ အရာရှိတစ်ယောက် ရောက်လာသည်ကို တွေ့လိုက်ရသည်။

ထို့နောက် ၎င်းအရာရှိ၏ နှုတ်ဖျားမှ ပြတ်တောင်းတောင်း အမိန့်သံတစ်သံ ပေါ်ထွက်လာသည်။

"ခေါင်းဆောင်ကြီးက သင့်ကို ခုပဲ တွေ့လိမ့်မယ်၊ ကျုပ်နောက်ကို လိုက်ခဲ့ပါ ဗိုလ်မှူးစကောဇင်နီ"

စကောဇင်နီသည် မိမိဝတ်ဆင်ထားသည့် အပေါ်ဝတ်ကျူးနစ်အင်္ကျီကို အနည်းငယ်ဆွဲဆန့်လိုက်ပြီး ဆောင်းထားသော အရာရှိဆောင်း ကက်ဦးထုပ်ကို ချွတ်၍ ချိုင်းကြားတွင် ညှပ်လိုက်သည်။ ထို့နောက် အခေါ်ရောက်လာသော အရာရှိနောက်မှ ထက်ကြပ်မကွာလိုက်ခဲ့သည်။

တစ်ခန်းပြီးတစ်ခန်းဖြတ်ကျော်ခဲ့ပြီး စင်္ကြံရှည်ကြီးကို လျှောက်ရပြန်သည်။ စင်္ကြံကြီးအဆုံး အခန်းကြီးတစ်ခန်းရှေ့သို့ ရောက်သောအခါတွင်မှ အခန်းဝတွင် အက်(စ်)အက်(စ်)တပ်မှ အရာရှိ လူသန်ကြီးခြောက်ယောက် ပိတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထို့နောက် အရာရှိ လူသန်ကြီးခြောက်ယောက်၏ ကျင်လည်သော လက်များက စကောဇင်နီ၏ ကိုယ်တွင်းကိုယ်ပါမကျန် စမ်းသပ်ရှာဖွေနေကြတော့သည်။

ယင်းသို့ ကိုယ်ရံတော်အရာရှိ ခြောက်ယောက်က သူ့ကိုယ်ပေါ်တွင် လက်နက်ပုန်းပါမပါ ရှာဖွေနေကြစဉ် ယင်နားသည်ကိုပင် သည်းမခံတတ်သော ဗိုလ်မှူးစကောဇင်နီသည် အံကြိတ်၍ အောင့်အည်းသည်းခံနေရရှာလေသည်။

သူ့အား ခေါင်းဆောင်ကြီးကို ရန်ပြုမည့် ရန်သူတစ်ယောက်ပမာ သင်္ကာမကင်း ရှာနေကြသည်ကို ရှက်၍မဆုံး ဖြစ်နေမိသည်။ မိမိနိုင်ငံတော်အတွက် အသက်ပေးထားပြီးဖြစ်သော သူလို မျိုးချစ်ရဲဘော်တစ်ယောက်က မိမိနိုင်ငံကိုလည်းကောင်း၊ မိမိခေါင်းဆောင်ကိုလည်းကောင်း အဘယ်သို့လျှင် ရန်ပြုနိုင်ပါအံ့နည်း။

သူသည် ဂက်စတာပိုအရာရှိ (၆) ယောက်ကို စက်ဆုပ်ရွံရှာသော အကြည့်ဖြင့် ကြည့်ရင်း သူတို့၏ အပြုအမူကို သဘောမပေါက်နိုင်အောင် ဖြစ်နေရှာသည်။

ကိုယ်ရံတော် လူသန်ကြီး (၆) ယောက်သည် သူ့ကို စိတ်ကြိုက်ရှာဖွေပြီးစီးသွားပြီဖြစ်၍ လမ်းဖယ်ပေးလိုက်ကြသည်။

စကောဇင်နီသည် ဘေးတစ်ဘက်တစ်ချက်သို့ တိမ်းပေးလိုက်သော အစောင့်များကြားမှ အခြံအရံမဲ့တစ်ယောက်တည်း ဆက်လျှောက်ခဲ့သည်။

မကြာမီ ထုတစ်ပေခန့်ရှိသော သံမဏိတံခါးကြီးရှေ့သို့ ရောက်လာကာ တစ်နေရာမှ လျှပ်စစ်ခလုတ်နှိပ်လိုက်သော အသံကို ကြားလိုက်ရပြီး သံမဏိတံခါး ပွင့်လာသည်ကို တွေ့ရပြန်သည်။

စကောဇင်နီသည် အခန်းဝတွင် ပင့်သက်တစ်ချက်ကို ရှိုက်သွင်းလိုက်ပြီး ရင်ကော့၍ အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်ခဲ့သည်။

စကောဇင်နီသည် မြေပုံများ နံရံပြည့်ချိတ်ဆွဲထားသော ဟာစ်တလာ၏ စစ်ဆင်ရေးခန်းမဆောင်ထဲသို့ ခြေ (၂)လှမ်း၊ (၃) လှမ်းခန့်မျှ ဝင်လိုက်မိသည်နှင့် ခန်းမကြီးအလယ်မှ ရှေးဟောင်းဝက်သစ်ချစားပွဲကြီး၏ နောက်ကွယ်တွင် ထိုင်နေသော ခေါင်းဆောင်ကြီးဟစ်တလာကို တွေ့လိုက်ရသည်။ ဝက်သစ်ချစားပွဲကြီး၏ လက်ယာထောင့်စွန်းတွင် ချိတ်ဆွဲထားသော သတ္တုပြားကလေးပေါ်တွင်မှ '(၁၈၀၄–၁၈၁၂ ခု) နပိုလီယံဘိုနပတ်၊ ပြင်သစ်ပြည်၏ မင်းကေရာဇ်အဖြစ် စိုးစံတော်မူစဉ် အသုံးပြုခဲ့သော စာရေးစားပွဲတော်' ဟူသော စာတန်းကလေးက ရှေးဟောင်းစားပွဲကြီး၏ သမိုင်းစဉ်ကို ဖော်ပြနေလေသည်။

ခေါင်းဆောင်ကြီး၏မျက်နှာသည် အနည်းငယ်ညှိုးနေပြီး တစ်စုံတစ်ခုကို မကျေမချမ်းဖြစ်နေပုံရသည်ဟု သူက ထင်မိသည်။

ဤသည်မှာလည်း မကြာမီက တပ်မတော်မှ သစ္စာမဲ့သော ဗိုလ်ချုပ်ကြီးများက ခေါင်းဆောင်ကြီး၏ အသက်ကို လုပ်ကြံရန် ကြံစည်ခဲ့ခြင်းကြောင့် ကျန်ရစ်သော နာကျည်းချက်များပင် ဖြစ်ဟန်ရှိသည်။ မည်သို့ပင်ဖြစ်စေ ခေါင်းဆောင်ကြီးသည် ဤသို့စိတ်မချမ်းမြေ့စရာကြားမှပင် အားခဲ၍ပြုံးရသော အပြုံးဖြင့် သူ့ကို နှုတ်ဆက်သည်။

ထိုသို့ ကြိုးစား၍ ပြုံးပြလိုက်သော ခေါင်းဆောင်ကြီး၏ အပြုံးကြောင့် စကောဇင်နီ၏ လှမ်းဆဲခြေလှမ်းသည် တုံ့ခနဲရပ်တန့်သွားပြီး အလိုအလျောက် သတိအနေအထားဖြင့် အလေးပြုမိရက်သားဖြစ်နေသည်။

ထို့နောက် သူသည် ခေါင်းဆောင်ကြီး ကမ်းပေးလိုက်သော လက်တစ်ဘက်ကို ညင်သာစွာ ဆုပ်ကိုင်ကာ တယုတယ ဖျစ်ညှစ်နေမိသည်။

ဤသို့ ဟစ်တလာနှင့် စကောဇင်နီတို့ အပြန်အလှန် အလေးအနက်ပြု၍ နှုတ်ဆက်နေသော အမူအရာများသည် သူတို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် မည်မျှ လေးစားကြကြောင်း ပေါ်လွင်ထင်ရှားနေသည်။

ထို့ကြောင့်ပင် ထင်သည်။ ဟစ်တလာသည် ၎င်း၏ ဗိုလ်ချုပ်များ ရှေ့မှောက်တွင် စကောဇင်နီ၏ အရည်အချင်းကို ထုတ်ဖော်၍ ချီးကျူးခဲ့ဖူးလေသည်။

"ဂျာမန်လူမျိုးဟာ လူမျိုးတကာထက် ဉာဏ်ပညာအားဖြင့်လည်းကောင်း၊ အမျိုးအနွယ်အားဖြင့်လည်းကောင်း မြင့်မြတ်ကြောင်း သက်သေပြလိုက်တဲ့ သာဓကတစ်ရပ်ပဲ ဖြစ်တယ်"

စကောဇင်နီသည် ယခုကဲ့သို့ ခေါင်းဆောင်ကြီးနှင့် တစ်ကြိမ်တစ်ခါမှ နှစ်ယောက်ချင်း တွေ့ဆုံဖူးသူမဟုတ်သဖြင့် ယခုကဲ့သို့ ခေါင်းဆောင်ကြီးနှင့် နှစ်ယောက်ချင်း တွေ့ဆုံနေရသည်ကိုပင် မယုံကြည်နိုင်အောင်ဖြစ်နေမိသည်။

ထို့ကြောင့်ပင် သူသည် ကျောင်းနေဘက် သူငယ်ချင်းလည်း ဖြစ်ပြီး ယခု သူ၏တပ်ရေးလည်း ဖြစ်သော ကားလ်ရက်ဒဲ(လ်)အား ထိုသို့ ပြောပြဖူးသည်။

"ခေါင်းဆောင်ကြီးနဲ့ နှစ်ယောက်ထဲ အတူနေရတာ ကျုပ်အဖို့တော့ စိတ်ကူးယဉ်အိပ်မက်မက်နေရသလိုပါပဲ"

ဟစ်တလာသည် နေ့စဉ်နှင့်အမျှ အရေးနိမ့်ပါးနေသော ဖခင်နိုင်ငံ၏ စစ်ရေးအခြေအနေများကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေဟန်ရှိသည်။ ယခင်က ရန်သူများ ဝင်ရောက်တိုက်ခိုက်ရန် မဆိုထားဘိ၊ စိတ်နှင့်ပင် ကြံစည်ရည်မဟုတ်သော ဟစ်တလာ၏ဌာနချုပ်ကြီးအား တပ်နီတော် အမြောက်ဆန်များက ခြိမ်းခြောက်စပြုနေသည်။ စစ်ဦးစီးအဖွဲ့ကပင် ဌာနချုပ်ပြောင်းရွှေ့ရေး အစီအစဉ်ပြုလုပ်နေပေပြီ။

ဟစ်တလာ စကားပြောနေစဉ် စကောဇင်နီသည် သူ့ခေါင်းဆောင်၏ မျက်နှာကို ငေးကြည့်၍ အကဲခတ်နေမိသည်။ ဟစ်တလာ၏မျက်နှာတွင် ယခုကျုံးမရဖြစ်နေသော အမူအရာများကို တွေ့ရသကဲ့သို့ တစ်ခါတစ်ရံ ခြိမ်းကြိမ်းရာ ကြံစည်မည့် အမူအရာများပင် တွေ့ရသည်။

"ကျုပ်. . .ဟစ်တလာနဲ့ဆွေးနွေးနေတဲ့ တစ်နာရီခွဲတိတိ အချိန်အတွင်းမှာ စကားလုံး (၅၀) ပြည့်အောင် မပြောခဲ့ဘူး၊ ဟစ်တလာရဲ့အမူအရာတွေဟာ တည်တည်ငြိမ်ငြိမ်မရှိလှဘူး၊ စကားကို ချိန်ဆပြီး တစ်လုံးချင်းလေးလေးပင်ပင် ပြောနေရာက ချက်ချင်း ထအော်လား အော်ရဲ့၊ ကြာတော့ စကားလုံးတွေ မကွဲတော့ဘူး၊ ကျုပ်လဲ နားလည်တစ်ချက် နားမလည်တစ်ချက်နဲ့ အငိုင်သား

နားထောင်နေမိတယ်၊ နားမလည်လိုက်တဲ့ နေရာကို ထမေးဖို့လဲ စိတ်ထဲက ဝန်လေးနေတယ်” ဟု ရက်ဒဲ(လ်)ကို စကောဇင်နီက ပြန်ပြောပြဖူးသည်။

ဟစ်တလာ အော်ဟစ်လိုက်သောအခါများတွင် သူ့မျက်လုံးများမှာ သူရူးတစ်ယောက်၏မျက်လုံးကဲ့သို့ အရောင်တဖိတ်ဖိတ်တောက်နေသည်ဟု စကောဇင်နီ ထင်မိသည်။

“ဂျာမနီဟာ နာလန်ပြန်မထူနိုင်တော့ဘူး၊ ဖုတ်ကျင်းသင်္ဂြိုဟ်ဖို့ အချိန်နဲ့ နာရီပဲ ဆုံးဖြတ်ဖို့ လိုတော့တယ်လို့ ကမ္ဘာက ထင်နေတယ်”

အော်ဟစ်ကြွေးဝါးနေရင်း ဟစ်တလာသည် လက်သီးများကို ကျစ်ကျစ် ပါအောင် ဆုပ်ထားလွန်းသဖြင့် လက်ဖျံများပင် သွေးဆုပြီး ဖြူရော်ရော် ဖြစ်နေပေပြီ။

ခေါင်းဆောင်ကြီးက စကားဆက်ပြန်သည်။

“ဒါပေမယ့် အလောင်းကောင်ကြီးဟာ သင်္ချိုင်းက ထလာပြီး အနောက် ကို ဘယ်လိုလက်စားချေလိုက်မယ်ဆိုတာသာ စောင့်ကြည့်နေကြပေတော့”

ဟစ်တလာသည် စကောဇင်နီ၏ လက်မောင်းတစ်ဘက်ကို ကိုင်၍ ဥရောပ စစ်ရေးအခြေအနေပြ မြေပုံကြီးရှိရာသို့ ခေါ်သွားသည်။

စစ်ရေးအခြေအနေပြ မြေပုံကြီးတွင် အနီအမှတ်အသားများက မဟာမိတ် စစ်တပ်များ တပ်စွဲထားရာ နယ်မြေများကို ညွှန်ပြပြီး အနက်ရောင် အမှတ် အသားများကမူ ဝင်ရိုးတန်းအင်အားစု စစ်ရေးအခြေအနေကို ညွှန်ပြနေသည်။

ယင်းစစ်ရေးအခြေအနေပြ အနီရောင်နှင့်အနက်ရောင် အမှတ်အသား ကလေးများက (၄) နှစ်အတွင်း ဂျာမနီ လက်လွှတ်ခဲ့ရသော နယ်မြေအတိုင်း အတာကို မထောက်မညှာ ညွှန်ပြလျက်ရှိသည်။ ပြင်သစ်ပြည်ကိုလည်း ဂျာမနီ လက်လွှတ်ရပြီး မြေနိမ့်ပိုင်းနယ်မြေများကိုလည်း မဟာမိတ်များလက်သို့ ဝကွက် အပ်လိုက်ပြီဖြစ်သည်။ ဒန်းကပ်တွင်လည်း နာလန်မထူနိုင်အောင်အထိ အနာကြီးနာခဲ့သော ဗြိတိသျှများသည် ယခုမူ အမေရိကန်များနှင့်အတူ ဖခင် နိုင်ငံတည်ရှိရာ တိုက်ကြီးထဲသို့ပင် ဝင်ရောက်နေကြပေပြီ။

မိမိ၏ဗိုလ်ချုပ်များကပင် မိမိအသက်ကို လုပ်ကြံသည်အထိ ဖြစ်နေခြင်း ကြောင့် နာကျည်းချက်ပြင်းပြနေသော ဟစ်တလာသည် လက်ရှိ ကျင့်သုံး နေသော ခံစစ်သေနင်္ဂဗျူဟာမှ တန်ပြန်ထိုးစစ်အသွင်သို့ ကူးပြောင်းရန် ရည်သန်ထားပြီး ဖြစ်သည်။ ယင်းသို့ ရည်သန်ထားပြီးဖြစ်သော တန်ပြန်ထိုးစစ်

ကြီးသည် ဖခင်နိုင်ငံတော်၏ လေးနှစ်အတွင်း ဆုံးရှုံးခဲ့သော နယ်မြေများကို တစ်ချိန်တည်းနှင့် ပြန်လည်သိမ်းပိုက်နိုင်လိမ့်မည်ဟု သူ ယုံကြည်ထားသည်။

ဟစ်တလာသည် စစ်ရေးပြ မြေပုံကြီးကို လက်ညှိုးညွှန်ပြ၍ မျက်လုံးပြူး မျက်ဆံပြူးနှင့် နားထောင်နေသည့် စကောဇင်နီကို ဆက်လက်ရှင်းပြသည်။

"ငါတို့အောင်ပွဲခံတဲ့ လျှပ်တစ်ပြက် စစ်ဆင်ရေးတွေကို အင်အားအရ ကော၊ ရန်သူကို အငိုက်ဖမ်းနိုင်တဲ့ အရည်အချင်းပါ ပြည့်စုံတဲ့ တန်ပြန်ထိုးစစ် တစ်ရပ်ဆင်ရမယ်၊ အဲဒီတန်ပြန်ထိုးစစ်ရဲ့ ဦးတည်ချက်ကတော့ အာဒင်နက်(စ်)ပဲ၊ အာဒင်နက်(စ်)ကို ခါးလယ်က ဖြတ်တိုက်ထားရင် မဟာမိတ်တပ်တွေ အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားလိမ့်မယ်"

ပြောလက်စ စကားကို ဖြတ်လိုက်ပြီး ဟစ်တလာသည် စကောဇင်နီကို စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်ပြန်သည်။

ထို့နောက်တွင်မှ စကောဇင်နီမှာ ရင်တမမနှင့် စောင့်မျှော်နေသော အချိန်သို့ ရောက်လာခဲ့လေတော့သည်။

"ဒါပေမယ့် စကောဇင်နီ၊ အဲဒီအစီအစဉ်တစ်ရပ်လုံးရဲ့ အောင်မြင်မှုဟာ မင်းအပေါ်မှာ တည်နေတယ်၊ ဖခင်နိုင်ငံရဲ့ ကံကြမ္မာဟာလဲ မင်းအပေါ်မှာ တည်နေတယ်ဆိုရင် မမှားဘူး"

ရင်တမမဖြင့် နားစွင့်နေသော စကောဇင်နီသည် ခေါင်းဆောင်ကြီး ပြောလိုက်သော စကားအဓိပ္ပာယ်အပြည့်အစုံကို ရိပ်စားမိလျှင် ရိပ်စားမိခြင်း ခေါင်းနားပန်းကြီးသွားသည်။

သို့ဖြင့် စကောဇင်နီသည် ရှေ့သို့ အနည်းငယ်ကိုင်း၍ ခေါင်းဆောင်ကြီး ၏ မိန့်ခွန်းကို အာရုံစိုက်လိုက်ပြန်သည်။

"ငါတို့ ရည်မှန်းထားတဲ့ တန်ပြန်ထိုးစစ်ကြီး အောင်ပွဲခံနိုင်ဖို့အတွက် ပထမ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ရမယ်၊ အဲဒီ စိတ်ဓာတ်စစ်ဆင်ရေးဟာ ရန်သူတို့ တိုက်ခိုက်မှုကို ပြန်လှည့်မကြည့်နိုင်ဘဲ သူတို့ရဲ့ နောက်ကျောကို သူတို့ မလုံတဲ့အထိ စိတ်ဓာတ်ပျက်ပြားစေမယ့် စစ်ဆင်ရေးမျိုးဖြစ်ရမယ်၊ အဲဒါကတော့ စကောဇင်နီ . . .အိုက်စင်ဟောင်းဝါးကို လုပ်ကြံလိုက်ရင် ငါတို့ လိုချင်တဲ့ အခြေအနေကို ဖန်တီးပြီးသားဖြစ်သွားမှာပဲ"

ဟစ်တလာသည် လက်ကို ဆန့်၍ စကောဇင်နီ၏ ပခုံးကို လှမ်းဖျစ် လိုက်ကာ ယုံကြည်အားကိုးသော လေသံဖြင့် ဆိုပြန်သည်။

"အဲဒီ စိတ်ဓာတ်စစ်ဆင်ရေးမျိုးကို မင်းတစ်ယောက်ပဲ လုပ်နိုင်တယ် စကောဇင်နီ၊ ဂျာမနီတစ်နိုင်ငံလုံးရဲ့ ကံကြမ္မာဟာ မင်းအပေါ်မှာ တည်နေတယ်"

ထို့နောက် ဟစ်တလာသည် စကောဇင်နီအား တပ်ပေါင်းတစ်တပ်ဖွဲ့စည်းရန် အမိန့်ပေးလိုက်ပြီး ထမ်းဆောင်ရမည့်တာဝန်၏ အသေးစိတ်ကို ဆက်လက်ရှင်းပြသည်။

"မင်းရဲ့ တပ်သားတွေဟာ ရန်သူ့စစ်ဝတ်စုံဝတ်၊ ရန်သူ့ယာဉ်တွေကို စီးပြီး ဆုတ်ခွာနေတဲ့ မဟာမိတ်တပ်တွေနဲ့ ရောလိုက်ရမယ်၊ အဲဒီလို မဟာမိတ်တပ်တွေနဲ့ ရောနှောနေတဲ့ မင်းရဲ့တပ်သားတွေက မြူ့(စ်)မြစ်ပေါ်မှာရှိတဲ့ တံတားတွေကို တက်လာမယ့် တို့တပ်တွေ အဆင်သင့် အသုံးပြုနိုင်အောင် သိမ်းပိုက်ထားပြီးဖြစ်နေရမယ်၊ အဲဒီလို အခြေအနေရှုပ်ထွေးနေခိုက်မှာ မင်းရဲ့ ကွန်မန်ဒိုအထူးတပ်ဖွဲ့တစ်ဖွဲ့က အိုက်ဆင်ဟောင်းဝါးကို လုပ်ကြံဖို့ ဗာဆေး မဟာမိတ်ဌာနချုပ်ကို ဝင်စီးဖို့ပဲ"

စကောဇင်နီသည် ဟစ်တလာနှင့် တစ်နာရီခွဲတိတိ ဆွေးနွေးသည့် သမိုင်းဝင်အကြောင်းအရာများကို ၎င်း၏မှတ်တမ်းတွင် ဤသို့ရေးထိုးမှတ်တမ်းတင်ထားခဲ့လေသည်။

"ခေါင်းဆောင်ကြီးရဲ့ မင်္ဂလာရှိသော စကားများကို ကြားလိုက်ရတဲ့ အတွက် ကျုပ်ရဲ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ကြည်ကြည်နူးနူး ဖြစ်သွားမိတယ်၊ ဂုဏ်လဲယူမိတယ်၊ ဒါကြောင့် ကျုပ်ဟာ ကျုပ်ခြေအစုံကိုရပ်ပြီး ခေါင်းဆောင်ကြီးကို အလေးပြုရင်း 'ပေးအပ်သောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါမယ် ခေါင်းဆောင်ကြီးခင်ဗျား . . .' လို့ ကတိပေးလိုက်တယ်၊ ဒါပေမယ့် ခန်းမဆောင်ကြီးထဲက မထွက်ခင်မှာပဲ ကျုပ်ထမ်းဆောင်ရမယ့် တာဝန်အတွက် တက်တက်ကြွကြွဖြစ်နေတဲ့ ကျုပ်စိတ်ဓာတ်ဟာ တစ်မဟုတ်ချင်း လျော့ကျသွားတယ်၊ 'ဒါဟာလဲ ဖခင်နိုင်ငံတော်က မင်းလိုလူမျိုးတစ်ယောက် အဆုံးအရှုံး မခံနိုင်သေးသူး စကောဇင်နီ' လို့ဆိုပြီး ကျုပ်ကို ပေးအပ်လိုက်တဲ့ တာဝန်ကို ကျုပ်အနေနဲ့ ဦးဆောင်ညွှန်ကြားဖို့သာဖြစ်ပြီး ကျုပ်ကိုယ်တိုင် စွန့်စွန့်စားစား မပြုလုပ်ရဘူးဆိုတဲ့ ခေါင်းဆောင်ကြီးရဲ့ နောက်ဆုံးအမိန့် ပေးသံကြောင့်ပဲဖြစ်တယ်"

စကောဇင်နီသည် မိမိခေါင်းဆောင်၏အမိန့်ကို ခေါင်းညိတ်၍ နာခံလာခဲ့သော်လည်း သူ၏အကြပ်တပ်သားများကို ရန်သူ့စစ်ဝတ်စုံဝတ်ဆင်စေပြီး

ရန်သူ့နယ်မြေထဲ ဝင်ရမည်ဟူသော အစီအစဉ်ကို လုံးလုံးမနှစ်မြို့မိပေ။ ထို့ကြောင့် သူသည် တပ်ရေး ရက်ဒဲ(လ်)ကို ပြောဆို ညည်းညူပြခဲ့ဖူးသည်။

"ကျုပ်တို့ဟာ ဖခင်နိုင်ငံအတွက် အသက်ပေးထားတဲ့ ဂုဏ်သရေရှိ မျိုးချစ်ဝန်ထမ်းတွေဗျ၊ သူလျှိုတွေ မဟုတ်ဘူး၊ ဒီလိုဂုဏ်သရေမဲ့တဲ့ အပြုအမူတွေလုပ်ပြီး ရန်သူပါးကွက်သားတွေရဲ့ သေနတ်ပြောင်းဝမှာ အသက်အဆုံးအရှုံးခံခြင်းဟာ မြတ်သောသေခြင်း မဟုတ်ဘူး"

စကောဇင်နီသည် ဟစ်တလာထံမှ အမိန့်ခံယူပြီး ပဏာမလုပ်ငန်းတောင်၍ ရက်အနည်းငယ်အတွင်းမှာပင် အခက်အခဲများစွာနှင့် ရင်ဆိုင်ရလေတော့သည်။ သူ ဆောင်ရွက်ရမည့် ပဏာမလုပ်ငန်းမှာ တပ်သစ်တစ်တပ်ဖွဲ့စည်းရမည်။ ထို့နောက် လေ့ကျင့်ပေးရမည်။ ယင်းသို့ တပ်သစ်ဖွဲ့စည်းပြီး လက်နက်တပ်ဆင်နိုင်ရန်မှာ စစ်အာဏာပိုင်များထံမှ အကူအညီယူရမည်ဖြစ်သည်။ ဟစ်တလာ၏ လျှို့ဝှက်အစီအစဉ်ကို အကူအညီပေးနိုင်သည့် စစ်အာဏာပိုင်များထဲမှ ဗိုလ်ချုပ်ကြီးနှစ်ယောက်သာလျှင် သိသဖြင့် စကောဇင်နီသည် တပ်သစ်ဖွဲ့စည်းရေးတွင် များစွာအခက်အခဲတွေ့နေရသည်။ အဘယ်ကြောင့်ဆိုသော် အစီအစဉ်ကို သိခွင့်ရသော ဗိုလ်ချုပ်ကြီးနှစ်ယောက်မှာ တပ်သစ်ဖွဲ့စည်းရေးတွင် အကူအညီမပေးရုံမျှမက ဆန့်ကျင်၍ပင်နေကြသည်။ အခြားဗိုလ်ချုပ်များထံ ချဉ်းကပ်ရန်မှာလည်း လွယ်ကူလှသည် မဟုတ်ပေ။ ဟစ်တလာကိုယ်တိုင် တခြားဗိုလ်ချုပ်ကြီးများကို အသိမပေးဘဲ ထားသော နိုင်ငံတော် ထိပ်တန်းလျှို့ဝှက်ကိစ္စကြီးတစ်ရပ်ကို သူ့အနေနှင့် မည်သို့မျှ ဖွင့်ဟအကူအညီတောင်းခံဝံ့မည် မဟုတ်ချေ။ ဤသို့ပြုလုပ်ရန်လည်း အခွင့်အရေးမရှိ။

အဆိုးဝါးဆုံးမှာမူ သူ အားအထားဆုံးသော ဗိုလ်ချုပ်ကြီးဗွန်ရမ်းစတက်က ခါးခါးသီးသီး ငြင်းဆိုလိုက်ခြင်းပင် ဖြစ်သည်။ ဟစ်တလာကိုယ်တိုင်အာဒင်နက်(စ်) ထိုးစစ်ကို ဦးဆောင်ရန် ပြန်လည်ခေါ်ယူထားသော ဗိုလ်ချုပ်ကြီး ဗွန်ရမ်းစတက်က ဟစ်တလာ၏ ထိုးစစ်အစီအစဉ်ကို "အဓိပ္ပာယ်မရှိတဲ့ အရှုံးစစ်ဆင်ရေး"ဟု ပြစ်တင်ရှုတ်ချပြီး အိုက်ဆင်ဟောင်းဝါး လုပ်ကြံရေးအစီအစဉ်ကိုလည်း "စစ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူများ မကြံအပ်သော အစီအစဉ်ဖြစ်သည်" ဟု ကန့်ကွက်ပြောဆိုနေသည်။

ထို့ကြောင့် စကောဇင်နီသည် ကြံရာမရဖြစ်ကာ ဗိုလ်ချုပ်ကြီးကီးတဲလ်ထံ ချဉ်းကပ်ရလေတော့သည်။ ယင်းသို့ချဉ်းကပ် အကူအညီတောင်းလိုက်ခြင်းကြောင့် ရရှိလာသော ရလဒ်မှာမူ စစ်သမိုင်းတွင် စည်းမဲ့ကမ်းမဲ့နိုင်လွန်းသော ပေါ့ဆမှုကြီးတစ်ရပ် ပေါ်ပေါက်လာရခြင်းပင်တည်း။

ထိုသို့ ဂျာမန်တပ်မတော်၏ အမှတ်မထင်ကျူးလွန်လိုက်သော ပေါ့ဆမှုကြောင့် အိုက်ဆင်ဟောင်းဝါးအား နာဇီလုပ်ကြံမှုမှ လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်ဟု ယနေ့တိုင် မဟာမိတ်ဗိုလ်ချုပ်ကြီးများက ဆိုစမှတ်ပြုကြလေသည်။

ကီးတဲလ် အမှတ်မထင် ကျူးလွန်လိုက်သော ပြစ်မှုမှာ အောက်ပါအမိန့်စာကလေးကို ထုတ်ဖော်လိုက်ခြင်းပင်ဖြစ်သည်။

## ထိပ်တန်းလျှို့ဝှက်

တပ်မကြီးမှူး၊ တပ်မမှူးနှင့် အရာရှိများသိသာရန် အထူးတာဝန်တစ်ရပ် ထမ်းဆောင်ရန်။

အင်္ဂလိပ်စကားပြောတတ်သော အရာရှိ၊ အကြပ်၊ တပ်သားများအလိုရှိသည်။ အရွေးချယ်ခံရသူများသည် ဗိုလ်မှူးကြီးစကောဇင်နီအုပ်ချုပ်သော တပ်ရင်းသစ်သို့ ပြောင်းရွှေ့ အမှုထမ်းရမည်။ လျှောက်ထားလိုသူသည် ဖရီဒင်သဲ(လ်)မြို့ရှိ ဗိုလ်မှူးကြီးစကောဇင်နီဌာနချုပ်သို့ လိပ်တပ်လျှောက်ထားရမည်။

(ပုံ) ကီးတဲလ်

စကောဇင်နီသည် ကီးတဲလ်၏ကြေးနန်းကို တွေ့လိုက်သည်နှင့် မျက်လုံးစုံမှိတ်ကာ ကောင်းကင်သို့ မော့၍ ဆောက်တည်ရာမရ ဖြစ်နေသည်။ ဒေါသဖြစ်လွန်းသဖြင့် စားပွဲကို လက်သီးနှင့်ထိုးကာ ချက်ချင်းပင် ဟစ်တလာ့ထံ လျှို့ဝှက်အစီအစဉ်ကို ဖျက်သိမ်းသင့်ကြောင်း အစီရင်ခံစာရေးလိုက်သည်။

"လျှို့ဝှက်အစီအစဉ်သည် နိုင်ငံအဝှမ်း ပျံ့နှံ့သွားပြီဖြစ်၍ ယခုအချိန်တွင် ဗာဆေးမြို့ရှိ မဟာမိတ်စစ်ဌာနချုပ်ကပင် သိရှိနေနှင့်ပြီ ဖြစ်ကြောင်း မိမိယုံကြည်သည်။ ထို့ကြောင့် အစီအစဉ်ကိုဆက်လက်အကောင်အထည် ဖော်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက် မဖြစ်နိုင်ကြောင်း"

အစီရင်ခံစာတွင် နိဂုံးချုပ် ရေးသားဖော်ပြထားသည်။

သို့သော်...စကောဇင်နီ တင်သွင်းလိုက်သော အစီရင်ခံစာသည် ဟစ်တလာလက်ဝယ်သို့ မရောက်ရှိခဲ့ပါချေ။ ၎င်းအစီရင်ခံစာကို ဗိုလ်ချုပ်ကြီး ဖီးဂီးလိမ်က လမ်းမှ ဖြတ်ယူထားလိုက်သည်။ ဗိုလ်ချုပ်ကြီးဖီးဂီးလိမ်သည် အစီရင်ခံစာပါ ဒေါသသင့်နေသော အရေးအသားဖြစ်သဖြင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ စကောဇင်နီအား ၎င်း၏ ရုံးခန်းသို့ ဆင့်ခေါ်လိုက်သည်။

ဗိုလ်ချုပ်ကြီးဖီးဂီးလိမ်၏ ရုံးခန်းထဲတွင် စကောဇင်နီသည် တစ်သက် လုံးတွင် မမေ့နိုင်သော ဆုံးမ စကားကို ကြားနာရလေသည်။

“ဒီအစီရင်ခံစာကို ဟစ်တလာမြင်လို့ မဖြစ်ဘူး၊ မင်းရဲ့အစီရင်ခံစာက နိုင်ငံတော် စစ်သေနာပတိချုပ်ရဲ့ အဆုံးအဖြတ်ကို သံသယဖြစ်တဲ့သဘော သက်ဝင်နေတယ်၊ အဲဒီတော့ စစ်ဦးစီးအဖွဲ့ဝင်အားလုံးကိုပါ မယုံကြည်ဘူးဆိုတဲ့ သဘောပဲ၊ ဒါကြောင့် ငါ အကြံဉာဏ်ပေးချင်တာကတော့ မင်းကို ပေးအပ် ထားတဲ့ တာဝန်ကို ချက်ချင်း ဆက်လက်ဆောင်ရွက်ပါ စကောဇင်နီ”

ဗိုလ်ချုပ်ကြီး ဖီးဂီးလိမ်သည် အဖိုးတန်လှသော ဩဝါဒစကားများ ချီးမြှက်ရုံမက သူလိုချင်သော အကူအညီများကို ပေးမည်ဟု ကတိပြုလိုက် လေသည်။

ကီးတဲလ်၏ပြန်တမ်းသည် စစ်မြေအသီးသီးမှ တပ်ရင်း၊ တပ်မများသို့ ရောက်ရှိသွားသည်နှင့် ဖရီဒင်သဲ(လ်) (ငြိမ်းချမ်းရေးတောင်ကြား) စစ် လေ့ကျင့်ရေး စခန်းသို့လည်း တပ်သားသစ်များ ဝင်လာမစဲ တသဲသဲ ဖြစ်နေ တော့သည်။

ဧကပေါင်းများစွာ ကျယ်ဝန်းသော သစ်တောကြီး၏အလယ်ကွင်းပြင် ကြီးထဲတွင် စေ့စပ်သေချာလှသော စကောဇင်နီသည် သူ့တပ်သားများကို ကိုယ်တိုင် စတင်လေ့ကျင့်ပေးသည်။ တပ်သားသစ်များသည် စစ်အတတ် ပညာအပြင် အင်္ဂလိပ်စကားပြော အထူးသင်တန်း၊ အမေရိကန် ‘ပီကေ’ ဗန်းစကားအသုံးပြုပုံ သင်တန်းများကိုပါ တက်ရောက်ကြရသည်။

စကောဇင်နီ၏ သင်တန်းများတွင် အမေရိကန် ‘ပီကေ’ ဝါးနည်း၊ ဘောင်းဘီအိတ်နှစ်ဘက်ထဲတွင် လက်နှိုက်၍ လမ်းလျှောက်နည်း၊ အရာရှိ တစ်ယောက်နှင့် မျက်နှာချင်းဆိုင်ခဲ့လျှင် ဂရုမမူ အရှိအသေမပြုဘဲ နေနိုင်အောင် ကျင့်နည်းစသည့် သင်တန်းများပါဝင်လေသည်။ သင်တန်းသားများ အခက်အခဲ အတွေ့ဆုံးသော သင်ခန်းစာမှာမှ လက်တစ်ဘက်တည်းဖြင့် စီးကရက်ကို

လိပ်သောက်နည်းပင်ဖြစ်သည်။ သင်တန်းသား (၃၀၀၀) ခန့်ရှိသည့်အနက် နှစ်ယောက်သာလျှင် ယင်းစီးကရက် လိပ်သောအတတ်ကို တတ်မြောက် လေသည်။

နွေရင်ဘတ်မြို့အနီး တန်းမြင့်လေ့ကျင့်ရေးစခန်းတွင် စကောဇင်နီသည် သူ့တပ်များကို အဖွဲ့ငယ်များ ဖွဲ့စည်းလိုက်ပြီး အင်္ဂလိပ်စကား ရေလည်စွာ ပြောတတ်သော သင်တန်းသားများကို အဖွဲ့ခေါင်းဆောင်များအဖြစ် ခန့်အပ် လိုက်သည်။

ထို့နောက် သင်တန်းသားများထဲမှ အတော်ဆုံး လူများကို ရွေးချယ်၍ အဖွဲ့ငါးဖွဲ့ခွဲ၍ ဖွဲ့စည်းလိုက်သည်။ ထိုအဖွဲ့များသည် ဗာဆေးဌာနချုပ်ကို စီးနင်းပြီး အိုက်ဆင်ဟောင်းဝါးကို လုပ်ကြံရမည့် အထူးတပ်ဖွဲ့များ ဖြစ်သည်။

စကောဇင်နီ၏ ကွန်မန်ဒိုသင်တန်းသည် အောင်အောင်မြင်မြင်ဖြင့် ပြီးဆုံးသွားခဲ့လေပြီ။

အစီအစဉ်တစ်ရပ်လုံး၏ အခက်အခဲဆုံးအပိုင်းဖြစ်သော အစောင့် အကြပ် အထပ်ထပ်ချထားသည့် ဗာဆေးမြို့သို့ ဝင်ရောက်ရေး အပိုင်းသာလျှင် ကျန်တော့သည်။

၎င်းအပိုင်းကိုလည်း မကြာမီပင် စကောဇင်နီက ဖြေရှင်းလိုက်သည်။ ဤသည်မှာ မဟာမိတ်စစ်ဝတ်စုံများကို ဝတ်ဆင်၍ ရုပ်ဖျက်ထားသော ကွန်မန်ဒို တစ်ဒါဇင်ကို ဂျာမန်ဗိုလ်မှူးဝတ်စုံနှင့် စကောဇင်နီကို ခြံရံကာ ယခုချက်ချင်း လက်ရဖမ်းဆီးရမိလာသည့် စစ်သုံ့ပန်းတစ်ယောက်အား ဌာနချုပ်သို့ အဆော တလျင် ပို့ဆောင်ရမည့်ဟန်ဖြင့် ဗာဆေးမြို့တွင်းရှိ အစောင့်အထပ်ထပ်ကို လိမ်ညာ၍ ဝင်သွားကြမည်ဟူသော အစီအစဉ်ဖြစ်သည်။

ဗာဆေးဌာနချုပ်အတွင်းသို့ ဝင်မိလျှင် အိုက်ဆင်ဟောင်းဝါး၏ရုံးခန်း ရှိရာသို့ အရောက်ပြေးကြရန်နှင့် အခြေအနေ ပေးအပ်လျှင် စကောဇင်နီ ကိုယ်တိုင် သတ်ဖြတ်ရန်ဟု စီစဉ်ထားသည်။ အိုက်စင်ဟောင်းဝါး၏ ရုံးခန်း တည်ရှိရာနေရာနှင့် ဌာနချုပ်တို့ ပထဝီအနေအထားများကို ကွန်မန်ဒိုများ၏ အိတ်ဆောင်မြေပုံတိုင်း၌ မှတ်သားပေးထားပြီးဖြစ်သည်။

၎င်းအစီအစဉ်မှာ ဟစ်တလာ၏ အမိန့်ကို တိုက်ရိုက်ဆန့်ကျင်နိုင်မည့် အစီအစဉ်ဖြစ်ကြောင်း စကောဇင်နီအဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်သော အစီအစဉ်ဖြစ်သည်။ ခေါင်းဆောင်ကြီးမေးလျှင် အခြေအနေအရ မလုပ်မဖြစ်၍

ကိုယ်ကို မိမိ ငါးစာအဖြစ်သုံးပြုကာ ထောင်ဖမ်းရပါသည်ဟု ဖြေရှင်းချက် ပေးရပေမည်။

၁၉၄၄–ခု၊ ဒီဇင်ဘာလ ဒုတိယအပတ်တွင် စကောဇင်နီ၏တပ်သားများသည် အာဒင်နက်(စ်) စစ်မျက်နှာသို့ ရောက်ရှိလာကြသည်။

ရှေ့တန်းရောက်တပ်များသည် မြူ(စ်)မြစ်ကို ဖြတ်ကူးပြီး အမေရိကန် အမှတ် (၁) တပ်မတော်မှ တပ်ရင်းများနှင့် ရောနှောမိသွားကြလေသည်။

ထို့နောက် သူတို့သည် မဟာမိတ်စစ်ကြောင်းများထဲသို့ စိမ့်ဝင်သွားကြပြီးကာ အဖျက်အဆီးလုပ်ငန်းများကို စတင်ကြလေတော့သည်။ ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ခြင်း၊ မြေမြှုပ်မိုင်းခင်းများကို ညွှန်ပြသည့် သတိပေးမှတ်တိုင်များကို ဖျက်ဆီးပစ်ခြင်း၊ ယာဉ်အသွားအလာ ရှုပ်ထွေးအောင် ပြုလုပ်ခြင်းစသည့် အဖျက်အဆီးလုပ်ငန်းများကို တွင်တွင်ကြီး ပြုလုပ်နေနိုင်ကြသည်။

ထိုတွင်မက မဟာမိတ်တပ်များ၏ အချက်အချာ ဌာနများကို ထောက်လှမ်းပြီး ကြိုတင်သတ်မှတ်ထားသည့် လျှို့ဝှက်အချက်ပြ စနစ်ဖြင့် မြူ(စ်)မြစ်တစ်ဘက်ကမ်းတွင်ရှိသော ဂျာမန်အမြောက်တပ်သို့ ပစ်မှတ်များ ပေးပို့နေကြသည်။

ယင်းသို့ရှိခိုက် မဟာမိတ် စစ်ထောက်လှမ်းရေးဌာနမှ ပါရဂူများသည် ဌာနချုပ်သို့ ဟိုတစ်စသည်တစ်စ ဝင်ရောက်လာသော ဟစ်တလာ၏ လျှို့ဝှက် အစီအစဉ် သတင်းအစအနများကို ချွေးတလုံးလုံးနှင့် အဖြေတွက်လျက် ရှိနေကြပေပြီ။ ယင်းသို့ အနံ့ရလာသည်မှာလည်း လွန်ခဲ့သော နှစ်လခန့်က မာရှယ်ကီးတဲလ် အမှတ်မထင် ထုတ်ပြန်လိုက်သော ပြန်တမ်းမှပင်ဖြစ်သည်။

မကြာမီပင် မာရှယ်ကီးတဲလ်ပြန်တမ်းမှ စတင်ခဲ့သော သတင်းအစအနများသည် မကြာမကြာ ဖမ်းဆီးရမိနေသော စကောဇင်နီ၏ ကွန်မန်ဒိုများထံမှ ဆောင်းမိသမျှ သတင်းများနှင့် ပေါင်းစပ်မိသွားကာ ဟစ်တလာ၏ လျှို့ဝှက် အစီအစဉ်ကြီး တစ်ရပ်လုံး ဘွားဘွားကြီး ပေါ်လာခဲ့လေတော့သည်။

ချက်ချင်းပင် ၎င်းသတင်းသည် မဟာမိတ်စစ်မျက်နှာ အရပ်ရပ်သို့ ထောမီးပမာပျံ့နှံ့သွားကာ "ဂျာမန်တွေ 'အိုက်' ကို လုပ်ကြံနေကြပြီ၊ လူသတ်တပ်ဖွဲ့ကို စကောဇင်နီ ခေါင်းဆောင်နေတယ်" ဟူသော စကားရပ်များသည် ယင်းအခါက လူတိုင်းနှုတ်များတွင် တဖွဖွပြောဆိုနေကြသော စကားများ

ဖြစ်လေသည်။ အမေရိကန်တပ်မတော်သမိုင်း၌ဒုနတွင် အကြီးအကျယ်ဆုံ
သော သူလျှိုဖမ်းဆီးပွဲကြီးဟု မှတ်တမ်းတင်ရသော သူလျှိုဖမ်းဆီးပွဲကြီးကို
စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနေကြလေတော့သည်။ မသင်္ကာလျှင် လူပုဂ္ဂိုလ်
မရွေး ဖမ်းဆီးရမည်ဟူသော အမိန့်ကို နိုင်ငံတစ်ဝန်းလုံး ထုတ်ပြန်ထားသည်

စစ်ဝတ်စုံနှင့် ရာထူးဆိုသည်မှာ အဓိပ္ပာယ်မရှိပြီ။ စစ်ဦးစီးအဖွဲ့မှ
တိုက်ရိုက်အမိန့်အာဏာအပ်နှင့်ထားသည့် တပ်ထိန်းများ မေးသော စကားဝှက်
ကို ဖြေနိုင်လျှင်ဖြေ၊ မဖြေနိုင်လျှင် အဖမ်းခံရမည်ဖြစ်သည်။ စကားဝှက်များ
မှာလည်း ရှေးယခင်ကဲ့သို့ စကားဝှက်အဟောင်းအမြွေများ မဟုတ်တော့ဘ
ခေတ်မီစကားဝှက်များကို အသုံးပြုကြသည်။ "ရုပ်ရှင်မင်းသမီး ဘက်တီ
ဂေဘဲလ်ရဲ့ နောက်ဆုံးယောကျ်ားနာမည်ကို ပြောပါ" စသည့် အဆန်းတကြယ်
မေးခွန်းများကို မေး၍ ဖြေနိုင်လျှင်လည်း အက္ခရာ "စ" နှင့် "ရ" အက္ခရာတွဲ
ဆိုရသော အသံထွက်တစ်ခုခုကို ရွတ်ခိုင်းပြန်သည်။ ၎င်းအသံထွက်မှာ
ဂျာမန်များ ပီပီသသ မရွတ်နိုင်သော အသံထွက်ဖြစ်သည်။

အထူးအာဏာရ တပ်ထိန်းများသည် လမ်းဆုံလမ်းခွများတွင် ပိတ်ဆို
ရပ်လျက် ဖြတ်သန်းသွားလာသူမှန်သမျှ "တပ်ရိုနဲ့ပင်လယ် ဓားပြများဆိုတာ
ဘာလဲ" "အညိုရောင် ဗုံးကြဲလေယာဉ်ကြီးဆိုတာ ဘာလဲ" "ဖရင့်(စ်)
စီနာထရာ ဆိုတာ ဘယ်သူလဲ" "ဂျိုးလူဝီဆိုတာ ဘယ်သူလဲ" စသည့်
နာမည်ကျော် ရုပ်ရှင်မင်းသမီး၊ မင်းသားနာမည်များနှင့် ခေတ်စားနေသော
အမေရိကန် ကာတွန်းစာအုပ်များထဲမှ ကာတွန်းဇာတ်လိုက် အမည်များကို
မေးမြန်းနေကြသည်။

အမေးခံရသူသည် မဆုတ်မဆိုင်း ဖြေနိုင်လျှင် ဖြေ၊ မဖြေနိုင်လျှင်
ချက်ချင်း အဖမ်းဆီးခံကြရမည်။

ယင်းသို့ဖြင့် အမေရိကန် ဗန်းစကားများနှင့် မရင်းနှီးသော ဗြိတိသျှ
အရာရှိများမှာ ရာလိုက်၊ ရာလိုက် အဖမ်းအဆီးခံနေကြရပြီး ခေတ်စားနေ
သော ကာတွန်းစာအုပ်များကို မဖတ်မိ၊ ဂျိုးလူဝီကို မသိရှာသော အမေရိကန်
စစ်သား လူရိုးလူအများမှာလည်း ချမ်းသာခွင့် မရရှာပါချေ။

ဤသို့ လက်မြန်လှသော တပ်ထိန်းများ၏လက်ချက်ကြောင့် အကျဉ်း
ထောင်များနှင့် အချုပ်ခန်းများတွင် ကြက်ပျံမကျ စည်ကားနေသော်လည်း

၎င်းယာယီအချုပ်သားများထဲတွင်မူ စကောဇင်နီ၏ကွန်မန်ဒိုတပ်သားများ အရေအတွက်ကား နည်းပါးလှသည်။

မဟာမိတ်ရှေ့တန်းစစ်မျက်နှာတွင်လည်း လက်တွဲတိုက်ပွဲဝင်နေသော ဘေးမှ ရဲဘော်ကိုပင် တစ်ယောက်နှင့်တစ်ယောက် မသင်္ကာသော အကြည့်များဖြင့် ကြည့်နေကြလေပြီ။ အချို့ရဲဘော်များမှာ လက်ထဲမှ သေနတ်လည်း မချရဲ၊ အိပ်စက်ပြန်လျှင်လည်း စိတ်ချလက်ချ မအိပ်ရဲဖြစ်နေကြသည်။

နာဇီတို့၏ စိတ်ဓာတ်စစ်ဆင်ရေးကား အောင်ပွဲအခံကြီးခံလျက်ရှိချေပြီ။

အာဒင်နက်(စ်)ထိုးစစ်ဆင်ရာ ဘူးလ်ဂေးစစ်ပွဲတွင် အမေရိကန်စစ်သားများမှာ ရှေ့မှ ရန်သူကိုလည်း ကြည့်ရသကဲ့သို့ နောက်ကျောမှ ရန်သူကိုလည်း မျက်ခြေမပြတ်ရဲချေ။ မည်သည့်ဘက်သို့ စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ကြရမှန်း မသိဖြစ်နေလေသည်။

အချိန်သည် ဂျာမန်ဗိုလ်ချုပ်ကြီး ဗွန်ရမ်းစတက်၏တပ်များ မြူ(စ်)မြစ် အနီးသို့ ရောက်ရှိကြ၍လည်းကောင်း၊ ဖြတ်ကျော်၍လည်းကောင်း ရှိနေကြခိုက်ဖြစ်သည်။

စစ်ရေးအခြေအနေ၏ ချိန်ခွင်လျှာသည် ဂျာမန်များဘက်သို့ စောင်းငဲ့လာခဲ့ချေပြီ။

ယင်းအခိုက် ကောလဟာလ သတင်းတစ်ရပ်က စကောဇင်နီ အသေခံတပ်ဖွဲ့သည် အနောက်အရပ်မှ ထိုးဖောက်ဝင်ရောက်လာကာ ပဲရစ်မြို့၊ စိန့်ဂျာမိန်း အရပ်ရှိ အိုက်ဆင်ဟောင်းဝါး၏ အိမ်သို့ ဦးတည်ချီတက်နေကြပြီ။ ပထမ မဟာမိတ်များဘက်မှ မျှော်လင့်ထားသကဲ့သို့ ဗာဆေးဌာနချုပ်သို့ ဦးတည်နေခြင်း မဟုတ်ဟု ဆိုလာပြန်သဖြင့် လုံခြုံရေးဌာနအဖွဲ့ဝင်များသည် စိန့်ဂျာမိန်းအိမ်တော် အနီးတစ်ဝိုက်တွင် ခြေချင်းလိမ်နေကြပြန်လေသည်။

တပ်မတော်သားများ၏ အချစ်တော် အိုက်ဆင်ဟောင်းဝါးသည် တပ်မတော် အရာရှိများနှင့် အကြပ် တပ်သားများ အကြား 'ကွာဟမှု' ကို ကျဉ်းမြောင်းသွားစေရန် ကြိုးစားနေသူဖြစ်သည်။ ၎င်းကိုယ်တိုင်လည်း အကြပ် တပ်သားများနှင့် ရင်းရင်းနှီးနှီးနေခြင်းအားဖြင့် တပ်မတော်စိတ်ဓာတ်ရေး ရာကို မြှင့်တင်ပေးနေသူဖြစ်လေရာ ပြင်သစ်နှင့် ဘယ်လ်ဂျီယံကြားရှိ ရှေ့တန်း စစ်မျက်နှာတပ် စခန်းအသီးသီးသို့ ခရီးစဉ် ကြိုတင်ကြေညာခြင်း မရှိဘဲ လွတ်လွတ်လပ်လပ် လှည့်လည်သွားလာနေသည်။

ဤသို့ နောက်လိုက်အရာရှိတစ်ယောက်နှင့် ယာဉ်မောင်းသူတစ်ယောက်ကိုသာ ခေါ်ဆောင်ပြီး လွတ်လွတ်လပ်လပ် ခရီးဆန့်နေသော အိုက်ဆင်ဟောင်းဝါးကို လုံခြုံရေး တာဝန်ခံများက သောကမကင်း ဖြစ်လာကြကာ ၎င်းခရီးများကို ရပ်တန့်ရန် တောင်းပန်ရတော့သည်။

ထိုတွင်မက နောက်ဆုံးဖြစ်ပွားလာသော ကောလဟာလ သတင်းများကြောင့် အိုက်စင်ဟောင်းဝါးအား စိန့်ဂျာမိန်းအိမ်တော်မှ အစောင့်အကြပ်ထူထဲသော ဗာဆေးဌာနချုပ် ထရီးအာနွန် အဆောက်အဦသို့ ပြောင်းရွှေ့ခိုင်းကြပြန်လေသည်။

ထရီးအာနွန် အဆောက်အဦတွင်လည်း အိုက်ဆင်ဟောင်းဝါးသည်ကိုယ်လက်ဆန့်ရန် အဆောက်အဦဝင်းအတွင်းသို့ပင် ဆင်းခွင့်မရရှာတော့ချေ။

ဤသို့ အိုက်စင်ဟောင်းဝါး ပြောင်းရွှေ့နေထိုင်ကာမှပင် ကောလဟာလသတင်းများမှာ ပိုမိုဆိုးဝါးလာပြန်သည်။ စကားများကလည်း ကားသည်ထက်ကားလာကြသည်။ “မျက်နှာတွင် ကန်လန့်ဖြတ် အမာရွတ်ကြီးနှင့် အရပ် (၇) ပေရှိ လူသတ်သမားကြီးက ‘အိုက်’ကို သတ်ရန် ချောင်းနေပြီ” ဟု ဆိုလာကြပြန်သည်။ ယင်းသတင်းသည် ဤမျှနှင့် ရပ်တန့်၍ မသွားသေး။ ထို (၇) ပေ လူသတ်သမားကြီးသည် ၎င်း၏ ဂိုဏ်းသားများနှင့် ပျော်ပွဲစားရုံကြီးတစ်ရုံတွင် ချိန်းတွေ့လိမ့်မည်ဟူသော နောက်ဆက်တွဲသတင်းကြောင့် လုံခြုံရေးဌာနက ကဖီးဒီလာပစ် နိုင်ငံကျော်ပျော်ပွဲစားရုံကြီးတွင် အစောင့်များ ချထားကြရပြန်သည်။ ပဲရစ်မြို့ကိုလည်း နေဝင်မိုးငြိမ်း အမိန့်ထုတ်လိုက်ရသည်။

လုံခြုံရေးဌာနမှ ဖမ်းဆီးရမိသော ကွန်မန်ဒိုများကို စစ်ဆေးလိုက်တိုင်း စကောဇင်နီ၏ ကွန်မန်ဒိုတပ်မှဟူ၍လည်းကောင်း ကြားနေကြ အစစ်ခံချက်များကိုပင် ကြားနေရသည်။

ယင်းအဖြစ်အပျက်များထဲတွင် အဆန်းတကြယ်အဖြစ်အပျက်များလည်း ရှိသေးသည်။

အမေရိကန် ဒုတပ်ကြပ်ဝတ်စုံကို ဝတ်ဆင်ရပ်ဖျက်ထားသည့် ကွန်မန်ဒိုတစ်ယောက်သည် အစောင့်အထပ်ထပ်ချထားသော ဗာဆေးစစ်မြေအတွင်းသို့ ခက်ခက်ခဲခဲ ဝင်ရောက်လာသည်။ ထို့နောက် ဌာနချုပ်အဆောက်အဦဝင်းအတွင်းသို့ ဝင်ရန် ကြိုးစားနိုက် အပေါက်မှ ဆီးကြိုမေးလိုက်သော တပ်ထိန်း

တစ်ယောက်၏ ခေတ်ဆန်းပုစ္ဆာများကြောင့် စိတ်ဓာတ်အကျကြီးကျကာ ချာခနဲ လှည့်ပြေးလေတော့သည်။

ထွက်ပြေးသွားသော ကွန်မန်ဒိုကို အစောင့်များက လိုက်လံဖမ်းဆီးရန် ဟန်ပြင်လိုက်စဉ်မှာပင် ဌာနချုပ်ကို ကာရံထားသော လျှပ်စစ်ဓာတ်အား လွှတ်ထားသည့် သွပ်ဆူးကြိုးများဆီမှ တရှုံးရှုံး တရှဲရှဲအသံများကို ကြားလိုက်ရပြီး အပြာရောင် မီးခိုးလုံးကြီးများကြားတွင် ပုံလျက်သား လဲကျသွားသော ကွန်မန်ဒိုကို တွေ့လိုက်ကြရသည်။

အိုက်ဆင်ဟောင်းဝါး၏ အတွင်းရေးမှူး ဗိုလ်ခေးစမ်မာစဘီသည် သူ၏ 'ကျွန်မဆရာ အိုက်စင်ဟောင်းဝါး' ဆိုသည့် စာအုပ်တွင် ထိုအချိန်အခါက ဗာဆေးဌာနချုပ်အခြေအနေကို ဤသို့ ရေးသားဖော်ပြထား၏။

"ပထမနေ့ ဌာနချုပ်တစ်ဝိုက်မှာ သွပ်ဆူးကြိုးတွေ ပေါ်လာတာတွေ့လိုက်ရတယ်၊ ဒုတိယနေ့ကျတော့ ဌာနချုပ်ဝင်းထဲကို တင့်ကားကြီးတွေ မောင်းသွင်းလာကြတယ်၊ ဌာနချုပ်မှာ ချရိုးချစဉ်ချထားတဲ့ အစောင့်ဦးရေဟာ ပထမနေ့ တစ်ဆတိုး၊ ဒုတိယနေ့ နှစ်ဆတိုးနဲ့ လေးဆလောက်အထိ ဖြစ်လာတယ်၊ ဌာနချုပ်ပတ်ဝန်းကျင်မှာ ကားရဲ့အိပ်ဇောပေါက်သံ ကြားတာတောင်မှ ရုံးခန်းတိုင်း လုပ်လက်စ အလုပ်တွေကို ရပ်လိုက်ကြပြီး ကျွန်မတို့ရဲ့ရုံးခန်းကို 'ဗိုလ်ချုပ်ကြီး ဘာဖြစ်သွားသလဲ' လို့ ဝိုင်းပြီး တယ်လီဖုန်းဆက်တော့တာ ပါပဲရှင်"

ယင်းအခိုက်တွင် လုံခြုံရေးဌာနသည် ဗိုလ်ချုပ်ကြီးအိုက်စင်ဟောင်းဝါး မသိစေရန် လျှို့ဝှက်စွာ စကောခင်နီကို အစာနှင့် မျှား၍ ထောင်ဖမ်းနေပေပြီ။

ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်းဝါးနှင့် ရုပ်ချင်းဆင်သော ချီကာဂိုမြို့သား ဗိုလ်မှူးကြီးဘော်လ်ဒွင်ဘီစမစ်အား ကြယ်ငါးပွင့်အမှတ်အသားပါသည့် အိုက်စင်ဟောင်းဝါး ကားစိမ်းကြီးကို စီးလျက် စိန့်ဂျာမိန်းအိမ်တော်နှင့် ဗာဆေးဌာနချုပ်ကို စနစ်ချည်ဆန်ချည် ကူးလူးခိုင်းထားသည်။

ဗိုလ်မှူးကြီးစမစ်သည် သံလွင်ရှက်ရောင် ကားစိမ်းကြီးနောက်ပိုင်းတွင် တည်တည်ခန့်ခန့်ကြီး ထိုင်လျက် လမ်းတစ်လျှောက် ခရီးသွားခရီးလာ အရှေ့၊ အကြပ်၊ တပ်သားများ၏ အလေးပြုခြင်းကို ခံယူ၍လည်းကောင်း၊ ကမ္ဘာကျော် အိုက်ဆင်ဟောင်းဝါး၏အပြုံးကို တွင်တွင်ကြီးပြုံးပြကာ ပြန်လှန်ဆက်ပြ၍လည်းကောင်း လိုက်ပါလာသည်။

တစ်ဘက်တွင် သဏ္ဍာန်လုပ် သရုပ်ဆောင်နေရခိုက် အချိန်မရွေး ပေါ်လာနိုင်သော ရန်သူ့လက်ပစ်ဗုံးသံနှင့် စက်သေနတ်သံများကို ရင်တမမနှင့် စောင့်စားနေရရှာသည်။

ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် နောက်ပိုင်းတစ်နေရာ၌ ရှေ့တန်းရောက် ကွန်မန်ဒိုများ၏ လှုပ်ရှားမှုကို ကြီးကိုင်ညွှန်ကြားနေသော စကောဇင်နီသည် ရည်ရွယ်ရင်းဖြစ်သည့် 'သုံ့ပန်းအတု' နည်းပရိယာယ်ကို အကောင်အထည် ဖော်ရန် စတင်စိုင်းပြင်းလေတော့သည်။

ပထမ သုံ့ကို ဖမ်းဆီးမည့်လူများအဖြစ် သရုပ်ဆောင် ရန်သူ၏ လက်ရွေးစင် ကွန်မန်ဒိုများထံမှ အတော်ဆုံး လူ (၁၂) ယောက်ကို ရွေးချယ် လိုက်သည်။ ထို့နောက် ၎င်းကွန်မန်ဒိုများကို တစ်ယောက်စီ အစီအစဉ် အသေးစိတ်ရှင်းပြ၏။ အကျဉ်းသားအဖြစ် သရုပ်ဆောင်မည့် စကောဇင်နီ၏ လက်ကောက်ဝတ်နှစ်ဘက်တွင် လက်ထိပ်ပါရှိမည် ဖြစ်သော်လည်း ၎င်း၏ လက်ထိပ်ကိုမူ သော့ခတ်ထားမည် မဟုတ်ချေ။ အမေရိကန် အရာရှိကြီးများ စီးသည့် ကားတစ်စီးနှင့် ပဲရစ်မြို့တောင်ပိုင်းမှ ဖြတ်မောင်းကာ ဗာဆေးမြို့သို့ ဝင်မည်။

ဗာဆေးမရောက်ခင် တစ်နေရာတွင် ကားကိုစွန့်ပစ်ခဲ့ပြီး ဗာဆေးစစ်မြေ အတွင်း ခြေလျင်ဝင်မည်။ ဗာဆေးအဝင်တွင် 'သုံ့ပန်းအတု' နည်းပရိယာယ် ကြီးနှင့် လိမ်ညာဝင်၍ မရလျှင် တိုက်ခိုက်ဝင်မည်။ ဌာနချုပ်အတွင်းသို့ ဦးစွာရောက်သောသူက အိုက်ဆင်ဟောင်းဝါးအား လုပ်ကြံမည်ဟူ၍ ကွန်မန်ဒို အသီးသီး နားလည်လိုက်ကြ၏။

သို့သော် နောက်တစ်နေ့တွင် ရောက်ရှိလာသော သတင်းကြောင့် အစီအစဉ်တစ်ခုလုံးကို ခေတ္တ ရပ်ဆိုင်းလိုက်ရသည်။ ရောက်ရှိလာသော သတင်းမှာ မကြာမီ အိုက်စင်ဟောင်းဝါးသည် ထရီးအာနွန်အဆောက်အဦတွင် အိမ်တွင်းပုန်းလုပ်နေရာမှ ရင်း(မ်)(စ်)မြို့ရှိ တပ်စခန်းတစ်နေရာသို့ သွားရောက် စစ်ဆေးလိမ့်မည်ဟူသော သတင်းပင်ဖြစ်၏။ ထိုကြောင့် စကောဇင်နီသည် ပထမအစီအစဉ်ကို ဖျက်သိမ်းလိုက်ရပြီး အိုက်ဆင်ဟောင်းဝါး. . .ရင်း(မ်)(စ်)သို့ အသွား လမ်းမှ ဖြတ်ကျော်၍ ချုံခိုတိုက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ စကောဇင်နီသည် ချက်ချင်းပင် ပဲရစ်နှင့် ရင်း(မ်)(စ်)လမ်းပန်းအဆက်အသွယ် ပထဝီအနေအထားများကို မြေပုံရှေ့ချ၍ အလုပ်များနေကာ ဘာလင်မြို့

ဆောက်လုပ်ရေးဌာနချုပ်သို့လည်း မဟာမိတ်အရာရှိကြီးများ ပဲရစ်မှ ရင်း(မ်)(စ်) သို့ သွားလေ့သွားထရှိသော လမ်းကို သိချင်ကြောင်း လှမ်း၍ သတင်းတောင်း လိုက်သည်။

သို့သော် ဘာလင်မှ သူ လိုချင်သော အဖြေမရသဖြင့် ပဲရစ်နှင့် ရင်း(မ်)(စ်)သို့ သွားနိုင်သောလမ်းများအနက် အိုက်ဆင်ဟောင်းဝါး သွားခြင်း သွားလျှင် အနီးဆုံးသော လမ်းမကြီးကပင် သွားတန်ရာသည်ဟု စွန့်စား၍ ဆုံးဖြတ်လိုက်ရသည်။

လမ်းရွေးချယ်ပြီး သွားသောအခါတွင်မူ အလုပ်မှာ သိသိသာသာကြီး လွယ်ကူသွားပြီဖြစ်၍ ချုံခိုတိုက်ခိုက်မည့်နေရာအဖြစ် ဗာဆေးနှင့်ပဲရစ်လမ်းကို သတ်မှတ်လိုက်သည်။

ချုံခိုတိုက်ပွဲအတွက် လိုအပ်သော အစီအစဉ်များ စီစဉ်ပြီးသွားသည်နှင့် လက်ရွေးစင် ကွန်မန်ဒို (၁၂) ယောက်အနက် (၆) ယောက်သည် အမေရိကန် အမှတ် (၁) တပ်မတော်တံဆိပ်ပါသော ဂျစ်ကားတစ်စီးပေါ် တက်လိုက်ကြ၏။ ကားထိုင်ခုံများအကြားတွင် လက်ပစ်ဗုံး တစ်သေတ္တာကိုလည်း တင်နှင့် ထားပြီး ဖြစ်သည်။

ကားမထွက်မီ ဓာ့စပ်သေချာလှသော ကွန်မန်ဒိုတပ်မှူးစကောဇင်နီသည် ပစ်မှတ်မှားယွင်းချတ်ချော်မှုများ မရှိစေရန် အိုက်ဆင်ဟောင်းဝါး၏ အနီးကပ် ဓာတ်ပုံတစ်ပုံကို သူ့ကွန်မန်ဒိုများအား တစ်ယောက်စီ လိုက်လံပြသလိုက်သည်။

ထို့နောက်တွင်မူ 'ဟေး...ဟစ်တလာ'ဟု သံပြိုင်ဟစ်ကြွေးလိုက် သော အသံကြီးတစ်သံ ဂျစ်ကားထဲမှ ထွက်ပေါ်လာသည်။

ဤကား အခြေအနေအရ မရှောင်မလွှဲသာ နောက်ပိုင်းတွင် နေရစ်ရ ဦးမည့် တပ်မှူးအား လူသတ်တပ်ဖွဲ့က စစ်မြေသို့ ထွက်ခွာခါနီး အလေးပြု နှုတ်ဆက်လိုက်ကြခြင်းဖြစ်သည်။

စက်ကုန်ဖွင့်၍ အပြင်းမောင်းနှင်လာသော ဂျစ်ကားကလေးသည် ပဲရစ်–ဗာဆေးလမ်းခွဲသို့ အရောက်တွင် လမ်းဘေးရှိ ခပ်အုပ်အုပ်ချုံကွယ် တစ်ခုနောက်သို့ ထိုးဆိုက်လိုက်သည်။

ထို့နောက် သူတို့သည် တိုက်ခိုက်ရမည့် ရန်သူကို တိတ်ဆိတ်ငြိမ် သက်စွာ စောင့်ဆိုင်းနေသည်။

အဖြစ်အပျက်ကား မြန်ဆန်လွန်းလှသည်။

ဣန္ဒြေကြီးတစ်ခွဲသားနှင့် မနေးမမြန်မောင်းနှင်လာသော ကားစိမ်းကြီး ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဖွဲ့ခေါင်းဆောင်လုပ်သူက ယာဉ်မောင်း သူကို အချက်ပြလိုက်၏။ ခေါင်းဆောင် အချက်ပြလျှင်ပြခြင်း အကင်းပါးလှ သော ကွန်မန်ဒိုများက ထိုင်ခုံကြားမှ လက်ပစ်ဗုံးသေတ္တာကို ဖွင့်လိုက်ကြသည်။

မရှေးမနှောင်းမှာပင် ကားစိမ်းကြီးသည် ဗာဆေးလမ်းဘက်သို့ ချိုးကွေ့ လိုက်သည်။

ယင်းအခိုက်လမ်းပေါ်သို့ တစ်ရှိန်ထိုးမောင်းတက်လာသော ဂျစ်ကား လေးသည် ကားစိမ်းကြီးကို ကျော်တက်ရန် ကြိုးစားနေပေပြီ။

ဂျစ်ကားလေးသည် အနည်းငယ် တိမ်းပေးလိုက်သော ကားစိမ်းကြီး အားသို့ ဝင်ရောက်နေရာယူလိုက်သည်။ ထိုနောက် ဂျစ်ကားပေါ်မှ ကွန်မန်ဒို များက လက်ပစ်ဗုံးများကို ကားစိမ်းကြီး၏အတွင်းသို့ ပစ်သွင်းလိုက်ကြ၏။

ပေါက်ကွဲသံကြီး မြည်းဟည်းဆဲမှာပင် ဂျစ်ကားလေးသည် အချင်း ဖြစ်ပွားရာနေရာနှင့် ဝေးကွာနိုင်သမျှ ဝေးအောင် စက်ကုန်ဖွင့်နေချေပြီ။

သူတို့သည် ဂျာမန်များတပ်စွဲထားသည့် မြူ(စ်)မြစ်တစ်ဘက်ကမ်းသို့ သွားရန် ကြိုးစားခိုက် မမျှော်လင့်ဘဲ ခါတ်ဆီကုန်သွားသဖြင့် ခါတ်ဆီဆိုင် ထဲသို့ ထိုးဝင်ခဲ့ရသည်။

အကယ်၍သာ ဂျစ်ကားမောင်းသူ ဖရင့်(စ်)ခက်စလာက "ကျေးဇူးပြု၍ ခါတ်ဆီထည့်ပေးစမ်းပါဗျာ" ဟု မပြောဘဲ "ဆီဖြည့်စမ်းဗျို့" ဟူ၍ အမေရိကန် စစ်သားများ၏ ခါတ်ဆီဖြည့်နည်း နိသသရည်းကို စနစ်တကျ သုံးစွဲခဲ့ပါမူ သူတို့သည် မြူ(စ်)မြစ်တစ်ဘက်ကမ်းသို့ ဖြတ်ကူးလွတ်မြောက်ကြမည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

ယင်းသို့ပင် ထိုနေ့က စစ်သေနာပတိချုပ် အိုက်ဆင်ဟောင်းဝါးသည် သူတစ်ပါးကို ကူညီလိုစိတ် မဖြစ်ပေါ်ခဲ့ပါလျှင် ဌာနေဖြစ်သော ဝါရှင်တန် မြို့တော်ကြီးသို့ ပြန်ရောက်မည်မဟုတ်။ ဗာဆေးလမ်းတွင်ပင် အသက်စတေး ခဲ့ရမည်မှာ သေချာလှပါသည်။

"လက်ပစ်ဗုံး အပစ်ခံရတဲ့ ကားထဲမှာ အိုက်ဆင်ဟောင်းဝါး မပါဘူး ဆိုရင် ဘယ်သူပါသွားသလဲ"

"အိုက်ဆင်ဟောင်းဝါး ဘယ်ရောက်နေသလဲ"

ယင်းမေးခွန်းများသည် ထိုနေ့က ဗာဆေးဌာနချုပ် အပါအဝင် ဟောမိတ်အင်အားစု အားလုံးက မေးနေသည့် မေးခွန်းများဖြစ်သည်။

အချင်းဖြစ်ပွားပြီးလျှင်ပြီးခြင်း အိုက်ဆင်ဟောင်းဝါးကို စိုးရိမ်တကြီး လိုက်ရှာနေကြသူများသည် အိုက်ဆင်ဟောင်းဝါးကို ရှာမတွေ့ဖြစ်နေကြရသည်။ ဌာနချုပ်တွင်လည်း မရှိ၊ ရင်း(မ်)(စ်)သို့သွားသည်မှာလည်း ပြန်ရောက်သင့်သည်မှာ ကြာပြီဖြစ်သည်။ နေ့တစ်ဝက်သို့ တိုင်လင့်လာသောအခါတွင်မူ "အိုက်ဆင်ဟောင်းဝါးကို နာဇီတွေဖမ်းသွားပြီ" "အိုက်ဆင်ဟောင်းဝါး ပျောက်နေပြီ" ဟူသော ကောလဟာလ သတင်းများသည် တစ်မြို့လုံး တောမီးပမာ ပျံ့နှံ့သွား၏။ ဗာဆေးဌာနချုပ်တစ်ခုလုံး ရတ်ရတ်သဲသဲဖြစ်နေကြပြီး လုံခြုံရေးဌာနကလည်း အမေရိကန်တပ်မတော်ကို တပ်လှန့်နိုးဆော်ထား၏။

ဗာဆေးဌာနချုပ်သည် လုံခြုံရေးဌာန၏ အရည်အချင်းကို သံသယမရှိ ယုံကြည်ပြီးဖြစ်သော်လည်း အိုက်ဆင်ဟောင်းဝါးအတွက် သောကမကင်း ဖြစ်နေကြသည်။

ယင်းသို့ ဌာနချုပ် ဣန္ဒြေပျက်နေသည်ကိုလည်း အပြစ်တင်ဖွယ်ရာ မရှိပြီ။

သူတို့ရှေ့တွင်ပင် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါး၏ နေရာတွင် အစားသေခဲ့ရသော ဗိုလ်မှူးကြီးအက်(ဖ်)အဲ(လ်)ချား(လ်)စမစ်နှင့် တပ်ကြပ်ကလေး ဟာစ်(ခ်)(စ်)တို့၏ အလောင်းများကို တွေ့မြင်နေရပြီ မဟုတ်ပါလော။

စစ်စောင်များနှင့် ဖုံးလွှမ်းထားသော အလောင်းနှစ်လောင်းသည် ဗာဆေး လမ်းခွဲဘေးတွင် ရှိသည်။ သို့သော် ယင်းသို့ ဌာနချုပ်တစ်ခုလုံး ဆောက်တည်ရာမရ ပူပင်သောက ရောက်နေစဉ်မှာပင် ထိုနေ့ ညနေခင်းတွင် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးသည် ဌာနချုပ်ရုံးခန်းအတွင်းသို့ ကမ္ဘာကျော် အပြုံးကို ပြုံး၍ တည်ငြိမ်အေးဆေးသော အမူအရာနှင့် ဝင်လာလေသည်။

ဗိုလ်ချုပ်ကြီးအား သေရာမှ ပြန်ရှင်လာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသော ရုံးအဖွဲ့ဝင်များသည် ပါးစပ်အဟောင်းသားနှင့် ကြက်သေသေ၍ ကြည့်နေရာမှ ဖြုန်းဖြုန်းဒိုင်းဒိုင်း လှုပ်ရှားလာကြသည်။ အထက်တန်းအရာရှိကြီးများသည် လူကြီးတန်မဲ့ ဣန္ဒြေမဆောင်နိုင်တော့ဘဲ ဝမ်းသာလုံးဆို့လျက် ထခုန်သူက ခုန်၊ အားနွဲ့သူ ဗိုလ်ကြီးမမများကလည်း မျက်ရည်လည်ရွဲနှင့်

အော်ဟစ်၍ ဘုရားသခင်ကို ကျေးဇူးတင်စကား ဆိုလိုဆိုနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေတော့သည်။

"ဗိုလ်ချုပ်ကြီး ဘယ်သွားနေသလဲ" "ဘာဖြစ်လာသေးလဲ" ဟု ဝိုင်းဝိုင်းလည်အောင် မေးနေကြသော မေးခွန်းများကို ဗိုလ်ချုပ်ကြီး၏ကိုယ်စား ယာဉ်မောင်းသူက ပြန်ဖြေသည်။

"ကျွန်တော်တို့ ရင်း(မ်)(စ်)ကိုသွားတာ ပဲရစ်မြို့အထွက် (၁၅) မိုင်လောက်ရောက်တော့ အဘိုးကြီးတစ်ယောက်နဲ့ အဘွားကြီးတစ်ယောက် လမ်းဘေးက ဆီးနှင်းတွေပေါ်မှာ ထိုင်နေတာ တွေ့လိုက်ရတယ်၊ အဘွားကြီးကလဲ ငိုနေတယ်၊ ဒါနဲ့ အိုက်က ကျွန်တော့်ကို ကားရပ်ခိုင်းလိုက်ပြီး ဆင်းမေးလို့ ပြောတယ်၊ ကျွန်တော်က ဆင်းမေးတော့ အဘွားကြီးနဲ့ အဘိုးကြီးဟာ ပဲရစ်မြို့မှာရှိတဲ့ သမီးဆီကိုသွားတာ မနက်မိုးလင်းကတည်းက လျှောက်နေတာ အခုမှ ဒီရောက်သေးသတဲ့ဗျာ၊ အဘွားကြီးကလဲ မလျှောက်နိုင်တာနဲ့ ငိုနေတာလို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော်လဲ အကျိုးအကြောင်းကို အိုက်ပြန်ပြောတော့ အိုက်က ချက်ချင်း အဘိုးကြီးနဲ့ အဘွားကြီးကို ကားပေါ်ခေါ်တင်ခိုင်းပြီး သူတို့သွားချင်တဲ့နေရာကို လိုက်ပို့လိုက်ပါလို့ ပြောတယ်၊ အို...သူတို့ရဲ့ သမီးအိမ်ကို ကျွန်တော် လိုက်ရှာရတာဗျာ၊ တစ်နေကုန်ပါပဲ၊ အိမ်က မြို့စွန်တစ်ဘက်မှာဗျ၊ အိုက်ရဲ့စေတနာတွေကို ခင်ဗျားတို့သိတဲ့အတိုင်းပေါ့ဗျာ"

ယာဉ်မောင်းသူက သူ့ဗိုလ်ချုပ်၏ လွန်ခဲ့သော စေတနာကို စိတ်ကုန်ကုန်ဖြင့် ညည်းညူလိုက်သည်။

ဂျာမန်များ အာဒင်နက်(စ်) ထိုးစစ်တွင် မရှုမလှ အရေးနိမ့်သွားရသော အခါတွင်မှ စကော့ဇင်နီသည် အကွဲကွဲအပြားပြားဖြစ်နေသော သူ့ကွန်မန်ဒိုများကို ပြန်လည်စုရုံးကာ ဖခင်ဂျာမန်နိုင်ငံသို့ ပြန်ဝင်လာခဲ့လေသည်။

ဟစ်တလာသည် စွမ်းစွမ်းတမံ အမှုတော်ထမ်းရွက်သော စကော့ဇင်နီကို နှစ်ထောင်းအားရရှိလှသဖြင့် 'အိုင်းရင်းခရော့' ဆုတံဆိပ်ကို ချီးမြှင့်ရုံမက ဘုလ်ဂေးစစ်ပွဲတွင် ပထမပိုင်း အရေးသာခဲ့ခြင်းသည် စကော့ဇင်နီ၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်ဟု ဖွင့်ဟချီးကျူးလေသည်။

ဟစ်တလာသည် ကမ္ဘာကျော်ကွန်မန်ဒိုကြီးစကော့ဇင်နီ၏ ရင်ဘတ်တွင် အိုင်းရင်းခရော့(စ်) ဆုတံဆိပ်ကြီးကို ချိတ်ပေးစဉ် "ကျွန်ုပ်တို့အောင်ပွဲ

ရခြင်းသည် ရာသီဥတု ဆိုးဝါးမှုနှင့် စစ်လက်နက်ပစ္စည်းချို့တဲ့မှုကြောင့် ဖြစ်သည်"ဟု မိန့်မြွက်လေသည်။

စကောဇင်နီသည် စစ်ကြီးပြီးဆုံးသွားသည်အထိ ဖခင်နိုင်ငံတော်အတွက် စွန့်စွန့်စားစား အမှုတော်ထမ်းရွက်ခဲ့လေသည်။

စစ်ကြီးပြီးဆုံးသွားသောအခါတွင်မူ စကောဇင်နီသည် သြစတေးရီးယား ပြည်၊ စလက်ဇဘက်မြို့အနီးရှိ စစ်ဌာနချုပ်အတွင်းသို့ ရင်ကော့၍ ဝင်လာသည်။

ထို့နောက် သူသည် ဌာနချုပ်တာဝန်ခံ တပ်မှူးကို အလေးပြုလိုက်ကာ ပြင်ပြင်ပြတ်သားသော အသံဖြင့် သတင်းပို့လိုက်သည်။

"အက်(စ်)အက်(စ်) ဒုဗိုလ်မှူးကြီးစကောဇင်နီ လက်နက်ချအပ်ပါ တယ်ခင်ဗျား..."

ဤကား တူအဖြစ် ထုရန် ရဲဝံ့သကဲ့သို့ ပေအဖြစ် အထုခံရန်လည်း ဦးမရှုံ့တတ်သော ကမ္ဘာကျော်ကွန်မန်ဒိုကြီးစကောဇင်နီ၏ ဇာတ်သိမ်းခန်းပင် ဖြစ်ပါသည်။

ဒီဇင်ဘာလမှစ၍ ရင်တမမ ဖြစ်နေရရှာသော လုံခြုံရေးဌာနသည် "စကောဇင်နီ လက်နက်ချလိုက်ပြီ" ဟူသော သတင်းကြောင့် ဘဝင်ကျခွင့် ရသွားရှာပါသည်။

စစ်ကြီးပြီးဆုံးဖြစ်၍ အိမ်ပြန်ရန် စိတ်စောနေကြသော အမေရိကန် တပ်သားများသည်လည်း နောက်ကျောကို ပြန်ပြန်ကြည့်နေရသည့် ဒုက္ခမှ ကင်းလွတ်ခွင့် ရသွားရှာပါလေတော့သည်။

✧

## တာပစ်(ဇ)

၁၉၄၃–ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့၏ အရုဏ်ဦးကွင်ဖြစ်သည်။

နော်ဝေးနိုင်ငံ၏ မြောက်ဘက်မိုင် (၄၀၀) ခန့်ရှိ နော်ဝေးပိုင် ကျွန်းတစ်ကျွန်းဖြစ်သည်။ "စပစ်ဘာဂျင်" ကျွန်း၏ ကမ်းရိုးတန်းအလွန်နေရာတွင် ဥရောပတစ်ခွင်၌ လက်နက်အင်အား အကောင်းဆုံးလည်းဖြစ်ပြီး အကြီးမားအခိုင်ခံ့ဆုံးလည်း ဖြစ်သော 'တာပစ်(ဇ်)' အမည်ရှိ ဂျာမန်စစ်သင်္ဘောကြီးသည် အာတိတ်သမုဒ္ဒရာ၏ နှင်းထုကို ဖောက်ထွင်းကာ မနေ့မမြန် မှန်မှန်ခုတ်မောင်းနေလေသည်။

ယင်းသင်္ဘောကြီး၏နောက်မှ အင်အားကောင်းလှသည့် သင်္ဘောအုပ်စုတစ်စုကလည်း အစောင့်အရှောက်အဖြစ် ခြံရံလိုက်ပါလျက် ရှိလေသည်။

ယခုမှ တာပစ်(ဇ်)သည် အရုဏ်ဦး၏ မှုန်ရီရီ အမှောင်ထုကို အရိပ်ခိုကာ စစ်ရေးအရ အရေးပါလှသည့် ရန်သူပိုင် အချက်အချာ ကျွန်းတစ်ကျွန်းဆီသို့ တစ်စတစ်စ ချဉ်းကပ်နေပြီဖြစ်သည်။ ထို့နောက် တန်ချိန် (၄၃၀၀၀) ရှိသည့် တာပစ်(ဇ်)သည် ယင်း၏ ကြောက်ဖွယ်လိလိရှိသည့် အမြောက်ကြီးများဖြင့် ကျွန်းပေါ်ရှိ တောင်ကုန်းတစ်ခုပေါ်မှ ရန်သူ့ကြိုးမဲ့ကြေးနန်းစက်ရုံကို မှန်းဆချိန်ရွယ်လိုက်သည်။

ထိုအခိုက်မှာပင် တာပစ်(ဖ်)၏ ညီငယ်စစ်သဘော်ဖြစ်သည့် ရှန်ဟို(စ်) နှင့် ဖျက်သဘော် (၁၀)စီးတို့ကလည်း ကမ်းသို့ တောက်လျှောက်ကပ်ဝင်ကာ မိမိတို့အတွက် သတ်မှတ်ပေးထားသည့် ပစ်မှတ်အသီးသီးတို့ကို စတင်ပစ်ခတ် တိုက်ခိုက်ကြတော့သည်။ ဤနည်းဖြင့် ကျွန်းစောင့်ရန်သူ နော်ဝေဂျီယန် တပ်မှာလည်း အလစ်တွင် ဂျာမန်တို့၏အငိုက်ဖမ်းခြင်းကို ခံလိုက်ရတော့သည်။

ဂျာမန်ကမ်းတက်တပ်ဖွဲ့တို့ကလည်း ကျွန်းပေါ်သို့ တစ်ရှိန်ထိုးတက်ကာ သိမ်းပိုက်နိုင်သမျှသော ရန်သူ့စခန်းများကို သိမ်းပိုက်လိုက်ကြသည်။

ထို့နောက် ဂျာမန်တို့သည် ကျွန်းပေါ်ရှိ ခတ်ဆီလှောင်ရုံများ၊ ကြိုးမဲ့ကြေးနန်းစက်ရုံ၊ ရေစက်၊ မီးစက်၊ ကျောက်မီးသွေးမိုင်းနှင့် မိုးလေဝသ တိုင်းတာရေးစခန်းစသည့် စစ်ရေးအရ အဖိုးတန်သောပစ္စည်းပစ္စယမှန်သမျှ တို့ကို စနစ်တကျ စတင်ဖျက်ဆီးနေလေတော့သည်။

ထိုသည်နောက်တွင်ကား...တာပစ်(ဖ်)ခေါင်းဆောင်သည့် ဂျာမန် သဘော်အုပ်စုသည် ကျွန်းပေါ်တွင် မီးတောက်မီးလျှံများနှင့် မီးခိုးလုံးကြီး တို့ကို ချန်ရစ်ကာ ပင်လယ်ပြင်ဆီသို့ ပြန်လည်ဆုတ်ခွာလာခဲ့လေသည်။

နောက်တစ်ရက်အကြာမှာပင် တာပစ်(ဖ်)သည် ဂျာမန်များ သိမ်းပိုက် ထားသည့် နော်ဝေးပိုင်နက်အတွင်းသို့ လုံခြုံစွာပြန်လည်ရောက်ရှိနေပြီဖြစ်ပါ၏။

တာပစ်(ဖ်)သည် မိခင်ဆိပ်ကမ်းဆီသို့ ချဉ်းကပ်လာမိသည်နှင့်ပင် မိမိ လုံခြုံရေးအတွက် ဆူးသျှောင့်ခလုတ်တို့ဖြင့် တမင်တကာ ဖန်တီးထားသည် ခက်ခဲသော ခရီးစဉ်ကို စတင်ရတော့သည်။

ယင်းခရီးစဉ်အရ တာပစ်(ဖ်)သည် ပထမ ရေမြုပ်ဗုံးခင်းထဲသို့ ဖြတ် ဖောက်ထားသည့် ရေကြောင်းအတိုင်း ကွေ့ပတ်ဝင်ရမည်ဖြစ်သည်။ ထိုခရီး လွန်ပြန်လျှင်လည်း ဆိုရိုင်ဆန်(ဒ်)ကျွန်း၏ မြောက်ဘက် ဝင်ပေါက်ဖြစ်သည် ဟမ်မာဖက်(စ်)ခေါ်တံငါ ဆိပ်ကမ်းမြို့လေးသို့ အရောက်တွင် ရန်သူ့ရေငုပ် သဘော်၊ ရန်ကို ကာကွယ်ထားသည့် ရေအောက်သံမဏိပိုက်တံခါးကို ဖြတ်ကျော် ရပေဦးမည်။

ထိုရေအောက် သံမဏိတံခါးကို ဖြတ်ကျော်မိလျှင် တာပစ်(ဖ်)သည် ရန်သူ၏ ရေပေါ်ရေအောက်တိုက်ခိုက်မှုတို့မှ လုံခြုံသင့်သလောက် လုံခြုံပြီဟု ဆိုနိုင်ပြီဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဤနေရာရောက်သည်နှင့် တာပစ်(ခ်)သည် ကျောက်စွယ်၊ ကျောက်တောင်၊ ကျောက်ကမ်းပါးတို့ဖြင့် ထုပြောကြမ်းတမ်းလှသည့် စကင်ဒီနေဗီယန်ကမ်းရိုးတန်းအတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်နိုင်ခဲ့ပြီဖြစ်သောကြောင့်တည်း။

ဤကမ်းရိုးတန်း၏ သဘာဝ သွင်ပြင်လက္ခဏာတို့ကပင် တာပစ်(ခ်)အား ရန်သူ့အန္တရာယ်မှ မဟာရံအုတ်တံတိုင်းကြီးသဖွယ် အကာအကွယ်ပေးနေသကဲ့သို့ ရှိနေပေသည်။

ထိုတွင်မက သည်မျှခိုင်ခံ့လုံခြုံသော သဘာဝကျောက်တံတိုင်းကြီးကိုပင် ပိုမိုခိုင်ခံ့လုံခြုံသော သံမဏိတံတိုင်းကြီး ဖြစ်လာစေရန် ဂျာမန်တို့ကယင်းတို့၏ သိပ္ပံပညာကို အသုံးပြုကာ တီထွင်ဖန်တီးထားကြပြန်သေးသည်။ ဥပမာပြရသော် ရေအောက်သံမဏိပိုက်တံခါးကို တာပစ်(ခ်)ဖြတ်ကျော်ပြီးသည်နှင့် တစ်ပြိုင်နက် ရေပြင်သွား မော်တော်ယာဉ်ငယ်များက ရန်သူ့ရေငုပ်သင်္ဘော ရေအောက်မှ ကပ်လိုက်လာမလာ သိနိုင်ရန်အတွက် ရေငုပ်သင်္ဘောထောက်လှမ်းသည့် ပဲ့တင်ဖမ်းကိရိယာတို့ဖြင့် ထောက်လှမ်းနေကြသည်ကိုတွေ့မြင်ရသည်ဖြစ်ပေသည်။

တစ်ချိန်ထဲမှာပင် ကမ်းပေါ်မှအမြောက်များက ပင်လယ်ပိုင်းမှ ဝင်ရောက်လာမည့် ရန်သူ့အန္တရာယ်မှ ကာကွယ်ရန်အတွက် ပင်လယ်ပြင်ဘက်သို့ ချိန်ရွယ်ထားကြသည်ကိုလည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ တောင်များပေါ်မှ လေယာဉ်ပစ် အမြောက်များနှင့် ရေဒါများက ရန်သူ့လေကြောင်းအန္တရာယ်မှ အကာအကွယ်ပေးနေကြသည်ကိုလည်းကောင်း၊ ဂျာမန်ကြည်းတပ်သားများက ရန်သူ့ကြည်းကြောင်းချီတပ်များနှင့် ရန်သူ့ကွန်မန်ဒိုများ၏ ဖျက်ဆီးရေးရန်မှ အကာအကွယ်ပေးနိုင်ရန် နေ့ညမပြတ် ကင်းလှည့်နေကြသည်ကိုသော်လည်းကောင်း တွေ့မြင်ရမည် ဖြစ်ပေသည်။

တာပစ်(ခ်) ကုန်းတွင်းသို့ဝင်လာလေ ဂျာမန်တို့၏ လုံခြုံရေးအစီအစဉ်မှာလည်း ပိုမိုတင်းကျပ်လာလေဖြစ်ပေသည်။

ကုန်းတွင်းပိုင်းသို့ တစ်စတစ်စ ဝင်လာမိသည်နှင့် ဂျာမန် ကင်းထောက်လေယာဉ်တစ်စင်း ဝေဟင်ထက်တွင် ကင်းထောက်နေသည်ကို တွေ့မြင်လာရပြန်သည်။ ယင်းလေယာဉ်မှာ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်တွင်

ချထားသည့် ရေမြှုပ်မိုင်းခင်းနှင့် ရေငုပ်သင်္ဘောထောက်လှမ်းရေး မော်တော်များ၏ ကာကွယ်ရေးကွန်ယက်တို့မှ ကံအားလျော်စွာ လွတ်မြောက်ကောင်းလွတ်မြောက်လာမည့် ရန်သူ့ရေငုပ်သင်္ဘောများကို ထပ်ဆင့်ထောက်လှမ်းနေသော လေယာဉ်ပင်ဖြစ်ပေသည်။

ထိုမှတစ်ဖန် ဆီလန်းကျွန်းနှင့် စတက်ဂျာနိုင်း ကျွန်းနှစ်ကျွန်းတို့က ဂိတ်ပေါက်တွင် စောင့်ကြပ်နေသည်။ အစောင့်နှစ်ဦး၏သဏ္ဌာန်ဖြင့် တာပစ်(ဖ်)၏ လုံခြုံရေးအတွက် အကာအကွယ်ပေးနေကြပြန်သည်။ ထိုကျွန်း (၂) ကျွန်း၏ နောက်တွင်ကား လက်ညှိုးဖြင့် ဖြောင့်ဖြောင့်ထိုးထားသည့်နှယ် ရေလက်ကြားတစ်ခုက ကုန်းတွင်းသို့ မိုင်(၂၀)ခန့်မျှ ဖြောင့်ဖြောင့်စင်းစင်း စီးဝင်နေပြန်တော့သည်။ ထိုရေလက်ကြားဆုံးသော် ကျဉ်းမြောင်းသည့် တူးမြောင်းတစ်ခု၏ အဝင်ပေါက်သို့ ရောက်ပြန်သည်။ ထိုတူးမြောင်းအပေါက်တွင် ရေငုပ်သင်္ဘော ကာကွယ်ရေး သံမဏိကွန်ချာကြီးများဖြင့် ရေမျက်နှာပြင်မှသည် ရေအောက်ကြမ်းခင်းသို့တိုင် ချခင်း၍ ဆီးပိတ်ထားပြန်လေသည်။ ယင်းသံမဏိကွန်ချာကြီးများမှာ တန်ချိန် (၁၅၀၀) ပါ ရေငုပ်သင်္ဘောကြီးများကိုပင် အလွယ်တကူ တားဆီးနိုင်လေသည်။

ထိုသံမဏိကွန်ချာကြီးများ၏ ထက်အောက်တစ်လျှောက်တွင်လည်း လျှပ်စစ်မီးမောင်းများကို ညလုံးပေါက် ထွန်းညှိကာ ကင်းထောက်မော်တော် ရေယာဉ်များနှင့် အချိန်မလပ်စောင့်ကြပ်နေလေသည်။

ထိုသံမဏိကွန်ချာတို့၏ နောက်တွင်ကား မကြီးမငယ် ရေကန်တစ်ခုပမာဏရှိသည့် ချိုင့်ဝှမ်းလွယ်တစ်ခုရှိပြန်သည်။ ထိုချိုင့်ဝှမ်းသည်ပင် တာပစ်(ဖ်)၏ လျှို့ဝှက်စခန်းဖြစ်လေသည်။

ထိုချိုင့်ဝှမ်း၏ သဘာဝအနေအထားနှင့် တည်နေရာအရပင် တာပစ်(ဖ်)၏ လုံခြုံရေးမှာ စိတ်ချရပြီဖြစ်သော်လည်း ဂျာမန်တို့ကမူ တာပစ်(ဖ်)အတွက် ရတက်မအေးနိုင်သေးဘဲ ရေငုပ်သင်္ဘောကာကွယ်ရေး သံကွန်ချာများ အထပ်ထပ် ချထားသည့်ကြားမှ နောက်ဆုံးကာကွယ်ရေး အစီအစဉ်အဖြစ် တာပစ်(ဖ်) ပုန်းခိုရာ ချိုင့်ဝှမ်း၏အပေါက်တွင် တော်ပီဒိုကာကွယ်ရေး သံမဏိပိုက်ကွန်များ ထပ်မံချထားပြန်သည်။ ထိုပိုက်များမှာ ရေမိုင် (၅၀)နှုန်းဖြင့် ပြေးဝင်လာသော အကြီးဆုံး တော်ပီဒိုတစ်စင်းကိုပင် အလွယ်တကူ တားဆီးနိုင်သည်ဟု ဆိုလေသည်။

ထို့ကြောင့်ပင်တာပစ်(ဇ်)၏ သင်္ဘောသား (၂၅၀၀)က ယင်းတို့၏ သင်္ဘောကို သံကွန်ချာခုနှစ်ထပ်အုပ်ကာ စောင့်ကြပ်အပ်သည့် 'မြောက်ဘက်အရှင်မ'ဟု တင်စားခေါ်ဝေါ်ခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

တာပစ်(ဇ်)၏ တည်နေရာမှာ ဗြိတိသျှတို့၏ အနီးဆုံး စစ်စခန်းများနှင့်ပင် မိုင် (၁၀၀၀) ခန့်ဝေးသော်လည်း ရုရှားပြည်သို့ စစ်ပစ္စည်းများပေးပို့နေသည့် မဟာမိတ်သင်္ဘောရေကြောင်းနှင့်မူ မိုင် (၅၀) ခန့်သာ ဝေးလေသည်။

တာပစ်(ဇ်)ပုန်းခိုရာစခန်း အနီးဝန်းကျင်တွင်လည်း ဆီးနှင်းများ ဖုံးအုပ်နေသည့် ကျောက်တောင်၊ ကျောက်ကမ်းပါးကြီးများ ရှိနေပြန်ပေရာ မဟာမိတ်တို့၏ လေယာဉ်တင် စစ်ရေးယာဉ်ကြီးများမှ တော်ပီဒိုတင်လေယာဉ်များကို စေလွှတ်တိုက်ခိုက်သည့်တိုင် ထိုလေယာဉ်များမှာ ကျောက်တောင်၊ ကျောက်ကမ်းပါးများနှင့် တိုက်မိပြီး ပျက်စီးကုန်ကြရမည်သာ ဖြစ်ပေသည်။ ထို့မျှမက တာပစ်(ဇ်)၏ ဝဲယာတစ်ဘက်တစ်ချက်ရှိ တောင်များပေါ်တွင်လည်း ဂျာမန်လေယာဉ်ပစ် အမြောက်စခန်းများရှိနေပြန်သေးသဖြင့် ထိုအန္တရာယ်ကိုလည်း ရှုပြဦးမည်ဖြစ်ပေသည်။ ကျောက်တောင်၊ ကျောက်ကမ်းပါးများနှင့် တိုက်မိသည့် အန္တရာယ်နှင့် ဂျာမန်လေယာဉ်ပစ် အမြောက်တို့၏ အန္တရာယ်တို့မှ ကံအားလျော်စွာ လွတ်မြောက်သည်ထားဦး၊ မဟာမိတ်လေယာဉ်များက ပစ်ချလိုက်မည့် တော်ပီဒိုများကို တာပစ်(ဇ်)၏ ပတ်ပတ်လည်တွင် ဝန်းရံချထားသည့် သံမဏိပိုက်များက ကြားဖြတ်ဟန့်တားကြဦးမည်ဖြစ်ပေသည်။

သည်မျှ လုံခြုံမှုရနေသည့်ကိုပင် အားမရနိုင်သေးဘဲ ဂျာမန်တို့သည် တာပစ်(ဇ်)၏ လုံခြုံရေးအတွက် စိတ်ချသည်ထက် စိတ်ချစေရန် ထပ်ဆင့်၍ အနီးဝန်းကျင်ရှိ တောင်များပေါ်တွင် မှိုင်းကာ ကိရိယာများ တီထွင်ထားရှိပြန်ပေသေးသည်။

ထိုမှိုင်းကာ ကိရိယာများမှာ ရန်သူလေကြောင်းရန် သတိပေးသည့် ဥသြသံများထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မှိုင်းလုံးကြီးများကို မှုတ်ထုတ်ကာ တာပစ်(ဇ်)၏ အနီးဝန်းကျင်ရှိ တော၊ တောင်၊ ရေ၊ မြေ အားလုံးကို အမှောင်ထုဖုံးသွားစေမည့် အစီအမံများပင်ဖြစ်ပေသည်။

ထို့ကြောင့်ပင် ဝင်စတန်ချာချီက ၁၉၄၂-ခုနှစ်တွင် တာပစ်(ဇ်)၏ အရေးပါပုံနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

"ယခုအချိန်နှင့် အခြေအနေအရ ထိုသဘောကို လုံးဝပျက်စီးအောင် ဖျက်ဆီးပစ်နိုင်လျှင်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပျက်စီးအောင် ဖျက်ဆီးထိန်းချုပ်ထားနိုင်လျှင်သော်လည်းကောင်း ပြုလုပ်နိုင်ခဲ့လျှင် ရေကြောင်းစစ်သမိုင်းတွင် ရောမ စွမ်းဆောင်အောင်မြင်မှုကြီးတစ်ရပ်အဖြစ် ကမ္ပည်းတင်ရမည် ဖြစ်ပေသည်။"

"ယခုအချိန်တွင် ရေကြောင်းစစ်ပွဲ၏ ချိန်ခွင်ညှာသည် ဤသဘောပေါ်တွင် လုံးဝမှုတည်နေပေသည်။"

"ထို့ကြောင့် ကျွန်ုပ်သည် ဤသဘောကို ဖျက်ဆီးရမည့် စစ်ဆင်ရေးကို အလျင်အမြန်ဆုံး ဆောင်ရွက်ရမည့် ကိစ္စအဖြစ်လည်းကောင်း၊ ထိပ်တန်းအရေးကြီးသည့် ကိစ္စအဖြစ်လည်းကောင်း အလေးအနက်ထားမိခြင်း ဖြစ်ပေသည်။"

## ဘဲရုပ်ဆိုးလေး ခြောက်ကောင်

တည်ဆောက်ပြီးစ တာပစ်(ဇ်)သည် ၁၉၄၂–ခုနှစ်၊ ဇန်နဝါရီလလောက် ၌ပင် အစမ်းခုတ်မောင်းမှုများကို ပြုလုပ်ပြီးနောက် နော်ဝေးရေပိုင်နက်တွင်းသို့ ဝင်ရောက်လာခဲ့သည်။ ထိုအချိန်မှအစပြုကာ ဗြိတိသျှတို့သည် တာပစ်(ဇ်)ကို ဖျက်ဆီးရန် သို့မဟုတ် ထိန်းချုပ်ထားနိုင်ရန် အကြိမ်ကြိမ်ပင် ကြိုးပမ်းခဲ့လေသည်။

ထိုနှစ်၏ လေးလအတွင်း ထရောင်းဒိန်းဆိပ်ကမ်းမြို့အနီး ကျောက်ချထားစဉ်၌ပင် ဘုရင့်လေတပ်မတော်သည် တာပစ်(ဇ်)ကို လေကြောင်းမှ စီးနင်းတိုက်ခိုက်ရန် ငါးကြိမ်တိတိပင် ကြိုးစားခဲ့ကြသည်။ သို့သော် ထိုကြိုးစားမှုများ၏ ရလဒ်မှာကား ဘုရင့်လေတပ်မတော်ဘက်မှ ဗုံးကြဲလေယာဉ် (၁၄)စင်း ပျက်စီးဆုံးရှုံးလိုက်ရခြင်းပင်ဖြစ်လေသည်။

ထိုလေကြောင်းစီးနင်းမှုများဖြစ်ပွားပြီးနောက် တာပစ်(ဇ်)သည် ယင်း၏ လုံခြုံရေးအတွက် အထက်တွင် ဖော်ပြခဲ့သည့် နော်ဝေးသဘာဝခံတပ်တွင်းသို့ ဝင်ရောက်ခိုလှုံသွားခဲ့လေသည်။ ထိုအခါ ဗြိတိသျှတို့၏ မြေပြင်ဗုံးကြဲလေယာဉ် အခြေစိုက်စခန်းများနှင့် အလှမ်းဝေးသွားခဲ့ရလေတော့သည်။

သို့ရာတွင် ဗြိတိသျှတို့သည် မြေပြင်ဗုံးကြဲလေယာဉ် အခြေစိုက်စခန်းများနှင့် အလှမ်းဝေးသွားသည့် တာပစ်(ဇ်)ကို အခြားတစ်နည်းဖြင့် ဖျက်ဆီးပစ်ရန် ကြိုးပမ်းလာခဲ့ပြန်လေသည်။

ထိုတစ်နည်းဆိုသည်မှာလည်း အခြားမဟုတ်။ လူအချို့ကို ဂျာမန်များ အထပ်ထပ်ချထားသည့် ကာကွယ်ရေး သံကွန်ချာအဆင့်ဆင့်ကို ကျော်ဖြတ်စေကာ တာပစ်(ဖ်)သင်္ဘော၏ကိုယ်ထည်အောက်သို့ သံလိုက်ဗုံးများ ကပ်၍ ဖောက်ခွဲပစ်လိုက်ရန်ပင်ဖြစ်သည်။

ထိုလျှို့ဝှက်စစ်ဆင်ရေးအတွက် အထူး ရေငုပ်သင်္ဘောကလေးများ လိုအပ်လာခဲ့ပေသည်။ ထိုရေငုပ်သင်္ဘောလေးများသည် ရေမြုပ်ဗုံးခင်းများကို ကျော်ဖြတ်နိုင်ရန်အတွက် လုံးပတ်အတိုင်းအတာ ခြောက်ပေထက် လျှော့နည်းရန် လိုအပ်သကဲ့သို့ ရေအောက်အနက်ပေ (၃၀၀) အထိ ငုပ်လျှိုးနိုင်ရန်အတွက်လည်း ခံနိုင်ရည်ရှိရန် လိုအပ်ပေသေးသည်။ ထို့ပြင် ရေပြင်သွား မော်တော်ဘုတ်များမှ ပုံတင်ဖမ်းကိရိယာဖြင့် ရေငုပ်သင်္ဘောထောက်လှမ်းသည့် ဘေးအန္တရာယ်မှလည်း လွတ်ကင်းအောင် ရှောင်တိမ်းနိုင်သည့် အရည်အချင်း ရှိရန်လည်း လိုအပ်ပေသည်။

ထိုမျှမက ရေငုပ်သင်္ဘောကာကွယ်ရေး သံမဏိပိုက်ကွန်များကို ဖြတ်တောက်ဝင်ရောက်နိုင်ရမည်ဖြစ်ပြီး အခြေအနေက တောင်းဆိုလာလျှင် ရေပေါ်ဖော်၍ အနည်းဆုံး(၃၆) နာရီမျှ ခရီးနှင်နိုင်ရမည်လည်း ဖြစ်ပေသည်။

ထိုလိုအပ်ချက်များအရပင် ဘုရင့်ရေတပ်မတော်သည် ရေငုပ်သင်္ဘောများအဖြစ် တီထွင်တည်ဆောက်ခဲ့သည်။ ထို့နောက် ဗိုင်ကာအမ်းစထရောင်းကုမ္ပဏီအား အလားတူ ရေငုပ်သင်္ဘော (၆) စင်းတည်ဆောက်ပေးရန် တာဝန်ပေးခဲ့သည်။

ထိုအမှုကိစ္စများကို ဆောင်ရွက်ပြီးနောက် ဘုရင့်ရေတပ်မတော်သည် ယင်း၏ ရေတပ်စခန်းအသီးသီးမှ အထက်ဖော်ပြပါ လျှို့ဝှက်စစ်ဆင်ရေးအတွက် လူသူစုဆောင်းခြင်း အမှုကို ပြုခဲ့သည်။ စုဆောင်းရရှိသော ဗိုလ်၊ အကြပ်၊ တပ်သားတို့ကိုလည်း မည်သည့်စစ်ဆင်ရေးအတွက်ဟု ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ သက်စွန့်ဆံဖျားဆောင်ရွက်ရမည့် စစ်ဆင်ရေးတစ်ခုအတွက်ဟူ၍သာ သာမန်အားဖြင့် အသိပေးခဲ့သည်။

ထိုစစ်ဆင်ရေးအတွက် မိမိတို့ဆန္ဒအလျောက် လျှောက်ထားကြသူများကို အကြိမ်ကြိမ်အဖန်ဖန် စစ်ဆေးပြီးနောက် ဇကာတင်များအား ဆွစ်ဇာလန်ရှိ အရပ်သူအရပ်သားများနှင့် အဆက်အသွယ်မရှိသည့် ဟိုတယ်အဆောက်အဦဟောင်းတစ်ခုသို့ ပို့ထားခဲ့သည်။

ယင်းအဆောက်အဦ၏ အနီးဝန်းကျင်တစ်ဝိုက်၌လည်း လူသူမှအစ ရေယာဉ်၊ ကုန်းယာဉ်များ မဖြတ်သန်းစေရန် အထူးတားမြစ်ထားခဲ့သည်။

ထိုသို့ လုံခြုံရေးကာကွယ်မှုများကို စီစဉ်ပြီးသည့် နောက်ပိုင်းတွင်မှ လျှို့ဝှက်စစ်ဆင်ရေးတွင် ပါဝင်ရမည့် ဗိုလ်၊ အကြပ်၊ တပ်သားတို့အား လျှို့ဝှက်စစ်ဆင်းရေးနှင့် ပတ်သက်၍ အမှန်အတိုင်း ရှင်းလင်းပြခဲ့ပြီး ၎င်း စစ်ဆင်ရေးတွင် မပါဝင်လိုသူများရှိက ၎င်းတို့ ဆန္ဒအတိုင်း လျှို့ဝှက်တပ်ဖွဲ့မှ နုတ်ထွက်နိုင်ကြောင်း ကြေညာခဲ့လေသည်။

ထိုအချိန်မှစ၍ ကျန်ရှိသော လက်ရွေးစင်များကို အိပ်(စ်)(၃-၄) (X 3-4) ဟု အမည်ပေးထားသည့် ရေငုပ်သင်္ဘောအသေးစား (၂) စင်းနှင့် စတင်လေ့ကျင့်ပေးခဲ့သည်။

၁၉၄၃-ခုနှစ်၊ ဇန်နဝါရီလဦးပိုင်းတွင် ဗိုင်ကာအမ်းစထရောင်းကုမ္ပဏီမှ မှာယူထားသော အိပ်(စ်)အမျိုးအစား အသေးစား ရေငုပ်သင်္ဘောခြောက်စင်း စခန်းသို့ ရောက်ရှိလာခဲ့သည်။ ယင်းရေငုပ်သင်္ဘောကလေးများကို စခန်းရှိ ရဲဘော်များက 'ဘဲရုပ်ဆိုးကလေးများ' ဟု ချစ်စနိုး ခေါ်ဝေါ်ခဲ့ကြသည်။

ထိုရေငုပ်သင်္ဘောကလေးများမှာ ရေအောက်တွင် ငုပ်လျှိုးသွားလာနိုင်၍သာ ရေငုပ်သင်္ဘောဟု အမည်ပညတ် သတ်မှတ်ရသော်လည်း ရှိပြီး ရေငုပ်သင်္ဘောများနှင့် လားလားမျှမတူဘဲ ဘွိုင်လာအိုးနှင့်သာ တူနေတော့သည်။

ထိုသင်္ဘောကလေးများသည် အလျားအားဖြင့် (၅၁) ပေ ရှိစေကာမူ အချင်းအားဖြင့် (၆) ပေမျှပင် မပြည့်တတ်သဖြင့် သင်္ဘောသားတို့၏ ချောင်ချိမှုကို လုံးဝဥပေက္ခာပြု၍ ဆောက်ထားသော သင်္ဘောဟုပင် ဆိုရပေမည်။

အကျယ်ဝန်းဆုံးနှင့် အချောင်ချိဆုံးနေရာသည်ဟု ဆိုရမည့် ပယ်ရီစကုပ်ခေါ် ရေပေါ်ကြည့် မှန်ပြောင်းအနီး၌ပင် လူပုတစ်ယောက် ခါးကို မတ်မတ်ဆန့်၍ မရပ်နိုင်ဟု ဆိုလေသည်။

သင်္ဘောသားတို့ နေထိုင်သည့်နေရာ မှန်သမျှတွင်လည်း စက်များ၊ ဆိတ်ဂိုင်ကီများ၊ ပိုက်များ၊ ဝါယာကြိုးများ၊ ဖော်တာများ၊ ဒိုင်ခွက်များစသည်တို့ဖြင့် ကြပ်ညပ်နေလေသည်။

ထို့ကြောင့် ဤရေငုပ်သင်္ဘောကလေးများတွင် စော်ပီဒိုထားစရာ နေရာမရှိသဖြင့် အချိန်ကိုက်စနက်တံများဖြင့် ဖောက်ခွဲရသည့် (၂) တန်

လေးသည့် ရေအောက်ဗုံး (၂) လုံးကို သင်္ဘောကိုယ်ထည်၏ အပြင်ဘက်တွင် တပ်ဆင်ထားရလေသည်။

သို့ရာတွင် ဤရေငုပ်သင်္ဘော အငယ်ကလေးများသည် ပုံပန်းလည်း မကျသေး၊ သေးငယ်သော်လည်း ၎င်းတို့ထက် အဆ (၅၀) ကြီးသော ရေငုပ်သင်္ဘောကြီးများတွင် ရှိသည့် အရည်အချင်းမှန်သမျှ ၎င်းသင်္ဘောကလေးများတွင် ရှိလေသည်။

အားနည်းချက်တစ်ခုမှာမူ ရေငုပ်သင်္ဘောကြီးများလောက် ခရီးရှည် မသွားနိုင်ခြင်းပင်ဖြစ်လေသည်။ ဤရေငုပ်သင်္ဘောကလေးများ သွားနိုင်သော ခရီးအကွာအဝေးမှာ မိုင် (၁၂၀၀) မျှသာ ဖြစ်ရာ တာပစ်(ဇ်)ရှိရာသို့ သွားမည့် မိုင် (၂၀၀၀) ခရီးအတွက် အခြားရေယာဉ်တစ်စင်းကို မှီတွယ်လိုက်ရမည် ဖြစ်လေသည်။

ထို့ကြောင့်ပင် ဘုရင့်ရေတပ်မတော်သည် အိပ်(စ်)ရေငုပ်သင်္ဘောကလေး တစ်စင်းလျှင် ရေငုပ်သင်္ဘောကြီးတစ်စင်းစီဖြင့် ပစ်မှတ်တည်နေရာသို့ ဆွဲသွားရန် စီစဉ်လိုက်ရခြင်းပင်ဖြစ်သည်။

အိပ်(စ်)ရေငုပ်သင်္ဘောကလေးများမှ သင်္ဘောသားများသည် မိမိတို့ ရေငုပ်သင်္ဘောများကို ရေငုပ်သင်္ဘောကြီးများဖြင့် ဆွဲသွားရမည့် ခရီးစဉ်အတွင်း မိခင်ရေငုပ်သင်္ဘောကြီးပေါ်တွင် တက်ရောက်၍ အနားယူနေရမည်ဖြစ်သည်။

ထို့အတူ မိခင် ရေငုပ်သင်္ဘောကလေးများကို ဆွဲယူလာသည့် ခရီး တစ်လျှောက် ထိန်းသိမ်းစောင့်ရှောက်လာရမည်ဖြစ်သည်။

ယင်းသို့ ဆွဲယူလာရာတွင်လည်း ခရီးတစ်လျှောက်လုံးလိုလို ရေ အောက်မှ ဆွဲလာရမည်ဖြစ်သည်။

ထို့နောက် နော်ဝေးကမ်းခြေအလွန်ရှိ မိုင်းခင်းအစပ်သို့ အရောက်တွင် မိခင်ရေငုပ်သင်္ဘောများပေါ်တွင် အနားယူခဲ့ကြသည့် လှို့ဝှက်စစ်ဆင်ရေးအဖွဲ့ သားများသည် သယ်ယူပို့ဆောင်ရေးအဖွဲ့သားများနှင့် တာဝန်ချင်း လဲလှယ် ကြပြီး မိမိတို့လိုရာခရီးကို ဆက်လက်ထွက်ခွာကြရမည်ဖြစ်၏။ ထိုအချိန်မှ အစပြုကာ အိပ်(စ်)ရေငုပ်သင်္ဘောကလေးများသည် မိမိတို့ ကိုယ်ကိုသာလျှင် မိမိတို့အားကိုးရပေတော့မည်။

## ပြင်ဆင်ကြပြီ

အစစပြင်ဆင်ပြီးသွားသောအခါ အိပ်(စ်)အသေးစား ရေငုပ်သင်္ဘော ငယ်ခြောက်စင်းနှင့် သင်္ဘောသားများကို စကော့တလန် အနောက်မြောက် အရပ်ရှိ လုံခြုံသော တစ်နေရာသို့ ပို့လိုက်လေသည်။ ထိုနေရာမှာ အမြဲတမ်း ဆီးနှင်းဖုံးလွှမ်းနေကာ လျှိုမြောင်ချောက်ကမ်းပါး ပေါများသောနေရာလည်း ဖြစ်သဖြင့် အထူးလုံခြုံသည့်နေရာဟု ဆိုရပေမည်။

ထို့နောက် လျှို့ဝှက်စစ်ဆင်ရေးအဖွဲ့ဝင် သင်္ဘောသားများကို အထူးစီမံ ထားသော လေ့ကျင့်ရေးသင်္ဘောတစ်စင်းပေါ် တက်ရောက်စေပြီး ရက်သတ္တပတ် အတော်ကြာအောင် လေ့ကျင့်စေခဲ့ပြန်သည်။

ထိုလေ့ကျင့်ရေးသင်္ဘောမှာ အိပ်(စ်)ရေငုပ်သင်္ဘော အငယ်စားများ အတွင်းတွင် နေထိုင်ရမည့်အနေအထားအတိုင်း စီမံတည်ဆောက်ထားပေရာ စစ်ဆင်ရေးအဖွဲ့ဝင် သင်္ဘောသားများမှာ ကြပ်တည်းကျဉ်းမြောင်းစွာ နေထိုင် နိုင်သော အလေ့အကျင့်ကို ရရှိလာခဲ့လေသည်။

ဤသို့ လေ့ကျင့်ရသည်မှာလည်း အခြားကြောင့်မဟုတ်။ တကယ် စစ်ဆင်ရေးထွက်ရမည့်အချိန်တွင် သင်္ဘောသားများမှာ တစ်ယောက်နှင့် တစ်ယောက် ပူးပူးကပ်ကပ် အိပ်ရခြင်း၊ တစ်ယောက်ထွက်သက်လေကို တစ်ယောက်ပြန်ရှူနေရခြင်း၊ မလှုပ်သာမရှားသာသဖြင့် ကိုယ်လက်အင်္ဂါများကျင် ကိုက်ခဲခြင်း၊ လေလှောင်နေသဖြင့် ချွေးထွက်လွန်ကဲခြင်းစသည့် ကာယဒုက္ခ မြောက်များစွာတို့ကို မရှောင်မလွှဲသာ ခံစားရမည် ဖြစ်သောကြောင့်ပေတည်း။

ထို့ပြင် ရေငုပ်သင်္ဘောတစ်စင်းလျှင် အဖွဲ့သား (၄) ယောက် ပါဝင်ရမည် ဖြစ်ရာ ထို (၄) ယောက်မှာ အချင်းချင်း စိတ်ခာတ်ရေးရာမှအစ လှုပ်ရှားမှုအဆုံး လက်တစ်ဘက်မှ လက်ချောင်းများပမာ ကျရာတာဝန်ကို လက်ညီတက်ညီရှိကြရန်လည်း လိုအပ်လှပေသည်။

ပုံစံအားဖြင့် အိပ်(စ်) (၆)မှ အဖွဲ့ဝင်များ၏ လေ့ကျင့်မှုကို လေ့လာလျှင် ဤသို့ တွေ့ရမည်ဖြစ်၏။

အိပ်(စ်) (၆)၏ ဦးစီးမှူးမှာ အသက် (၂၇)နှစ်အရွယ်ရှိ ဒေါ်နယ်(လ်) ကင်းမရွန်းဖြစ်သည်။ သူ၏ တာဝန်မှာ ရေကြောင်းပြအရာရှိအဖြစ်လည်း ကောင်း၊ ဗျူဟာမှူးအဖြစ်လည်းကော ခက်မှုပညာရှင်အဖြစ်လည်းကောင်း ထမ်းဆောင်ရမည်ဖြစ်ပြီး စစ်ဆင်ရေးနှင့် ပတ်သက်၍ သူတစ်ဦးတည်းလျှင် အမိန့်ပေးညွှန်ကြားရမည်ဖြစ်သည်။ ကင်းမရွန်းသည် မှန်ပြောင်းဖြင့် ရေပြင်ပေါ်သို့ ကြည့်ကာ ကျဉ်းမြောင်းသည့် ရေကြောင်းများ၊ ဘော်ယာများနှင့် ကျောက်ဆောင်များအကြားမှ မိမိသင်္ဘောကို မောင်းနှင်နိုင်ရေးအတွက် လေ့ကျင့်ရသည်။ (သူရပ်နေသည့်နေရာမှာ ခြေတစ်လှမ်းမျှ မရွေ့ဘဲ သူ၏ ရှေ့နောက်ဝဲယာရှိ သူ့လက်အောက်အဖွဲ့ဝင် သုံးဦးကို လက်ဖြင့် တို့ထိ အမိန့်ပေးနိုင်သည်။)

ထို့နောက် ကင်းမရွန်း ညွှန်ကြားသည့် ရေကြောင်းအတိုင်း သင်္ဘောကို ထိန်းသိမ်းမောင်းနှင်ရမည့် သင်္ဘောပဲ့ကိုင်မှာ အသက် (၁၉) နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သော ကင်းဒေါ်(လ်)ဖြစ်သည်။

ကင်းဒေါ်(လ်)အနေဖြင့် ရေအောက်တွင် သင်္ဘောငုပ်လျှိုးနေစဉ်အတွင်း ရေလုံးခန်းများမှတစ်ဆင့် ရေထဲသို့ အချိန်မရွေးဝင်ထွက်နိုင်အောင် လေ့ကျင့်ရသည်။ ၎င်းလေ့ကျင့်မှုအပြင် ရေငုပ်သင်္ဘောကာကွယ်ရေး သံမဏိပိုက်များကိုလည်း အလျင်အမြန်ဖြတ်တောက်နိုင်ရန်နှင့် ရေအောက်တွင် ရေငုပ်ဝတ်စုံနှင့် ဖြစ်စေ၊ ရေငုပ်ဝတ်စုံမဲ့ဖြစ်စေ အနည်းဆုံး (၆)နာရီမျှ နေနိုင်ရန်လည်း လေ့ကျင့်ရပေသေးသည်။

တတိယအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဂေါဒတ်၏ တာဝန်မှာ သင်္ဘောတွင် ပေါ်ပေါက်သမျှ ပြဿနာမှန်သမျှကို ဖြေရှင်းရန်ဖြစ်သည်။ သူ့တွင် ရှိရမည့် အရည်အချင်းများမှာ သင်္ဘောစက်ချို့ယွင်းသွားလျှင် ပြင်တတ်ရမည်။ ချို့ယွင်းသည့်နေရာကိုလည်း လျှပ်တစ်ပြက်အတွင်း ရှာဖွေနိုင်ရမည်။ စက်သာလျှင်

မကသေး သဘော်ကိုယ်ထည် တစ်စုံတစ်ရာပျက်စီးသွားလျှင်လည်း ဖာထေး ပြင်ဆင်နိုင်ရမည်။ လျှပ်စစ်မော်တာ ပျက်သည်မှအစ ခါတ်ဆီတိုင်ကီ ဆီယိုသည်အထိအဆုံး မည်သည့်နေရာမှပျက်စေ၊ သဘော်ဦးနှင့် ပဲ့ကိုင် ဖောက်ထားသည့် (၂) ပေပတ်လည် မြောင်းအတိုင်း မိကျောင်းတွားသွား၍ သွားရောက်ပြင်ဆင်နိုင်ရမည်။ ထိုပညာရပ်များကို ဂေါဒတ်အနေဖြင့် မတတ်၍ မဖြစ်ချေ။

စတုတ္ထအဖွဲ့ဝင်ဖြစ်သည့် ဂျွန်လိုရီမာ၏တာဝန်မှာ ရေငုပ်သဘော် ထိန်းသိမ်းရန်ဖြစ်၏။ သူသည် ရေငုပ်သဘော်၏ပဲ့ပိုင်းရှိ ဒိုင်ခွက်များ၊ ခလုတ်များ၊ လက်ကိုင်ဘီးများစသည်တို့ဖြင့် ပြည့်နေသည့် ထိန်းသိမ်းရေး အခန်းကျဉ်း ကလေးထဲတွင် ထိုင်ကာ ရေငုပ်သဘော်၏ အသွားနှုန်း၊ ရေငုပ်သဘော် ငုပ်လျှိုး မောင်းနှင်နေသည့်ရေအနက်၊ လေဖိစက်နှင့် ပင်မမော်တာများကို ထိန်းသိမ်း ရလေသည်။

ထိုပညာရပ်များကို သူသည် ရေအနက် ပေအမျိုးမျိုးတွင် လက်တွေ့ မောင်းနှင်ရင်းဖြင့် လေ့ကျင့်ရလေသည်။

သဘော်သားတို့၏ လေ့ကျင့်မှုမှာ ၁၉၄၃-ခုနှစ် နွေရာသီကုန်လောက် မှပင် ပြီးစီးသွားလေသည်။ လေ့ကျင့်ရေးသင်တန်း ပြီးဆုံးသွားပြီးသည့် နောက်တွင်လည်း ရေငုပ်သဘော်ကြီးများက အိပ်(စ်)ရေငုပ်သဘော်များကို ဆွဲယူသည့် လေ့ကျင့်ခန်းများကို ဆက်လက်လေ့ကျင့်ရပြန်သည်။

## ရေလျှိုးမိုးပျံ

၁၉၄၃–ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် ရေငုပ်သင်္ဘောကြီး ခြောက်စင်းသည် ၎င်းတို့နောက်တွင် အိပ်(စ်)ရေငုပ်သင်္ဘောငယ်တစ်စင်းစီကို ဆွဲကာလေ့ကျင့်ရေးစခန်းမှ တစ်စင်းနှင့်တစ်စင်း တစ်နာရီကြာခြား၍ ထွက်ခွာလာခဲ့လေသည်။

မိခင်ရေငုပ်သင်္ဘောကြီးခြောက်စင်းသည် အိပ်(စ်)ရေငုပ်သင်္ဘောငယ်ခြောက်စင်းကို နောက်တွင် ဆွဲလျက် တစ်နာရီ ရေမိုင် (၁၀)မိုင်နှုန်းခန့်ဖြင့် ရင်ဘောင်တန်းမောင်းနှင် လာခဲ့ကြရာ ခရီးတစ်နေရာအရောက်တွင် လေထန်လာသဖြင့် အိပ်(စ်)ရေငုပ်သင်္ဘောငယ်ကလေးများမှာ မိခင်ရေငုပ်သင်္ဘောကြီးများ၏ အနီးသို့ ပေ (၅၀)ခန့်အထိ တိုးကပ်လာလိုက်၊ ဆွဲလာသည့်ကြိုးပေအရှည် (၃၀၀) ဆုံးသည်အထိ နောက်တွင် ကျန်ရစ်လိုက်နှင့် ရှေ့တိုးနောက်ငင် ဖြစ်နေတော့သည်။

ဤသို့ခရီးကြမ်းလာသည်နှင့်အမျှ အိပ်(စ်)ရေငုပ်သင်္ဘောကလေးများထဲတွင် လိုက်ပါခဲ့ကြရသည့် သယ်ယူပို့ဆောင်ရေးအဖွဲ့ဝင် သင်္ဘောသားများမှာ သူတို့သင်္ဘောသားဘဝတစ်လျှောက်လုံးတွင် တစ်ကြိမ်မျှ မတွေ့ကြုံဖူးသော လှိုင်းမူးသည့်ဒဏ်ကို ခံကြရတော့သည်။

ထိုသို့ ရှေ့တိုးနောက်ငင်ဖြစ်နေသည်ကို ထိန်းသိမ်းရန်အတွက် ရေငုပ်သင်္ဘောကလေးများ၏ ဦးပိုင်းရှိ ရေလှောင်ကန်ကို ရေဖြည့်ပြီး ဦးအနည်းငယ်

စိုက်၍ ဆွဲမည်ဆိုက ဖြစ်နိုင်စရာအကြောင်းရှိသော်လည်း ထိုနည်းဖြင့်ဆွဲလျှင် အန္တရာယ်သစ်တစ်ခုနှင့် ကြုံတွေ့စရာအကြောင်းရှိပြန်သဖြင့် လက်လျှော့လိုက်ရပြန်သည်။ အန္တရာယ်သစ်ဆိုသည်မှာလည်း အခြားမဟုတ် ဦးစိုက်ဆွဲခိုက်တွင် လေပြင်းတစ်ချက် ဆောင့်တိုက်ခိုက်နှင့် ကြုံသွားလျှင် ပင်လယ်ကြမ်းပြင်သို့ ဒုတ်ဒုတ်ထိအောင် ဦးစိုက်ဆင်းသွားမည့် အန္တရာယ်ပင်ဖြစ်ပေသည်။

ဤမည်သော အန္တရာယ်ပေါင်းများစွာ ကြားမှပင် လျှို့ဝှက်စစ်ဆင်ရေး ရေငုပ်သင်္ဘောအုပ်စုသည် လေးရက်မျှသော ခရီးကို စတင်နှင်လာနိုင်ခဲ့လေသည်။

ဤ (၅) ရက်မြောက်သောနေ့၌ပင် ဗြိတိသျှရေတပ် စစ်ဦးစီးအဖွဲ့မှ ရေဒီယိုသတင်းတစ်ရပ် ရောက်ရှိလာသည်။ ယင်းသတင်း၌ ရုရှားတွင် အခြေစိုက်သည့် လေတပ်စခန်းမှ ကင်းထောက်လေယာဉ်များက တာပစ်(ဇ်) ပုန်းခိုနေသည့် စခန်းကို ဓာတ်ပုံရိုက်ယူရာတွင် တာပစ်(ဇ်)မှာ ယင်း၏ တည်နေရာတွင်ပင် ကျောက်ချရပ်နားလျက်ရှိပြီး ၎င်းနှင့်အတူ ရှန်ဟို(စ်)နှင့် လွတ်ဇောစစ်သင်္ဘောနှစ်စင်းလည်း ကျောက်ချ၍ ရပ်နားနေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းသင်္ဘောများသည် မကြာမီအတွင်း ထွက်ခွာမည့် အရိပ်အယောင် မရှိကြောင်း စသည်ဖြင့် ပါရှိလေသည်။

ထိုသတင်းအရပင် စစ်ဆင်ရေးအဖွဲ့ဝင်တို့သည် နောက်တိုးလာသည့် ပစ်မှတ်များအတွက် စစ်ဆင်ရေးအစီအစဉ် အသစ်တစ်ရပ်ကို ပြင်ဆင်ရေးဆွဲရတော့သည်။ ထိုအစီအစဉ်အရ အိပ်(စ်)(၅)၊ အိပ်(စ်)(၆)၊ အိပ်(စ်)(၇) ရေငုပ်သင်္ဘောတို့သည် တာပစ်(ဇ်)ကို တိုက်ခိုက်ရန်ဖြစ်ပြီး အိပ်(စ်)(၉)နှင့် အိပ်(စ်)(၁၀)တို့မှာ ရှန်ဟို(စ်)ကို တိုက်ရန်ဖြစ်သည်။ လွတ်ဇောအတွက်မူ အိပ်(စ်)(၈) ကို တာဝန်ပေးလိုက်သည်။

ထိုအချိန်မှာပင် ကံဆိုးမိုးမှောင်ကျလာသည်။

ပထမဦးဆုံးအကြိမ် ပေါ်ပေါက်လာသော ပြဿနာမှာ အိပ်(စ်)(၈) စက်ချို့ယွင်းသွားသဖြင့် စစ်ဆင်ရေးအဖွဲ့မှ ထုတ်ပယ်၍ စခန်းသို့ ပြန်လွှတ်လိုက်ရခြင်းပင်ဖြစ်၏။

ထို့နောက် စက်တင်ဘာလ (၁၆) ရက်နေ့တွင် အိပ်(စ်)(၉)သည် ကြိုးပြတ်ပြီး ပင်လယ်တွင်း ပျောက်ဆုံးသွားတော့သည်။

လှျို့ဝှက်စစ်ဆင်ရေးအဖွဲ့၏ ကံဆိုးမိုးမှောင်ကျပုံမှာ သည်မျှနှင့် မရပ်သေးဘဲ တောမီးလောင်သည့်နှယ် အိပ်(စ်)(၁၀)သို့ ကူးစက်သွားခဲ့ပြန်လေသည်။ အိပ်(စ်)(၁၀)မှာလည်း စက်ချို့ယွင်းမှု အထွေထွေကြောင့် စက်တင်ဘာလ (၁၆) ရက်နေ့မှာပင် စစ်ဆင်ရေးအဖွဲ့မှ ထွက်ခွာသွားရပြန်သည်။ ထို့ကြောင့် ကျန် (၃) စင်းဖြင့်သာ ခရီးဆက်ခဲ့ရလေသည်။

ယခုအခြေအနေတွင် လှျို့ဝှက်စစ်ဆင်ရေးအဖွဲ့၏ ပစ်မှတ်နှင့် ရည်မှန်းချက်မှာ တာပစ်(ဇ်)သာလျှင် ဖြစ်တော့သည်။

## ယမမင်း၏ ချို

မူလအစီအစဉ်အရ စက်တင်ဘာလ (၁၇) ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးယာဉ် အဖွဲ့သားများနှင့် စစ်ဆင်ရေးအဖွဲ့သားများ တာဝန်လဲလှယ်ရန်ဖြစ်သော်လည်း လေထန်နေသဖြင့် ထိုအစီအစဉ်ကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းလိုက်ရသည်။

ထိုအစီအစဉ်သစ်အရပင် နောက်တစ်နေ့တွင် ရာသီဥတု သာယာခိုက်နှင့်ကြုံလျှင် အိပ်(စ်)(၇) အဖွဲ့ဝင်တို့သည် အိပ်(စ်)(၇)ပေါ်သို့ တက်ရောက်၍ တာဝန်ပြောင်းယူရန်ဖြစ်ပြီး ယင်းနေ့၏ နောက်တစ်နေ့တွင် အိပ်(စ်)(၅)နှင့် အိပ်(စ်)(၆)အဖွဲ့သားတို့က ၎င်းတို့၏ သင်္ဘောအသီးသီးပေါ် တက်ရောက်ရမည်ဖြစ်သည်။

အစီအစဉ်အတိုင်း သင်္ဘောလွှဲပြောင်း တာဝန်ယူကြရာတွင် အိပ်(စ်)(၇)တို့တွင် ပြဿနာပေါ်သော်လည်း အိပ်(စ်)(၆)ကို ပြောင်းလွှဲယူရာတွင်မူ သင်္ဘောမှ အနည်းငယ်ပျက်စီးနေသည်ကို တွေ့ရလေသည်။ အိပ်(စ်)(၆)၏ ပယ်ရီစကုပ်ခေါ် ရေပေါ်ကြည့်မှန်ပြောင်းမှာ အချိတ်အဆက်နေရာများ မလုံသဖြင့် ရေဝင်နေပြီး သင်္ဘော၏ ဝဲဘက်ရှိ အပြင်ရေလှောင်ကန်တွင် ရေစိမ့်ဝင်ကာ သင်္ဘောတစ်ဘက်သို့ စောင်းနေသည်ကိုလည်း တွေ့လိုက်ရလေသည်။

ဖြစ်ပုံမှာ...

အိပ်(စ်)(၇) ဆွဲလာသော မိခင်ရေငုပ်သင်္ဘောသည် ၎င်း၏ဝဲဘက်ရှိ မလှမ်းမကမ်းတစ်နေရာတွင် ဘော်ယာပုံသဏ္ဌာန် ရပ်ဖျက်ထားသည့် ရေမိုင်း

တစ်လုံးကို စတင်တွေ့ရှိလိုက်သည်။ ထိုသတင်းကို အိပ်(စ်)(၇)သို့ ပေးပို့လိုက်သည်။ ရေမိုင်းကို တွေ့ရှိသော ရေငုပ်သင်္ဘော၏ ဦးစီးမှူးသည် ၎င်း၏သင်္ဘောကရေမိုင်းရန်မှ လွတ်မြောက်ရန် ကွေ့ရှောင်လိုက်လျှင် အိပ်(စ်)(၇) ရေမိုင်းနှင့် တိုးမိမည်ကို မြင်သဖြင့် ရေမိုင်းဘေးမှပင် ကပ်၍မောင်းခဲ့သည်။

ဤသို့မောင်းခဲ့ရာ မိခင်ရေငုပ်သင်္ဘောမှာ ရေမိုင်းနှင့်သီသီကလေး လွတ်မြောက်သွားခဲ့သော်လည်း အိပ်(စ်)(၇)ကို ဆွဲလာသည့်ကြိုးမှာမူ ရေမိုင်းတွင် တပ်ဆင်ထားသည့် ချိတ်ကလေးများနှင့် သွားငြိနေသည်ကို ထိတ်လန့်ဖွယ်တွေ့လိုက်ရလေသည်။

ထိုအခါမိခင် ရေငုပ်သင်္ဘောကြီးပေါ်မှ ရဲဘော်များနှင့် အိပ်(စ်)(၇) ပေါ်မှ ရဲဘော်များသည် ဗုံးနှင့် ကြိုးငြိနေခြင်းမှာ ဝါးလုံးထိုး စီးနေသော ရေစီးကြောင့် တစ်နည်းမဟုတ် တစ်နည်း ပြေသွားလိမ့်မည်ဟု ရင်တမမနှင့် မျှော်လင့်နေမိကြသည်။

သို့သော် ဗုံးနှင့်ငြိနေသော ကြိုးမှာ ရေစီးကြောင့် ပြေမသွားသည့်အပြင် ရေစီး၏ဖိအားကြောင့်ပင် သင်္ဘောဦးအောက်သို့ လျှိုဝင်သွားပြီး ဗုံးကိုလည်း သင်္ဘောဦးနှင့်ထိလုမတတ် တစ်ပါတည်း ဆွဲယူလာခဲ့လေသည်။ ထိုအခြင်းအရာကို မြင်လိုက်ရသော အိပ်(စ်)(၇) ပေါ်မှ ရဲဘော်များမှာ "ဒီတစ်ခါတော့ သွားပြီဟေ့. . ." ဟူ၍ အာမေဋိတ်သံပြုလိုက်မိကြပြီး မျက်စိများကို စုံပိတ်ကာ အသက်အောင့်ထားလိုက်မိကြသည်။

ဤတွင် သတိရှိသော အိပ်(စ်)(၇) ၏ ဦးစီးမှူး ဂေါ့ဖရီးပလေ့(စ်)သည် ရေမြုပ်ဗုံးကြီး သင်္ဘောဦးဆီသို့ ဝင်လာသည် မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သင်္ဘောရှေ့ပေါက်ကို ဖွင့်ကာ သင်္ဘောကုန်းပတ်ပေါ်သို့ ကပျာကသီတက်ခဲ့သည်။ ရေစီးသန်သဖြင့် သင်္ဘောမှာ လူးနေရာ ဂေါ့ဖရီးသည် သင်္ဘောဦးသို့ အချိန်မီရောက်အောင် မနည်းထိန်းလျှောက်ခဲ့ရသည်။ ထိုမြင်ကွင်းမှာ သင်္ဘောနှစ်စင်းစလုံးပေါ်မှ ရဲဘော်များအဖို့ တစ်သက်တွင် မေ့ပျောက်နိုင်ဖွယ်မရှိတော့ပြီ။

ဂေါ့ဖရီးသည် ကြိုးတန်းလမ်းလျှောက်သည့်နှယ် လက်နှစ်ဘက်ကို ဘေးသို့ဆန့်လျက် ကိုယ်ကိုထိန်းမတ်ကာ သင်္ဘောဦးဆီသို့ တဖြည်းဖြည်း လျှောက်နေသည်။ သူ့ဆံပင်များမှာလည်း လေတွင် ပျံဝဲနေသည်။ သင်္ဘောဦးက

ရေထုကိုထိုးခွဲ၍ ကုန်းပတ်ပေါ်သို့ လျှံတက်လာသော ရေသီးရေပန်းတို့ကလည်း ဂေါ့ဖရီး၏ ကိုယ်ပေါ်သို့ လာရောက်ထိမှန် ပက်ဖျန်းနေကြသည်။

အံ့ဩဖွယ်ကောင်းသည်မှာ ဤမျှသက်စွန့်ဆံဖျား စွန့်စားနေရသည့်တိုင် ဂေါ့ဖရီး၏အမူအရာမှာ ထိတ်ထိတ်ပျာပျာမရှိ၊ ပကတိ အေးဆေးတည်ငြိမ်နေခြင်းပင် ဖြစ်ပေသည်။

သင်္ဘောဦးသို့ ရောက်သောအခါ ဂေါ့ဖရီးသည် သင်္ဘောဦးနှင့် ဝင်တိုက်လုမတတ် ရှိနေသော ဗုံးကြီးကို ခြေတစ်ဘက်ဖြင့် ခပ်သာသာ ကန်ထုတ်ပစ်လိုက်လေသည်။

ရေမြုပ်ဗုံးကြီးနှင့် သင်္ဘောဦးတို့ လွတ်သွားသည်နှင့် တစ်ပြိုင်နက် မိခင်ရေငုပ်သင်္ဘောကြီးပေါ်မှ ရဲဘော်များက ဂေါ့ဖရီးအား တစ်ခဲနက် ဩဘာပေးလိုက်ကြသည်။ ဂေါ့ဖရီးကမူ လက်ဝှေ့ရမ်းပြရုံသာ ပြုလိုက်သည်။

## အန္တရာယ်လမ်း

စက်တင်ဘာလ (၂၀) ရက်နေ့တွင် အိပ်(စ်) ရေငုပ်သင်္ဘောလေး (၃)စင်းသည် မိခင် ရေငုပ်သင်္ဘောကြီးများနှင့် တွဲချီထားသည့် ကြိုးများကို ဖြုတ်ချလိုက်ပြီး ဆက်ဂျန်ဆန်ကျွန်းဝင်ပေါက်သို့ ရှေ့ရှု၍ မောင်းနှင်လာခဲ့ကြသည်။

ယခုအချိန်မှစ၍ နောက်သို့ ပြန်မဆုတ်နိုင်တော့ပြီဆိုသော အသိနှင့် သိပ်သည်းလှသော အမှောင်ထုတို့က အိပ်(စ်)ရေငုပ်သင်္ဘောကလေးများပေါ်မှ ရဲဘော်များကို စိတ်ချောက်ချားနေစေလေသည်။

ထိုညတစ်ညလုံး သူတို့သည် ဘက်ထရီအိုးများကို အားသွင်းရင်း ရေပေါ်မှပင် မောင်းနှင်ခဲ့ကြသည်။ ယခုမှ သူတို့သည် ဂျာမန်တို့၏ ရေမြှုပ်မိုင်းခင်းကို ဖြတ်သန်းနေကြပြီဖြစ်သည်။ သို့ရာတွင် သူတို့သည် သင်္ဘောများ ရေစူးနည်းမှုကြောင့် မိုင်းအန္တရာယ်မှ လွတ်မြောက်နိုင်သည်ဟု ယူဆမိကြ၍ လည်းကောင်း၊ ဤလမ်းသည်သာလျှင် အနီးဆုံးလမ်းဖြစ်ပြီး အခြားရွေးချယ်စရာ လမ်းမရှိ၍လည်းကောင်း ဤအန္တရာယ်လမ်းကိုပင် လိုက်ခဲ့ကြခြင်းဖြစ်သည်။ တစ်ခုတော့ ပြောစရာရှိသည်။ အကယ်၍ လမ်းတွင် ဂျာမန်စစ်ရေယာဉ်တစ်စင်း စင်းနှင့် တွေ့၍ မရှောင်လွှဲသာ ရေအောက်သို့ ငုပ်လျှိုးလိုက်ရလျှင်မူ ရေမြှုပ်ဗုံးများနှင့် ပူးစာဆုံကြရမည်မှာ မုချဖြစ်ပေသည်။

ညသန်းခေါင်တိုင်သည်နှင့် လသည် မိုးကုပ်စက်ဝိုင်းဆီမှ ခေါင်းပြူ ထွက်လာသည်။ ထိုညက အစောင့်ကျသော ကင်းမရွှန်းသည် သင်္ဘောအပေါ်

ပေါက်မှ ခေါင်းလျှိုထွက်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုရင်း လိုက်ပါလာသည်။ ဆက်ဂျန်ဆန်ကျွန်းဝင်ပေါက်ဝရှိ ကျောက်ဆောင်ကြီးများပေါ်တွင် ဆီးနှင်းများ ပြိုကျနေသည်။ ချောင်းလည်း မက၊ မြစ်လည်း မကသော အကျယ်တစ်မိုင်ခန့်မျှရှိသည်။ ရေလက်တက်တစ်ခုသည် စတက်ဂျာနိုင်းကျွန်းနှင့် ပင်မကုန်းပိုင်းကို ဝဲယာပြုလျက် ကုန်းတွင်းသို့ (၁၅) မိုင်မျှ စီးဝင်နေသည်။

ထိုလက်တက်ဆုံးလျှင် တာပစ်(ခ်) ခိုလှုံရာ အော်(လ်)တာဖု(ချ်)သို့ ရောက်မည်ဖြစ်ပြီး အော်(လ်)တာဖု(ချ်)ဝင်ပေါက်ကိုလည်း အမြောက်စခန်းများ၊ သံမဏိကွန်ချာများနှင့် ဝန်းရံထားလေသည်။

သို့ဖြင့် အိပ်(စ်)(ဖ)သည် ကင်းမရှုန်း၏ ခေါင်းတစ်လုံးစာ လွတ်ရုံမျှ ရေမျက်နှာပြင်အောက်သို့ ငုပ်လျှိုးကာ ကျောက်ဆောင်များအကြားမှ ရေလက်တက်ဝင်ပေါက်သို့ ချဉ်းကပ်လာခဲ့သည်။

အရုဏ်တက်ချိန်တွင် အိပ်(စ်)(ဖ)သည် ရေအောက် အတော်နက်သည် အထိ ငုပ်လျှိုးခဲ့ပြီး လက်တက်ဝင်ပေါက်သို့ ရောက်ခဲ့သည်။ ထိုသို့ ဝင်ရောက်ခဲ့သည်ကိုလည်း ဂျာမန်အစောင့်များ မရိပ်မိခဲ့ကြချေ။

ထို့နောက်တွင်မှ အိပ်(စ်)(ဖ)သည် စတက်ဂျန်နိုင်းကျွန်း၏ ကမ်းခြေနှင့် ကပ်နိုင်သမျှကပ်၍ ရေအောက်မှပင် ဆက်လက်ခုတ်မောင်းခဲ့ပြန်သည်။ ဤသို့ ရေအောက်မှ ခုတ်မောင်းလာခဲ့သည်မှာလည်း ဂျာမန် ကင်းထောက်လေယာဉ်များ၏ ရန်ကို ရှောင်နိုင်ရန်ပင်ဖြစ်သည်။

စက်တင်ဘာလ (၂၁) ရက်နေ့၌ အိပ်(စ်)(ဖ)သည် တာပစ်(ခ်) ပုန်းခိုရာ အော်(လ်)တာဖတ်(ချ်)၏ ဝင်ပေါက်ဖြစ်သော ဘရက်ဟုဇား(လ်)ကျွန်းအနီးသို့ ဆိုက်ရောက်လာခဲ့သည်။

အစီအစဉ်အရသော် အိပ်(စ်)(ဖ)သည် ထိုကျွန်းအနီးရှိ ချောင်ကျသော တစ်နေရာတွင် ခေတ္တ ပုန်းလျှိုးနေကာ တိုက်ခိုက်ရေးအတွက် ပြင်ဆင်ဖွယ်ရှိသည်များကို ပြင်ဆင်ရမည်ဖြစ်သည်။

ဤနေရာသို့အရောက်တွင် ရန်သူ့နယ်မြေအတွင်းတို့ နက်ရှိုင်းစွာ ဝင်ရောက်မိခဲ့ကြပြီဆိုသော အသိကြောင့် အိပ်(စ်)(ဖ) ပေါ်မှ ရဲဘော်များမှာ အထူးပင် စိတ်လှုပ်ရှားနေမိကြသည်။

ဤအနီးပတ်ဝန်းကျင်တွင် ရန်သူများ ပတ်လည်ဝိုင်းနေသည်။ ထို့ကြောင့် အိပ်(စ်)(ဖ)အနေဖြင့် အမှားတစ်ခုခု မပြုလုပ်မိစေရန် အထူးပင် သတိထားနေရသည်။

ကင်းမရွှန်းသည် သင်္ဘောကို ရေပေါ်သို့ ကိုယ်ထည်တစ်ပိုင်းဖော်လိုက်ပြီး ညကြည့် ပယ်ရီစကုပ်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်သည်။ သူ အလွတ်ကျက်မှတ်ခဲ့သော မြေပုံအညွှန်းနှင့် ယခု သူမြင်တွေ့နေရသော မြေပြင်လက္ခဏာတို့ကို တိုက်ကြည့်လိုက်ရာ ယခု အိပ်(စ်)(ဖ)ရောက်နေသော နေရာမှာ တာပစ်(ခ်) ပုန်းခိုရာ အော်(လ်)တာဖု(ချ်)နှင့် (၄) မိုင်မျှသာ ဝေးတော့သည်ကို သိလိုက်ရသည်။

တစ်ဖန် ယခု သူတို့ရောက်ရှိနေသည့် ပတ်ဝန်းကျင်၌ ဂျာမန်တပ်များ ကင်းလှည့်ရေယာဉ်များနှင့် ကမ်းခြေစောင့်များရှိနေမည်မှာလည်း အမှန်ပင်ဖြစ်သည်။

မည်သို့ရှိစေ . . .ကင်းမရွှန်းသည် သူ့ရေငုပ်သင်္ဘော၏ အနီးဝန်းကျင်တွင် ရန်သူ့ရေယာဉ်၏ လှုပ်ရှားမှုနှင့် လူသူအရိပ်အခြေတို့ကို မတွေ့ရသဖြင့် "လမ်းရှင်းတယ်"ဟူ၍ သူ့အနီးရှိ ရဲဘော်များကို တီးတိုးသတင်းပို့လိုက်သည်။ ထို့နောက် ကင်းမရွှန်းသည် သင်္ဘောကုန်းပတ်ပေါ်သို့ တက်ရောက်လမ်းညွှန်ကာ သူ၏သင်္ဘောကို ချောင်တစ်ချောင်သို့ မောင်းနှင်စေခဲ့ပြန်သည်။

ထိုအချိန်ဝယ် ဆီးနှင်းမှုန်များသည် မိုးသီးမိုးပေါက်များအလား တဖြိုင်ဖြိုင်ကျနေသည်။ သို့သော် ပတ်ဝန်းကျင်သည် ဆီးနှင်းကျသံမှလွဲ၍ တိတ်ဆိတ်ငြိမ်နေလေသည်။

ထိုအခိုက်မှာပင် ဆူဆူညံညံ ထွက်ပေါ်လာသော လူသံများက ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တော့သည်။ အိပ်(စ်)(ဖ)နှင့် ကိုက် (၃၀) မျှပင် မဝေးသော ကမ်းပေါ်ရှိ ကင်းတဲတစ်ခုမှ တံခါးသည် ရုတ်တရက်ပွင့်လာသည်။ တစ်ဆက်တည်းမှာပင် ထိုကင်းတဲအတွင်းမှ ဂျာမန်ဘာသာစကားဖြင့် ငြင်းခုံနေကြသော စကားသံများသည် တဲအပြင်သို့ လွင့်ထွက်သည်နှင့်အတူ အတွင်းမှ အန်ထွက်လာသော မီးရောင်များကလည်း မီးမောင်းနှင့်ထိုးလိုက်သည့်နှယ် တဲပြင်ရှိ ပတ်ဝန်းကျင်တစ်ခုလုံးကို လင်းထိန်သွားစေခဲ့လေသည်။

သို့သော် ကံကောင်းလှပါ၏။ ရုတ်တရက် ပွင့်လာသော ကင်းတဲတံခါး သည် မမျှော်လင့်ဘဲ ပြန်ပိတ်သွားပြီး စက္ကန့်ပိုင်းအတွင်းမှာ အသံများလည်း တိတ်ဆိတ်သွားတော့သည်။ ထိုအခါမှပင် ကင်းမရွှန်းသည် မင်သက်မိနေရာမှ ပြန်လည်သတိဝင်လာပြီး သင်္ဘောကို အခြားချောင်တစ်ချောင်သို့ ပြန်မောင်း ခဲ့ရသည်။

ဤသို့ စိတ်ချရသည့်နေရာ ရောက်မှပင် ကင်းမရွှန်း၏ တာဝန်ကို လိုရီမာက လွှဲပြောင်း၍ ယူလိုက်လေသည်။

ယခုမှ အိပ်(စ်)(၆)သည် ဂျာမန်လျှို့ဝှက်ရေတပ်စခန်းကြီး၏ ဗဟို ချက်မသို့ ဝင်ရောက်မိပြီဖြစ်၏။ ရှန်ဟို(စ်)သင်္ဘောနှင့် တစ်မိုင်မျှသာ ကွာဝေး တော့ပြီး တာပစ်(ဇ်)နှင့်မှ သင်္ဘောပေါ်၌ ထွန်းညှိထားသည့် မီးရောင်များကိုပင် လှမ်းမြင်ရပြီဖြစ်သည်။

လုံခြုံသောချောင်သို့ ကပ်မိသည်နှင့် တစ်ပြိုင်နက် အိပ်(စ်)(၆)သည် ဘက်ထရီအိုးများကို အားသွင်းခြင်း၊ သင်္ဘောပြင်ခြင်း၊ မိမိတို့သယ်ဆောင် လာသည့် ချိန်ကိုက်ဗုံးများကို စစ်ဆေးခြင်းစသည့် ဆောင်ရွက်ဖွယ်အမှုကိစ္စ အဝဝတို့ကို စတင် ဆောင်ရွက်နေလေတော့သည်။

ကင်းမရွှန်း၏ အစီအစဉ်အရ အိပ်(စ်)(၆)သည် ဘရက်ဟုမ်းကျွန်းမှ နံနက်တစ်နာရီတွင် စတင် ထွက်ခွာရမည်ဖြစ်သည်။ သို့မှသာ အော်(လ်)ဖု(ရ်) ဝင်ပေါက်ရှိ ရေငုပ်သင်္ဘော သံကွန်ချာကို ဖြတ်ကျော်ရာတွင် အချိန်ပိုရမည် ဖြစ်သည်။

ဤသို့ အချိန်လုရသည်မှာလည်း အကြောင်းရှိသည်။ တာပစ်(ဇ်)ကို ဖျက်ဆီးရမည့် စစ်ဆင်ရေးတွင် ပါဝင်သည်။ အိပ်(စ်)ရေငုပ်သင်္ဘောသုံးစင်းသည် တစ်စင်းနှင့်တစ်စင်း လမ်းခွဲ၍ သီးခြားလွတ်လပ်စွာ လှုပ်ရှားရမည် ဖြစ်သော် လည်း တစ်စင်းက ထောင်ခဲ့သော ချိန်ကိုက်ဗုံးများကို နောက်တစ်စင်းက ရှောင်နိုင်ရန်အတွက် မိုင်းထောင်ရမည့်အချိန်နှင့် မိုင်းကွဲမည့်အချိန်ဟူ၍ ခွဲခြား ကာ ရေငုပ်သင်္ဘောသုံးစင်းလုံးအတွက် အချိန်သတ်မှတ်ပေးထားပြီး ဖြစ်သည်။

ထို့ကြောင့် မိုင်းထောင်ရန် သတ်မှတ်ပေးထားသည့်အချိန်၌ မိုင်းထောင် နိုင်ပါမှ အသက်ရှင်ခွင့်ရှိမည်ဖြစ်ပြီး အချိန်လွန်မှ ထောင်မိလျှင် အခြား ရေငုပ် သင်္ဘောတစ်စင်းစင်းက ထောင်ခဲ့သော မိုင်းဗုံးနှင့် တိုးမိပြီး သေပွဲဝင်ရမည် ဖြစ်သည်။

## ကံကောင်းထောက်မခြင်း

စက်တင်ဘာလ (၂၂) ရက်နေ့။

အာတိတ်သမုဒ္ဒရာ၏ အရှေ့ဦးဖြစ်သော (၀၁၄၅) နာရီတွင် အိပ်(စ်)(ဖ)သည် ရေအောက်သို့ ငုပ်လျှိုးကာ အော်(လ်)တာဖု(ချ်)ဘက်သို့ ဦးတည်ခုတ်မောင်းခဲ့သည်။ အိပ်(စ်)(ဖ) အဖွဲ့ဝင် ရဲဘော်များသည် ရေငုပ် သင်္ဘောကာကွယ်ရေး သံမဏိပိုက်ကွန်များကို အတိုတောင်းဆုံးအချိန်အတွင်း၌ ဖြတ်တောက်နိုင်ရန် လပေါင်းများစွာပင် လေ့ကျင့်ခဲ့ကြသည်။ ယခုမူ သူတို့ ဖြတ်တောက်ရမည့် သံမဏိပိုက်မှာလည်း သူတို့နှင့် (၃) မိုင်မျှပင် မဝေး တော့ပြီ။

ထို့ကြောင့် သံမဏိပိုက်ကို ဖြတ်တောက်ရမည့် ကင်းဒေါ(လ်)သည်ပင် ပယ်ရီစကုပရှေ့ရှိ ရေလုံခန်းတွင်း၌ ရေငုပ်ဝတ်စုံကို စတင်ဝတ်ဆင်နေပြီ ဖြစ်သည်။ ကင်းဒေါ(လ်)ကို ကင်းမရှန်းနှင့် ဂေါဒတ်တို့ အကူအညီပေးနေ ကြသည်။ သို့ရာတွင် သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြ။ လုပ်စရာရှိသော အလုပ်များကိုသာ တစ်ယောက်နှင့်တစ်ယောက် လက်ဟန်ခြေဟန်ပြကာ ဆက်လုပ်နေကြသည်။

ရေငုပ်ဝတ်စုံ ဝတ်ဆင်ပြီးသွားသောအခါ ကင်းဒေါ(လ်)သည် သင်္ဘော ထွက်ပေါက်အနီးတွင် အသင့်သွားရပ်နေလိုက်သည်။

ကင်းမရွှန်း၏ အစီအစဉ်မှာ သင်္ဘောကို ရေအောက် အနက်ပေ (၃၀) မှ ခုတ်မောင်းကာ သံမဏိပိုက်ရှိရာသို့ ချဉ်းကပ်ရမည်။ ထိုအနက်ပေတွင်ပင် သင်္ဘောကို ရပ်တည်နေစေကာ သံမဏိပိုက်ကို ဦးတိုက်၍ ထားရမည်။ ထိုအချိန်တွင် ဂေါဒတ်သည် အထူးတီထွင်ထားသည့် မှန်ပြောင်းဖြင့် သံမဏိပိုက်ကို အနီးကပ် ကြည့်ရှုစစ်ဆေးနေမည်ဖြစ်ပြီး လိုရီမာကလည်း သင်္ဘောကို မိမိတို့ အလိုရှိသော အနေအထားတွင် ရပ်တည်နေနိုင်စေရန် ထိန်းသိမ်းထားရမည်ဖြစ်သည်။

ကင်းဒေါ(လ်)၏တာဝန်မှာမူ ပိုက်ကို သင်္ဘောဦး စတိုက်သည်နှင့် တစ်ပြိုင်နက် သင်္ဘောထဲမှ ထွက်ကာ သံမဏိပိုက်ကို စတင်ဖြတ်တောက်ရမည်။ ပိုက်ဖြတ်ရာတွင်လည်း ပိုက်အောက်ခြေမှ အထက်သို့ သံမဏိကြိုးတစ်မျှင်ချင်း ဖြတ်သွားရမည်။ ပိုက်ပြတ်သွားလျှင် ကင်းဒေါ(လ်)သည် ပြတ်သွားသော ပိုက်စတို့ကို သင်္ဘောပဲ့ပိုင်းသို့ ဆွဲသွားရမည်။ သို့မှသာ ပိုက်စများနှင့် သင်္ဘော ပန်ကာတို့ မငြိမိကြမည်လည်း ဖြစ်သည်။ ထိုတာဝန်များ ဆောင်ရွက်ပြီးလျှင် ပြီးခြင်း ကင်းဒေါ(လ်)သည် သင်္ဘောကိုယ်ထည်ကို အမှီလိုက်တွယ်ကာ သင်္ဘောဝမ်းထဲသို့ ဝင်ရမည်ဖြစ်ပေသည်။

ယခုဆိုလျှင် အိပ်(စ်)(၆)မှာ ရေငုပ်သင်္ဘောကာကွယ်ရေး သံမဏိ ပိုက်ကွန်နှင့် မိုက်ဝက်မျှပင် မဝေးတော့ပြီ။ သို့ရာတွင် သူတို့သင်္ဘော၏ဦးပိုင်း ရေလှောင်ကန်တစ်ခုတွင် ရေယိုပြီး ပယ်ရီစကုပ်၏ မှန်ပြောင်းထဲသို့လည်း ရေစိမ့်ဝင်နေသည်။ ထိုအဟန့်အတားများ ကြားမှပင် အိပ်(စ်)(၆)မှ ရဲဘော် များမှာ မိမိတို့ ရည်မှန်းချက်သည် မိမိတို့ လက်တစ်ကမ်းမျှပင် မဝေးတော့ပြီ ဆိုသော အသိကြောင့် အထူးပင် စိတ်ဓာတ်တက်ကြွနေကြသည်။

ထိုအချိန်မှာပင် ကင်းမရွှန်းက သင်္ဘောကို ပယ်ရီစကုပ်တစ်ကမ်းသို့ ပြန်တက်ရန် အမိန့်ပေးလိုက်သည်။ ဤသို့ ကင်းမရွှန်းက သင်္ဘောကို ပြန်တက် ခိုင်းလိုက်ရသည်မှာလည်း အကြောင်းရှိပေသည်။ စောစောက ကင်းမရွှန်းသည် သင်္ဘောကို ပယ်ရီစကုပ်တစ်ကမ်းသို့ ပြန်ဖော်၍ ရန်သူ့လှုပ်ရှားမှုအခြေအနေ ကို အကဲခတ်ကြည့်ရှုခဲ့ရာ ရေပြင်သွား ကင်းထောက်ရေယာဉ်တစ်စင်းနှင့် ငါးဖမ်းသင်္ဘောတစ်စင်း ရှေ့ခပ်လှမ်းလှမ်း တစ်နေရာတွင် ခုတ်မောင်းနေကြ သည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့်ပင် ယခုလည်း ကင်းမရွှန်းသည် သူ့

သဘော်နှင့် ထိုသဘော်နှစ်စင်းတို့၏ အကွာအဝေးကို စစ်ဆေးလို၍ သဘော်ကို ရေမျက်နှာပြင်အနီးသို့ ပြန်တက်စေခဲ့ခြင်းပင်ဖြစ်သည်။

သို့ရာတွင် ကင်းမရွှန်းသည် ပယ်ရီစကုပ်ကို တင်၍ ရေမျက်နှာပြင်ပေါ်သို့ အကဲခတ်ကြည့်လိုက်သောအခါ ပယ်ရီစကုပ်အတွင်းသို့ ရေဝင်နေသဖြင့် အစိမ်းရောင်လွှင်ပြင်ကြီးကိုသာ တွေ့လိုက်ရသည်။ ဤတွင် ကင်းမရွှန်းသည် သဘော်ကို ပေ (၆၀) အနက်သို့ ပြန်ငုပ်ခိုင်းရပြီး ပယ်ရီစကုပ်ကို တစ်စစီဖြုတ်ကာ မှန်များကို ရေပြန်သုတ်နေရပြန်သည်။

အိပ်(စ်)(ဖ)အဖွဲ့ဝင် ရဲဘော်များမှာ ပယ်ရီစကုပ် မှန်များကို ရေသုတ်နေသော ကင်းမရွှန်း၏အမူအရာကို ကြည့်ပြီး မျက်စိမျက်နှာပျက်နေကြသည်။ သည်မျှပစ်မှတ်နှင့်နီးမှ ပယ်ရီစကုပ်၏ ချို့ယွင်းမှုကြောင့် စစ်ဆင်ရေးတစ်ခုလုံး ပျက်ပြားသွားမည်ကို စိုးရိမ်နေကြခြင်းဖြစ်သည်။

သို့ဖြင့် အိပ်(စ်)(ဖ) သည် ပေ (၃၀) အနက်မှ ခုတ်မောင်းလာရင်း သံမဏိပိုက်ကွန်နှင့် မလှမ်းမကမ်းသို့ အရောက်တွင် ရေပြင်ပေါ်မှ ခုတ်မောင်းသွားသော သဘော်တစ်စင်း၏ ပန်ကာသံကို ကြားလိုက်ရသည်။ ထိုအခါ ကင်းမရွှန်းသည် သဘော်ကို ပယ်ရီစကုပ်တစ်ကမ်းသို့ ပြန်တက်စေပြီး ပယ်ရီစကုပ်ကို တင်ကာ ရေပြင်ပေါ်သို့ ကြည့်လိုက်ရာ ပယ်ရီစကုပ်အတွင်းသို့ ရေမဝင်မီ ငါးဖမ်းသဘော်၏ ပဲ့ပိုင်းကို တွေ့လိုက်ရသည်။

ထိုသဘော်သည် သံမဏိပိုက်ကို ဦးတည်ခုတ်မောင်းနေခြင်းဖြစ်သည်။ ထိုအခိုက်မှာယ်မှာ ရှင်းနေပြီဖြစ်သည်။ ဤသို့ ငါးဖမ်းသဘော် သံမဏိပိုက်ကို ဦးတည်ခုတ်မောင်းနေခြင်းမှာ ၎င်းသဘော် ဝင်နိုင်ရန်အတွက် သံမဏိပိုက်တံခါးကို ဖွင့်ထား၍သာ ဖြစ်မည်။

ထိုအသိကြောင့်ပင် ကင်းမရွှန်းက သူ့ရဲဘော်များဘက်သို့ လှည့်၍ ပြောလိုက်သည်။

"အဲဒီသဘော်နောက်က တို့သဘော် ဝင်လိုက်သွားရင် ရမယ်ထင်တယ်ဟေ့ . . ."

သို့ရာတွင် ယခု သူတို့ ခုတ်မောင်းနေသော ပယ်ရီစကုပ်၏ ကမ်းအနက်ပေမှ ဆက်လက်ခုတ်မောင်းနေလျှင် သဘော်အသွားနှုန်း နှေးနေမည်ဖြစ်သည့်အပြင် ပယ်ရီစကုပ် ရေစိမ့်ဝင်နေမှုကြောင့်လည်း ရှေ့သဘော်ကို

မြင်ရမည် မဟုတ်ပေရာ သူတို့သင်္ဘော သံမဏိပိုက်ကို ဖြတ်မကျော်နိုင်မီမှာပင် သံမဏိပိုက်တံခါးပြန်ပိတ်သွားမည်မှာ သေချာလှပေသည်။

ထိုသို့ တွေးလိုက်မိသည်နှင့်အတူ ကင်းမရှန်းသည် ဆုံးဖြတ်ချက်တစ်ခုကို ရဲဝံ့စွာ ချလိုက်မိသည်။

"ရေပေါ်တက် စက်ကုန်ဖွင့်မောင်း"

ကင်းမရှန်းက အမိန့်နှစ်ခုကို တစ်ဆက်တည်း ပေးလိုက်သည်။

ရေထဲသို့ဆင်း၍ သံမဏိပိုင်ကို ဖြတ်တောက်ရန် ရေလုံခန်းထဲတွင် အသင့်စောင့်နေသော ကင်းဒေါ(လ်)သည် ကင်းမရှန်းထံမှ မမျှော်လင့်သော အမိန့်သံများကို ကြားလိုက်ရသဖြင့် သူ့နားကိုပင် သူ မယုံကြည်နိုင်အောင် ရှိနေရှာသည်။

ယခုမူ အိပ်(စ်)(ဖ)သည် ရေမျက်နှာပြင်ပေါ်သို့ တက်ခဲ့ပြီး ရှေ့မှ သွားနေသော သင်္ဘောနောက်မှ ကပ်ပါလာခဲ့ပြီဖြစ်သည်။

ရှေ့မှသွားနေသော သင်္ဘောတို့မှာ တစ်စင်းနှင့် တစ်စင်း နီးကပ်လှသဖြင့် ရှေ့သင်္ဘောမှ ယက်ထုတ်လိုက်သော ရေပန်းများမှာ နောက်သင်္ဘော၏ ကုန်းပတ်ပေါ်သို့ လာရောက်လျှံတက်နေကြသည်။

ဤသို့ ရှေ့သင်္ဘောနှင့် နောက်သင်္ဘော သည်မျှအထိ နီးကပ်နေပါလျက် ရှေ့သင်္ဘောပေါ်မှ သင်္ဘောသားများသည်လည်းကောင်း၊ သံမဏိပိုက်စောင့် ဂျာမန်စစ်သားများသည်လည်းကောင်း၊ အိပ်(စ်)(ဖ) လိုက်လာသည်ကို မမြင်မိကြသည်မှာ အိပ်(စ်)(ဖ) အဖို့ ကံကောင်းထောက်မသည်ဟူ၍သာ ဆိုရပေမည်။

ထို့ကြောင့် ကင်းမရှန်းက သူ့ရဲဘော်များဘက်သို့လှည့်၍ "ဒီကောင်တွေ တို့ကိုမမြင်တာ မျက်စိကမ်းနေလို့လဲဖြစ်မယ်၊ ဒါမှမဟုတ် အလွန်အကျွံ အရက်မူးနေလို့လဲဖြစ်မယ်ဟေ့ ..." ဟူ၍ မှတ်ချက်ချလိုက်ခြင်းပင် ဖြစ်ပေသည်။

ဤနည်းဖြင့် အိပ်(စ်)(ဖ)သည် အော်(လ်)တာဖု(ချ်) ရေကန်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။ ယခုဆိုလျှင် အော်(လ်)တာဖု(ချ်) ရေကန်ကြီး၏ တစ်ဘက်ကမ်းတွင် ဆိုက်ကပ်ရပ်နားနေသော တာပစ်(ဇ်) စစ်သင်္ဘောကြီးနှင့် (၃) မိုင်မျှသာ ဝေးပေတော့သည်။

## အဖြေမှန်

အိပ်(စ်)(ဖ)သည် တာပစ်(ခ်)၏ အနီးသို့ ချဉ်းကပ်နိုင်ရန်အတွက် ရေငုပ်သဘော် ကာကွယ်ရေး သံမဏိကွန်ချာကို ဖြတ်ကျော်နိုင်ခဲ့ပြီဖြစ်သော်လည်း နောက်ထပ် တော်ပီဒိုကာကွယ်ရေး သံမဏိကွန်ချာကို ထပ်မံဖြတ်ကျော်ရဦးမည်ဖြစ်သည်။

"အနက်ပေ (၇၀) ငုပ်"

ကင်းမရွှန်းက တစ်ခါသုံးလျှင် တစ်ခါရေဝင်သော ပယ်ရီစကုပ်ကို ပြင်ဆင်ရန်အတွက် သဘော်ကို ပေ (၇၀)အနက်သို့ ငုပ်လျှိုးခိုင်းလိုက်သည်။

ဤအကြိမ်တွင်မူ ဝေါဒတ်က ကင်းမရွှန်းနေရာတွင် အစားဝင်ရောက်၍ ပယ်ရီစကုပ်ကို ပြင်ဆင်သည်။

ပယ်ရီစကုပ်ထဲမှ ရေများကို ထုတ်၍ မှန်များကို သုတ်ပြီးသည်နှင့် ကင်းမရွှန်းသည် သဘော်ကို ပယ်ရီစကုပ်တစ်ကမ်းသို့ တက်စေပြန်ကာ ရေမျက်နှာပြင်ပေါ်ရှိ လှုပ်ရှားမှုများကို အကဲခတ်ကြည့်ရှုလိုက်ပြန်သည်။ အမှန်ဆိုမူ ဤအကြိမ် ပယ်ရီစကုပ် သုံးခွင့်ရခြင်းမှာ နောက်ဆုံးရရှိခဲ့သော အခွင့်အရေးပင်ဖြစ်၏။ အော်(လ်)တာဖု(ချ်) ရေကန်ကြီးထဲတွင် ဂျာမန်စစ်သဘော် အရွယ်အစား အမျိုးမျိုးတို့ဖြင့် ပြည့်နှက်နေသည်။ (၂) မိုင် အကွာအဝေးတွင် ရှိသည့် တာပစ်(ခ်)နှင့် အိပ်(စ်)(ဖ)တို့၏ ကြားတွင် ဒီဇယ်ဆီတင်သဘောကြီးတစ်စင်းရှိပြီး ထိုဆီတင်သဘော်ကြီး၏ ဘေးတွင် ဖျက်သဘော် (၂) စင်း ဆီထည့်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ကင်းမရွှန်းသည် ထိုဆီတင်သင်္ဘောကြီးရှိရာသို့ အိပ်(စ်)(၆)ကို ဦးတည်ကာ ရေအောက်အနက်ပေ (၃၀)မှ ခုတ်မောင်းစေခဲ့ပြန်သည်။ ယင်းသို့ ခုတ်မောင်းလာရင်းလည်း လမ်းတွင် ပယ်ရီစကုပ်ကို ပြင်ဆင်ခဲ့ပြန်သည်။

ယခုမူ အိပ်(စ်)(၆)သည် ရေအောက်တွင် အိမ်မြှောင်အညွှန်းဖြင့်သာ ခုတ်မောင်းနေရပြီဖြစ်၏။

အော်(လ်)တာဖုတ်(ချ်) ရေကန်ကြီးအတွင်းရှိ ရေများမှာ ပင်လယ်မှ ဝင်ရောက်လာသော ရေငန်များနှင့် ဆီးနှင်းများပျော်ကျရာမှ ဖြစ်ပေါ်လာသော တောင်ကျရေချိုများ ရောနှောနေသော ရေများဖြစ်ရာ လိုရီမာအနေဖြင့် အိပ်(စ်)(၆)ကို မိမိတို့ အလိုရှိသော အနက်ပေမှ ခုတ်မောင်းနိုင်ရန် မနည်းပင် ကြိုးစားထိန်းသိမ်းနေရသည်။

အဘယ်ကြောင့်ဆိုသော် အိပ်(စ်)ရေငုပ်သင်္ဘောများသည် ရေချိုထက် ရေငန်ထဲတွင် ပို၍ ပေါ်ခြင်းကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် လိုရီမာသည် တစ်မိနစ်တစ်ကြိမ်ဆိုသလို ပြောင်းလဲနေသော ရေချိုရေငန်အလွှာတို့ကို ဖြတ်ကျော်ရာတွင် ရေချိုအလွှာကို ရောက်လျှင် သင်္ဘောရေလှောင်ကန်ထဲသို့ ရေများစုပ်သွင်းလိုက်၊ ရေငန်အလွှာထဲ ရောက်လျှင် ရေများကို စုပ်ထုတ်လိုက်နှင့် ရေစုပ်စက်၏ ခလုတ်ကို မကြာခဏပင် နှိပ်နေရသည်။ ဤသို့ ရေစုပ်စက်ကို မကြာခဏ ဖွင့်နေရလျှင် ရေစုပ်စက်၏ အသံကို ရေပြင်ပေါ်ရှိ ရန်သူ့ထောက်လှမ်းရေး ရေယာဉ်များက ကြားသွားနိုင်သည်ဖြစ်ရာ လိုရီမာသည် အန္တရာယ်ကြီးလှသော အလုပ်ကို မလုပ်ချင်ဘဲ လုပ်နေရသည်။

အိပ်(စ်)(၆)သည် တစ်နာရီရေမိုင် (၂) မိုင်နှုန်းဖြင့် သွားနေရာ ရေနံတင် သင်္ဘောကြီးအနီးသို့ ရောက်ရန် (၂) နာရီကျော်ကျော်မျှပင် ခုတ်မောင်းခဲ့ရသည်။

ရေနံတင်သင်္ဘောကြီးအနီးသို့ ရောက်လောက်ပြီဟု ယူဆရသောအခါ ကင်းမရွှန်းသည် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရှုရန် အိပ်(စ်)(၆)ကို ပယ်ရီစကုပ်အနက်ပေသို့ ပြန်တက်စေခဲ့ပြန်သည်။

ပယ်ရီစကုပ်မှန်တွင် မျက်စိအပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကင်းမရွှန်း ပထမဦးဆုံး မြင်လိုက်ရသောအရာမှာ အစိမ်းရောင်အကွက်အကြားတို့ဖြင့်

ရုပ်ဖျက်ထားသည့် ဖျက်သင်္ဘောတစ်စင်း၏ ကိုယ်ထည်ကြီးပင် ဖြစ်လေသည်။ တစ်ဆက်တည်းမှာပင် ကင်းမရွှန်းသည် မိမိတို့သင်္ဘောမှာ အဆိုပါ ဖျက်သင်္ဘော၏ ဦးနှင့် ဘော်ယာကြီးတစ်လုံး၏ကြားသို့ ဦးတည်ဝင်ရောက်နေပြီဆိုသည်ကိုလည်း ထိတ်လန့်ဖွယ် တွေ့လိုက်ရသည်။ သည်အနေအထားတိုင်းသာ ဆက်လက်ဝင်သွားမိလျှင် ရေပေါ်ထောင်ထွက်နေသည့် ပယ်ရီစကုပ်တိုင်သည် ဖျက်သင်္ဘောနှင့် ဘော်ယာကို ဆိုင်းထားသည့် သံမဏိကြိုးများနှင့် သွားတိုက်မိတော့မည်မှာ သေချာသလောက်ရှိနေပေသည်။ ထို့ကြောင့် ကင်းမရွှန်းသည် အိပ်(စ်)(၆)ကို အနက်ပေ (၆၀) သို့ အလျှင်အမြန် ပြန်ငုပ်ခိုင်းလိုက်ရပြန်သည်။

ပေ (၆၀) သို့ ငုပ်မိလျှင် အိပ်(စ်)(၆)သည် စက်ကို ရပ်ပစ်လိုက်ပြီး ရေပေါ်မှ ထွက်ပေါ်ကောင်း ထွက်ပေါ်လာမည့် ရန်သူ့ကင်းထောက်ရေယာဉ်များ၏ လှုပ်ရှားသံများကို ရင်တမမနှင့် နားစွင့်နေလိုက်ကြသည်။ သူတို့သင်္ဘော၏ စက်သံကို ရန်သူ့ကင်းထောက်ရေယာဉ်များ ကြားသွားကြပြီလား။ မိမိတို့၏ ပယ်ရီစကုပ်ကို အနီးဝန်းကျင်ရှိ ရန်သူ့သင်္ဘောမှ သင်္ဘောသားများ မြင်သွားကြပြီလား။ မကြာမီ မိမိတို့ ရေငုပ်သင်္ဘောပေါ်သို့ ရေမြုပ်ဗုံးများ ကျရောက်ပေါက်ကွဲကြတော့မည်လား စသည်ဖြင့်လည်း တွေးတောကာ ရင်ဖိုနေမိကြသည်။ အတန်ကြာ စောင့်ဆိုင်း၍ နားစွင့်သည့်တိုင် ရေပေါ်မှ ဘာသံမျှ မကြားရသောအခါ ကင်းမရွှန်းသည် သင်္ဘောကို ရှေ့သို့ ခပ်ဖြေးဖြေး ဆက်မောင်းရန် အမိန့်ပေးလိုက်တော့သည်။

ယခု အိပ်(စ်)(၆) ဆောင်ရွက်ရန် ကျန်ရှိနေသောအလုပ်မှာ တာပစ်(စ်)၏ဘေးတွင် ဝန်းရံထားသည့် 'တော်ပီဒို ကာကွယ်ရေး သံကွန်ချာ'ကို ဖြတ်ကျော်ရန်ပင်ဖြစ်သည်။ ဗြိတိသျှတပ်မတော် ထောက်လှမ်းရေးမှ ပေးပို့သောသတင်းအရ ယင်းသံမဏိပိုက်ကွန်မှာ ရေအောက်ပေ (၅၀) အနက် အထိသာ ရှည်ပြီး ထိုနေရာ၏ ရေအနက်မှာမူ ပေ (၁၂၀)မျှပင် ရှိသည်ဟု ဆိုပေသည်။ ထို့ကြောင့် ၎င်းသတင်းသာ မှန်ခဲ့လျှင် အိပ်(စ်)(၆)သည် သံမဏိပိုင်အောက်မှ အလွယ်တကူပင် လျှိုဝင်သွားနိုင်မည် ဖြစ်ပေသည်။

အတန်ငယ် ဆက်မောင်းမိသောအခါ ကင်းမရွှန်းက သင်္ဘောကို ပယ်ရီစကုတ် အနက်ပေသို့ ပြန်တက်ရန် အမိန့်ပေးလိုက်ပြန်သည်။ ယခုအချိန်တွင် အိပ်(စ်)(၆)သည် ရန်သူ့ သင်္ဘောများနှင့် အလွန်နီးကပ်နေပြီဖြစ်၍ ဤသို့ ပယ်ရီစကုပ်တစ်ကမ်းသို့ တက်ခဲ့ခြင်းဖြင့် ရန်သူ့ထောက်လှမ်းရေး

ရေယာဉ်များ၏ ရန်ကိုသာမက အနီးဝန်းကျင်ရှိ သင်္ဘောများပေါ်မှ သင်္ဘောသားများ၏ ရန်ကိုပါ စိုးရိမ်နေရပေသည်။

သို့သော် အိပ်(စ်)(ဖ)သည် ရေချို၊ ရေငန်အလွှာအထပ်ထပ်ကို ဖြတ်ကျော်ခုတ်မောင်းနေရခြင်း၊ ကန်ထဲတွင် ရေဝဲများရှိနေခြင်း၊ သင်္ဘောကရေဝင်နေ၍ တစ်ဘက်စောင်းနေခြင်း စသည့် အနှောင့်အယှက် အခက်အခဲအမျိုးမျိုးတို့ကြောင့် ကင်းမရွှန်းအဖို့ မိမိသင်္ဘော၏ တည်နေရာအမှန်ကို သိရှိနိုင်ရန် အိမ်မြှောင်ညွှန်းတစ်ခုတည်းဖြင့် အားကိုး၍ မရတော့ဘဲ ပယ်ရီစကုပ်တင်ကြည့်မှသာ အတိအကျ သိနိုင်တော့မည့် အခြေသို့ ရောက်ရှိနေပေသည်။

ဤသို့ ပယ်ရီစကုပ် အနက်ပေမှ မောင်းနှင်လာခဲ့ရာ အော်(လ်)တာဖု(ချ်)ကန်ကြီး၏ အနောက်ကမ်းရိုးတန်းအနီးသို့အရောက်တွင် ကင်းမရွှန်းသည် ပယ်ရီစကုပ်ကို တင်ကာ တာပစ်(ဇ်) ရှိမည်ဟု ခန့်မှန်းရသော အရှေ့မြောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်ရှုလိုက်သည်။ ရေမျက်နှာပြင်မှ ပြန်ဟပ်လိုက်သောနေရောင်ခြည်ကြောင့် ပထမတွင် ကင်းမရွှန်းသည် မျက်စိများပင် ပြာဝေသွားလေသည်။ အနည်းငယ် မျက်စိကျင့်သားရလာမှပင် နေကို ဘေးတိုက်ပေးထားသည့် တာပစ်(ဇ်)၏ ကိုယ်ထည်သဏ္ဌာန် မည်းမည်းအရိပ်ကြီးကို စတင်မြင်လာရတော့သည်။

ထို့နောက် ကင်းမရွှန်းသည် သံကွန်ချာနှင့် တွဲချည်ထားသည့် ဘော်ယာကြီးများကို ကြည့်ရှုရန် ပယ်ရီစကုပ် မှန်ပြောင်းကို အလှည့်လိုက်တွင် ပယ်ရီစကုပ် အတင်အချ ပြုလုပ်နေသည့် မော်တာ 'ရှော့(ခ်)'ဖြစ်သွားပြီး 'ဝုန်း' ဆိုသောပေါက်ကွဲသံကြီးတစ်ခုနှင့်အတူ မီးခိုးလုံးကြီးများ ပေါ်ထွက်လာသည်ကို တွေ့လိုက်ရသည်။

"ပေ (၆၀) ကို ပြန်ငုပ်"

ကင်းမရွှန်းက မီးခိုးများကြားမှ အမိန့်ပေးလိုက်သည်။

အိပ်(စ်)(ဖ)အဖွဲ့ဝင်များမှာ အခက်အခဲမျိုးစုံကို ခေါင်းအေးအေးနှင့် ရင်ဆိုင်နိုင်ရန်အတွက် အထူးတလည် လေ့ကျင့်ထားသူများဖြစ်ရာ ယခုပေါ်ပေါက်လာသော ပြဿနာကိုလည်း ခေါင်းဆောင်က ဘာလုပ်ရမည်၊ ဘာကိုင်ရမည်ဟု ပြောစရာမလိုဘဲ မိမိတို့ အသိဖြင့်ပင် ဖြေရှင်းကြသည်။

ယခု လောင်သောမီးမှာ မော်တာရှော့(ခ်)ဖြစ်ရာမှ စတင်ခြင်းဖြစ်ရာ အိပ်(စ်)(ဖ) အဖွဲ့ဝင်များသည် မီးခိုးများကြားမှပင် မီးသတ်ဘူးများကို သူ့ထက်ငါ ဦးအောင်ဆွဲယူကြပြီး မီးကို ငြိမ်းသတ်လိုက်သည်။

မီးငြိမ်းသွား၍ အပျက်အစီးများကို စစ်ဆေးလိုက်သောအခါ ပယ်ရီ စကုပ်ကို မော်တာဖြင့် တင်ချ၍ မရတော့သည့် အပျက်အစီးအပြင် သင်္ဘော ဦးတွင် တပ်ဆင်ထားသည့် မိုင်းဗုံးများနှင့် ကပ်နေသော ရေလှောင်ကန်များ တွင်လည်း ရေယိုနေသည်ကို တွေ့လိုက်ရသည်။ ထိုသို့ ရေယိုနေမှုကြောင့်ပင် ရေမျက်နှာပြင်ပေါ်သို့ ဗုစိပေါင်းများ ပလုံစီတက်ကာ ရေငုပ်သင်္ဘောရှိနေ ကြောင်းကို ညွှန်ပြသလိုဖြစ်နေသည်။

ထို့မှုမက သင်္ဘောမှာ စောစောက (၁၅) ဒီဂရီခန့်သာ စောင်းနေသော် လည်း ယခုမူ ပဲ့ထိန်း၍ မရလောက်အောင်ပင် စောင်းနေပြီဖြစ်သည်။

ဤအခြေအနေမျိုးနှင့်ဆိုလျှင် အိပ်(စ်)(ဖ) အဖွဲ့သားများအဖို့ စစ်ဆင် ရေးကို ဖျက်သိမ်းကာ တပ်ခေါက်ပြန်ဖို့ပင် ရှိတော့သည်။ တပ်ခေါက်ပြန်ဖို့ ရာလည်း ခဲယဉ်းလှသည်မဟုတ်။ သင်္ဘောကို မြှုပ်ခဲ့ပြီး ဆွီဒင်အရောက် ကုန်းကြောင်းခရီးဖြင့် ပြန်ကြရန်ပင်ဖြစ်သည်။ ဤသို့ ခြေလျင်ပြန်နိုင်ရန် အတွက်လည်း သူတို့တွင် အိမ်မြှောင်၊ မြေပုံ၊ အနွေးထည်မှအစ ရှေးဦး သူနာပြုဆေးသေတ္တာများအထိ ပါပြီးဖြစ်သည်။

သို့ရာတွင် အိပ်(စ်)(ဖ) အဖွဲ့ဝင်များအဖို့ မိမိတို့ဖျက်ဆီးရန် လာရောက် သည့် တာပစ်(ဇ်)နှင့် ကိုက်ငါးရာပင် မဝေးတော့မှ အဘယ်သို့လျှင် တပ် ခေါက်ပြန်နိုင်ကြပါမည်နည်း။

ထို့ပြင် အဆိုးထဲမှ ကောင်းကွက်တစ်ခုကလည်း ရှိနေပြန်သေးသည်။ ဤသည်မှာ သင်္ဘောရေယို၍ ရေပြင်ပေါ်သို့ ဗုစိပေါင်းများ ပလုံစီတက်နေသည့် ကြားမှပင် ရန်သူများက အိပ်(စ်)(ဖ)ရောက်နေသည်ကို မရိပ်မိသေးခြင်းပင် ဖြစ်သည်။

ကင်းမရွှန်းက ဆန္ဒတောင်းခံသည့် အမူအရာဖြင့် သူ့ရဲဘော်များဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ လိုရီမာက "ကျွန်တော်တို့ သင်္ဘောဆက်မောင်းလို့ ရမရ စမ်းကြည့်ရအောင်" ဟု ကင်းမရွှန်း မျှော်လင့်ထားသော အဖြေကို ပေး လိုက်သည်။

ဤတွင် ကင်းမရွှန်းမျက်နှာမှာ ပြုံးရွှင်သွားပြီး သဘော်ကို ရှေ့ဆက်မောင်းရန် အမိန့်ပေးလိုက်တော့သည်။ တစ်ဆက်တည်းမှာပင် ကင်းဒေါ(လ်)ဘက်သို့ လှည့်၍လည်း "ရဲဘော်...ပယ်ရီစကုပ်တင်တဲ့အခါမှာတော့ ကိုယ့်ကို အကူအညီပေးပါနော်" ဟု ပြောလိုက်လေသည်။

သို့ဖြင့် အိပ်(စ်)(၆) သည် တာပစ်(ဇ်)၏ ဘေးတွင် ကာရံထားသည့် သံမဏိရှိရာသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်လာသည်။ သံမဏိပိုက်အနီးသို့ ရောက်သောအခါ သဘော်ကို ရေအနက် ပေ (၆၀) အထိ ဆင်းစေခဲ့ပြီး သံမဏိပိုက်အောက်မှ ဖြတ်ရန် ကြိုးစားကြည့်လိုက်သည်။ သို့သော် ပေ (၆၀) အထိ သံမဏိပိုက်ကွန်မှာ မဆုံးသေးသဖြင့် ပေ (၈၀) အထိ ဆင်းခဲ့ပြန်သည်။ ပေ (၈၀) အထိလည်း ပိုက်မှာမဆုံးသေး။ ပေ (၁၀၀) အထိ ဆင်းကြည့်ပြန်သည်။ ဤတွင် ကင်းမရွှန်းသည် သဘော်ကို ရေအောက် မြေကြီးနှင့် ဒုတ်ဒုတ်ထိအောင် ဆင်းစေခဲ့ပြန်သည်။ ထိုအခါကျမှပင် သံမဏိပိုက်ကွန်မှာ ရေအောက်ကြမ်းခင်းအထိ ကာရံထားသည်ကို သိရတော့သည်။ သည်အတိုင်းဆိုလျှင် ဗြိတိသျှတပ်မတော်သောက်လှမ်းရေးမှ သတင်းပို့ချက်မှာ မှားနေချေပြီ။

ကင်းမရွှန်းသည် ကြံရာမရသဖြင့် သဘော်ကို ပယ်ရီစကုပ်အနက်ပေသို့ ပြန်တက်စေကာ ပိုက်တံခါးကို ရှာကြည့်ပြန်သည်။ ပိုက်တံခါးမှာ ကမ်းနှင့် နီးလွန်းသည့်အပြင် ရေမျက်နှာပြင်နှင့် ထိလုနီးပါးရှိနေသဖြင့် လက်လှော်လှေများပင် လွတ်ချင်မှလွတ်မည့် အခြေအနေတွင် ရှိနေပေသည်။ ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် မော်တော်ဘုတ်ကလေးတစ်စင်း ဝင်ရောက်လာသဖြင့် ပိုက်တံခါးပွင့်သွားသည်ကို တွေ့လိုက်ရသည်။ ထိုမော်တော်ဘုတ်ကလေးမှာ တာပစ်(ဇ်)ရှိရာသို့ ဦးတည်သွားနေခြင်းဖြစ်သည်။

ငါးဖမ်းသဘော်နှင့် တွေ့ကြုံရသော အတွေ့အကြုံအရ ကင်းမရွှန်းသည် နောက်တစ်ကြိမ်စွန့်စားရန် ဆုံးဖြတ်လိုက်ပြန်သည်။ ကင်းမရွှန်း၏ အမိန့်အရ အိပ်(စ်)(၆)သည် ရေမျက်နှာပြင်နှင့် ကပ်၍ မောင်းကာ အရှေ့မှသွားနေသော မော်တော်ဘုတ်ကလေးနောက်သို့ လိုက်ခဲ့ပြန်သည်။ ပိုက်တံခါးလွန်သည်နှင့် ရေအောက်ပြန်ငုပ်ပြီး ရေနက်ရာဘက်သို့ ဆက်မောင်းခဲ့သည်။

ယခုဆိုလျှင် အိပ်(စ်)(၆)သည် မိခင်ရေငုပ်သဘော်ကြီးနှင့် ခွဲခွာခဲ့သည်မှာ (၃၆) နာရီပင်ကြာခဲ့ပေပြီ။ ထို့ကြောင့် အိပ်(စ်)(၆) အဖွဲ့ဝင်အားလုံးမှာ

ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် ပင်ပမ်းနွမ်းနယ်နေကြပြီဖြစ်သည်။ သို့သော် သူတို့တွင် နားချိန်မရှိ။

ကင်းမရှုန်း၏ လက်မှ နာရီက (၀၇၀၅) နာရီ ထိုးနေပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ယင်းအခိုပ္ပာယ်မှာ အိပ်(စ်)(၆)သည် တာပစ်(ခ်)အနီးမှ (၅၅) မိနစ်အတွင်း ပြန်လည်ဆုတ်ခွာရမည်ဆိုသော အဓိပ္ပာယ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မူလ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်းအရ ဆိုလျှင် ယခုအချိန်တွင် အိပ်(စ်)(၅)နှင့် အိပ်(စ်)(၇)တို့မှာ ယင်းတို့၏ မိုင်းဗုံးများကို တာပစ်(ခ်)အောက်သို့ ဖြုတ်ချထားနှင့်ပြီ ဖြစ်သောကြောင့်တည်း။ အိပ်(စ်)(၅)နှင့် အိပ်(စ်)(၇)တို့သာ အစီအစဉ်အတိုင်း အောင်မြင်ခဲ့လျှင် ၎င်းတို့ ဖြုတ်ချခဲ့သော မိုင်းဗုံးများမှာ (၀၈၀၀) နာရီနှင့် (၀၉၀၀) နာရီကြားတွင် ပေါက်ကွဲကြမည်ဖြစ်ပေသည်။

ကင်းမရှုန်းသည် သင်္ဘောကို တာပစ်(ခ်)ရှိရာသို့ ဦးတည်မောင်းရင်း တစ်နေရာအရောက်တွင် ရေမြုပ်နေသော ကျောက်ဆောင်တစ်ခုနှင့် ဝင်တိုက်မိပြန်ပြီး ထိုအခါ သင်္ဘောထဲမှ ရဲဘော်များမှာ လဲပြိုကုန်ကြပြီး သင်္ဘောဦးမှာလည်း ရေပေါ်သို့ ထောင်တက်သွားပြီး ရေမျက်နှာပြင်ပေါ်တွင် ဘွားခနဲ ပေါ်သွားတော့သည်။ သို့ဖြင့် လိုရီမှာသည် သင်္ဘောကို ပြန်ထိန်းပြီး ရေအောက်သို့ မနည်းပြန်ငုပ်ခဲ့ရသည်။ ထိုအချိန်မှာပင် ရဲဘော်များစိတ်ထဲ၌လည်း တာပစ်(ခ်)နှင့် ပေ (၂၀၀) လောက်တွင် ဘွားခနဲပေါ်ခဲ့သော သူတို့၏သင်္ဘောကို ရန်သူများမြင်မသွားသည်မှာသည်မှာ အံ့သြစရာကောင်းလှသည်ဟု တွေးနေမိကြသည်။

## ဒဏ်ရာရနေသော ဝေလငါး

အမှန်မှ အိပ်(စ်)(ဇ)၏ဦးပိုင်း ရေပေါ်ပေါ်သွားသည်ကို တာပစ်(ခ်)ပေါ်မှ အရာရှိငယ်တစ်ယောက်က မြင်သွားခဲ့သည်။ ဤသို့မြင်သွား၍လည်း သူ၏သူငယ်ချင်း ရဲဘော်တစ်ယောက်ကို လှမ်းပြောလိုက်သည်။

"မည်းမည်းရှည်ရှည်တစ်ခုပေါ်လာတာ တွေ့လိုက်တယ်ကွ၊ ငါတော့ ရေငုပ်သင်္ဘောလို့ ထင်တာပဲ"

"ဒီလောက် ပိုက်တွေကာထားတဲ့ ကြားထဲက ဘယ်ရေငုပ်သင်္ဘော ဝင်နိုင်မှာလဲကွ၊ မင်းအိပ်မက်မက်နေပြီ ထင်တယ်"

ဂျူမန်အရာရှိလေး၏ သူငယ်ချင်းက ပေါ့ပေါ့တန်တန်ပင် ပြန်ပြောလိုက်သည်။ ဤသို့ ပေါ့ပေါ့တန်တန် ပြောလိုက်သည်မှာလည်း အကြောင်းရှိသည်။ အော်(လ်)တာဖု(ချ်) ရေကန်ကြီးမှာ လေကြောင်း၊ ရေကြောင်း မည်သည့်ရန်သူမှ မဝင်ရောက်နိုင်အောင် လုံခြုံလှသည့်အပြင် လုံခြုံရေးတာဝန်ခံများကလည်း မကြာခဏ ရန်သူသတိပေး ဥသြဆွဲကာ တပ်လှန့်နေခြင်းကြောင့် တာပစ်(ခ်)၏သင်္ဘောသား (၂၅၀၀)မှာ တကယ့်ရန်သူ ဝင်ရောက်လာသောအခါ ရန်သူမထင်ကြတော့ခြင်းကြောင့် ဖြစ်သည်။

အိပ်(စ်)(ဇ)အဖွဲ့ဝင် ရဲဘော်များသည် ရေနက်သို့ ပြန်ရောက်သောအခါ သင်္ဘောစက်ကို ရပ်လိုက်ပြီး ရေမျက်နှာပြင်ပေါ်မှ လှုပ်ရှားမှုများကို နားစွင့်နေလိုက်ကြသည်။ သို့သော် ရေမျက်နှာပြင်ပေါ်မှ မည်သည့်အသံမျှမကြားရ

မီးရှာမှာလည်း အချက်ပေးဥညြ ပြန်ပြင်ဆွဲလျှင် သင်္ဘောသားများ နားရှုပ်ကုန်မည်စိုးသည့်အတွက် မိနစ်အတော်ကြာအောင် စောင့်ဆိုင်းပြီးမှ အချက်ပေးဥညြအမှန်ကို ဆွဲခဲ့ရသည်။

ထိုအချိန်တွင် အိပ်(စ်)(ဖ)ပေါ်မှ ရဲဘော်များသည် သူတို့သင်္ဘောပေါ်သို့ ရေမြုပ်ဗုံးများ ကျရောက်လာမည့်အချိန်ကိုသာ စောင့်စားနေမိကြသည်။ တစ်ဆက်တည်းမှာပင် သတိကောင်းလှသော ကင်းမရွှန်းကလည်း သူတို့သင်္ဘော ရေပေါ်သွားစဉ်က လှစ်ခနဲ မြင်လိုက်ရသော တာပစ်(ဓ်)ရှိရာသို့ အိပ်(စ်)(ဖ)ကို ဦးတည်ကာ ဆက်မောင်းစေခဲ့သည်။ အနည်းငယ်မောင်းမိသော အခါ တစ်စုံတစ်ခုနှင့် တိုက်မိသံကြားလိုက်ရသဖြင့် တာပစ်(ဓ်)ရှိရာသို့ ရောက်ခဲ့ပြီဟု ထင်လိုက်မိသည်။ သို့သော် တိုက်မိသောအရာမှာ တာပစ်(ဓ်) မဟုတ်ဘဲ တာပစ်(ဓ်)၏ ဘေးတွင် တွဲလောင်းချထားသည့် ဝါယာကြိုးများသာ ဖြစ်နေပေသည်။ မြွေပူရာကင်းနှောင့်ဆိုသလို အိပ်(စ်)(ဖ)မှာ ထိုဝါယာကြိုးများနှင့် ငြိနေပြန်ရာ သင်္ဘောကို ရှေ့တိုးနောက်ငင်လုပ်၍ မနည်းရုန်းထွက်နေရပြန်လေသည်။ တစ်ဖန် ဝါယာကြိုးများနှင့် လွတ်သွားပြန်သောအခါတွင်လည်း သင်္ဘောမှာ ထိန်းသိမ်းမရတော့ဘဲ ရေပေါ်သို့ ပြန်ပေါ်သွားပြန်သည်။ ဤအကြိမ် ပေါ်သောနေရာမှာ တာပစ်(ဓ်)နှင့် ပေ (၆၀)သာ ဝေးတော့သည်။

အကယ်၍သာ တာပစ်(ဓ်)နှင့် အတန်ငယ်သော လှမ်းသောနေရာတွင် သွားပေါ်လျှင် တာပစ်(ဓ်)ပေါ်မှ အမြောက်များက အိပ်(စ်)(ဖ)ကို အစအနမျှပင် မကျန်အောင် ပစ်ခွင်းလိုက်ကြမည် ဖြစ်သည်။ ယခုသော် အိပ်(စ်)(ဖ)မှာ တာပစ်(ဓ်)နှင့် နီးကပ်နေသေးသဖြင့် တာပစ်(ဓ်)ပေါ်မှ အမြောက်သမားများသည် ၎င်းတို့ အမြောက်ကြီးများကို အသုံးမချနိုင်တော့ဘဲ ရိုင်ဖယ်များ၊ လက်ပစ်ဗုံးများနှင့်သာ ပစ်ခတ်နေရတော့သည်။ ထိုလက်ပစ်ဗုံးများနှင့် ရိုင်ဖယ်ကျည်ဆန်များမှာ အိပ်(စ်)(ဖ)ကို တစ်စုံတစ်ရာ မချို့ယွင်းစေနိုင်သော်လည်း သင်္ဘောဦးအပြင်တွင် ကပ်လျက် သယ်ဆောင်လာသည့် မိုင်းဗုံးများကို ထိမှန်ပေါက်ကွဲစေမည်ကိုမူ စိုးရိမ်နေရပေသည်။ ထို့ကြောင့် ကင်းမရွှန်းသည် သင်္ဘောကို အလျင်အမြန် ပြန်ငုပ်ရန် အမိန့်ပေးလိုက်ရပြန်သည်။ ဤအခါတွင်မူ အိပ်(စ်)(ဖ)သည် တာပစ်(ဓ်)၏ အောက်တည့်တည့်သို့ ချောမောစွာ ရောက်သွားပေတော့သည်။

ဤသို့ တာပစ်(ခ်)၏ အောက်ရောက်သွားသဖြင့် ရေပေါ်မှ ရန်အတွက် စိတ်အေးသွားရသော်လည်း အိပ်(စ်)(၅)နှင့် အိပ်(စ်)(၇)တို့က ချပြီးကောင်း ချပြီးမည်ဖြစ်သော မိုင်းဗုံးများ၏ ရန်ကိုမူ စိုးရိမ်နေရပြန်သည်။ ကြိုတင် သတ်မှတ်ခဲ့သော အချိန်အတိုင်းအရဆိုလျှင် ထိုဗုံးများမှာ မကြာမီ ပေါက်ကွဲ တော့မည်လည်းဖြစ်သည်။ ထိုအချိန်တွင် တာပစ်(ခ်)ပေါ်မှ ဆူညံသော အသံဗလံများကိုလည်း ကြားနေရသည်။ ထို့ကြောင့် ကင်းမရှွန်းသည် အိပ်(စ်)(၆)အနေဖြင့် လွတ်လမ်းမရှိတော့ကြောင်းကို သူ့ရဲဘော်များကို အော်၍ ပြောလိုက်သည်။

"သူတို့တွေ တို့ကို မြင်သွားကြပြီ၊ မိုက်တဲခါးတွေလဲ ပိတ်ကုန်ပြီ၊ တို့မှာ လွတ်လမ်းမရှိတော့ဘူး၊ ဒါကြောင့် တို့ ဗုံးတွေ ဖြုတ်ချလိုက်မယ်၊ ပြီးရင် ရေမျက်နှာပြင်ပေါ် ပြန်တက်ပြီး အဖမ်းခံလိုက်မယ်"

## လေကောင်း လေသန့်

ကင်းမရှန်းသည် သူ့လက်မှ နာရီကို ဖျပ်ခနဲ ကြည့်လိုက်သည်။ နာရီလက်တံများက (၀၇၂၂) နာရီထိုးနေပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ထို့နောက် သူသည် သယ်ဆောင်လာသော ဗုံးများကို တာပစ်(ခ်)၏အောက်သို့ ဖြုတ်ချလိုက်သည်။ ထိုဗုံးများကိုလည်း တစ်နာရီအတွင်း ပေါက်ကွဲရန် ချိန်ကိုက်ထားပြီးဖြစ်သည်။

ထို့အတူ အိပ်(စ်)(၇)ကလည်း ယင်း၏ ဗုံးများကို တစ်နာရီအတွင်း ပေါက်ကွဲရန် (၀၇၁၀) နာရီက အစပြုကာ ချိန်ကိုက်ထားခဲ့ပြီ ဖြစ်သည်။ ထိုအကြောင်းကိုမူ ကင်းမရှန်း သိသည်မဟုတ်ပေ။ ယင်းသို့ မသိဘဲနှင့်ပင် ကင်းမရှန်းက တာပစ်(ခ်)အောက်မှ မြန်မြန်ပြန်ထွက်လိုနေသည်။ ဤသို့ မြန်မြန်ထွက်လိုသည်မှာလည်း အကြောင်းရှိသည်။ သူ ချလိုက်သော ဗုံးနှစ်လုံးအနက် တစ်လုံး၏အချိန်ကိုက်ကိရိယာမှာ ချို့ယွင်းနေသည်။ ထို့ကြောင့် တစ်နာရီအတွင်း ပေါက်ကွဲရန် အချိန်ကိုက်ထားသော်လည်း ယခု ငါးမိနစ်အတွင်းပင် ပေါက်ကွဲကောင်း ပေါက်ကွဲသွားနိုင်လေသည်။

အိပ်(စ်)(၆)အဖွဲ့ဝင် ရဲဘော်များသည် ယခင်က အချိန်၏ တန်ဖိုးကို ယခုလောက် အလေးမထားမိခဲ့ကြ။ ယခုသော် တစ်စက္ကန့်မျှသော အချိန်ကလေးကိုပင် သူတို့၏အသက်နှင့် ဆက်၍ တန်ဖိုးထားနေရသည်။ သို့ရာတွင် သဘော်ကိုစွန့်၍ ရန်သူ့လက်တွင် အဖမ်းမခံမီ သဘော်ပေါ်တွင် ပါလာသည့်

ရေကြောင်းပြ အမှတ်အသားနှင့် လျှို့ဝှက်ကိရိယာများကို ဖျက်ဆီးပစ်ရဦးမည် ဖြစ်သည်။ သို့မဟုတ်လျှင် မိုင်းဗုံးများ ဖြုတ်ချပြီး မိခင်ရေငုပ်သင်္ဘောကြီးများနှင့် ပြန်လည်ချိတ်ဆွဲကြမည့် အိပ်(စ်)(၅)နှင့် အိပ်(စ်)(၇) တို့ကို အပြန်ခရီးတွင် ရန်သူများက အလွယ်တကူ ကြားဖြတ်တိုက်ခိုက်နိုင်ကြမည် ဖြစ်ပေသည်။

ဤသို့ စာရွက်စာတမ်းများကို မီးရှို့နေခိုက်တွင် အိပ်(စ်)(၆)အဖွဲ့ဝင် ရဲဘော်များမှာ မီးခိုးမွှန်ကာ အသက်ရှူကြပ်လွန်းနေကြသဖြင့် ရန်သူ့ပြောင်းဝတွင် အသက်ပျောက်လိုက ပျောက်စေတော့ သင်္ဘောအပြင်ဘက်ထွက်၍ လေကောင်းလေသန့် ရှူလိုက်ရလျှင် သေပျော်ပါပြီဟူ၍ပင် စိတ်ကူးနေမိကြတော့သည်။

"ကိုင်း...ရဲဘော်တို့...သင်္ဘောကို ရေမျက်နှာပြင်ပေါ် ပြန်မောင်းပေတော့..."

ကင်းမရွှန်းက အမိန့်ပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် လိုရီမာဘက်သို့ လှည့်၍လည်း "ရဲဘော်...တို့ သင်္ဘောက ထွက်ပြီးတာနဲ့ တစ်ပြိုင်နက် သင်္ဘောကို ရေအောက်အထိ ပြန်ငုပ်သွားအောင်လုပ်ပစ်လိုက်၊ ကြားလား..." ဟု ညွှန်ကြားလိုက်ပြန်သည်။

ဤသို့ ကင်းမရွှန်းက သူ့ရဲဘော်များကို အမိန့်မပေးမီ မိနစ်အနည်းငယ်အလိုမှာပင် ဗိုလ်ဟားဘတ်ဦးဆောင်သော ဂျာမန်စစ်သားတစ်စုသည် ရိုင်ဖယ်သေနတ်များနှင့် လက်ပစ်ဗုံးများကိုကိုင်ကာ မော်တော်တစ်စင်းဖြင့် အိပ်(စ်)(၆) ကို တာပစ်(ဖ်)တစ်ဝိုက်တွင် လိုက်ရှာနေကြပြီဖြစ်သည်။ ထိုသို့ရှာဖွေခိုက်မှာပင် အိပ်(စ်)(၆) သည် မော်တော်နှင့် ကိုက် (၅၀) အကွာလောက်တွင် ဘွားခနဲပေါ်လာတော့သည်။ ထိုအခါ ဂျာမန်များက အိပ်(စ်)(၆)ကို ရိုင်ဖယ်များဖြင့် ဝိုင်းပစ်ကြသည်။ သို့သော် အိပ်(စ်)(၆) မှ လူထွက်ပေါက်များ ပွင့်လာသည်ကို တွေ့လိုက်ရသောအခါ အိပ်(စ်)(၆)အဖွဲ့ဝင် သင်္ဘောသားများကိုရော အိပ်(စ်)(၆) ကိုပါ လက်ရ ဖမ်းဆီးရန် ဂျာမန်တို့သည် အပစ်ရပ်ထားလိုက်ကြသည်။ အိပ်(စ်)(၆)မှ ပထမဦးဆုံးထွက်လာသူမှာ ဂေါဒတ်ဖြစ်သည်။ ဂေါဒတ်နောက်မှ ကင်းဒေါ(လ်)နှင့် လိုရီမာတို့ ဆက်ထွက်လာကြသည်။ ထို့နောက် သူတို့သည် ဂျာမန်မော်တော်ပေါ်သို့ လှမ်းတက်လိုက်ကြသည်။ အိပ်(စ်)(၆)၏ဦးစီးမှူး ကင်းမရွှန်းမှာမူ သူ့ရဲဘော်များ တက်သွားပြီး အတန်ကြာမှပင် အိပ်(စ်)(၆) ထဲမှ ထွက်လာပြီး ဂျာမန်မော်တော်ပေါ်သို့ တက်ခဲ့သည်။

ထိုအချိန်တွင် အိပ်(စ်)(၆) မှာ ကင်းမရှုန်း၏ ညွှန်ကြားချက်အရ လိုရိမာ ကြိုတင်စီစဉ်ထားသည့်အတိုင်း ရေအောက်သို့ ပြန်လည်ငုပ်ဆင်းနေပြီ ဖြစ်ရာ ဂျာမန်မော်တော်နှင့် အိပ်(စ်)(၆) တို့ကို တွဲချီထားသော ကြိုးမှာ တဖြည်းဖြည်း တင်းတင်းလာပြီး နောက်ဆုံး ဂျာမန်မော်တော်ကိုပင် ရေအောက်သို့ ဆွဲမြှုပ်သွားတော့မည့်အခြေအနေသို့ ဆိုက်ရောက်လာတော့သည်။

ထိုအခါ ဂျာမန်ဗိုလ်မှာ သူ့မော်တော်ဘုတ် နစ်မြုပ်တော့မည့်အန္တရာယ်ကို မြင်လိုက်ရသဖြင့် မျက်လုံးမျက်ဆန်ပြူးသွားကာ "ကြိုးကို မြန်မြန်ဖြတ်၊ ကြိုးကို မြန်မြန်ဖြတ်" ဟူ၍ အော်ဟစ် အမိန့်ပေးနေလေတော့သည်။

ဂျာမန်စစ်သားများ၏ လျင်မြန်မှုကြောင့် အိပ်(စ်)(၆)နှင့် တွဲချီထားသော ကြိုးပြတ်သွားသောအခါ ဂျာမန်မော်တော်သည် တာပစ်(ဇ်)ဘက်သို့ ပြန်လှည့်မောင်းခဲ့ပြီး သုံ့ပန်းများကို သေနတ်နှင့်ချိန်ကာ တာပစ်(ဇ်)ပေါ်သို့ ခေါ်သွားလေတော့သည်။

## အကုန်လွယ်သော စက္ကန့်များ

ပထမတွင် ဂျာမန်များက ကင်းမရွှန်းတို့ လူစုကို ဗြိတိသျှလူမျိုးများ ဖြစ်သည်ဆိုသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ ထို့ကြောင့်ပင် "ဒီလောက်သေးကွေးတဲ့ ရေငုပ်သင်္ဘောလေးနဲ့ မိုင်တစ်ထောင်ခရီးကို ဘယ်လိုလုပ်လာနိုင်မလဲ ပြောစမ်းပါဦး"ဟု ထပ်ခါတလဲလဲ မေးနေကြသည်။

ကင်းမရွှန်းတို့က ပြန်မဖြေသောအခါ ဂျာမန်တို့သည် သုံ့ပန်းများ၏ ကိုယ်ပေါ်မှ ပစ္စည်းများကို ရှာဖွေထုတ်ယူပြီး တစ်ပုံစီ ပုံထားလိုက်ကြသည်။

လိုရိုမာ၏ အပုံတွင် ဖိနပ်ထဲတွင် ဝှက်ယူလာသည့် သူ့လက်ပတ်နာရီနှစ်လုံးနှင့် သင်္ဘောမှ နာရီနှစ်လုံးလည်း ပါဝင်သည်။ ထိုနာရီလေးလုံးစလုံးက (၄၅) မိနစ် မပြည့်မီမှာပင် အိပ်(စ်)(ဖ)ချခဲ့သော မိုင်းဗုံးများ ပေါက်ကွဲတော့မည်ကို ညွှန်ပြနေသည်။

လိုရိုမာသည် ပထမ ကင်းမရွှန်းကို ကြည့်လိုက်သည်။ ထို့နောက် ဂေါဒတ်နှင့် ကင်းဒေါ(လ်)တို့ဘက်သို့ လှမ်းကြည့်လိုက်ပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် စကားပြောခွင့်မရကြသော်လည်း မျက်လုံးများဖြင့်မူ တစ်ခုသော မေးခွန်းကို ပြိုင်တူမေးနေကြသည်။ ဤသည်မှာ အခြားမဟုတ်၊ မိုင်းဗုံးများ ပေါက်ကွဲလျှင် သင်္ဘောပေါ်မှ ခဲယမ်းမီးကျောက်အခန်းကို မီးကူးစက်ပြီး သင်္ဘောတစ်ခုလုံး ပျက်စီးသွားရုံသာမက သင်္ဘောပေါ်ရှိ လူအားလုံး၏ အသက်ဇီဝိန်ကိုပါ ချုပ်ငြိမ်းသွားစေတော့မည်လား ဟူသော မေးခွန်းပင်ဖြစ်သည်။

ထိုအချိန်တွင် တာပစ်(ဇ်)၏ ဦးစီးမှူး မိရာကိုယ်တိုင်ကလည်း သုံ့ပန်းများနည်းတူ ထိုမေးခွန်းမျိုးကို သူ့ကိုယ်သူ ပြန်မေးနေပြီဖြစ်သည်။

ထို့ကြောင့်ပင် သုံ့ပန်းများ သင်္ဘောပေါ်ရောက်၍ (၁၅) မိနစ်အကြာမှာပင် တာပစ်(ဇ်)ကို ပင်လယ်ပြင်သို့ မောင်းထုတ်သွားရန် သူ့သင်္ဘောသားများကို အမိန့်ပေးထားနှင့်ခဲ့ပြီလည်း ဖြစ်ပေသည်။

မီရာသည် အိပ်(စ်)(၆)ပေါ်လာပြီး ကင်းမရွှန်းတို့ သင်္ဘောထဲမှ ထွက်လာသည်နှင့် တစ်ပြိုင်နက်ပင် ရန်သူက တာပစ်(ဇ်)အောက်သို့ အချိန်ကိုက်ဗုံးများ ချခဲ့ပြီဆိုသည်ကို နားလည်လိုက်ပြီးဖြစ်သည်။ ထို့ကြောင့် မီရာသည် သူ့သင်္ဘောကို သံမဏိပိုက်တံခါးများအပြင်သို့ အမြန်ဆုံး မောင်းထွက်စေချင်သည်။ ထိုသို့ မောင်းထွက်ရန်မှာ သင်္ဘောမီးပေါင်ပြည့်ရန်အတွက် အနည်းဆုံး အချိန် တစ်နာရီခွဲခန့် စောင့်ရဦးမည်ဖြစ်သည်။ ထိုသို့ မစောင့်နိုင်၍ တာပစ်(ဇ်)ကို ဆွဲသင်္ဘောများနှင့် ဆွဲထုတ်သွားရန် ကြံလိုက်မိသောအခါတွင်လည်း ဆွဲသင်္ဘောများ အသင့်မရှိဖြစ်နေပြန်သည်။ ဤသို့ ကြံရာမရဖြစ်လာသောအခါ မီရာသည် ရေငုပ်သမားနှစ်ယောက်ကို ရေအောက်ဆင်းစေ၍ ဗုံးများကို ရှာဖွေစေရန် စိတ်ကူးလိုက်မိပြန်သည်။

ထိုအခိုက်မှာပင် သင်္ဘောဦးပိုင်တွင် ရေငုပ်သင်္ဘောလေးတစ်စင်း ပေါ်လာသည်ကို တွေ့လိုက်ရပြန်သည်။ ထိုရေငုပ်သင်္ဘောလေးမှာ ဂေါ့ဖရီး ပလေ့(စ်)၏ အိပ်(စ်)(၇) ဖြစ်သည်။ အိပ်(စ်)(၇)သည် မိုင်းဗုံးများကို တာပစ်(ဇ်)၏ ဦးပိုင်းတွင် အောင်မြင်စွာ ချထားခဲ့ပြီးနောက် ပြန်အထွက် သင်္ဘောမှာ သံမဏိပိုက်ကွန်နှင့် ညိနေသဖြင့် ရန်းထွက်လိုက်ရာ စက်ကို မထိန်းနိုင်တော့ဘဲ ရေပေါ်သို့ ပေါ်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ချက်ချင်းပင် ပြန်လည်ငုပ်လျှိုးသွားခဲ့သည်။

ဤသို့ အိပ်(စ်)(၇)အဖို့ ကံကောင်းထောက်မသည်မှာ အမြောက်ပစ်ကွင်းနှင့် လွတ်နေသည့် တာပစ်(ဇ်)၏ ကိုယ်ထည်နှင့် အနီးကပ်ဆုံးနေရာတွင် ပေါ်လာခြင်းကြောင့် လက်နက်ငယ်များနှင့်သာ အပစ်အခတ်ခံရပြီး ရေအောက်သို့ ပြန်လည်ငုပ်သွားနိုင်ခြင်းဖြစ်သည်။

ထိုအချိန်တွင် မီရာမှာလည်း အတော်ပင် ခေါင်းခဲနေပေပြီ။ ယခုဆိုလျှင် ရန်သူ၏ အသေးစား ရေငုပ်သင်္ဘောတပ်ကြီးတစ်တပ်လုံး အော်(လ်)တာဖု(ချ်)ရေကန်အတွင်းသို့ ဝင်ရောက်နေပြီဟုပင် ယူဆရမလို ဖြစ်နေသည်။ ထိုရေငုပ်သင်္ဘောတပ်ကြီးသည် သူ့သင်္ဘော သံမဏိပိုက်အပြင်သို့ ထွက်သည်နှင့် တစ်ပြိုင်နက် ဝိုင်းဝန်းတိုက်ခိုက်ကြပေတော့မည်။ ဤသို့ သံမဏိပိုက်ကွန်

အပြင်သို့ မထွက်ဘဲ လက်ရှိနေရာတွင် ဆက်နေလျှင်လည်း ရန်သူက ချထားနှင့်ပြီဖြစ်သော အချိန်ကိုက်ဗုံးများက သူ့သင်္ဘောကို ဖျက်ဆီးပစ်ကြပေဦးမည်။ ယခုဆိုလျှင် ထိုဗုံးများ ပေါက်ကွဲတော့မည့်အချိန်ကလည်း နီးကပ်နေပေရော့မည်။ ထို့အတွေးများနှင့်အတူ မီရာသည် အမိန့်ကို တသီတတန်းကြီးကို အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

ယင်းအမိန့်များမှာ သင်္ဘော၏ လေယာဉ်သုံးစင်းအနက် တစ်စင်းကို ရေငုပ်သင်္ဘော ထောက်လှမ်းရေးအတွက် စေလွှတ်ရန်၊ နောက်ထပ် ရန်သူ့ရေငုပ်သင်္ဘောများ မဝင်ရောက်နိုင်ရန်အတွက် သံမဏိပိုက် တံခါးအားလုံးကို ပိတ်ရန်၊ ယခု ဖမ်းဆီးရမိထားသော သုံ့ပန်းများအနက် ရာထူးအကြီးဆုံးသုံ့ပန်းနှစ်ဦးကို အဖြေပေါ်သည့်အထိ တင်းတင်းကြပ်ကြပ် စစ်ဆေးရန်နှင့် တာပစ်(ဇ်)ကို ချီထားသည့် ကြိုးများကို ဖြေလျော့၍ သင်္ဘောကို ယခုလက်ရှိတည်နေရာမှ အနည်းဆုံး သင်္ဘောတစ်စင်းစာ အကွာအဝေးသို့ ရွှေ့ပြောင်းပစ်ရန်တို့ပင် ဖြစ်လေသည်။

မီရာ၏ အမိန့်ဆုံးသည်နှင့် တစ်ပြိုင်နက်ပင် ဂျာမန်သင်္ဘောသားများသည် သင်္ဘောကို စတင်ရွှေ့ကြသည်။ သို့သော် ထိုအလုပ်မှာလည်း အတော်အချိန်ယူရမည့် အလုပ်ဖြစ်သည်။ ထိုအချိန်တွင် ကင်းမရွှန်းနှင့် လိုရီမာတို့ကိုလည်း တစ်ယောက်လျှင် လက်နက်ကိုင် အစောင့်အကြပ် နှစ်ယောက်စီဖြင့် သင်္ဘောအောက်ဆုံးထပ်သို့ ခေါ်သွားပြီး လူခွဲစစ်ရန်အတွက် တစ်ယောက်တစ်ခန်းစီ ခွဲထားလိုက်ကြသည်။

ယခုဆိုလျှင် (၀၈၀၀) နာရီ ထိုးပြီဖြစ်၍ မိုင်းဗုံးများ ပေါက်ကွဲတော့မည်ဖြစ်ရာ ထိုအချိန်မျိုးတွင် ကင်းမရွှန်းနှင့် လိုရီမာတို့ မရောက်ချင်ဆုံးသောနေရာမှာ မိုင်းဗုံးများနှင့် နီးကပ်လှသည့် သင်္ဘော၏ အောက်ဆုံးထပ်ပင်ဖြစ်သည်။

ဂျာမန်များက ကင်းမရွှန်းနှင့် လိုရီမာတို့ကို အပြန်ပြန် အလှန်လှန် စစ်ဆေးမေးမြန်းကြသည်။ ဖြေရမန်များလွန်းသဖြင့် ကင်းမရွှန်းတို့မှာ အာများပင် ခြောက်လာကြသည်။ ထိုသို့ရှိရာမှ သူတို့သည် သင်္ဘောအောက်ထပ်သို့ ရောက်ခဲ့ကြပြီး (၁၂) မိနစ်အကြာ (၀၈၁၂) နာရီတွင် တာပစ်(ဇ်) ကိုယ်ထည်အောက်ရှိ တစ်နေရာမှ ပေါက်ကွဲသံကြီးတစ်ခုကို နားကွဲလုမတတ်ကြားလိုက်ရသည်။

တစ်ချိန်တည်းမှာပင် ရေလုံးကြီးများကလည်း မိုးယံသို့တိုင် ပျံတက်သွားကြသည်ကို တွေ့လိုက်ရသည်။ ဤသည်မှာ တာပစ်(ခ်)၏ဦးပိုင်းမှ အ ကိုက်ဗုံးသုံးလုံး တစ်ချိန်တည်း ပေါက်ကွဲလိုက်ခြင်းဖြစ်သည်။ ထိုဗုံးရှိန်များကြောင့်ပင် သင်္ဘောပဲ့ပိုင်းအောက်ရှိ ဗုံးတစ်လုံးမှာလည်း စက္ကန့်ဝက်မျှသာခြားပြီး ဆက်လက်ပေါက်ကွဲသွား ပြန်သည်။ ထိုပေါက်ကွဲသံများနှင့်အတူ တန်ချိန်လေးသောင်းသုံးထောင်ရှိသည့် တာပစ်(ခ်) စစ်သင်္ဘောကြီးမှာ ရေပေါ်သို့ (၇)ပေခန့်မျှ မြောက်တက်သွားသည်။ ထို့အတူ ကင်းမရွှန်း၊ လိုရီမာနှင့် သူတို့၏အစောင့်များမှာလည်း အခန်း၏ သံမဏိမျက်နှာကြက်နှင့် ပြေးဆောင့်ကာ သံမဏိကြမ်းပေါ်သို့ အရုပ်ကြိုးပြတ် ပြန်ကျလာကြသည်။ သင်္ဘောအပေါ်ထပ်တွင်လည်း ကင်းဒေါ(လ်)၊ ဂေါ်ဒတ်နှင့် ရာပေါင်းများစွာသော ဂျာမန်တို့သည် တုံးလုံးပက်လက် လဲပြိုကြကုန်တော့သည်။ ရေပေါ်သို့ ပြန်ကျလာသည့်တိုင် သင်္ဘောကြီးသည် စက္ကန့်အနည်းငယ်မျှ နတ်ကျသကဲ့သို့ တဆတ်ဆတ်တုန်နေပေသေးသည်။ ထွန်းညှိထားသော လျှပ်စစ်မီးလုံးများလည်း ငြိမ်းသွားပြီး ဖြစ်၏။ ထို့နောက် ရေနွေးငွေ့များ ပေါက်ကွဲထွက်ပေါ်လာသံကို ကြားလိုက်ရပြီး ဝါယာများ ရှော့(ခ်)ဖြစ်၍ ညှော်နံ့များလည်း ထွက်ပေါ်လာသည်။ တာပစ်(ခ်)၏ ကိုယ်ထည်ကြီးမှာလည်း ကမ်းဘက်သို့ တိမ်းစောင်းသွားတော့သည်။

လိုရီမာနှင့် ကင်းမရွှန်းတို့ကို အစောင့်များက သင်္ဘော၏အပေါ်ထပ်သို့ ပြန်ခေါ်သွားကြသည်။ အပေါ်ထပ်တွင် သင်္ဘောသားများသည် ဟိုပြေးသည်ပြေးနှင့် ပြေးနေကြပြီး ရေအောက်တွင် ရန်သူ့ရေငုပ်သင်္ဘော အများအပြား ဝင်ရောက်နေပြီဟူသော အထင်ဖြင့် ရေမျက်နှာပြင်တွင် ပေါ်လာသော အသေးငယ်ဆုံးသော ရေပွက်ကလေးများကိုပင် သေနတ်များဖြင့် လိုက်ပစ်နေကြသည်။

အချို့ဂျာမန်များကလည်း သုံ့ပန်းများကို လက်သီးတပြပြနှင့် ထိုးမည်၊ ကြိမ်မည် တကဲကဲဖြစ်နေကြသည်။

ထို့နောက် သုံ့ပန်းလေးဦးကို ကုန်းပတ်ပေါ်တွင် တန်းစီစေပြီး ဂျာမန်ရှစ်ဦးက ရိုင်ဖယ်များဖြင့် ဝိုင်းချိန်လိုက်ကြသည်။ ဂျာမန်အရာရှိတစ်ဦးကလည်း ပစ္စတို(လ်) တချိန်ချိန်လုပ်ရင်း "မင်းတို့အားလုံး သင်္ဘောဘယ်နှစ်စင်းလဲ . . ." ဟူသော မေးခွန်းကို ခြိမ်းခြောက်မေးနေပြန်သည်။ သုံ့ပန်းများက ပြန်မဖြေသော

အခါ ဂျာမန်အရာရှိသည် သူ့ရိုင်ဖယ်သမားများဘက်သို့လှည့်၍ တစ်စုံတစ်ရာ လှမ်းပြောလိုက်သည်။ ဂျာမန်အရာရှိ ပြောလိုက်သောစကားမှာ "သုံ့ပန်းတွေကို အလစ်မပေးနဲ့၊ ကောင်းကောင်း စောင့်ကြည့်ထား . . ."ဆိုသော အဓိပ္ပာယ်ပင် ဖြစ်သည်။ သို့သော် ဂျာမန်စကားမတတ်သော ကင်းမရှုန်းတို့က ဂျာမန်အရာရှိ၏ ပြောဆိုပုံကိုကြည့်ပြီး သူတို့ကိုတော့ သတ်မိန့်ပေးလိုက်ပြီဟူ၍သာ ထင်လိုက်မိကြသည်။

ထိုအချိန်မှာပင် ဂျာမန်ရေကြောင်းဗိုလ်ချုပ်ကြီးဖြစ်သော အော်စကာ ခူးမက်(ခ်)သည် ကုန်းပတ်ပေါ်သို့ တက်လာသည်။ ဂျာမန်ရေကြောင်း ဗိုလ်ချုပ်ကြီး ဝတ်ဆင်လာသော မြင်းစီးဝတ်စုံက သူ့လျှို့ဝှက်စခန်း၏ လုံခြုံရေး အစီအစဉ်ကို သူ မည်မျှစိတ်ချသည်ဆိုသည်ကို ဖော်ပြနေပေသည်။ စင်စစ် ခူးမက်(ခ်)သည် သူ၏ လုံခြုံရေးအစီအစဉ်ကို သူ စိတ်ချသဖြင့် မနက်စောစော ကပင် စိတ်လွတ်ကိုယ်လွတ် မြင်းစီးထွက်သွားခဲ့သည်။ ပေါက်ကွဲသံများ ကြားရတော့မှပင် စခန်းတွင် တစ်စုံတစ်ခုဖြစ်ပြီဟု ထင်ပြီး မြင်းကို ဒုန်းစိုင်း စီးကာ ပြန်လာခဲ့ခြင်းဖြစ်သည်။

ခူးမက်(ခ်)သည် သင်္ဘောပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် မုတ်ဆိတ် ပါးမြိုင်းထူလပျစ်နှင့် သုံ့ပန်းလေးယောက်ကို ကြည့်ပြီး သူ့အနီးရှိ အရာရှိကို မေးမြန်းစုံစမ်းလိုက်သည်။ ခူးမက်(ခ်) ပြန်ထွက်သွားသောအခါ သုံ့ပန်းများကို စောင့်နေသော အရာရှိသည် သူ စောစောက တချိန်ချိန် တရွယ်ရွယ် လုပ်နေ သော ပစ္စတို(လ်) သေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ထိုအခါမှပင် သုံ့ပန်းများမှာလည်း သက်ပြင်းချနိုင်ကြတော့သည်။

ဤသို့ တစ်ဘက်က အနည်းငယ် စိတ်သက်သာရာ ရသွားသောအခါ အိပ်(စ်)(၆) အဖွဲ့ဝင်များသည် သူတို့၏ အခြားညီနောင် အိပ်(စ်)ရေယာဉ်များ၏ ကံကြမ္မာကို တွေးတောပူပင်လာမိကြပြန်သည်။ ထိုအချိန်မှာပင် အိပ်(စ်)(၇) သည် တာပစ်(ခ်)၏ ဦးရေ့ သံမဏိပိုက်ကွန် အပြင်ဘက် ခပ်လှမ်းလှမ်း တစ်နေရာတွင် ဘွားခနဲပေါ်လာသည်ကို တွေ့လိုက်ရသည်။ ဤသို့ အိပ်(စ်)(၇) သံမဏိပိုက်ကွန်အပြင်သို့ ရောက်ရှိသွားရခြင်းမှာ ဗုံးပေါက်ကွဲမှုများ၏ အရှိန်ကြောင့် လွင့်စင်သွားခြင်းဖြစ်သည်။ သင်္ဘောမှာလည်း လုံးဝပျက်စီး သွားသဖြင့် ဦးစီးမှူး ဂေါ့ဖရီးပလေ့(စ်)က သင်္ဘောကို စွန့်ခွာရန် ဆုံးဖြတ်လိုက်ပြီး ရေမျက်နှာပြင်ပေါ်သို့ ပြန်တက်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

ပလေ့(စ်)သည် ဆွယ်တာအင်္ကျီအဖြူကို ဝှေ့ရမ်းပြပြီး သင်္ဘောအပြင်သို့ ထွက်လာရာ ဂျာမန်များက အပစ်အခတ် ခေတ္တရပ်စဲပြီး စောင့်ကြည့်နေလိုက်ကြသည်။ ထို့နောက် ပလေ့(စ်)သည် သင်္ဘောပေါ်မှ ရေထဲသို့ ခုန်ဆင်းလိုက်သည်။ ထိုခဏမှာပင် အိပ်(စ်)(၇) မှာလည်း နောက်လူများ ထွက်မလာနိုင်မီ ရေထဲသို့ ပြန်မြုပ်သွားတော့သည်။

ရေထဲတွင် ကူးခတ်နေသော ပလေ့(စ်)ကို အနီးတွင် ရှိသည့် ဂျာမန်ကင်းထောက်မော်တော်တစ်စင်းက ဆယ်ယူခဲ့ပြီး တာပစ်(ဇ်)ပေါ်သို့ ခေါ်လာခဲ့သည်။

အိပ်(စ်)(၇) မြုပ်သွားပြီး မရှေးမနှောင်းမှာပင် အိပ်(စ်)(၅)သည် တာပစ်(ဇ်)နှင့် ကိုက် (၅၀၀)အကွာတွင် ပေါ်လာပြန်သည်။ ထိုသင်္ဘောမှာလည်း အိပ်(စ်)(၇) ကဲ့သို့ပင် မိုင်းဗုံးများ ပေါက်ကွဲမှုကြောင့် ပျက်စီးချို့ယွင်းသွားခဲ့ဟန်တူသည်။ သို့သော် ထိုသင်္ဘော၏ အဖြစ်မှန်ကို မည်သူမျှ မသိနိုင်ပါတော့ချေ။ အဘယ်ကြောင့်ဆိုသော် အိပ်(စ်)(၅) ပေါ်လာသော နေရာမှာ အမြောက်ပစ်ကွင်းအတွင်းဖြစ်၍ တာပစ်(ဇ်)ပေါ်ရှိ အမြောက်များက သုံ့ပန်း (၅) ယောက်၏ရှေ့၌ပင် အိပ်(စ်)(၅) ကို အစအနမကျန်အောင် ပစ်ခွင်းပစ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။ နောက် (၃) နာရီမျှကြာသောအခါ ရေအောက်သို့ နစ်မြုပ်သွားခဲ့သော အိပ်(စ်)(၇)မှ ရေငုပ်သမား ဘော့(ပ်)အိပ်ကန်မှာ အခြားရဲဘော်တစ်ယောက်နှင့်အတူ အိပ်(စ်)(၇) ရေအောက်ကြမ်းပြင်သို့ နစ်မြုပ်သွားစဉ် ပါသွားခဲ့ပြီး သင်္ဘောရေအောက်ကြမ်းပြင်သို့ ဒုတ်ဒုတ်ထိ မရောက်မီ ပြန်ထွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမန်တို့သည် ဗြိတိသျှသုံ့ပန်း (၆) ယောက်ကို တာပစ်(ဇ်)ပေါ်ရှိ အချုပ်ခန်းထဲတွင် ချုပ်နှောင်ထားလိုက်ကြပြီး နောက်တစ်နေ့တွင် စစ်သင်္ဘောတစ်စင်းဖြင့် တင်ဆောင်ကာ ဂျာမနီသို့ပို့လိုက်ကြသည်။ သူတို့သည် စစ်ကြီးပြီးသည်အထိ ဂျာမနီတွင် သုံ့ပန်းများအဖြစ်ဖြင့် နေထိုင်ကြရမည်ဖြစ်လေသည်။ သူတို့သည် သူတို့ကို ခေါ်ယူတင်ဆောင်လာသည့် သင်္ဘော အော်(လ်)တာဖု(ချ်)မှ အထွက်တွင် တာပစ်(ဇ်)ရှိရာသို့ လှမ်းကြည့်လိုက်ရာ ယခုတိုင်ရေပေါ်တွင် ပေါ်နေသေးသည်ကို တွေ့လိုက်ရသဖြင့် သူတို့ သက်စွန့်ကြိုးပမ်းဆင်နွှဲခဲ့သော စစ်ဆင်ရေးကြီး အရှုံးနှင့် နိဂုံးချုပ်လိုက်ရပြီဟု ထင်မှတ်ကာ စိတ်ဓာတ်အကျကြီးကျသွားမိခဲ့ကြရသည်။

## သတ္တဝါပြောင်မြောက်လှသော သူရဲကောင်းများ

အိပ်(စ်)ရေငုပ်သင်္ဘောများ၏ တိုက်ခိုက်ခြင်းကို ခံရပြီးနောက် နှစ်ရက်အကြာတွင် ဂျာမန်ရေတပ်မတော်၏ ဦးစီးချုပ်ဖြစ်သော ရေကြောင်းဗိုလ်ချုပ်ကြီး ကား(လ်)ဒိုးနစ်(ဇ်)သည် အော်(လ်)တာဖု(ချ်)သို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာသည်။ ရောက်မဆိုက်ပင် ဦးစီးချုပ်သည် အစီရင်ခံစာများကို ဖတ်ရှုပြီးနောက် သင်္ဘောပေါ်သို့တက်ကာ အပျက်အစီးများကို ကိုယ်တိုင်ကိုယ်ကြပ် ကြည့်ရှုစစ်ဆေးပြီးသောအခါ ဦးစီးချုပ်သည် တာပစ်(ဇ်)နှင့် ပတ်သက်၍ အောက်ပါအတိုင်း ကောက်ချက်ချ လိုက်သည်။

"သေချာတာကတော့ ခုအခြေအနေနဲ့သာ တာပစ်(ဇ်)ကို ပင်လယ်ပြင်ကို မောင်းထွက်သွားရင် အဲဒီခရီးဟာ တာပစ်(ဇ်)ရဲ့ နောက်ဆုံးခရီးပဲဖြစ်မှာပဲ"

ဦးစီးချုပ်၏စကားမှာ မှန်လှ၏။ တာပစ်(ဇ်)၏ ကိုယ်ထည်တွင် စပါးကျီတစ်လုံးစာမျှ ကြီးမားသော အပေါက်ကြီးတစ်ပေါက် ပေါက်သွားခဲ့ပြီဖြစ်၍ သင်္ဘောအောက်ထပ်တစ်ခုလုံးလိုလို ရေများ ပြည့်လျှံနေပြီး ပိုက်များနှင့် စက်များမှာလည်း ဟိုတစ်စ သည်တစ်စ ပြတ်ထွက်ကုန်ကြပြီဖြစ်သည်။ ဒီဇယ်ဂျင်နရေတာရှစ်လုံးအနက် တစ်လုံးသာ အကောင်းကျန်တော့သဖြင့် သင်္ဘောထဲတွင် ဝင်နေသောရေများကို ပြန်လည်စုတ်ထုတ်ရန်သော်လည်းကောင်း၊ မီးပေါင်တင်ရန်သော်လည်းကောင်း၊ အမြောက်များကို အတင်အချ ပြုလုပ်ရန်သော်လည်းကောင်း မစွမ်းနိုင်တော့ပါချေ။

ထို့နောက်တွင်မှ ဒိုးနစ်(ဇ်)သည် ဟစ်တလာထံ အမိန့်ခံပြီး တာပစ်(ဇ်)ကို ဂျာမဏီသို့ပို့၍ ပြင်မည့်အစား ဂျာမဏီမှ အင်ဂျင်နီယာများနှင့် အလုပ်သမား တစ်ထောင်ကို ခေါ်ယူကာ အော်(လ်)တာဖု(ချ်)တွင်ပင် သင်္ဘောကို ပြင်စေခဲ့သည်။ အင်ဂျင်နီယာများနှင့် အလုပ်သမားများသည် တာပစ်(ဇ်)ကို အချိန်မီ အသက်ပြန်သွင်းနိုင်ရန် နေ့ရောညပါ ပြင်ဆင်ကြသည်။ သို့သော် မည်သို့ ကုစားသည်ဖြစ်စေ၊ တာပစ်(ဇ်)မှာ လပေါင်းများစွာပင် ဝေဒနာသည်အဖြစ် ဖြင့် အော်(လ်)တာဖု(ချ်)မှာပင် လဲလျောင်း၍ နေခဲ့ရလေသည်။ သို့ရှိရာမှ ၁၉၄၄–ခု၊ ဧပြီလတိုင်မှပင် နာလန်ထလာကာ ကျောက်ချ ရပ်နားနေရာမှ ခွာလာနိုင်ခဲ့တော့သည်။ သို့သော် ဩဂုတ်လနှင့် စက်တင်ဘာလ အတွင်းတွင် ရန်သူ၏ ဖျက်ဆီးခြင်းကို ဒုတိယအကြိမ် ခံလိုက်ရပြန်သည်။ ဤအကြိမ် အတိုက်ခံလိုက်ရသည်မှာ လေကြောင်းမှ တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ အောက်တိုဘာလတွင် ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက်နေပြီ ဖြစ်သော တာပစ်(ဇ်)သည် နော်ဝေးဘက်သို့ ဦးလှည့်ကာ ဒယီးဒယိုင် ခုတ်မောင်းနေ လေတော့သည်။ ထိုအချိန်တွင် စစ်ချိန်ခွင်လျှာမှာလည်း မဟာမိတ်တို့ဘက်သို့ အလေးသာနေပြီဖြစ်ရာ ဂျာမန်တို့သည် တာပစ်(ဇ်)ကို ရေကြောင်းတွင် အသုံးမပြုတော့ဘဲ ကမ်းခြေစောင့်ခံတပ်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားပြီး ဖြစ်လေသည်။

သို့ရာတွင် ၁၉၄၄–ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့သို့ ရောက်သောအခါ ဘုရင့်လေတပ်မတော်သည် တာပစ်(ဇ်)အား ရေအောက်ကြမ်းပြင်သို့ အပြီးတိုင် ပို့ဆောင်ပစ်လိုက်လေတော့သည်။

ဤသို့ ဘုရင့်လေတပ်မတော်က တိုက်ခိုက်လိုက်၍ တာပစ်(ဇ်) ဝမ်းလျားမှောက် နစ်သွားသောအခါ အိပ်(စ်)ရေယာဉ်များ တိုက်ခိုက်ခဲ့၍ ရရှိခဲ့သော အမာရွတ်ဟောင်းကြီးမှာလည်း ထင်းထင်းကြီး ပေါ်လာလေတော့ သည်။

ဂျာမဏီပြည်တွင်သုံ့ပန်းအဖြစ် အဖမ်းခံနေရသော အိပ်(စ်)ရေယာဉ် သူရဲကောင်း (၆) ဦးမှာမူ စစ်ကြီးပြီးမှပင် အမိနိုင်ငံသို့ ပြန်ရောက်ခဲ့ကြသည်။ အပြန်ခရီးတွင် သူတို့၏ စွန့်စားမှုကြီးကို သတင်းစာများက ခေါင်းကြီးတွင် ရေး၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ဂျော့ဘုရင်မင်းမြတ်ကလည်း ထိုသူရဲကောင်း

များကို ဆုတံဆိပ်များဖြင့် ဂုဏ်ပြုချီးမြှောက်ရန်အတွက် ဘာကင်ဟမ်နန်းတော်သို့ ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်၌ နန်းတော်တွင် ဆုချီးမြှင့်ခြင်းခံရမည့် ဗြိတိသျှစစ်လက်ရုံးအသီးသီးမှ အခြား လူ (၄၀၀) ကျော်တို့အနက် အိပ်(စ်)ရေယာဉ်သူရဲကောင်း (၆) ယောက်တို့အား ဦးစွာတွေ့ဆုံနှုတ်ဆက်ပြီး ချီးမွမ်းစကားပြောကြားကာ သူရဲကောင်းဆုတံဆိပ်များ ချီးမြှင့်အပ်နှင်းလိုက်လေသည်။

ထို့အတူ ၁၉၄၈–ခုနှစ်တွင် ဘုရင့်လေတပ်မတော်ကလည်း အိပ်(စ်)ရေယာဉ် သူရဲကောင်းများ၏ စွန့်စားမှုကြီးတစ်ခုအဖြစ် ပြန်တမ်းတစ်စောင်ထုတ်ကာ ဂုဏ်ပြုချီးကျူးခဲ့လေသည်။

✧

# ဂျပန်ရေတပ် ဗိုလ်ချုပ်ကြီး ယာမာမိုတို

သည်နေ့မှပင် အာလင်တန် သုသာန်တခိုဝယ် မိုးက သဲသဲမဲမဲရွာနေသည်။ မိုးသီးမိုးပေါက်များကို ဖြတ်သန်းတိုက်ခတ်လာသော လေသည် ကျွန်တော်၏ညီ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို လွှမ်းထားသည့် အမေရိကန် အလံတော်အား တဖျပ်ဖျပ် လှုပ်ခတ်နေစေလေသည်။

ကျွန်တော့်ညီ၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်မြှုပ်နှံမည့် မြေကျင်း၏ နှုတ်ခမ်းတွင် ကျွန်တော့်မိဘနှစ်ပါး၊ ကျွန်တော့်ညီတစ်ဦးဖြစ်သည့် ဂျင်နှင့် ကျွန်တော်သည် ငြိမ်သက်စွာ ရပ်နေကြလေသည်။

ကမ္ဘာတစ်ဝန်းလောင်ကျွမ်းခဲ့သည့် ဒုတိယ ကမ္ဘာစစ်မီးကြီး ငြိမ်းအေးသွားသည်မှာ လေးနှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ကျွန်တော့်ညီ၏ ရုပ်ကလာပ်မှာမူ ယခုမှပင် တောင်ပစ္စိဖိတ်မှ အမိမြေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်ပါ၏။

ကျွန်တော်သည် သရဏဂုံတင်နေသည့် ဘုန်းတော်ကြီး၏ တရားတော်ကို နားယှရင်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်၏ ဘဝနှင့် ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် ဂျပန်ရေတပ် ဗိုလ်ချုပ်ကြီး အိုင်ဆိုရိုကူ ယာမာမိုတို၏ ဘဝတို့သည် ရေးအစဉ်အဆက်ကြောင့် ဝေးသီခေါင်လှသည့် ဆော်လမွန်ကျွန်းတစ်ကျွန်းတွင် တိုက်တိုက်ဆိုင်ဆိုင်ဆုံမိကြပုံကို ပြန်ပြောင်းတွေးတောနေမိလေသည်။

ဂျပန်သည် စစ်ကြေညာခြင်းမပြုဘဲ ပုလဲဆိပ်ကမ်းကို လေကြောင်းမှ အငိုက်ဝင်ရောက် စီးနင်းလိုက်ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုကို စစ်ထဲသို့

အခမ့် ဆွဲသွင်းလိုက်သောအခါ ကျွန်တော်၏ ညီအငယ်ဆုံး ဖြစ်သည့် ချားလ်(စ်)နှင့် ကျွန်တော်သည်လည်း အမေရိကန်လေတပ်မတော်သို့ မရှောင်မလွဲသာ ဝင်ရောက်လာခဲ့ရလေသည်။

ဤသို့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် လေတပ်မတော်သို့ ရွေးချယ်ဝင်ရောက်ခဲ့သည်မှာလည်း ဘမျိုး ဘိုးတူ ဆိုသကဲ့သို့ ကျွန်တော်တို့၏ ဖခင်ကြီးကိုယ်တိုင်က ပထမ ကမ္ဘာစစ်တွင် လေသူရဲကျော် ဖြစ်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။

ကျွန်တော်သည် တိုက်လေယာဉ်လေသူရဲသင်တန်းသို့ တက်ရောက်သင်ကြားခဲ့ရပြီး သင်တန်းပြီးဆုံးသွားသောအခါ ဗွာဒေါလ်ကင်နယ်လ်တွင် အခြေစိုက်သည့် ပီ (၃၈) တိုက်လေယာဉ် အုပ်စုတွင် ဝင်ရောက်အမှုထမ်းနေခဲ့ရလေသည်။

ထိုစဉ်အတွင်း ကျွန်တော်၏ ညီလေး ချားလ်(စ်)မှာမူ မရိန်း တိုက်လေယာဉ် လေသူရဲသင်တန်းကျောင်းတွင် တက်ရောက်သင်ကြားနေရဆဲ ဖြစ်သည်။ သို့ရှိရာမှ ၁၉၄၃–ခုနှစ် မတ်လထဲတွင် ကျွန်တော်သည် လေကြောင်းတိုက်ပွဲတစ်ခုမှ ပြန်လာခိုက် ဝေဟင်ထက်တွင် ကျွန်တော့်ညီငယ်၏ အသံကို ရေဒီယိုထဲမှ မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ ထိုအခါပင် ကျွန်တော်လည်း ကျွန်တော့်၏ညီငယ် သင်တန်းပြီးဆုံး၍ သူ့လေယာဉ်ကို သူကိုယ်တိုင် မောင်းနှင်ပျံသန်းနေရုံမျှမက ကျွန်တော် ရှိနေရာ ဗွာဒေါလ်ကင်နယ်လ်သို့ပင် ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်ကြောင်းကို သိခွင့်ရလိုက်ရတော့သည်။

နောက်ပိုင်းရက်များတွင်လည်း ကျွန်တော်နှင့် ချားလ်(စ်)မှာ တာဝန်ထမ်းဆောင်ရာ လေယာဉ်အုပ်စုခြင်းမတူ၍ လူချင်းမဆုံမိခဲ့ကြသော်လည်း ဝေဟင်ထက်တွင်မူ မကြာခဏပင် ကြုံခဲ့ကြသည်။ တစ်ကြိမ်တွင်မူ ချားလ်(စ်)တို့၏ လေယာဉ်အုပ်စုနှင့် ကျွန်တော်တို့ လေယာဉ်အုပ်စု ပူးပေါင်း၍ပင် ဂျပန်ဇီးရိုးတိုက်လေယာဉ်များနှင့် သူသေ ငါရှင် တိုက်ပွဲတစ်ပွဲပင် တိုက်ခဲ့ဖူးလေသည်။ နောက်တစ်ကြိမ်တွင်လည်း ချားလ်(စ်)၏ လေယာဉ်မှာ တိုက်ပွဲဝင်စဉ် ရန်သူ့ကျည်သင့်ခံလိုက်ရသဖြင့် ချားလ်(စ်)မှာ လေထီးဖြင့် ရန်သူ၏ ပိုင်နက်အတွင်းသို့ ခုန်ဆင်းခဲ့ရလေရာ ကျွန်တော်ကိုယ်တိုင် ဦးစီးသော ကျွန်တော်တို့ လေယာဉ်အုပ်စုမှ လေယာဉ်လေးငါးစီးဖြင့် ကယ်တင်လိုက်ရပေသေးသည်။

## စစ်တိုက်ခြင်းလော ... လူသတ်ခြင်းလော ...

၁၉၄၃–ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့၏ ညနေခင်းတွင် ဖြစ်သည်။

ထိုညနေခင်းတွင် ဟင်နဆင်လေယာဉ်ကွင်းရှိ စစ်ဆင်ရေးခန်းမဆောင်သို့ သတင်းပို့ရန် ကျွန်တော့်ထံသို့ အမိန့်ရောက်လာသည်။

သို့ဖြင့် ကျွန်တော်သည် (၃၃၉) တိုက်လေယာဉ်အုပ်စု ခေါင်းဆောင်လည်းဖြစ်ပြီး ဂွာဒေါ်လ်ကင်နယ်လ်၏ လေယာဉ်အုပ်စုများတွင် ရန်သူ့လေယာဉ်အများဆုံးကို ပစ်ချနိုင်ခဲ့သည့် လေသူရဲကျော်လည်းဖြစ်သော ဗိုလ်မှူး ဂျွန်မစ်ချဲလ်နှင့်အတူ ဟင်ဒါဆင်လေယာဉ်ကွင်းသို့ ရောက်ရှိခဲ့ကြသည်။ မြေအောက်စစ်ဆင်ရေး ခန်းမဆောင်ထဲသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် အရေးကြီးသောကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်နေပြီဖြစ်ကြောင်းကို ပတ်ဝန်းကျင် အခြေအနေအရ ကျွန်တော်တို့နှစ်ယောက် အကဲခတ်လိုက်မိကြသည်။ အဘယ့်ကြောင့်ဆိုသော် ဂွာဒေါ်လ်ကင်နယ်လ်ကျွန်းပေါ်တွင် ရှိသည့် ထိပ်တန်းလေတပ်အရာရှိမှန်သမျှ စစ်ဆင်ရေးခန်းမဆောင်ထဲသို့ စုံညီစွာ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့ရောက်သည်ဆိုလျှင်ပင် တစ်စုံတစ်ရာအတွက် ကြိုတင်စိုးရိမ်ပူပန်နေပုံရသော အမူအရာနှင့် ဗိုလ်မှူးတစ်ဦးက 'ထိပ်တန်းလျှို့ဝှက်'ဟု ခေါင်းစီးတပ်ထားသည့် သံကြိုးစာတစ်စောင်ကို ကျွန်တော့်အား ကမ်းပေးသည်။

ထိုသံကြိုးစာတွင် "ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ယင်း၏ထိပ်တန်းစစ်ဦးစီးအဖွဲ့ဝင်တို့သည် ဧပြီလ (၁၈) ရက်နေ့၌ လေကြောင်းခရီးဖြင့် ဘောဂိန်းဗီလာသို့ လာရောက်လိမ့်မည်။ ထို့ကြောင့် လေယာဉ်အုပ်စု အမှတ် (၃၃၉) ရှိ ပီ (၃၈) အမျိုးအစား တိုက်လေယာဉ်များသည် ယာမာမိုတို၏ လေယာဉ်

အုပ်စုကို ဖြစ်သည့်နည်းဖြင့် လမ်းမှ ဖြတ်တောက် တိုက်ခိုက်ဖျက်ဆီးပစ်ရမည်။ အမေရိကန်သမ္မတကြီးသည် ယင်းစစ်ဆင်ရေးကို အထူး အရေးကြီးသော စစ်ဆင်ရေးတစ်ရပ်အဖြစ် သတ်မှတ်သည်။ ထို့ပြင် ယာမာမိုတိုနှင့် ယင်း၏ စစ်ဦးစီးအဖွဲ့ဝင်တို့သည် ဗုံးကြဲလေယာဉ်နှစ်စင်းဖြင့် စီးနင်းလိုက်ပါလာမည် ဖြစ်ပြီး ၎င်းဗုံးကြဲလေယာဉ်နှစ်စင်းကိုလည်း ဇီးရိုးတိုက်လေယာဉ်ခြောက်စင်းက အစောင့်အရှောက်အဖြစ် လိုက်ပါလာမည်" စသည်ဖြင့် ဖော်ပြပါရှိလေသည်။ နိဂုံးချုပ်တွင် ထိုလေယာဉ်များ ပျံသန်းလာမည့် အချိန်အတိအကျကိုလည်း အသေးစိတ်ဖော်ပြထားလေသည်။ ထိုသံကြိုးစာ၏ အောက်ဆုံးတွင် 'ဝန်ကြီး ဖရင့်(ခ်)နော့(စ်) စစ်ဝန်ကြီးဌာန (ရေ)' ဟု လက်မှတ်ရေးထိုးထားလေသည်။

ထိုအကြောင်းကြောင့်ပင် ထိုစစ်ဆင်ရေး ခန်းမဆောင်ထဲ၌ အရာရှိများ အစုံအညီ ရောက်ရှိနေကြခြင်းဖြစ်ပြီး ထိုအရာရှိတို့၏ မျက်နှာများပေါ်တွင် လည်း တစ်စုံတစ်ရာအတွက် ကြိုတင်ပူပင်ကြောင့်ကြနေသည့် အမူအရာများ ဖော်ပြနေရကြခြင်းဖြစ်ဟန် တူပေသည်။

မှန်သည်။ ယာမာမိုတိုဆိုသည်ကလည်း နယ်နယ်ရရ ရန်သူမဟုတ်။ ဂျပန်စစ်ယန္တရားကြီး၏ သော့ချက်ဦးနှောက်ဟုဆိုက ဆိုနိုင်လောက်သော ပုဂ္ဂိုလ်ကြီးပင် မဟုတ်ပါလား။

ယာမာမိုတိုသည် ဂျပန်ရေတပ်မတော်၏ ရေကြောင်း ဗိုလ်ချုပ်ကြီး ဖြစ်ရုံသာမက ဂျပန်လေတပ်က ပုလဲဆိပ်ကမ်းကို ဝင်ရောက်အငိုက်ဖမ်းကာ အမေရိကန်တို့၏ ပစိဖိတ်ရေတပ်အင်အား၏ သုံးပုံနှစ်ပုံကို ဖျက်ဆီးခဲ့ပြီး အသက်ပေါင်း (၂၀၀၀) ကျော်ကို သေကြေပျက်စီးစေခဲ့သည့် စစ်ဆင်ရေး ကြီးကို ရေးဆွဲညွှန်ကြားခဲ့သည့် စစ်ပညာရှင်ကြီးလည်း ဖြစ်ပေသည်။ ထို့ပြင် လေကြောင်းပညာရပ်နှင့် လေယာဉ်ပျံသန်းမှုပညာရပ်တို့ကို ရှေးဦးစွာ စမ်းသပ် လေ့လာခဲ့သည့် လေကြောင်းပညာရှင်တစ်ဦးလည်း ဖြစ်လေရာ ဂျပန်တို့၏ သေမင်းတမန် ဇီးရိုးတိုက်လေယာဉ်များကို ပုံစံထုတ်တည်ဆောက်ခဲ့သည့် လေကြောင်းပညာရှင် ဗိသုကာများတွင် တစ်ဦးအပါအဝင်လည်း ဖြစ်ပေ သေးသည်။ သည့်ပြင် လေယာဉ်တင် စစ်ရေယာဉ်ကြီးများကို ရေကြောင်း ဆိုင်ရာ ဗျူဟာ စက်ကိရိယာကြီးများအဖြစ် အသုံးပြုတိုက်ခိုက်သောနည်းကို တီထွင်ခြင်းဖြင့် ကမ္ဘာ့ရေကြောင်း တိုက်ပွဲ၏ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ် စမ်းသပ်ခဲ့သူတစ်ဦးလည်း ဖြစ်ပေသေးသည်။

ယာမာမိုတိုသည် ဂျပန်ခေတ်မီ ရေတပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဂျပန်ရေတပ်မတော်၏ ဖခင်ကြီးလည်း ဖြစ်ပေသည်။ သူသည် ဂျပန်တို့၏ နာမည်ကျော် ညတိုက်ပွဲ နည်းဗျူဟာနှင့် အမေရိကန်စစ်ရေယာဉ် ...းအပြားကို ပင်လယ်ကြမ်းပြင်ပေါ်သို့ ပို့ဆောင်ခဲ့သည့် တိုဗီဒို ပစ်ခတ်နည်း နည်းဗျူဟာတို့ကိုလည်း တီထွင်ဖန်တီးခဲ့သူလည်း ဖြစ်ပြန်ပေ သေးသည်။

ကျွန်တော်တို့လေယာဉ်အုပ်စုက ယာမာမိုတို၏ လေယာဉ်အုပ်စုကို ကြားဖြတ်တိုက်ခိုက်ရမည့် အချိန်တွင် အဆိုပါ ဂျပန်စစ်ပညာရှင်ရေကြောင်း ဗိုလ်ချုပ်ကြီးယာမာမိုတို၏ အသက်မှာ (၅၉) နှစ်မျှသာ ရှိပေသေးသည်။

ဤသို့ ယာမာမိုတိုသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်တို့၏ အဓိက ရန်သူကြီးဖြစ်လာရခြင်းမှာ စစ်၏အနိဋ္ဌာရုံတစ်ကွက်၊ စစ်၏ ဆိုးရုပ်တစ်ခုဟူ၍သာ စစ်ကိုပင် အပြစ်ဖို့ အမျက်သိုရန်သာ ရှိပေသည်။

စင်စစ် ယာမာမိုတိုသည် အမေရိကန်ပြည်ထောင်စုကြီးကို အထင်ကြီးသကဲ့သို့ ချစ်လည်း ချစ်သူဖြစ်သည်။ ထို့ကြောင့်လည်း အမေရိကန်ပြည်ထောင်စုကြီးတွင် ပညာသင်ကြားခဲ့ခြင်း ဖြစ်သည်။ ယာမာမိုတိုသည် အမေရိကန်ပြည်ထောင်စုကြီး၏ အဓိကရ တက္ကသိုလ်ကြီးဖြစ်သော ဟားဗတ်တက္ကသိုလ်တွင် ထိပ်တန်းကျောင်းတော်သားကြီး ဖြစ်ခဲ့သည်။ ထို့နောက် သူသည် အမေရိကန်ပြည်ထောင်စု၏ နေပြည်တော်ဖြစ်သော ဝါရှင်တန်၌ပင် ဂျပန်နိုင်ငံဆိုင်ရာ စစ်သံမှူးအဖြစ် အမှုထမ်းခဲ့သည်။ သူသည် အင်္ဂလိပ်စကားကို သွက်လက်ချက်ချာစွာ ပြောတတ်ပြီး အမေရိကန် အားကစားနည်းများကိုလည်း ဝါသနာထုံသူဖြစ်သည်။ ထို့ကြောင့်ပင် တစ်ဘက်စွန်းရောက် ဂျပန်စစ်ဝါဒီ အချို့က ယာမာမိုတိုအား အမေရိကန်လိုလားသူဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ရန်ပင် ကြံစည်ခြင်း ဖြစ်ပေသည်။

သို့ရာတွင် ဂျပန်တပ်မတော်က အမေရိကန်ပြည်ထောင်စုကို စစ်ထဲသို့ အဓမ္မဆွဲသွင်းလိုက်သောအခါတွင်မူကား မိမိနိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိရန်လိုအပ်သည့်အလျောက် ယာမာမိုတိုသည် ဂျပန်ရေတပ်မတော်ကို ဦးစီးကွပ်ကဲကာ အမေရိကန်တို့ကို အပြင်းထန်ဆုံး၊ အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး တိုက်ခိုက်ခဲ့လေသည်။

သည့်နှယ် ယာမာမိုတိုနှင့် ၎င်း၏ စစ်ဦးစီးအဖွဲ့ဝင်တို့ စီးနင်းလိုက်ပါလာမည့် လေယာဉ်အုပ်စုကို ကြားဖြတ်တိုက်ခိုက် လုပ်ကြံရမည့်အစီအစဉ်ကို

အမေရိကန်တို့ဘက်မှ အလွယ်ရေးဆွဲပြီး အလွယ်ဆုံးဖြတ်ခဲ့သည်တော့ မဟုတ်ပါချေ။ အမှန်မှာ အမေရိကန်တို့သည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာသော စစ်၏ လျှို့ဝှက်ချက်တစ်ရပ်ကို မရှောင်မလွှဲသာ အခွင့်အရေးယူလိုက်ရခြင်းသာ ဖြစ်လေသည်။

ဖြစ်ပုံမှာ အမေရိကန် စစ်ထောက်လှမ်းရေး၏ ရန်သူ ကြိုးမဲ့ကြေးနန်းသင်္ကေတဖော်ထုတ်ရေးဌာနမှ ပုဂ္ဂိုလ်များက ဂျပန်တို့၏ လျှို့ဝှက်ကြေးနန်းသင်္ကေတများကို ဖော်ထုတ်နိုင်ခဲ့သဖြင့် ယာမာမိုတိုတို့၏ ခရီးစဉ်ကို သိရှိလာရခဲ့ခြင်းဖြစ်သာ ဖြစ်လေသည်။

ဤတွင် ယာမာမိုတိုတို့၏ လေယာဉ်အုပ်စုကို လမ်းမှ ကြားဖြတ်တိုက်ခိုက်ခွင့် ရရေးအတွက် အမေရိကန် စစ်ဝန်ကြီးဌာနက သမ္မတကြီးရုစဗဲ့ထံ အမိန့်ခံခဲ့သည်။ ရုစဗဲ့က တစ်ဖန် လေကြောင်း ဗိုလ်ချုပ်ကြီးအားနက်(စ်) ဂျေကင်းနှင့် တိုင်ပင်ရပြန်သည်။ ဤသို့ အမိန့်ခံခြင်း တိုင်ပင်ခြင်းပြုကြရာ၌ ယာမာမိုတိုတို့၏ လေယာဉ်အုပ်စုကို ကြားဖြတ်တိုက်ခိုက်ခြင်းမှာ စစ်သဘောအရ ဆောင်ရွက်ခြင်းလော၊ နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်ခြင်းလော ဆိုသည့် မေးခွန်းသည် ၎င်းအစီအစဉ်ကို ဆုံးဖြတ်ရမည့် သမ္မတကြီးနှင့် စစ်ခေါင်းဆောင်များအကြားတွင် ထပ်ဖန်တလဲလဲ မေးလာရသော မေးခွန်းတစ်ရပ်ဖြစ်ခဲ့ရလေသည်။ နောက်ဆုံးတွင်မှ ရေကြောင်း ဗိုလ်ချုပ်ကြီးချက်စတာ ဒဗလျူနိမ(စ်)က အရေးပေါ် ကွန်ဖရင့်တစ်ရပ်တွင် "ယာမာမိုတိုကျသွားရင် ယာမာမိုတိုလိုလူမျိုးကို ဂျပန်က အစားထိုးနိုင်မလား" ဟု မေးမြန်းခဲ့သည်။ အဖြေကား အစားမထိုးနိုင်ဟူ၍ပင် ဖြစ်သည်။ မှန်သည်။ ယာမာမိုတိုလူမျိုးမှာ ဂျပန်ပြည်အတွက် တစ်ဦးတည်းသော၊ တစ်ယောက်တည်းသော အစားထိုး၍ မရကောင်းသော ဗိုလ်ချုပ်ကြီးပင် မဟုတ်ပါလော။

ဤသို့ ယာမာမိုတိုသည် ဂျပန်စစ်ယန္တရားကြီး၏ အစားထိုး၍မရသော ဦးနှောက်ဖြစ်ခြင်းမှန်လျှင် စစ်သဘောအရ ထိုဦးနှောက်ကိုပင် ဖျက်ဆီးပစ်ရပေတော့မည်။ ဤကား မရှောင်မလွှဲကာ လိုက်နာရမည့် စစ်ဥပဒေပင် မဟုတ်ပါလား။

# အချိန်လေးစားသော ရန်သူ

သို့ဖြင့် ဗွာဒေါ်လ်ကင်နယ်လ်၏ မြေအောက် စစ်ဆင်ရေးခန်းမဆောင်ဝယ် ကျွန်တော်နှင့် ကျွန်တော့်ရဲဘော် လေသူရဲတို့သည် ယာမာမိုတိုတို့၏ လေယာဉ်အုပ်စုကို မည်သို့မည်ပုံ ကြားဖြတ်တိုက်ခိုက် ချေမှုန်းသင့်သည်တို့ကို ဆွေးနွေးညှိနှိုင်းနေရတော့သည်။

ရရှိထားသော သတင်းအရဆိုမူ ယာမာမိုတိုတို့၏ လေယာဉ်အုပ်စုသည် နောက်တစ်နေ့ နံနက် (၀၉၄၅) နာရီတွင် ကဟီလီလေယာဉ်ကွင်းသို့ ဆိုက်ရောက်မည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် ၎င်းအချိန်မတိုင်မီ (၁၀) မိနစ်အလိုတွင် ကဟီလီလေယာဉ်ကွင်း၏ မြောက်ဘက် (၃၅) မိုင်အကွာမှ ဖြတ်တိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဤသို့သာ သတ်ကွင်းရွေးချယ်ကာ စီစဉ်ဆုံးဖြတ်လိုက်ကြသော်လည်း ကျွန်တော်တို့၏ အစီအစဉ်ကို ကျွန်တော်တို့ကိုယ်တိုင် အားရကျေနပ်လှသည်တော့မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ အစီအစဉ်မှာ မှန်ကန်သော နည်းဗျူဟာထက် ကံပေါ်ပို၍ အားကိုးရမည့် အစီအစဉ်ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

ကျွန်တော်တို့တွင် စစ်ဆင်ရေးအတွက် ပြေး၍ ရေတွက်လိုက်ပါမှ လေယာဉ် (၁၈) စင်းသာ ရှိသည်။ ရန်သူ့ဘက်တွင်မူ ကဟီလီလေယာဉ်ကွင်း၌ပင် လေယာဉ်အစင်း တစ်ရာကျော်ရှိနေသည်။

ထို့ပြင် ကျွန်တော်တို့ လေယာဉ်များကို ခါတ်ဆီတိုင်ကီ အပိုတပ်ဆင်သည့်တိုင် သတ်ကွင်းတွင် အချိန်ကြာကြာ လှည့်လည်ပျံဝဲနေနိုင်မည် မဟုတ်ပေရာ သတ်ကွင်းသို့ သတ်မှတ်ထားသည့် အချိန်ထက် စောရောက်လျှင်

ခတ်ဆီမလုံလောက်မှုကြောင့် ပြန်လှည့်ကြရမည်ဖြစ်သကဲ့သို့ အချိန်နောက်ကျ၍ ရောက်လျှင်လည်း ရန်သူ့လေယာဉ်အုပ်စုကို လွတ်သွားမည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော်တို့ လေယာဉ်များသည် သတ်ကွင်းသို့ အချိန်မှီရောက်ရန်လိုသကဲ့သို့ ယာမာမိုတို၏ လေယာဉ်အုပ်စုကလည်း ထောက်လှမ်းရေးက ရရှိထားသည့် သတင်းအတိုင်း ကျွန်တော်တို့ ထောင်ချောက်အတွင်းသို့ အချိန်အတိအကျ ဝင်ရောက်လာရန် လိုပေသည်။

အဆုံးဆိုရသော် ကျွန်တော်တို့၏ စစ်ဆင်ရေး အောင်မြင်ရေးသည် အချိန်တိကျမှုနှင့် ကံပေါ်တွင် အဓိကအားဖြင့် မူတည်နေပေသည်။

နောက်ဆုံးတွင်မှ လေယာဉ်ပြေးလမ်းအနီး တစ်နေရာတွင် ဗိုလ်မှူးမစ်ချဲလ်က ကျွန်တော်တို့ တိုက်လေယာဉ်အုပ်စုဝင် လေသူရဲများကို ကြားဖြတ်တိုက်ခိုက်ရမည့် အစီအစဉ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အမိန့်ပေးပါတော့သည်။

"ဒီစစ်ဆင်ရေးမှာပါဝင်တဲ့ တိုက်လေယာဉ်အားလုံး (၀၇၂၅) နာရီမှာ စထွက်ရမယ်၊ ကျုပ်ခေါင်းဆောင်တဲ့ လေယာဉ် (၁၄)စင်းက ကဟီလီလေယာဉ်ကွင်းက တက်လာမယ့် ရန်သူ့လေယာဉ်တွေကို ထိန်းချုပ်ထားဖို့အတွက် အမြင့်ပေ (၂၀၀၀၀)ကနေ စောင့်မယ်၊ လင်ပီယာ (စာရေးသူ) ခေါင်းဆောင်မယ့် လေယာဉ်အုပ်စုက ကြားဖြတ်တိုက်ခိုက်ဖို့အတွက် အမြင့်ပေ (၁၀၀၀၀)ကစောင့်နေရမယ်၊ ဒါပဲ၊ ရှင်းပြီလား၊ မရှင်းတာရှိရင် မေးပါ"

ထို့နောက် ထောက်လှမ်းရေးအရာရှိကလည်း 'ယာမာမိုတိုသည် ဂျပန်တို့အတွက် အစားထိုး၍ မရသော စစ်ခေါင်းဆောင်ကြီး ဖြစ်သည်။ သူကျဆုံးသွားလျှင် ရန်သူတို့၏ စိတ်ဓာတ်ရေးရာ အခြေအနေသည် သုညအောက်သို့ ရောက်သွားမည်မှာ မုချဖြစ်၍ ရန်သူအပေါ် စစ်တစ်ဝက်နိုင်သည်နှင့် မခြားရှိမည်။ ထို့ပြင် ယာမာမိုတိုသည် အချိန်အလွန်လေးစားလှသော ဗိုလ်ချုပ်ကြီးဖြစ်သည်။ ထို့ကြောင့် မိမိတို့ လေသူရဲများက သတ်ကွင်းသို့ အချိန်အတိအကျရောက်ရန် အထူးလိုအပ်လှပါသည်' စသည်ဖြင့် ဝင်ရောက်သတိပေးပြန်သည်။

ဧပြီလ (၁၈) တနင်္ဂနွေနေ့ဖြစ်သည်။

ထိုနေ့တွင် ရာသီဥတု ကောင်းမွန်သည်ဟု ဆိုရပြားလည်း ဂွာဒေါ်လ်ကင်နယ်လ်၏ ဝေဟင်ထက်တွင်မူ မိုးရိပ်မိုးငွေ့တို့ဖြင့် မှုန်မှိုင်းနေသည်။

ကျွန်တော်၏ လေယာဉ်မှာ လေယာဉ်ပြေးလမ်းကြောင်းပေါ်ရောက်၍ အရှိန်ယူစပြုလာသည်နှင့် ကျွန်တော့်လေယာဉ်နောက်မှ ကပ်လိုက်ရမည့် ဗိုလ်ရက်(စ်)ဘာဘာက ကျွန်တော့်ကို လက်ပြနှုတ်ဆက်လိုက်သည်။

(၀၇၂၅) နာရီတိတိတွင် ဗိုလ်မှူးမစ်ချဲလ်၏ လေယာဉ်သည် ဝေဟင်ထက်သို့ ဝေါခနဲထိုးတက်သွားသည်။ ကျွန်တော်နှင့် ဘာဘာတို့က မစ်ချဲလ်၏ လေယာဉ်နောက်မှ ဆက်တက်ခဲ့သည်။

သို့ရာတွင် ကျွန်တော်၏ လေယာဉ်အုပ်စုဝင် လေယာဉ် လေးစင်းအနက် တစ်စင်းမှာ လေယာဉ်လမ်းကြောင်းပေါ်တွင် အရှိန်ယူခိုက် ဘီးပေါက်သွားပြီး နောက်တစ်စင်းမှာလည်း ဆီပိုက်သဖြင့် လေယာဉ်ကွင်း၌ပင် ကျန်ရစ်ခဲ့ရပြန်သည်။

ဤသည်မှာ ကျွန်တော်တို့ စစ်ဆင်ရေးစတင်၍ နှစ်မိနစ်မျှ မပြည့်သေးမီမှာပင် လေယာဉ် (၂) စင်း ဆုံးရှုံးလိုက်ရသည် ဆိုသော အခိပ္ပာယ်ပင်ဖြစ်ပါ၏။

ထို့ကြောင့်ပင် မစ်ချဲလ်က ဗိုလ်ဘက်(စ်)ဘီဟုမ်းနှင့် ရေမွန်ဟိုင်းတို့၏ လေယာဉ်နှစ်စင်းကို ကျွန်တော့်လေယာဉ်အုပ်စုသို့ ပြောင်းလဲ၍ တာဝန်ပေးအပ်လိုက်သည်။

သို့ဖြင့် ကျွန်တော်တို့သည် အနောက်ဘက်သို့ ဦးတည်ပျံသန်းခဲ့ကြသည်။ ဤသို့ ပျံသန်းခဲ့ရာ၌လည်း ရန်သူ့ရေဒါများက ကျွန်တော်တို့ လေယာဉ်များပျံသန်းလာသည်ကို မတောက်လှမ်းမိစေရန် ပင်လယ်ရေမျက်နှာပြင်နှင့် ကပ်လျက် ပျံသန်းခဲ့ကြသည်။

ထိုမှုမက ကျွန်တော်တို့သည် လမ်းတစ်လျှောက်လုံး လေယာဉ်တစ်စင်းနှင့်တစ်စင်း ရေဒီယိုအဆက်အသွယ် လုံးဝ မပြုလုပ်ဘဲလည်း နေခဲ့ကြသည်။

ကျွန်တော်တို့သည် အပြောကျယ်သည့် ပင်လယ်ပြင်ထက်ဝယ် နှစ်နာရီခန့်မျှပင် ပျံသန်းခဲ့ကြရသည်။ ကမ်းရိပ်ကမ်းခြေဆိုသည်ကိုလည်း မမြင်ရ။ ဤသို့ ပျံသန်းရင်းလည်း ကျွန်တော်သည် ဝင်အံ့သော တိုက်ပွဲအတွက် အထူးပင် စိတ်လှုပ်ရှားနေမိသည်။ ကျွန်တော်သည် လေကြောင်းတိုက်ပွဲပေါင်း (၁၀၀)ကျော် ဝင်ခဲ့ဖူးပြီးဖြစ်၍ သတ္တိဆိုသည်မှာ အတိုင်းအတာရှိသည်ကို အတွေ့အကြုံအရ သဘောပေါက်ထားပြီဖြစ်သည်။

သို့သော် သည်နေ့ ဆင်နွှဲရမည့် တိုက်ပွဲအောင်ရေးအတွက်မှ ကျွန်တော်သည် မိမိအသက်နှင့်ခန္ဓာ အပါအဝင် အရာခပ်သိမ်းကိုပင် စွန့်လွှတ်ရန် ဝန်မလေးသလို တက်ကြွနေမိလေသည်။

နောက်ဆုံးတွင်မှ ကျွန်တော်သည် ထရဲရှုရီ ကျွန်းစုများကို အနောက်မြောက် မိုးကုပ်စက်ဝိုင်းတစ်နေရာတွင် လှမ်းမြင်လိုက်ကြရသည်။ ယင်းနောက် ရေစပ်အထိ သစ်ပင်များ အုံ့ဆိုင်းနေသည့် ဘိုဂိန်းဗီလာကျွန်းမကြီးသည် ကျွန်တော်တို့ ရှေ့တွင် မည်းမည်းစိမ်းစိမ်းကြီးပေါ်လာပြန်သည်။ ကျွန်တော်တို့ လေယာဉ်များ ကမ်းရိုးတန်းပေါ်ဖြတ်၍ ပျံသန်းခိုက်တွင် ဗိုလ်မှူးမစ်ချဲလ်သည် သူ့လေယာဉ်ကို ဦးဆောင်လျက် သူ့လေယာဉ်အုပ်စုကို ခေါင်းဆောင်ကာ အမြင့်ပေ (၂၀၀၀၀) ဆီသို့ ဦးထောင်ပြီး တက်သွားတော့သည်။

ထိုအခါ ကျွန်တော်သည်လည်း ကျွန်တော်၏ လေယာဉ်အုပ်စုကို ဦးဆောင်ကာ မစ်ချဲလ်၏ လေယာဉ်အုပ်စုနောက်မှ ကပ်လျက် အမြင့်ပေ (၁၀၀၀၀) ဆီသို့ ထောင်တက်ခဲ့သည်။

ဤသို့ ဦးထောင်တက်ရင်း လေယာဉ်ဒိုင်ခွက်မှနာရီကို လှမ်းကြည့်လိုက်မိသည်။ နာရီလက်တံများက နံနက် (၀၉၃၃) နာရီရှိပြီဖြစ်ကြောင်းကို ညွှန်ပြနေသည်။ သို့ဆိုလျှင် သတ်မှတ်ထားသည့် အချိန်စေ့မြောက်ရန် (၂) မိနစ်သာ လိုပေတော့သည်။

ထို့နောက် (၀၉၃၅) နာရီ ထိုးခဲ့ပြန်သည်။ သတ်မှတ်သည့်အချိန်စေ့ရန် တစ်မိနစ်သာ လိုပေတော့သည်။ သို့ဖြင့် ကျွန်တော်သည် အဆုံးအစမရှိသော ကောင်းကင်ပြင်တစ်ခွင်ကို မျက်စိတဆုံး ရှာပုံတော်ဖွင့်လိုက်မိသည်။ တိမ်တိုက်အချို့ကိုသာ တွေ့ရသည်။ ရန်သူ၏ အရိပ်အခြည်ကိုမှ မမြင်ရ။ ဤသို့သာ မိနစ်အနည်းငယ် ဆက်လက် ပျံဝဲနေရလျှင် ကဟီလီလေယာဉ်ကွင်းသို့ ဝင်ထွက် ပျံသန်းနေကြသည့် ရန်သူ့ လေယာဉ်များက ကျွန်တော်တို့ လေယာဉ်များ သူတို့လေကြောင်းပိုင်နက်အတွင်းသို့ ဝင်ရောက်နေပြီဖြစ်ကြောင်း တွေ့ရှိသွားကြပေရောမည်။

အချိန်လေးစားလှပါသည်ဆိုသော ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီး အဘယ်အရပ်သို့ ရောက်နေပါသနည်း။

ခဏမျှကြာသောအခါ မစ်ချဲလ်၏ လေယာဉ်အုပ်စုမှ လေသူရဲတစ်ဦး သည် ကျွန်တော်တို့ ကြပ်တည်းစွာ စောင့်ထိန်းထားခဲ့သည့် တိတ်ဆိတ်မှုကို ပထမဦးဆုံးအကြိမ် စတင်ဖြိုခွင်းလိုက်တော့သည်။

"ရန်သူ့လေယာဉ်အုပ်စုကို (၁၀) နာရီအမှတ်မှာ စတွေ့ရပြီ"

မှန်သည်။ အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဌာန်ဖွဲ့စည်း ပျံသန်းလာသည့် အမည်းအပြောက်တစ်ခုကို ခပ်လှမ်းလှမ်းတစ်နေရာတွင် လှမ်းမြင်လိုက်ရသည်။

အတန်ငယ်နီးလာသည်နှင့်အမျှ ထိုအမည်းအပြောက်များမှာ ရန်သူ၏ လေယာဉ်ပုံသဏ္ဌာန်များအဖြစ် ပုံပေါ်သဲကွဲလာပြီး ထိုရန်သူ့လေယာဉ်အုပ်စု တွင် အစိမ်းရောင်အကွက်အကျားများဖြင့် ရုပ်ဖျက်ထားသည့် ဘက်တီအမျိုး အစား ဗုံးကြဲလေယာဉ် (၂) စင်းနှင့် ၎င်းဗုံးကြဲလေယာဉ် (၂) စင်းကို အစောင့် အရှောက်အဖြစ် လိုက်ပါသည့် ဇီးရိုးတိုက်လေယာဉ် (၆) စင်း ပါလာသည်ကို တွေ့လိုက်ရသည်။

ထိုအချိန်တွင် ကျွန်တော်၏လေယာဉ်ဒိုင်ခွက်ရှိ နာရီလက်တံများက နံနက် (၀၉၃၅) နာရီ ထိုးနေပြီဆိုသည်ကို ညွှန်ပြနေပြီဖြစ်လေသည်။

ဂျပန်ရေကြောင်းဗိုလ်ချုပ်ကြီးယာမာမိုတိုကား အမှန်ပင် အချိန်လေးစား သူပါပေ။

ဤသည်မှ မိမိတို့ဘက်ရော၊ ရန်သူ့ဘက်ပါ လူပေါင်းများစွာတို့၏ စုပေါင်းအားထုတ်မှုကြောင့် သည်မျှအပြောကျယ်လာသည့် ပစ္စိဖိတ်ကောင်းကင် ပြင်၏ အမှတ်တစ်နေရာတွင် ရန်သူ့လေယာဉ်အုပ်စုနှင့် ကျွန်တော်တို့ လေယာဉ်အုပ်စုတို့သည် လူ့ပြည်မှ အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ အပ်တစ်စင်း ဆုံတောင့်ဆုံခဲ၊ ကြုံတောင့်ကြုံခဲ ဆုံကြုံထိတွေ့ခဲ့ကြရသည့်ပမာ ထိတွေ့ကြုံဆုံ ခဲ့ရခြင်း ဖြစ်သည်ဟူ၍သာ ဆိုရန်ရှိလေတော့သည်။

ဤသို့ ဆုံခဲ့ကြပြီးသည်၏နောက် ကျန်အပိုင်းမှာမူ ကျွန်တော်တို့ တာဝန်ပင် မဟုတ်ပါလော။ သို့ဖြင့် ကျွန်တော်သည် ကျွန်တော့်လေယာဉ်မှ အပိုဓာတ်ဆီတိုင်ကီကိုဖြုတ်ချလိုက်ပြီး ရန်သူကို တိုက်ခိုက်ရန် တာစုလိုက်သည်။ သို့တိုင် ကျွန်တော်တို့ရှေ့ရှိ အပေါ်စီး အမြင့်ပေမှ ပျံသန်းဝင်ရောက်လာသည့် ရန်သူ့လေယာဉ်အုပ်စုမှာမူ ကျွန်တော်တို့ရှိနေသည်ကို လုံးဝ သတိမမူမိဟန်ဖြင့် ဣန္ဒြေမပျက် ဆက်လက်ပျံသန်းမြဲ ပျံသန်းနေပေသေးသည်။

ထိုသို့ ရန်သူအင်္ဂါရမိအုံဆဲဆဲမှာပင် မမျှော်လင့်ဘဲ ကံတရားသည် ကျွန်တော်တို့ လေယာဉ်အုပ်စုပေါ်သို့ မျက်နှာတော်ငြိကာ အမျက်သိုပ်ပါ လေတော့သည်။

မစ်ချဲလ်က အစားထိုးပေးခဲ့သည့် ဗိုလ်ဟုမ်း ဦးစီးသော လေယာဉ်သည် ရန်သူကို တိုက်ခိုက်ရန်အတွက် ခါတ်ဆီတိုင်ကီအပိုကို ဖြုတ်ချလိုက်သည်။

သို့သော် ခါတ်ဆီတိုင်ကီမှာ ပြုတ်မကျချေ။ ဤတွင် ဗိုလ်ဟုမ်းသည် သူ့လေယာဉ်ကို လူးလိမ့်ပျံသန်းရင်း ခါတ်ဆီတိုင်ကီ ပြုတ်ကျရေးကို ကြိုးစားကြည့်ပြန်သည်။ နောက်ဆုံးမရသည့်တွင် ဗိုလ်ဟုမ်းသည် ကမ်းရိုးတန်း တစ်ဘက်ဆီသို့ ထိုးဆင်း ရှောင်တိမ်းသွားရတော့သည်။

ထို့အတူ ဟုမ်း၏လေယာဉ်နှင့် ကပ်လိုက်နေရန် တာဝန်ပေးထားသည့် ဟိုင်း၏လေယာဉ်မှာလည်း တာဝန်အရ ဟုမ်း၏လေယာဉ်နောက်သို့ မရှောင်မလွှဲသာ ထက်ကြပ်မကွာ လိုက်သွားရတော့သည်။

ထို့ကြောင့် ဗိုလ်ဘာဘာ လေယာဉ်နှင့် ကျွန်တော့်လေယာဉ် (၂)စင်းတည်းကသာ တိုက်ခိုက်ချေမှုန်းရေးတာဝန်ကို ဆက်လက်ယူရပေတော့မည်။

ကျွန်တော်တို့ လေယာဉ် (၂) စင်းနှင့် ဂျပန်လေယာဉ်အုပ်စု၏ အကွာအဝေးမှာ တစ်မိုင်ခန့်မျှရှိမည်ဟု ခန့်မှန်းရသည်။ ကျွန်တော်တို့သည် ရန်သူရှိရာသို့ အရှိန်ဖြင့် ထိုးဝင်သွားခိုက်မှာပင် ဂျပန်ဇီးရိုးလေယာဉ်များက ကျွန်တော်တို့ စစ်လေယာဉ်(၂) စင်းကို မြင်သွားကြဟန် တူသည်။ ရန်သူ ဇီးရိုးလေယာဉ်တို့သည် ဝမ်းဗိုက်မှ အပိုခါတ်ဆီတိုင်ကီများကို ဖြုတ်ချလိုက်ပြီး ကျွန်တော်တို့ရှိရာသို့ ဦးတည်ကာ တစ်ရှိန်ထိုး ပျံဝင်လာကြသည်။ လေယာဉ်ဦးပြ၍ ကျွန်တော်တို့ကို ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

ယင်းအခိုက် ရှေ့ဆုံးမှ ဦးဆောင်ပျံသန်းလာသည့် ဗုံးကြဲလေယာဉ် (၂) စင်းအနက် တစ်စင်းသည် မြေပြင်ရှိ သစ်တောများဆီသို့ ရုတ်တရက် ဦးထိုးဆင်းသွားပြီး ကျန်ဗုံးကြဲလေယာဉ်တစ်စင်းမှာမူ ကျွန်တော်တို့ရှိရာသို့ အရှိန်အဟုန်ပြင်းစွာဖြင့် တိုးဝင်မြဲတိုးလာသည်။

သို့ဖြင့် ကျွန်တော်သည် သစ်တောဆီသို့ ထိုးဆင်းသွားသော ဗုံးကြဲလေယာဉ်၏နောက်သို့ လိုက်ရန် မြေပြင်ဆီသို့ စက်ကုန်ဖွင့်၍ ထိုးဆင်းလိုက်ရာ ဇီးရိုးလေယာဉ်သုံးစင်းက ကျွန်တော့်နောက်မှ ကပ်လိုက်လာကြသည်။

ဤတွင် ကျွန်တော်သည် လေယာဉ်ကို ဦးပြန်ထောင်လိုက်ပြီး ရှေ့ဆုံးမှ လိုက်လာသည့် ရန်သူလေယာဉ်ကို စတင်ပစ်ခတ်လိုက်သည်။ လေယာဉ်ဦးချင်း တိုက်မိလုမတတ်ရှိတော့မှပင် ကျွန်တော့်စက်အမြောက်မှ ကျည်များသည် ရန်သူ့လေယာဉ်၏ အတောင်ပံကို ဝင်ရောက်ထိမှန်သွားကြတော့သည်။

ထိုလေယာဉ်မှာ အတောင်တစ်ဘက် ပြတ်ကျသွားပြီး မြေပြင်သို့ ဦးဇောက်ထိုးကျသွားသည်။ ထိုအခါ ကျွန်တော်သည် လေယာဉ်ကို နောက်သို့ ပြန်လှန်ချလိုက်ပြီး စောစောက သစ်တောဆီသို့ ထိုးဆင်းသွားသော ဗုံးကြဲ လေယာဉ်နောက်သို့ လိုက်ခဲ့ပြန်သည်။

ထိုအခိုက်မှပင် ကျွန်တော်သည် ဘာဘာရှိရာသို့ ကြည့်လိုက်ရာ ဘာဘာနှင့် ဇီးရိုးလေယာဉ်များ တစ်ဘက်နှင့် တစ်ဘက် ပြန်လှန်ပစ်ခတ် နေကြသည်ကို တွေ့လိုက်ရသည်။ ကျန်ဇီးရိုး (၂) စင်းကလည်း ကျွန်တော်၏ နောက်သို့ လိုက်မြဲလိုက်နေသည်။ ကျွန်တော်သည် နောက်မှလိုက်လာသော ရန်သူကို လွတ်အောင်ရှောင်တိမ်းရင်း ကျွန်တော်လိုက်နေသော ဗုံးကြဲလေယာဉ် ကို ရှာကြည့်လိုက်ရာ သစ်ပင်ထိပ်ဖျားနှင့် လွတ်ရုံမျှ ပျံသန်းနေသော ဗုံးကြဲ လေယာဉ်ကို သစ်တောတစ်နေရာတွင် လှမ်းမြင်လိုက်ရသည်။ ကျွန်တော် ကလည်း သစ်ပင်လွတ်ရုံမျှ ထိုးဆင်းလိုက်ပြီး ဗုံးကြဲလေယာဉ်နောက်သို့ လိုက်သည်။ မှီလာသည်နှင့် ရသည့်အခွင့်အရေးကို မလွတ်တမ်းယူကာ စက်အမြောက်ခလုတ်ကို အချိန်အတော်ကြာကြာ ဖမ်းနှိပ်လိုက်သည်။ ဗုံးကြဲ လေယာဉ်၏ လက်ယာဘက်မှ စက်ကို ထိမှန်သွားသဖြင့် မီးစွဲလောင်စ ပြုလာ သည်။ မကြာမီမှာပင် ဗုံးကြဲလေယာဉ်သည် အတောင်တစ်ဘက်ပြတ်ကျ သွားကာ မြေပြင်သို့ ထိုးကျသွားတော့သည်။

ထိုအချိန်တွင်၌ပင် ဘာဘာကလည်း ကျန်ဗုံးကြဲလေယာဉ်တစ်စင်းကို ပင်လယ်ထဲသို့ ပစ်ချလိုက်ပြီးဖြစ်ပါ၏။

ယခုအချိန်ကား ဌာနေလေယာဉ်ကွင်းသို့ ပြန်လှည့်ရမည့်အချိန်ပင် မဟုတ်ပါလော။

ကျွန်တော်သည် ကျွန်တော်၏နောက်မှ ကပ်လိုက်လာသည့် ဇီးရိုး လေယာဉ် (၂) စင်းကို နည်းမျိုးစုံဖြင့် ရှောင်တိမ်းရင်း လေတပ်စခန်းဆီသို့

ဦးလှည့်၍ ပြန်ခဲ့သည်။ တစ်ကြိမ်တွင်မူ ကျွန်တော်သည် ကဟီလီလေယာဉ် ကွင်းအစပ်သို့ မိုက်မဲစွာ ပျံသန်းသွားခဲ့မိသည်။

ကျွန်တော်၏ လေယာဉ်ကိုမြင်၍ ကဟီလီလေယာဉ်ကွင်းမှ ပျံတက်လာကြသော ရန်သူ့လေယာဉ်များကြောင့် ဖုံလုံးကြီးများ ကျွန်တော့်လေယာဉ် ဦးခန်းထဲသို့ ဝင်ရောက်လာတော့မှပင် လမ်းမှားခဲ့သည်ကို ရိပ်မိပြီး ကျွန်တော်တို့ လေတပ်စခန်းရှိရာသို့ ပြန်လှည့်ခဲ့ရသည်။ လမ်းတစ်ဝက်ခန့်ရောက်မှပင် ကျွန်တော့်နောက်သို့ လိုက်လာခဲ့ကြသော ရန်သူ့လေယာဉ်များ ပြတ်ကျန်ခဲ့တော့သည်။

## ဘဲအုပ်အလယ်မှ ဟသ်ာ

တဖြည်းဖြည်း စခန်းနှင့်သာ နီးလာသည်။ ကျွန်တော်တို့ စစ်ဆင်ရေး မည်မျှအောင်မြင်သည်ကိုကား ယခုအချိန်အထိ ကျွန်တော် မသိရသေး။ ကျွန်တော်တို့လေယာဉ်အချို့ ပစ်ချခံခဲ့ရသည်ကိုကာ ကျွန်တော် သတိပြုခဲ့မိသည်။ ကျွန်တော့်လေယာဉ်မှာလည်း ဓာတ်ဆီကုန်လုပြီဖြစ်သည်။ သို့သော် အတန်ကြာ ဆက်လက်ပျံသန်းနိုင်ခဲ့ပြီး လေယာဉ်ကွင်းသို့ ပြန်လည်ဆင်းသက်မိတော့မှပင် စိတ်အေးသွားတော့သည်။

ကျွန်တော်၏ လေယာဉ်ထိုးရပ်လိုက်သည်နှင့်ပင် ကျွန်တော်တို့ စခန်းတစ်ခုလုံးရှိ ရဲဘော်တိုင်းလိုလို ကျွန်တော့်လေယာဉ်ရှိရာသို့ ဝိုင်းအုံလာကြသည်။ ကျွန်တော့်ကို ဦးခန်းထဲမှထုတ်ကာ သူတို့ ပခုံးပေါ် ထမ်းပြီး ဂုဏ်ပြုကြသည်။

ထိုညတွင် ကျွန်တော်တို့သည် ဗိုလ်ချုပ်ကြီးကောလင်း၏ ဂုဏ်ပြုချီးမြှင့်မှုကြောင့် ဘီယာနှင့် ညစာ ကောင်းကောင်း စားသောက်ခဲ့ကြရသည်။ ထို့ပြင် ရေကြောင်းဗိုလ်ချုပ်ကြီးကလည်း ကျွန်တော်တို့ထံသို့ အောက်ပါအတိုင်း ဂုဏ်ပြု ကြေးနန်းစာတစ်စောင်ကို ပေးပို့ခဲ့လေသည်။

"ဗိုလ်မှူးမစ်ချဲလ်ခေါင်းဆောင်သော မုဆိုးအဖွဲ့ကို ဂုဏ်ပြုချီးကျူးပါသည်။ သင်တို့ ပစ်ချခဲ့သော ဘဲအုပ်ထဲ၌ ဟသ်ာတစ်ကောင်ပါသဖြင့် လွန်စွာမှ ဝမ်းမြောက်ရပါသည်။"

ကျွန်တော်တို့ စစ်ဆင်ရေး သတင်းအပြည့်အစုံတို့ကို စစ်ကြီးပြီးမှပင် သိခွင့်ရခဲ့တော့သည်။ ဗိုလ်ဘာဘာ၏ လက်ချက်ဖြင့် ပင်လယ်ထဲသို့ ပျက်ကျခဲ့သော ဗုံးကြဲလေယာဉ်တွင် ဂျပန်ရေကြောင်း ဗိုလ်ချုပ်များ ဖြစ်ကြသော ယူဂါကိနှင့် ကိတာမူရာတို့ ပါသွားခဲ့ပြီး ပင်လယ်ထဲမှ အချိန်မီ ဆယ်တင်နိုင်ခဲ့သဖြင့် နှစ်ဦးစလုံး အသက်ရှင်ခွင့်ရခဲ့သည်။ သို့သော် ဒဏ်ရာအကြီးအကျယ် ရသွားခဲ့ကြသည်ဟု ဆိုလေသည်။

ကျွန်တော် ပစ်ချခဲ့သော ဗုံးကြဲလေယာဉ်ထဲ၌ပင် ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီးယာမာမိုတိုပါသွားခဲ့ပြီး လေယာဉ်ပျက်ကျသည့်နေရာ၌ပင် ကျဆုံးသွားခဲ့သည်။ သူ၏ အရိုးအိုးကို တိုကျိုမြို့သို့ ပြန်ပို့သောအခါ ယာမာမိုတို၏ အသုဘကို နိုင်ငံတော်ဈာပနအဖြစ် ဂုဏ်ပြုသဂြိုဟ်ကြပြီး သန်းပေါင်းများစွာသော ဂျပန်ပြည်သူတို့က လိုက်ပို့ကြသည်။ ထိုဈာပန မည်မျှစည်ကားသနည်းဟူမူ ကမ္ဘာ့ရေကြောင်း ဗိုလ်ချုပ်ကြီးတို့၏ ဈာပနတို့တွင် ယာမာမိုတို၏ ဈာပနသည် ဗြိတိသျှရေကြောင်းဗိုလ်ချုပ်ကြီးနယ်လ်ဆင်၏ ဈာပနနှင့်ပင် နှိုင်းယှဉ်နိုင်လောက်သည်ဟု ဆိုပေသည်။

ယာမာမိုတိုကျဆုံးသွားပြီး တစ်လကျော်ကြာသောအခါ တိုကျိုရေဒီယိုက ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီး ယာမာမိုတိုကျဆုံးသွားကြောင်း ဝန်ခံအတည်ပြုခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုကမူ ၎င်းစစ်ဆင်ရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ကြေညာခြင်း မပြုခဲ့ချေ။

ထိုသို့ နှုတ်ပိတ် ရေငုံနေခဲ့ခြင်းမှာလည်း အကြောင်း (၂) ရပ်ကြောင့်ဖြစ်သည်။ ပထမတစ်ကြောင်းမှာ ယာမာမိုတို၏ လေယာဉ်ကို ကြားဖြတ်တိုက်ခိုက်လိုက်ကြောင်း ကြေညာလိုက်ခြင်းအားဖြင့် အမေရိကန်တို့က ဂျပန်ကြိုးမဲ့ ကြေးနန်းလျှို့ဝှက်သင်္ကေတများကို ဖော်ထုတ်နိုင်သည့်အကြောင်းကို မသိစေလို၍ ဖြစ်သည်။ ဒုတိယအကြောင်းမှာ ကျွန်တော့်၏ လုံခြုံရေးအတွက်ပင် ဖြစ်သည်။

ယာမာမိုတို ကျဆုံးပြီး (၂) လခန့် အကြာတွင် ကျွန်တော်၏ ညီ ချားလ်(စ်)သည် လေယာဉ် (၈) စင်းကို ခေါင်းဆောင်ကာ ကဟီလီလေယာဉ်ကွင်းကို သွားရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ချားလ်(စ်)၏ လေယာဉ်သည် ထိုတိုက်ပွဲ၌ပင် ပစ်ချ၍ ပျက်ကျခဲ့သောနေရာတွင်ပင် ကျွန်တော့်ညီ ချားလ်(စ်)

လေယာဉ်သည်လည်း ပျက်ကျခဲ့ရပြန်သည်။ သို့သော် သေကံမရောက်သဖြင့် ဂျပန်တို့၏ သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရသည်။

စစ်ကြီးပြီးဆုံးကာနီး အမေရိကန်တပ်များက ကျွန်တော့်ညီ၏ သုံ့ပန်းစခန်းကို မကယ်တင်နိုင်မီ နှစ်ပတ်အလိုတွင် ရောဂါတစ်ခုဖြင့် ကွယ်လွန်ခဲ့ရလေသည်။

ကျွန်တော်သည် အာလင်တန်သုသာန်တွင် ကျွန်တော့်ညီ၏ ကျင်းဘေးတွင် ရပ်လျက် စစ်၏အနိဋ္ဌာရုံ ဖြစ်ရပ်များကို ပြန်ပြောင်းတွေးမိရင်း စစ်ကို ပို၍သာ မုန်းတီးလာမိလေသည်။ စစ်၏ ဆိုးရပ်တစ်ခုကိုလည်း ကြည့်ဦး...။ ကျွန်တော်က ယာမာမိုတိုကို ကဟီလီလေယာဉ်ကွင်း အထက်တွင် ပစ်ချခဲ့သည်။ ကျွန်တော့်ညီ ချားလ်(စ်)မှာလည်း ကဟီလီလေယာဉ်ကွင်းထက်၌ပင် ပစ်ချခံခဲ့ရသည်။ လေယာဉ်ပျက်ကျသည့်နေရာမှာလည်း တိုက်တိုက်ဆိုင်ဆိုင် တစ်နေရာထဲပင် ဖြစ်သည်။

သည်မျှအထိ သိပ္ပံပညာရပ်များကို တီထွင်နိုင်ခဲ့ပြီး လူ့ဘောင်ကြီးကို သည်မျှတိုးတက်စည်ပင်အောင် ကြံစည်တည်ဆောက်နိုင်ခဲ့ကြသည့် ဦးနှောက်ရှင် လူသားတို့သည် တစ်နေ့သောအခါတွင် စစ်မှန်သော ငြိမ်းချမ်းရေးကို မလွဲမသွေရယူ တည်ဆောက်ကြလိမ့်မည်ဟူ၍သာ ကျွန်တော့်စိတ်ကို ကျွန်တော် ဖြေသိမ့်လိုက်ရပါသတည်း။

ရဲဘော်ပေသန်း

၁၉၇၃-ခုနှစ်